
www.burmeseclassic.com

အုပ် (၂၀) ပြည့်အထူးထုတ်

# ပိုပိုင်နှင်းဆီ

အ သိုက် ကြိုး ငှက်



BURMESE CLASSIC .com

အချစ်ကိုတာရာမှာမှန် ကိုးကွယ်ခဲ့တယ် ...

ယောကျ်ားတစ်ယောက်ကို
သူ့အသက်ထက်ပိုပြီး ချစ်ခဲ့တဲ့မိန်းမ ...

ဒီမိန်းမ မှန်ခဲ့တဲ့တစ်နစ်ကာလသည်မှာပြီ ...

သူ့ကိုတယ်သူသတ်ရိုက်တာလဲ ...

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၁

## ၁၉၇၀ကျော်ခုနှစ်များကာလ. . . မြိတ်မြို့

## သံယောဇဉ်နှောင်ကြိုးများရဲ့အစ

ဆောင်းရက်တွေမှာ တက်ကြွပြီး အမြဲပျော်နေတတ်တဲ့ မိုးတိမ်. .

အအေးပိုကဲနေတဲ့ ဒီနေ့မှာတော့ တစ်ယောက်သောသူအတွက် ရတက်မအေးနိုင်ဘဲ သက်ပြင်း ဘယ်နှကြိမ်ချလို့ ချမိမှန်း မသိတော့ပါ။

ဟိုမိန်းမကလည်း ဒီနေ့ကျမှ ဘာလို့ နောက်ကျတော်မူနေသလဲမသိဘူး။

စိတ်တွေက ယောက်ယက်ခတ်နေတော့ အလုပ်လုပ်ရာမှာ အမှားမှားအယွင်းယွင်းဖြစ်ပြီပေါ့။

'သမီးရေ မိုးတိမ်'

'ရှင်'

*ဆောင်းညပြာသို့စာလေ*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'အမေဈေးသွားတော့မလို့ သမီးမောင်လေးတွေ သေချာကြည့်ထားနော် နောက်ပြီး အမေပြန်မရောက်ခင် ထမင်းတစ်အိုးတည်ထားပေးဦး'

'ဒါများ အမေရယ် သမီးတာဝန် သမီးသိပါတယ် ဒီနေ့အတွက် မုန့်ဖိုးပေး'

မိုးတိမ်က လက်ဖဝါးလေးဖြန့်ပြီး ချစ်စဖွယ်အမူအရာလေးဖြင့် မုန့်ဖိုးတောင်းလေလျှင် ဒေါ်နှင်းနွဲ့သည် သူမ၏ ချွေးခံအိတ်ကပ်ထဲမှ ပိုက်ဆံအကြွေများကို နှိုက်ယူပြီး မိုးတိမ်အား မုန့်ဖိုးပေးလေသည်။

မိုးတိမ်က ဒေါ်နှင်းနွဲ့ ပေးသွားသော မုန့်ဖိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မိလင်းကိုသာ မျှော်နေမိသည်။

သူမအောက်မှ မောင်အငယ် ဖိုးထွေးက လက်လွှတ်လို့ရပြီမို့ ဖိုးထွေးအောက်မှ ကျန်မောင်ငါးယောက်နဲ့ အငယ်ဆုံးညီမလေးကို ချွေးပြိုင်းပြိုင်းကျအောင် ထိန်းရလေသည်။

အခုလိုဆောင်းရက်တွေမှာ ချွေးကျရတယ်ဆိုတော့ သူတို့အဆော့သန်တာ စဉ်းစားသာ ကြည့်ပေတော့။

'မမရေ ထမင်းအိုးဆူနေပြီ'

ဖိုးထွေးသာ သတင်းလာမပို့လျှင် မီးဖိုပေါ်မှ ထမင်းအိုးကို မိုးတိမ်မေ့နေလေပြီ။

'ဖိုးထွေး နင်တစ်လှည့် ကလေးလာထိန်းဦး'





'ဟာဗျာ ကျွန်တော် ဖိုးညီတို့နဲ့ ဂျင်ပေါက်တမ်းဆော့မလို့ ချိန်းထားတာ ကျွန်တော့်ကို မုန့်ဝယ်ကျွေးရင် ထိန်းပေးမယ်လေ'

'ကြည့်. . နင်ဟာလေ ငါ့မုန့်ဖိုးပဲ မျက်စိကျနေတာပဲ'

'မမက မလင်းတို့ ကိုကြီးနီရာတို့နဲ့သွားဆော့ဦးမှာ မဟုတ်လား. . ကျွန်တော် ပြန်မတိုင်စေချင်ရင် မုန့်ဖိုးအမြန်ပေး ဒါပဲ'

'သေနာလေး ရော့ ရော့ ယူသွား'

မိုးတိမ်က အမေပေးခဲ့သော ပိုက်ဆံထဲမှ ဖိုးထွေးအတွက် မတ်စေ့တစ်စေ့ ထုတ်ပေးသည်။

ဖိုးထွေးက ဂျလည်. . .

'နောက်တစ်စေ့ ထပ်ပေးဦးလေ'

'ဟဲ့ နင့်ကိုအကုန်ပေးပြီး ငါက ဗိုက်ဟောင်းလောင်းနေရမှာလား'

'သိတယ် သိနေတယ်လေ. . မမ ဘယ်တုန်းက မုန့်ဝယ်စားဖူးလို့လဲ၊ ကိုကြီးနီရာကိုပဲ ဝယ်ကျွေးနေ၊ ပြီးတော့. . . ကိုယ့်ဟာကိုယ်ကျ ထမင်းကြမ်းပဲ စား'

'မဟုတ်ကဟုတ်ကတွေ နင့်ကို ဘယ်သူပြောလဲ ပြော'

'မမလင်း ပြောတာ'

'နင်အမေ့ကို သွားမချွန်နဲ့ဦးနော် သူ့မှာ မုန့်ဖိုးပေးမယ့်သူရှိတာမဟုတ်ဘူး. . ငါတစ်ခါတလေမှ ကျွေးတာပါဟယ်'

မိုးတိမ်လက်က ထမင်းအိုးငှဲ့ရင်း ဖိုးထွေးနှင့်ပြိုင်ငြင်းမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကောင်လေးက သိပ်လွယ်တာ မဟုတ်။ သူ့စိတ်မထင်လျှင် မထင်သလို အချွန်နှင့်မ,တတ်သည်မို့ သတိထားပြီး နေ,နေရသည်။

'မိုးတိမ် ဟင်းကျက်ပြီလား'

ဟော. . မိလင်းလာပြီ။ ဒီမိန်းမက အသံပြတော့ အိမ်ရှေ့က အော်ရင် အိမ်နောက်ဖေးက သူ့အသံကြားရသည်။

'အခုမှ ဈေးသွားတုန်း နင်တို့အိမ်ရော ကျက်ပြီလား'

'ကျက်ပြီ'

'ဟယ်. . မြန်လိုက်တာ ခုမှ အစောကြီးရှိသေးတယ်'

'မြန်ဆို ကြက်ဥပဲ ကြော်တာကိုး. . သရက်သီးသနပ်နဲ့စားမလို့'

'အေးလေ. . ဒါလည်းကောင်းတာပဲ'

မိုးတိမ်က ဖိုးထွေးလစ်တာနှင့် မိလင်းအနားကပ်ပြီး နှစ်ကိုယ်ကြားရုံအသံဖြင့် မေးသည်။

'သူ စောင့်နေပြီလား'

'အေး. . သူစောင့်နေတာ ကြာပြီလို့ ပြောခိုင်းလိုက်တယ်။ ဒီကောင့်ပုံကြည့်ရတာ ဒီနေ့လည်း ကျောင်းပြေးမယ့်ပုံနော်၊ ကြည့်လည်း ထိန်းဦး မိုးတိမ်ရေ၊ စာမေးပွဲကျသွားရင် ဒုက္ခ. . သူ့အိမ်က သိပ်အဆင်ပြေတာ မဟုတ်ဘူး'

နီရာတို့ ဆင်းရဲတာ တစ်ရပ်ကွက်လုံး သိသည်။ နုံချာတဲ့ကြားထဲ သူ့အမေက နောက်အိမ်ထောင်ပြုပြီး သူတို့ကို ထားပစ်ခဲ့





သည်။ နီရာငယ်ငယ်လေးကတည်းက သူ့အဖေ တိုက်ဖွိုက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

နီရာ့မှာ ညီလေးနဲ့ညီမလေး နှစ်ယောက်ရှိသေးသည်။ သူတို့မောင်နှမ သုံးယောက်လုံး အဒေါ်အိမ်မှာ ကပ်ပြီးနေနေရသည်။

'သူ ငါ့ကို ပြောဖူးတယ်ဟ၊ အိမ်မှာနေရတာ စိတ်ညစ်လို့ ဂစ်တာသွားတီးသင်တာတဲ့. . ခုဆို တော်တော်တီးတတ်နေပြီ သိလား'

'အေးဟဲ့၊ ဒါကြောင့် ထင်တယ် သူ့ကြည့်လိုက်ရင် လမ်းမှာချည်းပဲ၊ ဆံပင်ကလည်း ရှည်သေး. . သူ့ကို လူတွေက လမ်းသရဲလို့ ခေါ်နေကြပြီနော်. . နော်က်ပြီး သူက ဆေးလိပ်သောက်တဲ့လူတွေနဲ့ပေါင်းနေတာ. . သူပါ ဆေးလိပ်သောက်နေပြီလား မသိဘူး'

ပတ်ဝန်းကျင်က သူ့ကို ကဲ့ရဲ့လေ. . အတင်းအဖျင်းစကားဆိုလေ မိုးတိမ်က သူ့ကို ပိုသနားလေပင်။

မိုးတိမ်လောက် သူ့ဘဝအကြောင်းကို သိတဲ့လူ မရှိနိုင်ပါဘူးလေ။ သူကလည်း လူတကာကို သူ့ဘဝအကြောင်း လိုက်ပြောနေမယ့်သူမျိုး မဟုတ်။

သူ့ဘဝဆိုးတာကလည်း တော်တော့်ကို ဆိုးတာ။ ညဖက်စာကျက်ချင်လို့ မီးလေးတစ်လုံး ထွန်းမိတာတောင် မီတာတက်လို့ဆိုပြီး အပိတ်ခံရသတဲ့။ အဲဒီတော့ သူ စာမကျက်ချင်တာ သူ့အပြစ်မှမဟုတ်တော့တာ. .



www.burmeseclassic.com

www.burmeseclassic.com



'မိလင်း ခဏလေးနော်. . အမေပြန်လာတော့မယ် အမေ မလာမချင်း ဒီမျောက်တွေကို ငါထိန်းပေးရဦးမှာ'

မနက် ရှစ်နာရီ ထိုးနေပြီ။ မိုးတိမ်ခမျာ ရေမချိုးရသေး။ ကျောင်းက ရှစ်နာရီခွဲဆို သွားရတော့မှာ. . .

'မိုးတိမ်. . နင် ရေသွားချိုးတော့လေ၊ သွား. . နင့်မောင် တွေ ငါကြည့်ထားပေးမယ်'

'အေးဟယ် ကျေးဇူးပဲ'

မိလင်းက စားပွဲပေါ်မှာ ထမင်းဘူးကလေးကို မြင်လိုက်သည်။

အဲဒါ မိုးတိမ်စားဖို့ထည့်ထားတာ မဖြစ်နိုင်။ နီရာ့အတွက် သူ ထည့်ထားတာနေမှာ. . .

မိလင်းက စပ်စပ်စုစုနိုင်စွာ ထမင်းဘူးလေးကို ဖွင့်ကြည့် လိုက်သည်။

ထမင်းပူပူနှင့် ကြက်သားမဆလာချက်ဆီပြန်ဟင်းလေးကို တွေ့လိုက်ရတော့မှ သူ့အတွေးမှန်မှန်း သိသွားခဲ့သည်။

နီရာက အမြဲပြောဖူးသည်။ သူတို့အိမ်မှာ နေ့တိုင်း ငါးပိနဲ့ တို့စရာပဲ စားနေရလို့ ကြက်သားဆီပြန်ဟင်းလေးတွေ့ရင် ဘယ်လို ပျော်မှန်းမသိဘူးတဲ့။

ဒါကို မရွှေမိုးတိမ်တို့က အသေမှတ်ထားပုံ ရသည်။ ကြည့် ရတာ မနေ့က ဟင်းကို ပြန်နွှေးထားသလားမသိ။





ထိုအချိန်တွင် ဒေါ်နှင်းနွဲ့သည် ဈေးမှ ပြန်လာပြီး မိလင်း ကို ပြောပြသည်မှာ

'လင်းလင်း. . သမီးသူငယ်ချင်းတစ်ယောက် အခုတလော ဘာစိတ်ကျနေသလဲမသိဘူး ကြက်သားဟင်းပဲ ချက်ခိုင်းနေတော့ တာပဲ. . . ခုလဲ မနေ့က အကျန်တွေ နွှေးပြီး ထည့်သွားပြန်ပြီထင် တယ်'

မိလင်းလည်း ချော်လဲရောထိုင် လုပ်ပြီး

'သူက ဒီလိုပဲ ဒေါ်ဒေါ်၊ တစ်ခုခုဆို သိပ်ပြီး အစွဲကြီးတာ'

'အေး. . . ဒေါ်ဒေါ်လည်း ဒါပဲ တွေးပူနေရတာ အရွယ် ကလေးရောက်လာပြီမဟုတ်လား'

ဒါကြောင့် နီရာနဲ့ မပေါင်းစေချင်တာ မဟုတ်လားဟုမေး လိုက်ချင်ပေမယ့်. . မိလင်းက အဲဒီလောက် သတ္တိမရှိတာ သေချာ နေသည်။ မိုးတိမ်အမေက

'သမီးသူငယ်ချင်းကို ဘေးကနေဝိုင်းပြီး ထိန်းပေးပါကွယ် စာသင်နေတဲ့အချိန်မှာ တခြားအတွေးတွေ မဝင်စေချင်ဘူး'

'စိတ်ချပါ ဒေါ်ဒေါ်'

'အေး. . အေး. . တစ်ခုခုဆို ဒေါ်ဒေါ့်ကိုပြန်ပြောဖို့ မမေ့ နဲ့ဦး'

မိလင်းက သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်သည်။ ကိုယ့်သူငယ်ချင်းအကြောင်း ကိုယ်ပဲသိတာဆိုတော့ ခက်သား. .



www.burmeseclassic.com

www.burmeseclassic.com



သူ့ခမျာ အငယ်တွေ ထိန်းရတာများလို့လား မသိပါဘူး အကြီးစိတ်ဝင်နေသလိုလို အဲဒါကို မိခင်စိတ်လို့ ခေါ်မလား. .

နီရာနဲ့ဆိုလည်း မိုးတိမ်က အမြဲ သည်းခံနိုင်လွန်းသည်။ အလျှော့ပေးလွန်းသည်။

'မိလင်းရေ. . လာ သွားမယ်'

အဖြူအစိမ်းလေး ဝတ်ပြီး သနပ်ခါးရေကျဲလေးလိမ်းကာ ကျောင်းသွားဖို့ တက်ကြွစွာခေါ်နေသော သူငယ်ချင်းလေး. .

'လှပမိုးတိမ်' တဲ့လေ. .

နာမည်လေးက ဆန်းသလို လူကလည်း လှသည်။ အပြစ်ကင်းပြီး ချစ်ဖို့ကောင်းသည်။

မိုးတိမ်က သူ့စိတ်တိုင်းကျ ဆံပင်နှစ်ဖက်ကို ကြက်တောင်စည်း စည်းထားပြီး စံပယ်ပန်းလေးတွေ ပန်ထားသည်။ ပန်းကြိုက်၊ အလှကြိုက်တဲ့သူငယ်ချင်းပါပဲ။နေ့တိုင်း သူ့ဆံပင်မှာ ပန်းတွေ တစ်မျိုးမဟုတ်တစ်မျိုး ပန်ထားတတ်သည်။

ပန်းမပန်ထားတဲ့ နေ့တွေဆို မိလင်းက သဘောပေါက်ပြီးသား. . အဲဒီနေ့မှာ နီရာယူလာပေးတဲ့ပန်းတွေ သူ့ခေါင်းမှာ ဝေနေအောင် ပန်ပါလိမ့်မည်။

ဟိုကလည်း ပိုက်ဆံရှိလို့ တကူးတက ဝယ်လာပေးတာမျိုး မဟုတ်ဘဲ ဟိုနားဒီနားက ကြုံရင်ကြုံသလိုခူးပြီးလာပေးတာ မိလင်းတို့ သိတာပေါ့. .





တစ်ခါတလေဆို ဘုန်းကြီးကျောင်းထဲက ပန်းကိုတောင် နီရာတို့က အလွတ်မပေးဘဲ ခူးလာတတ်သေးသည်။

ဒါကိုပဲ မိရွှေမိုးတိမ်တို့မှာ ပျော်လို့မဆုံး၊ ကြည်နူးလို့မဆုံး။ ခုလည်း. . ကန်ဘောင်နံဘေးက အုတ်ခုံလေးပေါ်မှာ ထိုင်စောင့်နေသော နီရာ့ကို တွေ့တော့ မိုးတိမ်တို့ သူငယ်ချင်းကို မေ့ပြီး နီရာ့ဆီ ပြေးသွားလေသည်။

မိလင်းက မကျေမနပ်ဖြင့်. . မျက်စောင်းထိုးသော်လည်း မိုးတိမ်တို့က မြင်ပုံမပေါ်။ နီရာက

'မိုးတိမ်. . နင် ဒီနေ့ နောက်ကျတယ်နော်'

'အေးဟယ်. : ဒီနေ့ အမေဈေးမြန်နောက်ကျနေလို့ နီရာ ငါ နင့်ဖို့ ထမင်းဘူးထည့်လာပေးတယ်'

'ဟာ. . အတော်ပဲ. . ငါ မနက်ကတည်းက ဘာမှ မစားရသေးဘူး၊ ဘာဟင်းလဲ မိုးတိမ်'

မိုးတိမ်က ချစ်စဖွယ်လေးပြုံးပြီး

'သိချင် ဖွင့်ကြည့်ပေါ့'

လို့ ပြောသည်။ မိလင်းက အမြင်ကတ်စွာဖြင့်

'ကြက်သားဟင်းဟေ့ ကြက်သားဟင်း'

နီရာက ကြည်လင်တောက်ပသော မျက်လုံးတစ်စုံဖြင့် မိုးတိမ်ကို ကျေးဇူးတင်စွာ ကြည့်သည်။ မိုးတိမ်ရဲ့ ရင်အစုံသည် စည်းချက်မမှန်စွာ တဒိုင်းဒိုင်းခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



Teen Ager(ဆယ်ကျော်သက်)အရွယ် အတွေ့အကြုံမရှိသေးတဲ့ အပျိုဖြန်းမလေး မိုးတိမ်မှာ နီရာရဲ့ ထူးဆန်းစွာညို့ငင်တဲ့ အကြည့်များနဲ့တွေ့တိုင်း ရင်မှာ ဖြောင်းဆန်မြဲ။ ကျေနပ်မြဲပင်။

'နီရာ နင့်အမေက နင်တို့ဆီ ပြန်မလာတော့ဘူးလားဟင်'

နီရာ မျက်နှာပျက်ထွက်သွားသည်။

သူ့အရှိက်ကို တည့်တည့်ထိသွားတဲ့ မေးခွန်းလား. . မသိတော့ပါဘူး. . ဒါပေမယ့် မိုးတိမ်က သနားစိတ်နဲ့ မေးမိတာပါ။

ဟုတ်တယ်လေ၊ သူများတွေမှာ မိစုံဖစုံနဲ့နေရပေမယ့် သူ့ခမျာ သူလူမှန်းသိတတ်စကတည်းက အဖေဆုံးသွားခဲ့တာ။ အမေကလည်း နောက်အိမ်ထောင်နဲ့။ သူတို့မောင်နှမတွေကို အဒေါ်အပျိုကြီးသာ ကျွေးမထားရင် ထမင်းငတ်နေလောက်ပြီပေါ့. . .

နီရာ့မျက်ဝန်းမှာ မျက်ရည်ကြည်လေးတွေ ဝဲနေတာတွေ့ရတော့ မိုးတိမ် ဘယ်လိုမှ နေလို့မရတော့ပါ။

'ဆောရီးဟာ ငါ အလိုက်မသိဘဲ မေးလိုက်မိတယ်'

'ရပါတယ်ဟာ ငါတို့မှာ သူလာတဲ့ အချိန်ကို မျှော်ရတာမောလွန်းလို့ ခုနောက်ပိုင်း သိပ်မမျှော်တော့ပါဘူး'

'နင်တို့ကို မုန့်ဖိုးတော့ မှန်မှန်ပေးတယ်မဟုတ်လား'

မိလင်းက သူသိချင်တာ ဝင်မေးသည်။

'မဖြစ်စလောက်ပါဟာ၊ ဒါတောင်မှ ခိုးကြောင်ခိုးဝှက်ပေးရတာ'





'နင်တို့ပတွေးက ချမ်းသာတာပဲ ဥစ္စာ'

'ငါ ယောကျ်ားပါဟာ၊ ငါ့အမေရဲ့ နောက်ယောကျ်ားဆီက ပိုက်ဆံကို ပိုပြီးတောင် မသုံးချင်သေးတယ်၊ ဘာလို့လဲဆိုတော့. . အမေနဲ့လဲထားရလို့ပဲ'

နီရာနဲ့ မိလင်းတို့ ပြောနေသမျှကို ကြားနေတဲ့ မိုးတိမ်. . နီရာကို ပိုပြီးသနားသွားသည်။

သူ ခံစားနေရတာ မိုးတိမ် နားလည်သည်။ သူ့ရင်ထဲမှာရှိတာ မိုးတိမ်မြင်နေရသည်။

'မိုးတိမ်၊ ငါ ဒီနေ့ ဘုရားမှာ ဆရာနဲ့ချိန်းထားလို့ ကျောင်းမတက်တော့ဘူးနော်'

'ကြည့်. . ပြောထားရက်သားနဲ့ နီရာတို့ ဖောက်လာပြန်ပြီ အတန်းတင်စာမေးပွဲကြီးက ဘယ်နှရက်လိုသေးလို့လဲ. . ပြော'

'ဒီတစ်ရက်တည်းပါကွာ၊ ဆရာက ငါ့ကို လက်ကွက်အသစ်ပြပေးမယ် ပြောထားလို့'

မိုးတိမ်က ခြေလှမ်းတွေကိုမြန်နိုင်သမျှမြန်ပြီး ဝစီပိတ်ကျင့်စဉ်ကို ကျင့်လိုက်တယ်ဆိုရင်ပဲ. . သူမ စိတ်ဆိုးသွားပြီဆိုတာ သေချာသွားသည်။

သူ့နောက် အမီလိုက်လာသော မိလင်းကို

'မိလင်း. . ထမင်းဘူးယူသွားခိုင်းလိုက်ဦး'

ဟု သံယောဇဉ်မကုန်စွာ တိုးတိုးကလေးပြောလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုးတိမ်က အသံတိုးသလောက် မိလင်းအသံက volume မြင့်သည်။

'နီရာရေ. . နင့်ကို မိုးတိမ်က ထမင်းဘူးယူသွားဦးတဲ့'

တမင် အကျယ်ကြီး အော်ပြောလိုက်သော မိလင်းကို မိုးတိမ်က အသံတိတ် ကျိန်ဆဲလိုက်သည်။ နီရာက မိလင်းကို စစ်ကူတောင်းသည်။

'စိတ်ကောက်နေတဲ့ လှပမိုးတိမ်လေးကို ပြောပေးပါဦး. . နောက်နေ့ကျမှ သူကြိုက်တဲ့ ဆယ့်နှစ်နာရီပန်းနဲ့ ချော့မယ်လို့. . ငါသွားပြီ. . တာ့တာ'

မိုးတိမ်ရင်ထဲမှာ ဟာသွားသည်။

ကျောင်းသွားတဲ့လမ်းတစ်လျှောက် သူမဘေးမှာ နီရာ ပါစေချင်သည်။ ကျောင်းလမ်းလေးမှာ သူ့စကားသံတွေကြားပြီး အတူတူလမ်းလျှောက်ရတဲ့ အရသာကို မသိမသာရော သိသိသာသာပါ တမ်းကမိတာ သူ သိမှာမဟုတ်ပါဘူး. . .

ထွက်သွားတဲ့ နီရာရဲ့နောက်ကျောကိုကြည့်ပြီး မိုးတိမ်ဝမ်းနည်းလာသည်။

အရိပ်ပေးတဲ့ကုက္ကိုပင်ကြီးကိုလှမ်းကြည့်လိုက်တော့ အထီးကျန်စွာ အဖော်ကွဲလာတဲ့ ငှက်ကလေးကို တစ်ကောင်တည်း တွေ့လိုက်ရသည်။

♥



## အနစ်နာခံပေးဆပ်မှု

နီရာနဲ့ မိုးတိမ်. . ကန်ဘောင်နဘေးက အုတ်ခုံလေးပေါ်မှာ ထိုင်ပြီး စကားပြောနေကြသည်။ တကယ်တမ်း ပြောနေတာက နီရာ တစ်ယောက်တည်းပါ။

မိုးတိမ်ကတော့ ကျောက်ရုပ်လို စကားမပြောပေမယ့် လူတစ်ယောက်ရဲ့ခံစားတတ်တဲ့ နှလုံးသားမှာ နာကျင်နေသည်။ ကြေကွဲနေသည်။ မျက်ဝန်းမှာ မျက်ရည်တွေ စီးကျလာသည်။

မိုးတိမ်. . အရမ်း ဝမ်းနည်းနေတာပဲ သိသည်။ ကျန်တာဘာမှမသိတော့. .

'မငိုပါနဲ့ မိုးတိမ်ရယ်. . ဆယ်တန်းဖြေပြီး ကျောင်းပိတ်ရင် ငါပြန်လာမှာပါဟာ၊ ဒီကြားထဲ စာလည်း အမြဲထည့်မယ်လေနော်'

'ဟင့်အင်း. . နင် ဟိုရောက်ရင် ရန်ကုန်သူချောချောလေးတွေ တွေ့ပြီး ငါ့ကို မေ့သွားမှာပါဟာ ငါသိပါတယ်'

သူမက ရှိုက်သံလေးစွက်ပြီးပြောတော့ နီရာက တဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား အော်ရယ်သည်။ ပြီးတော့ မိုးတိမ်ရဲ့နှာခေါင်းလေးကို ချစ်စဖွယ် ဆွဲညှစ်လိုက်သည်။

'အခုငိုနေတဲ့ကောင်မလေးလောက် ဘယ်မိန်းမက ပိုလှဦးမှာလဲ ပြော'

မိုးတိမ်ရဲ့ကိုယ်လေး နီရာ့ရင်ခွင်ထဲ ရောက်သွားသည်။

နှုတ်ဆက်အနမ်းများအောက်မှာ ဝမ်းနည်းစွာ၊ အားငယ်စွာ၊ မခွဲနိုင်စွာ၊ ခံစားချက်ပေါင်းစုံဖြင့် မိုးတိမ် ရှုးတော့မည် ထင်သည်။ ထိုနေ့က အိမ်ပြန်နောက်ကျလို့ အမေက ဆူသည်။ ဆူတာနဲ့တင် အားမရလို့ အဖေ့ကိုပါ တိုင်သည်။

အဖေကတော့ အမေ့လို ဒေါသမကြီး. . . သမီး နားလည်အောင် အကျိုးသင့်အကြောင်းသင့်ရှင်းပြသည်။နားဝင်အောင် ချော့ပြီး ပြောသည်။

'သမီးမိုးတိမ်ကို ဖေဖေက ပညာတတ်ကြီးဖြစ်စေချင်တယ် . . သမီး ဝမ်းကွဲအစ်မတွေလို ဆရာဝန်မကြီး သိပ်ဖြစ်စေချင်တာပေါ့. . သမီး အခု ဟိုကောင်လေးနဲ့တွဲနေတာ သမီးအမေ ပြောလို့ ဖေဖေ သိပါတယ်၊ ဒါပေမယ့်. . သမီးအသက် သိပ်ငယ်သေးတယ်၊ ကျောင်းပြီးလို့ ဘွဲ့ရတဲ့အချိန်ကျမှ အိမ်ထောင်ရေးကိုစဉ်းစားနော် သမီး. . တကယ်တော့ သမီးက မီးကိုရှာထားတာပဲ၊ ဒီအပူက ဘယ်အပူနဲ့မှ မတူအောင် အရှိန်သိပ်ပြင်းတာ. . မီးတောက်တွေ အားကောင်းလာတာနဲ့အမျှ သမီးတစ်ကိုယ်လုံးကို ဝါးမြိုသွားမှာပဲ. .





တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် ငါ့သမီး သိလာမှာပါလေ. . မိဘရဲ့အရိပ်က ဘယ်လောက်ထိအေးမြတယ်ဆိုတာ သမီး သိလာမှာပါ။ ကဲ. . သွား. . သွား သမီး အိပ်ချေတော့. . '

အဖေက ဒီလိုပြောပြန်တော့လည်း မိုးတိမ်က ဝမ်းနည်းမိပြန်သည်။ နှလုံးသားခံစားချက်ကို ဦးစားပေးမိလို့. . အဖေ စိတ်မကောင်းဖြစ်နေတာ သိသည်။

ငယ်ငယ်လေးကတည်းက ကစားဖော်ကစားဖက်။ ရင်းနှီးခဲ့တဲ့အချိန်တွေ ကြာလာတာနှင့်အမျှ သံယောဇဉ်ထုတွေက ကြီးလာသည်။ နီရာ့အပေါ်ထားတဲ့သံယောဇဉ်နဲ့သနားစိတ်က တော်တော်နှင့် ဖြတ်လို့ရမှာမဟုတ်မှန်း မိုးတိမ် သိနေသည်။

မဖြတ်နိုင်တာကလည်း ပိုပြီး သေချာနေပြန်သည်။

နီရာ မနက်ဖြန်ကျရင် မိုးတိမ်ကိုထားပြီး ထွက်သွားတော့မည်။ ရန်ကုန်မှာရှိတဲ့သူ့အမျိုးတွေက ဆယ်တန်းကို ရန်ကုန်မှာလာဖြေဖို့ခေါ်လို့ သူသွားရမှာ။ သူ့ဘဝတက်လမ်းမို့ မခွဲချင်ပါပဲနဲ့ ခွဲရဦးမည်။

သူ့မျက်နှာကို နေ့တိုင်းမြင်ချင်တဲ့မိုးတိမ်၊ သူ့အသံကို နေ့တိုင်းကြားချင်တဲ့ မိုးတိမ်။ခုတော့ ရက်ပေါင်းသုံးရာနီးပါးခွဲရဦးမည်။

တွေးမိတာနဲ့တင် ရင်ထဲမှာ နာသည်။ ပူလည်း ပူသည်မို့ အိပ်လို့မပျော်ဘဲ ငိုရင်း မိုးလင်းခဲ့ရသည်။

*



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်က နီရာ့ကို လိုက်ပို့ချင်ပေမယ့် အမေက အလစ်မပေးတော့ ထွက်လို့မရဘဲ ဖြစ်နေသည်။

မိလင်းကလည်း မိုးတိမ်၏အခက်အခဲကို သိနေပုံရသည်။ မခေါ်ဘဲနှင့် ရောက်ချလာသည်။

မိုးတိမ်က အမေအလစ်မှာ မိလင်းလက်ထဲ စာအုပ်လေးတစ်အုပ်ထိုးထည့်ပေးရင်း

'ဒီအထဲမှာ စာနဲ့ ပိုက်ဆံငါးဆယ် ပါတယ် မိလင်း၊ သူ့ကိုပေးပေးနော်။ မြန်မြန်သွားပါဟယ်. . တော်ကြာ မမီဘဲနေဦးမယ်၊ ငါ နှုတ်ဆက်လိုက်တယ်လို့ ကျန်းမာရေးဂရုစိုက်ဖို့ ငါ့အစားပြောပေးပါ မိလင်းရယ်'

ပြောပြီး မိုးတိမ်က မျက်ရည်ကျချင်လာသည်။

'ဟဲ့. . နင့်အမေကြည့်နေတယ် အမူအရာမပျက်စေနဲ့'

မိလင်းက သတိပေးပြီး အမေ့ကို လှမ်းနှုတ်ဆက်သည်။

'ဒေါ်ဒေါ်ရေ သမီးပြန်ပြီ. . မနေ့က ကျောင်းမတက်လို့ မိုးတိမ်ဆီက စာအုပ်လာငှားရတာ'

'အေး. . အေး'

ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်၊ နောက်ဆို. . နီရာမရှိတော့ သူ့ကိုပဲ အားကိုးရမှာ တိုင်ပင်ရမှာ. .

မိုးတိမ်စုထားသော ငွေငါးဆယ်သည် ထိုခေတ်က ရွှေဝယ်မည်ဆို ဝယ်လို့ရသေးသည်။





မိန်းကလေးပေမယ့် ကိုယ့်အလှအပအတွက် ကိုယ်မစဉ်းစားနိုင်။ သူပြေလည်ဖို့၊ သူမျက်နှာမငယ်ဖို့ ဒါတွေပဲ မိုးတိမ်ခေါင်းထဲမှာရှိသည်။

အမြဲတမ်းလည်း မစားရက် မသောက်ရက်ဖြင့် ခြိုးခြံချွေတာပြီး သူ့ကို ဦးစားပေးခဲ့သည်။

မိုးတိမ်တို့အဖေက ကုန်စုံဆိုင်ဖွင့်ပြီး သားသမီးတွေကိုပြုစုပျိုးထောင်ပေးသည်။

အများနှင့်ယှဉ်လျှင် မနိမ့်ကျစေရသလို. . . နောက်လည်းမကျစေရပါ။ သမီးဖြစ်သူ လိုချင်တာအားလုံး ဝယ်ပေးပြီးသား။

မိုးတိမ်ဆီမှာ ခြေကျင်းအကြီးကြီးနှစ်ဖက်ရှိလို့ မောင်လေးဖိုးထွေးကတောင် တွက်ကပ်ဖူးသေးသည်။

ဖိုးထွေးက အမေ့လူယုံတော်လေ. . .

သူက နီရာနှင့်မိုးတိမ်အကြောင်းကို အမြဲ ပြန်ပြန်တိုင်လို့မိုးတိမ် စိတ်ညစ်ရပေါင်းများပြီ။ အဆူခံရတာလည်း ခဏခဏ. .

တစ်ခုဆိုးတာက အမေ ဆုံးမတာ နည်းလမ်းမကျဘူးလို့ မိုးတိမ်က ထင်သည်။ အမေက အမြဲပြောတတ်သည်။ 'လူမှာ အမျိုးကြက်မှာ အရိုး'တဲ့. . .

နီရာ့ကိုရှောင်ဖို့၊ သူ့အမေနောက်အိမ်ထောင်ပြုထားတော့ သူ့သားလည်း တစ်နေ့ ဒီလိုဖြစ်လာမှာလို့ အမေကပြောတိုင်း နီရာ့ဘက်က မိုးတိမ် နာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## မှုပိုင်နှင်းဆီ – ၂၈

အမေ ဒီလိုမျိုး လူတစ်ဖက်သားကို ချိုးချိုးဖွဲ့ဖွဲ့ မပြောသင့်ဘူးလေ။ ကောင်းတဲ့ဘက်က တွေးပေးလို့ရသားပဲ. .

ဥပမာ နောက်အိမ်ထောင်ဆိုတဲ့ အရိပ်အောက်မှာ ပထွေးဆိုတဲ့ ဝေါဟာရကို နီရာ ခါးသီးခဲ့တာပဲလေ. . . သူ့အလှည့်ကျရင် သူ့သားသမီးတွေကို သူ့လိုဘဝမျိုး ရောက်အောင် သူ ဘယ်လုပ်တော့မလဲ. . .

အဖေနှင့် အမေ ကွာတာ အဲဒါပဲ။

အဖေက အားလုံးကို မျှမျှတတဖြစ်အောင် တွေးပေးတတ်သည်။

♥



## မပျော်ပေမယ့် မျှော်နေမိတယ်

နီရာ မိုးတိမ်အနားမှာ မရှိတဲ့နေ့တွေ ရက်တွေတိုင်းသည် ခြောက်သွေ့ကာ ဝမ်းနည်းဖို့ကောင်းနေသည်။

နီရာ စောင့်နေတတ်တဲ့ ကျောင်းရဲ့ လှေကားအောက်ကို ရောက်တိုင်း၊ ဒါမှမဟုတ် နီရာ ဂစ်တာတီးတတ်တဲ့နေရာလေးတွေကို အလွမ်းပြေသွားကြည့်မိတဲ့အခါတိုင်း မိုးတိမ်ငိုရသည်။

သူစိမ်းတွေနေတဲ့အရပ်မှာ နီရာ အဆင်မှပြေပါ့မလားလို့ တွေးမိတိုင်း၊ အိမ်မှာ သူကြိုက်တဲ့ကြက်သားဟင်းချက်တိုင်း သတိရသည်။

သတိရတာနှင့်အမျှ ရင်နင့်အောင် လွမ်းရမြဲ. . တမ်းတရမြဲ. . .

နီရာ မိုးတိမ်ဆီ တစ်ပတ်တစ်ကြိမ် ပို့ပို့ပေးတဲ့ စာလေးတွေ ပို့စကတ်လေးတွေကို ညအိပ်ခါနီးတိုင်း အလွမ်းပြေထုတ်ထုတ်ကြည့်ရတာလည်း နေ့တိုင်းနီးပါးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းပြေသလားလို့မေးရင် မပြေတဲ့အပြင် ပိုလို့လွမ်းရသေးသည်။

ဒီလိုနဲ့ပဲ မိုးတိမ်တစ်ယောက် အအိပ်ပျက်၊ အစားပျက်ဖြင့် နဂိုကသေးသွယ်သော ခန္ဓာကိုယ်မှာ ပိုပြီး ပါးလှပ်လာသည်။ မျက်နှာလေးက ပိုးဟပ်ဖြူလို သွေးအားနည်းကာ ဖျော့တော့လာသည်။

သားသမီးကို အရိပ်တကြည့်ကြည့် နေတတ်တဲ့ အမေက သမီးကို စိုးရိမ်ပြီး အမဲသားဟင်း ချက်ကျွေးရှာသည်။ သွေးအားကောင်းအောင် တဲ့လေ။ မိုးတိမ်က သွေးအားနည်းနေတာမှ မဟုတ်တာ။ လွမ်းလို့ပိန်နေတာ မေမေ. .

သူသွားတဲ့နေ့ကစပြီး မိုးတိမ်ဘဝ ခြောက်သွေ့ခဲ့ရသည်။ အသိစိတ်တွေက" ခန္ဓာကိုယ်မှာ မကပ်ဘဲ ဟိုး. . မိုင်ထောင်ချီဝေးတဲ့ သူရှိရာအရပ်မှာသာ. . .

'နီရာ ဒါတွေကို နင်မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား. .

ကြာရင် ငါရူးတော့မှာပဲဟာ စာလည်း ကျက်လို့မရဘူး။ ခုတလော နင် ငါ့ဆီစာမရေးပြန်ဘူး. . နင်နေကောင်းရဲ့လား။နင့်မှာ ဘာအခက်အခဲတွေ ကြုံနေလို့ ငါ့ဆီ စာမရေးနိုင်ရတာလဲ. . နင့်ကို ငါအရမ်းစိတ်ပူတယ် နီရာ. . .

ကျောင်းတက်ရတာ အရင်လို မတက်ကြွပေမယ့် မိလင်းလာထိုင်စောင့်နေလို့ အားနာပြီး ထလိုက်လာရသည်။





'ဟဲ့. . မိုးတိမ်. . နင့်ကြည့်ရတာ အရိုးပဲ ကျန်တော့တယ်နော်။ ထမင်းလေးဘာလေး စားဦး. . နင့်ကို ငါပြောမယ်ပြောမယ်နဲ့ ချိန်နေတာကြာပြီ၊ ဟိုကောင့်သတင်းတွေက ကြားရတာ မကောင်းဘူးနော်၊. . ရန်ကုန်မှာ အသစ်တွေ့နေပြီလို့ ပြောနေကြတယ်။ ပြီးတော့ ဆေးလိပ်လည်း အသေသောက်တယ်တဲ့'

မိလင်းက ဆက်ပြောနေပေမယ့် မိုးတိမ်နားထဲကို ဘာမှ ထပ်မဝင်တော့ပါ. .

မဟုတ်ဘူး. . နီရာက ဒီလိုလူစားမျိုးမဟုတ်ဘူး။ သူ ဒီလိုလုပ်မှာ မဟုတ်ပါဘူး. . စိတ်ထဲမှာတင် လက်မခံနိုင်ဘဲ အကြောက်အကန်ငြင်းနေမိသည်။ '

'မိုးတိမ်. . နင်. . ငါပြောနေတာ ကြားရော ကြားရဲ့လားဟင်'

'နင့်ကို ဒီအကြောင်းတွေ ဘယ်သူပြောတာလဲ'

'နင်သာ အိမ်တွင်းပုန်းလုပ်နေလို့မသိတာ သူ့အမျိုးတွေလျှောက်ပြောလို့ ပွထနေပြီ သိလား'

မိုးတိမ်က မိလင်းလက်လေးကို အားကိုးတကြီး ဆုပ်ကိုင်ပြီးမေးသည်။

'ဒါ. . ဒါဆို ငါ ဘာလုပ်ရမလဲ ဟင်'

မိလင်း မိုးတိမ်မျက်နှာလေးကိုကြည့်ပြီး သနားလိုက်တာလေ. . မိုးတိမ် ငိုနေပြီပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းမနည်းပါနဲ့ မိုးတိမ်ရယ်. . နင်. . သူ့ဆီ စာရေးပြီး ဒီအကြောင်းတွေ မေးလိုက်ပေါ့'

'ဟင့်အင်း ငါ မမေးရဲဘူး၊ တော်ကြာ သူက ဟုတ်ပါတယ် ဆို'

မိုးတိမ်အသံလေး တိမ်ဝင်သွားသည်။ ပြီးတော့မှ ရှိုက်သံတစ်ဝက်ဖြင့် အားယူပြီး

'ငါ. . ငါသွားပြီ. . သူ ထားခဲ့ပေမယ့် ငါမှမနေခဲ့ချင်တာ သူနဲ့ဝေးတဲ့ဒဏ်ကို ငါ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး'

'ဒါဆို နင်က သူ့ကို ဒီအတိုင်းပဲ လွှတ်ထားတော့မှာလား သူ. . ဒီလို လမ်းသရဲလုပ်နေပုံနဲ့ ဒီနှစ် ဆယ်တန်းတောင် အောင်ပါ့မလားမသိဘူး'

နီရာက ဆယ်တန်းဆိုပေမယ့် မိုးတိမ်က ကိုးတန်းတက်နေရသည်။ သူ့ထက် နီရာက တစ်နှစ်ငယ်သည်. . .

'နင်ကလည်းဟယ် ပါးစပ်ပုပ်ကြီးနဲ့ သူများကို'

'အေးပါ. . ဟိုက ကျရင် နင်ပိုပျော်မှာမဟုတ်လား နင်နဲ့ အတန်းတူသွားမှာလေ၊ သူကျသွားရင် ရန်ကုန်မှာ ဘယ်နေရတော့မလဲ မဟုတ်ဘူးလား'

ဟုတ်တော့ ဟုတ်ပါသည်။ မိုးတိမ်စိတ်ထဲမှာ တွေးမိတာလည်း ဒီလိုပါပဲ။ သူနှင့်အတူတူကျောင်းတက်ရသည့်ဘဝကို အမက်မောဆုံးဆိုတော့. .





ဒါပေမယ့် သူဆယ်တန်းကျမှာကိုလည်း မလိုလားပြန်ဘူး . . စိတ်တွေက ဝေခွဲရခက်လိုက်တာ. . သူသာ မိုးတိမ်အနားမှာ ရှိနေရင် အခုလိုမျိုး ရင်ပူနေရမှာမဟုတ်တာတော့ သေချာသည်။

နောက်ဆုံးတော့ ဒါတွေဟာ ကြားစကားတွေပါ ဆိုပြီး. . ကိုယ့်စိတ်ကိုယ် ဖြေဖျောက်ယူလိုက်ရသည်။

သူ့ကိုလွမ်းတဲ့စိတ်နဲ့ မပျော်ပေမယ့်လည်း နေ့တိုင်းမျှော်နေမိတာပါပဲ။

ဘုရားစောင်းတန်းတစ်လျှောက် လှေကားထစ်လေးတွေကို ဖြတ်နင်းပြီး လျှောက်လာပေမယ့် အမြင်အာရုံတွေက ဝေဝါးနေသည်။ သူမမျက်ဝန်းမှာ မျက်ရည်တွေ အိုင်ဖွဲ့နေတာဟာ ငိုနေတာလား. . မိုးတိမ် ငိုနေရတာ ဒီနေ့တစ်နေ့တည်းမှ မဟုတ်တော့တာ. . .

လှပမိုးတိမ်နဲ့ မျက်ရည်တွေဟာ နေသားတကျဖြစ်နေပြီဆိုပေမယ့် မိုးတိမ်လည်း သူများတွေလို ပျော်ချင်သေးတာပေါ့။

ဒီနေ့. . နီရာ့ညီတစ်ဝမ်းကွဲက ရန်ကုန်မှာ နီရာတွဲနေတဲ့ ကောင်မလေးနာမည် လာပြောပြသွားသည်။ ကိုယ့်စိတ်ကိုယ် ဖြေဖျောက်ပြီးမေ့ထားတဲ့ကိစ္စတစ်ခုကို သူက လာဖော်သွားတော့ တစ်နေကုန် မိုးတိမ် ဘာအလုပ်မှလုပ်လို့မရတော့. . .

ဒါကြောင့် မိလင်းဆီသွားမည် ဆိုပြီး မနက်ကတည်းက ဘုရားမှာလာထိုင်ပြီး ငိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နီရာမရှိတဲ့နောက်ပိုင်းမှာ အမေက အရင်လို သိပ်မချုပ်ချယ်တော့ဘဲ ကျောင်းပိတ်ရက်တွေမှာ မိုးတိမ်သွားချင်တဲ့နေရာကို သွားခွင့်ပြုပေးထားသည်။

ဘယ်နေရာသွားသွား မိုးတိမ်မှမပျော်တာ။သူ မရှိတဲ့အရပ်မှာ သူ မရှိတဲ့နေ့တွေမှာ မိုးတိမ် ပျော်အောင် ဘယ်တန်ခိုးရှင်ကမှ လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး. . .

သူတို့ပြောနေတာတွေဟာ တကယ်ပဲလား နီရာ
နင့်ကို ငါ ဒီလောက်ချစ်တာ
နင်လည်း ငါ့ကို ချစ်တာပဲ မဟုတ်လား
နင် ငါ့ကို သစ္စာဖောက်တာမဟုတ်ဘဲ
အပျော်တွဲတာဆိုရင် ငါဖြေလို့ရသေးတယ်

အခု နင်က ငါ့ကို ဘာအဆက်အသွယ်မှမလုပ်ဘဲ ပစ်ထားတော့. . ငါ သေမလောက် ကြေကွဲရပြီပေါ့

ဒီရက်အတွင်းမှာ ငါ နင့်ကို အရမ်းလွမ်းတယ် နီရာ
ဒီစိတ်နဲ့ပဲ ငါသေမှာပါဟာ. .

ဘုရားရိပ်ဟာ အေးမြတယ်ဆိုပေမယ့် ငါ့ရင်ထဲမှာ ဘယ်လောက်တောင်ပူနေလို့ အပူမငြိမ်းနိုင်ရတာလဲ . .

ငါ့အသက် ငယ်ငယ်လေးရှိသေးတာ. . ငါ ပျော်ချင်သေးတာပေါ့. . .

ငါ သိနေတာတစ်ခုက ငါပျော်ဖို့အတွက် နင့်ကိုငါ မေ့ပစ်





မှဖြစ်မယ်။ မဖြစ်နိုင်တာကလည်း အဲဒါပဲ။ ငါ့ပျော်ရွှင်မှုအတွက် နင့်ကို မဆုံးရှုံးချင်ဘူး. .

ငါသေတဲ့အထိ နင့်ဘဝထဲက ထွက်မသွားဘူး နီရာ. . .

ဒါ. . ငါ့ရဲ့သစ္စာပဲ။

သိပ်ချစ်ပါတယ်လို့ပြောတဲ့ မိန်းမတွေကို ငါ စိန်ခေါ်လိုက်ချင်တယ် သိလား. . .

သူတို့တွေ ငါ့လောက် မချစ်နိုင်ကြပါဘူးဟာ. . .

♥



www.burmeseclassic.com

www.burmeseclassic.com

## ကံကြမ္မာတစ်ဆစ်ချိုး

မြူတွေကင်းပြီး ကောင်းကင်ကြီးက အပြာရောင်တောက်ပနေတဲ့ နေ့တစ်နေ့မှာ မိုးတိမ်တို့မြို့လေးကို နီရာ ပြန်ရောက်လာခဲ့သည်။

ဒီသတင်းကိုယူလာပေးသူက မိုးတိမ်ရဲ့မောင်လေး ဖိုးထွေးပေါ့. . .

'မမ. . ဟိုကောင်ပြန်ရောက်နေပြီ၊ နင် အနေအထိုင်ဆင်ခြင်တော့ ကြားလား၊ တစ်ခုခုကြားရရင် အမေ့ကို ငါပြန်တိုင်မှာပဲ'

ရင်ထဲမှာ ပျော်လွန်းလို့ တဒိတ်ဒိတ် ခုန်နေတာ ဘယ်သူသိလို့လဲ။

ဖိုးထွေးကို ကျေးဇူးတင်ပေမယ့် အမြင်ကတ်စွာ ရန်တွေ့မိသေးသည်။

'နင့်အကျင့်က ဒီလိုပဲ ဥစ္စာ. . ကိုယ့်ထမင်း ကိုယ်စားပြီး သူများကို ချွန်တွန်းလုပ်ရမှ ကျေနပ်တဲ့အကောင်'





'မမ ထင်ချင်သလိုထင်တော့ ကိုယ့်အစ်မပို့ စေတနာနဲ့ သတိပေးနေဟာ မမက မွှန်နေလို့ မသိတာပါဗျာ. . ငါတို့က မြွေမြွေချင်းခြေမြင်ပြီးသား၊ သူတို့မျိုးရိုးက သိတဲ့အတိုင်း တစ်ယောက်ထိရင် ဝိုင်းပြီးဟောင်ကြတဲ့အမျိုး၊ ငါက ကိုယ့်အစ်မကို ဒီအမျိုးတွေထဲ တွန်းပြီးမပို့နိုင်ဘူး ငါ့ကို နင် မုန်းချင် မုန်း၊ မမ ငါပြောနေတာတွေအားလုံးက နင့်အတွက်ပဲ'

ဘဝမှာ အချစ်ထက်အရေးကြီးတာ ဘာရှိသေးလို့လဲ. . ဝန်းကျင်တွေ၊ အမျိုးအဆွေတွေက ကာယကံရှင်တွေလောက် အရေးကြီးပါဦးမလား။

မိုးတိမ်သည် ဖိုးထွေးနှင့်ပြိုင်ပြီး ပြောမနေတော့ဘဲ နီရာနှင့်တွေ့ဖို့ အမျိုးမျိုး အကြံထုတ်နေမိတော့သည်။

သိပ်မကြာပါဘူး၊ လေးလုံးစန်းလွင်တစ်ယောက် မိုးတိမ်တို့အိမ် ရောက်လာပါတော့သည်။

အမေက စန်းလွင်တို့အမေနှင့် ခင်နေတာမို့. .

'စန်းလွင်. . မိုးတိမ်ဆီလာတာလား'

'ဟုတ်တယ် ကြီးကြီး၊ အိမ်မှာ အမေက သင်္ဘောသီးသုပ်ထားလို့ မိုးတိမ်ကို ခေါ်ခိုင်းလိုက်တာ'

'ဟယ်. . ပြောရင်းနဲ့တောင် သွားရည်တွေ ကျချင်လာပြီ၊ ငါ သင်္ဘောသီးသုပ်အရမ်းစားချင်နေတာ လိုက်ခဲ့မယ်နော်. . ခဏလေးစောင့်'



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ဖိုးထွေး မရှိလို့ တော်ပါသေးရဲ့။

မိုးတိမ်က အမေ့ခွင့်ပြုချက်ကို စောင့်မနေဘဲ အခန်းထဲ ပြေးဝင်ပြီး မီးခိုးရောင်ပိတ်စ အပါးလေးကို ဇာအတွန့်လေးတွေ ထပ်ပြီးချုပ်ထားတဲ့ခါးစည်းအင်္ကျီလေးကို လဲဝတ်ကာ ပခုံးကျော်လောက်ရှိမည့် ဆံပင်လေးတွေကို ဒီအတိုင်းပဲ ဖြန့်ပြီးချထားလိုက်သည်။ မိုးတိမ်ရဲ့သင်္ကေတက ပန်းလေးတွေဆိုတော့ အမေ စိုက်ထားတဲ့ နှင်းဆီပင်လေးကို မျက်လုံးထဲမှာ ပြေးပြီးမြင်လိုက်သည်။

နှင်းဆီဖြူလေးတစ်ပွင့်လောက်တော့ အမေ မသိအောင် ယူပြီး ပန်သွားဦးမှ။

မျက်နှာကို ခရင်မ်ပတ်လေးရိုက်ပြီး မှန်ထဲမှာ အရိပ်ထင်နေတဲ့ ပုံရိပ်လေးကို အမှတ်တမဲ့စိုက်ကြည့်လိုက်လျှင် သိပ်ကို လန်းဆန်းပြီး ပျော်ရွှင်တက်ကြွနေတဲ့ မိန်းမလှလေးတစ်ယောက်ကိုတွေ့ရလေသည်။

ဘုရားရေ. . . ဒါဟာ မိုးတိမ်လား၊ လှပမိုးတိမ် တဲ့လား။ ပျော်နေလိုက်တာ ကြည့်စမ်းပါဦး. . နီရာက သူ့ဘဝကြီးကို အဲလောက်တောင် ပြောင်းလဲပေးနိုင်လို့လား။

မိုးတိမ်သည် စန်းလွင် သူမကို လာခေါ်ထုတ်မှန်း သိနေတော့ ပိုပြီးရင်ခုန်နေသည်။ တစ်နှစ်နီးပါးခွဲခွာထားရတဲ့ ချစ်သူရဲ့မျက်နှာလေးကို ပြန်တွေ့ရတော့မှာဆိုတော့ ရည်းစားဖြစ်ခါစ ချိန်းတွေ့ရသောဖီလင်နှင့် ခပ်ဆင်ဆင်တူနေသည်။





'သူ ဘယ်မှာလဲ စန်းလွင်'

'နင်နဲ့တွေ့နေကျနေရာမှာ စောင့်နေမယ်တဲ့'

စန်းလွင်က သူ တာဝန်ကျေပြီမို့ နှုတ်ဆက်ပြီး ထွက်ခွာသွားသည်။

မိုးတိမ်သာ ကန်ပေါင်ပေါ်ကို ဘယ်လိုရောက်လို့ ရောက်လာမှန်း မသိ။

အဝေးကနေကြည့်ပြီး သူပိုထွားလာတာ အရပ်ပိုရှည်လာတာတော့ သိလိုက်သည်။ သူက မိုးတိမ်ကိုတွေ့တော့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာပြီး 'မိုးတိမ်'ဟု ညင်သာစွာခေါ်သည်။

အဖျားဆွတ်မှာတုန်ခါနေသောသူ့အသံကို ကြားပြီးသည့်နောက်မှာတော့ မိုးတိမ်တစ်ယောက် သူ့ရင်ခွင်ထဲ တိုးဝင်ပြီး ရှိုက်ကြီးတငင်ငိုမိပါတော့သည်။

'နင်. . နင် သိပ်ရက်စက်တာပဲဟာ ငါ့ဆီ စာလည်း မရေးဘူး ငါ့မှာတော့ နင့်ကို လွမ်းလိုက်ရတာ'

လွမ်းတဲ့အကြောင်းပဲ သူ့ကိုသိစေချင်တာလား။

ဟင့်အင်း. . ရင်ထဲမှာ မေးချင်နေတဲ့ မေးခွန်းတွေမှ တန်းစီနေတာပဲ။

'နင် ရန်ကုန်မှာ အသစ်တွေ့နေပြီ မဟုတ်လား'ဟု မှားယောင်ပြီး မမေးရဲပါ။ သူ့ပါးစပ်က ဟုတ်တယ်လို့ဖြေလိုက်မှာကို နားထောင်ရဲတဲ့သတ္တိ မိုးတိမ်ဆီမှာ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက ငိုနေတဲ့မိုးတိမ်နောက်ကျောလေးကို ပွတ်ပေးရင်း

'ငါနေတဲ့ အိမ်က စည်းကမ်းတင်းကျပ်လွန်းလို့ပါ မိုးတိမ်၊ တကယ်ပါ. . သူတို့က အရမ်းချုပ်ချယ်လွန်းတော့ နေရတာလည်း မပျော်ပါဘူး. . ဒါပေမယ့် ငါ နင့်ကို တစ်နေ့မှမမေ့ဘူးဆိုတာတော့ ယုံပါနော်. . . ငါလည်း နင့်ကို အရမ်းလွမ်းနေတာပါဟာ'

သူပြောသမျှ မိုးတိမ် ယုံပြီးသားပဲ။

သူ့အပေါ်ထားတဲ့. . ကိုယ့်မေတ္တာက အရမ်းကို အင်အားကြီးမားနေတာ. . သူ့ဆီက wave တစ်ခုတော့ ကျိန်းသေပြန်လာမှာပဲ။

'နီရာ'

မိုးတိမ်က လွမ်းဆွတ်စွာခေါ်သောအခါ

'ဗျာ'

'နင် ငါ့ကို တကယ်လွမ်းတာ ဟုတ်ရဲ့လားဟင်'

'ဒါ လိမ်စရာမှမဟုတ်တာ မိုးတိမ်ရာ. .'

'နင် စာမေးပွဲ ဖြေနိုင်ရဲ့လား နီရာ'

'ဒီလိုပါပဲ သိပ်အဖြေနိုင်ကြီးတော့ မဟုတ်ဘူး'

'အောင်တော့ အောင်မယ် မဟုတ်လားဟင်'

'မပြောတတ်ဘူး မိုးတိမ်၊ နင် ပိုလှလာတယ် သိလား'

'ရန်ကုန်သူ အချောအလှတွေ တွေ့ပြီး. . ငါ့ကို မေ့သွားပြီထင်နေတာ'





မိုးတိမ်က အားငယ်ဝမ်းနည်းစွာ ဆိုတော့ သူက မိုးတိမ် စွဲမက်ရသော အပြုံးချိုချိုလေးဖြင့်

'သူတို့ လှတာတော့ အမှန်ပဲ၊ ကိုယ့်နှလုံးသားက မိုးတိမ်ဆီမှာ ကျန်ခဲ့ပြီပဲကွာ'

'အဟုတ်လား'

'ဒါပေါ့. .'

လွမ်းခဲ့ရသမျှ အတိုးချပြီး ပြောလို့မကုန်နိုင်တဲ့စကားတွေ အချိန်က တဖြည်းဖြည်း ကုန်မြန်လာသည်။ မိုးတိမ် ခေါင်းထဲမှာ အိမ်ပြန်ဖို့ အချက်ပြနေပေမယ့် သူနဲ့ မခွဲနိုင်သေးပါ။

'ငါ ပြန်တော့မယ် နီရာ. . အရမ်းကြာနေလို့ အမေ စန်းလွင်တို့အိမ်မှာ သွားရှာနေရင် ဒုက္ခရောက်မှာ၊ ဖိုးထွေးရန်ကလည်း ကြောက်ရသေးတယ်'

'. . . . . . . .'

သူက မိုးတိမ်ကို သူတစ်ယောက်တည်းသာခေါ်တတ်သော နာမ်စားလေးသုံးပြီး ခေါ်လိုက်လျှင် အိမ်ပြန်မလို့ပြင်နေသော မိုးတိမ်ရဲ့ခြေလှမ်းတွေ နှေးကွေးတုံ့ဆိုင်းသွားသည်။

မိုးတိမ်က သံယောဇဉ်မကုန်စွာ နောက်ပြန် လှည့်ကြည့်ရင်း. .

'ဘာပြောမလို့လဲ'

ဟု မေးတော့ သူက ခေါင်းခါပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာလေးက ငယ်နေတာ၊ ဆွေးညှို့နေတာ သနားစရာ သိပ်ကောင်းတာပဲ။ သူဟာ သူ့ဘဝရဲ့မပြည့်စုံမှုတွေအတွက် အမြဲသိမ်ငယ်ခဲ့ရသည်။

အသိုင်းအဝိုင်းချင်းယှဉ်လျှင် သူက မိုးတိမ်တို့ထက် နိမ့်ပါးနေတော့ သူ့စိတ်မှာ ထပ်ပြီးဝန်ပိသွားမှာ မိုးတိမ် မလိုချင်ပါ။

တကယ်တော့ သူ့ဘဝလေးက အထီးကျန်သည်။

ငယ်ငယ်ရွယ်ရွယ်နဲ့ အဖေခေါ်စရာ မရှိတော့သည့်အထဲ ရှိတဲ့အမေက သူတို့ကို ထားခဲ့ပြန်သည်။ ဒါဆို. . သူ မေတ္တာငတ်တာ သဘာဝကျသလို စိတ်အားငယ်ပြီး ပတ်ဝန်းကျင်ကို အရွံ့တိုက်တတ်တာဟာလည်း ဖြစ်တတ်တဲ့သဘာဝပဲ မဟုတ်လား. .

မိုးတိမ် အိမ်ပြန်ရောက်တာ အချိန်လွန်သွားပြီဆိုတော့. . အဆူခံရဖို့က ကျိန်းသေနေသည်။ ဆူလည်း ခံရုံပဲဟု သဘောထားကာ အသာလေး အိမ်ပေါ်သို့ တက်လာမိသည်။

'မိုးတိမ်. . ဆင်းခဲ့. . အခု ပြန်ဆင်းလာခဲ့စမ်း'

လေ့ကားရင်းမှာရပ်ပြီး ဒေါသတကြီးအော်လိုက်တဲ့ အမေ့အသံကြောင့် မိုးတိမ်ခမျာ ကျောလေးပင် တွန့်သွားရပါသည်။

'နင့်ကိုယ်နင်လည်လှပြီပေါ့လေ ဟုတ်လား၊ အခု နင် ဟိုအကောင်နဲ့ချိန်းတွေ့ပြီး ပြန်လာတာမဟုတ်လား'

'အမေ့ကို ဘယ်သူပြောလဲ'

'ဖိုးထွေးကိုယ်တိုင်မြင်ခဲ့တာ ဘာငြင်းဦးမလို့လဲ. . မိဘက





တော့ နင်တို့ကိုပညာတတ်ကြီးဖြစ်စေချင်လို့ ရုန်းကန်ရှာဖွေပြီး သွန်သင်ထားတဲ့ကြားက နင်က ကိုယ့်သဘောနဲ့ကိုယ် နေချင်ရာနေမယ်ဆိုတဲ့ သဘောလား. . ငါမေးနေတယ် ပြောစမ်း'

အမေ့အသံက ပိုကျယ်လာသလို ခုပဲ ထရိုက်တော့မည့်ပုံပေါ်နေသည်မို့ မိုးတိမ် မျက်ရည်တွေ စီးကျလာသည်။

အချစ်အတွက် အသက်တောင် ပေးရဲသေးတာပဲ. . အမေရိုက်ချင်လည်း ရိုက်ပါစေတော့. . အဆုံးစွန်ထိ တွေးပြီး အမေ့ကိုရင်ဆိုင်ဖို့ သတ္တိမွေးလိုက်ပေမယ့် ဖိုးထွေးကိုတော့ နည်းနည်းလေးမှ မကြည်ပါ။ ထစ်ခနဲရှိ တိုင်မယ်တောမယ်ဆိုတာချည်းပဲ။

'သူငယ်ချင်းတွေပဲ အမေရယ် လမ်းမှာတွေ့လို့ ရိုးရိုးတန်းတန်း စကားပြောနှုတ်ဆက်တာ သမီးမှားလို့လား'

မိုးတိမ်က ငိုပြီး ဖြေရှင်းချက် ပေးတော့မှ စိတ်ကြီးသော အမေ့လေသံက နည်းနည်းပျော့သွားသည်။

'သမီးက အရွယ်ရောက်နေပြီ၊ သူနဲ့ ရိုးရိုးသားသား နှုတ်ဆက်တာမှန်ပေမယ့် ပတ်ဝန်းကျင်က ရှိသေးတယ်လေ. . သူတို့က တစ်မျိုးတစ်မည်ထင်ပြီး ကောက်ချက်ချသွားရင် ကိုယ်က မိန်းကလေး၊ ကိုယ်ပဲ နစ်နာရမှာ'

'သမီး သိပါတယ် အမေ'

'နောက်ထပ် မတွေ့နဲ့တော့နော် သမီး. . နောက်နှစ် သမီးဆယ်တန်းအောင်ပြီးရင် တက္ကသိုလ်တက်ရတော့မှာ၊ အဲဒီအခါကျ



www.burmeseclassic.com

www.burmeseclassic.com



မှ သမီးစိတ်တိုင်းကျ သူငယ်ချင်းတွေ ရွေးပြီး ပေါင်းပေါ့. . ကြားလား'

လေချိုအေးလေးသွေးပြီး သမီးကို ချော့နေတာဟာ. . ချစ်လွန်းလို့ဆိုတာ မိုးတိမ် သိတာပေါ့. .

အမေတို့က မိုးတိမ်ကို ချစ်သလို မိုးတိမ်ကလည်း လူတစ်ယောက်ကို အသည်းနင့်အောင်ချစ်ခဲ့မိပြီ အမေ. . နောက်ပြန်ဆုတ်ဖို့ မဖြစ်နိုင်တော့ဘူး. . .

ချစ်သူကို တွေ့ချင်တဲ့အချိန်မှာ မတွေ့ရတဲ့ဒုက္ခက ဆိုးသလို အိမ်မှာကြုံတွေ့နေရတဲ့ အဆူအဆဲ၊ အငြိုအငြင်ခံရတဲ့ ဒုက္ခကလည်း လူကို စိတ်ဓာတ်ကျစေလှသည်။

အပြင်ထွက်ခွင့်ပါမစ်ပိတ်ခံထားရသော မိုးတိမ်သည် ကိုးတန်းစာမေးပွဲအောင်စာရင်းကိုတောင် သွားမကြည့်ခဲ့ရပါ။

ဖိုးထွေးပြောလို့ သူမ အောင်တာ သိလိုက်ပေမယ့် နီရာနဲ့မတွေ့ရတော့ ပျော်မှုမပျော်တာ. . စိတ်ထဲမှာ ဘာလိုလို့ လိုနေမှန်းမသိအောင် ဆို့ဆို့နင့်နင့်ကြီး တင်းကြပ်နေသည်။

ဒီဘဝမှာ ပြည့်ပြည့်စုံစုံနေရပါလျက် ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းပြီးနာကျင်ကြေကွဲနေရတာဟာ ဘယ်လိုဝဋ်ကြွေးတွေကြောင့်လဲ။

နှီးရက်နဲ့ဝေးနေရတဲ့ဘဝမှာ မိုးရာသီကျောင်းဖွင့်ရက်တွေကျတော့ သူက မိုးတိမ် ကျောင်းသွားတဲ့လမ်းမှာ ကြိုပြီးစောင့်နေ





တတ်သည်။ သူ့မျက်နှာလေးမြင်တဲ့တစ်ခဏမှာ ချုပ်တည်းထားရတဲ့ မိုးတိမ်ရဲ့စိတ်တွေကိုလျှော့ချပြီး. . အားရအောင် ငိုပစ်လိုက်မိသည်။

နီရာက မိုးတိမ်အငိုတိတ်အောင် ချော့ရှာသား။ ချော့မယ့်သူရှိမှ ပိုငိုချင်တာ သဘာဝမို့ မိုးတိမ်တို့ ငိုလို့မဝနိုင်သေး။

'အိမ်မှာ ဘာဖြစ်လာလို့လဲ မိုးတိမ်'

'ငါမပျော်ဘူး နီရာ အိမ်မှာနေရတာ အရမ်းကျဉ်းကျပ်တာပဲ. . ပြီးတော့'

'ပြီးတော့. . ဘာလဲ ပြောလေ'

မိုးတိမ်လက်ကလေးကို ကိုင်ပြီးမေးတော့ မိုးတိမ်က

'နင့်ကို အရမ်းလွမ်းတယ်'

'ငါလည်း နင့်လိုပါပဲဟာ သူများအငြိုအငြင်ခံပြီး နေ့နေရတာ'

'နင်. . သူတို့နဲ့ အဆင်မပြေလို့လား'

နီရာ သက်ပြင်းတစ်ချက်ကို ငွေ့ငွေ့လေးချရင်း

'ငါ့အဒေါ်က ငါ့အပေါ်ကောင်းပေမယ့် ငါ့ဦးလေးနဲ့ သူ့မိန်းမက အရမ်းဆိုးတယ်ဟာ သူ့သားသမီးမှသူ့သားသမီးပဲ. . တူသားဆိုပြီး မျက်နှာသာပေးတာ တစ်ခါမှမရှိဘူး'

လွန်လွန်းလိုက်တာ။ မိုးတိမ် ဒေါသထွက်မိသည်။ နီရာ့ကိုထိရင် ကိုယ့်ကိုထိသလို နာသည်။



www.burmeseclassic.com

www.burmeseclassic.com



'နင့်အမေက ဘာမှ မပြောဘူးလား'

'ပြောဖို့နေနေသာသာ သူ့မျက်နှာတောင် မတွေ့တာကြာပြီ. . ကုသိုလ်ကံကိုက ဆိုးလွန်းပါတယ်ကွာ သူများဝတ်သလို မဝတ်ရ၊ သူများစားသလို မစားရနဲ့ ဘယ်ဘဝက ဝဋ်ကြွေးလဲ မသိဘူး'

သနားလိုက်တာ နီရာရယ်။ သူ့ခမျာ မုန့်ဖိုးဆိုလည်း ပုံမှန်ရတာ မဟုတ်ဘူး။

တစ်ခါတလေ မုန့်ဖိုးလိုချင်ရင် ဆန်နှစ်အိတ်ကို တစ်နေကုန်ကြိတ်ပေးရတာ။

မိုးတိမ်သည် သူမလွယ်အိတ်အတွင်းဇစ်ကလေးကို ဆွဲဖွင့်ပြီး စုထားသော ပိုက်ဆံတစ်ရာကို နီရာ့လက်ထဲ ထည့်ပေးလိုက်သည်။

'ယူထား နီရာ၊ နင်အရေးပေါ် သုံးလို့ရတာပေါ့'

'ငါ မယူချင်တော့ဘူးဟာ၊ နင့်ဆီကယူတာတွေ များနေပြီ။ တကယ်ဆို ငါက နင့်အတွက် ဝယ်ပေးရမှာ'

နီရာက ဝမ်းနည်းစွာပြောသောအခါ

'အို ငါ့မှာ အားလုံးပြည့်စုံပြီးသား ငါ့အတွက် ဘာမှခေါင်းရှုပ်မခံနဲ့'

မိုးတိမ်က နီရာ့လက်မောင်းလေးကို တွဲခိုပြီး ကလေးတစ်ယောက်လို ပျော်မြူးလာသည်။ သူမ ပျော်နေပေမယ့် မပျော်နိုင်သူက နီရာ. .





'ငါ ကျောင်းဆက်မတက်တော့ဘူး မိုးတိမ် အလုပ်လုပ်တော့မယ်'

သူ့ကိုတွေ့တာနှင့်ပျော်ပြီး ဆယ်တန်းအောင်စာရင်းကိစ္စကို မမေးဖြစ်။

'ဘာ. . ဘာဖြစ်လို့လဲ ဟင်'

'ငါ စာမေးပွဲကျတယ်'

'ဟင်'

စိတ်မကောင်းလိုက်တာ. . .

မိုးတိမ် အရမ်း ဝမ်းနည်းသွားသည်။ နီရာ့ ဘဝရှေ့ရေးအတွက် များစွာမျှော်လင့်ထားခဲ့မိသည်။

တစ်နေ့နေ့မှာ သူမနှင့်နီရာ ဘဝနှစ်ခုကို ပေါင်းစည်းနိုင်ဖို့အတွက် ပိုပြီးဖြစ်ထွန်းစေချင်သည်။

ခုချိန်မှာ သူ့ စိတ်ဓာတ်မကျအောင် အားပေးဖို့က သူမတာဝန်မို့ -

'ဒီနှစ်မှအောင်လည်း ဒီမှာ ငါနဲ့အတူတူ ကျောင်းပြန်တက်ပေါ့ဟာ. . တို့နှစ်ယောက် စာအတူတူကျက်ကြမယ်လေနော်'

နီရာက ခေါင်းခါပြသည်။

'မတက်ချင်တော့ဘူး မိုးတိမ်၊ ငါယောကျ်ားပါဟာ ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် ကိုယ့်ဟာကိုယ် ရှာစားချင်ပြီ၊ နောက်ပြီး နင့်ကို တင့်တောင်းတင့်တယ်နဲ့ထားနိုင်ချင်သေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ နင်ကလဲ တို့အသက်တွေ ငယ်သေးတာပဲဥစ္စာ ပညာရှာချိန်မှာ ပညာရှာထားမှ အလုပ်လုပ်တဲ့အခါ အထောက်အကူရတာပေါ့'

အမှန်က မိုးတိမ်ရင်ထဲမှာ ပျော်လွန်းလို့ ဘုရားပွဲလှည့်နေသည်။ ကိုယ့်ချစ်သူက ကိုယ့်အတွက် တွေးပူပေးဖော်ရတာ မပျော်ဘဲ နေပါ့မလား။

ခက်နေတာက သူစာမေးပွဲကျတော့ အမေတို့ပိုပြီးအထင်သေးသွားနိုင်သည်။

'နီရာ'

'. . . .'

'နင် ငါ့ကိုတကယ်ချစ်ရင် ဒီတစ်နှစ်တော့ ဆယ်တန်းပြန်ဖြေပေးပါဟာ နော်. . ငါ တောင်းပန်နေတာပါ'

'နင့်အတွက် နင်စိတ်ချမ်းသာဖို့အတွက် ငါ ကြိုးစားကြည့်ဦးမယ်လေ'

'ကျေးဇူးတင်လိုက်တာဟာ'

'ဒါပေမယ့် ငါကျောင်းတော့ မတက်တော့ဘူး၊ အပြင်ဖြေပဲ ဖြေတော့မယ် အလုပ်ရှိရင်လည်း လုပ်လို့ရတာပေါ့'

ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေမှာ တွေ့ခွင့်မရှိတော့သည့်အတွက် ချစ်သူနှစ်ဦး အလွမ်းသယ်နေကြသည်။

ဒီနေ့နှင့် မနက်ဖြန်တောင် အခြေအနေချင်းက တူတာမှ





မဟုတ်တာ. . . ဒီနေ့မှာ သူတို့နှစ်ဦးပျော်မြူးခဲ့ကြပေမယ့် မနက်ဖြန်မှာ ကံကြမ္မာက ကျီစယ်လာတဲ့အခါ. . .

ဖိုးထွေးနှင့်မိုးတိမ် အကြီးအကျယ်စကားများကြသည်။

မိုးတိမ်ရဲ့အသံက ဒေါသစွက်ရှံုတင်မကဘဲ အက်ကွဲကာပြာထွက်နေသည်။

'နင့်မှာ ငါ့ကို ကုန်းချောဖို့အပြင် တခြားအလုပ်မရှိတော့ဘူးလား ဖိုးထွေး၊ နီရာနဲ့ငါတွေ့တာ ဘာဖြစ်သလဲ၊ ငါတို့နှစ်ယောက်က လူမြင်ကွင်းမှာပဲ တွေ့ကြတာ. . မဟုတ်တာ ဘာတစ်ခုမှမလုပ်ဘူး၊ အေး. . အရင်က မလုပ်ပေမယ့် နင့်ကြောင့် ငါ တစ်ခုခုလုပ်မိတော့မယ် သိလား၊ ဒီအိမ်မှာ နေရတာ ငါ့အတွက် ငရဲပဲ၊ နေ့ရှိသရွေ့ အဆူအဆဲခံပြီး အိမ်အလုပ်တွေ သေအောင်လုပ်နေရတယ် နင်တို့ဒဏ်တွေ ငါတစ်ယောက်တည်း ခံနေရတယ်. . ဒါတောင်မှ အစ်မကို သိတတ်ဖော်မရဘူး'

ဖိုးထွေးက အစ်မ ဒေါသထွက်နေမှန်းသိလို့ စကားမပြောတော့ဘူးလို့ ဆုံးဖြတ်ထားပေမယ့် သူ မှန်တယ်ထင်လျှင် ဖွင့်လုပ်တတ်သူ စိတ်မြန်သူပီပီ

'ငါတို့ဒဏ်ကို ခံနေရတယ်လို့ ထင်စရာလား မမ. . ငါတို့က မိသားစုတွေပါဟာ၊ အေး. . တစ်ခုတော့ သတိပေးလိုက်မယ်၊ သူစိမ်းကို နင် သိပ်မကိုးကွယ်နဲ့. . တစ်နေ့ ဒုက္ခရောက်မယ် န[illegible]လည်လား'



www.burmeseclassic.com

www.burmeseclassic.com



'နင်က အကြီးလား ငါက အကြီးလား ဖိုးထွေး၊ တော်ပြီ နင့်မျက်နှာ ငါကြည့်လည်းမကြည့်ချင်ဘူး မြင်လည်းမမြင်ချင်တော့ဘူး'

ပြောပြီး မိုးတိမ်က သူမအခန်းထဲ ဆောင့်အောင့်ပြီး ဝင်သွားသည်။

တစိမ့်စိမ့်တွေးပြီး ဒေါသတွေက တရိပ်ရိပ် ထွက်လာပြန်သည်။ အိပ်လို့မပျော်ဘဲ တစ်ခုခုလုပ်ပစ်လိုက်ချင်နေသည်။

ဟုတ်တယ်လေ. . ကျောင်းမသွားခင်လည်း သူတို့အတွက် လုပ်ပေးရ၊ ကျောင်းကပြန်လာတော့လည်း လုပ်ပေးရ၊ သူများတွေလို ဖိမ်နဲ့ စာကျက်နေရတာမှ မဟုတ်တာ။ ဒါတောင်မှပဲ အပြစ်ပဲ လိုက်မြင်နေရသလား။

ဒီအိမ်မှာ ဆက်မနေဘဲ အဘွားတို့ရှိတဲ့ရွာကို ခဏသွားနေလိုက်ချင်သည်။ ဒါမှ သူတို့မှတ်မှာ။

အမေ နေ့ရှိသရွေ့ ဆူနေတာကိုလည်း မိုးတိမ် စိတ်ညစ်လှပြီ။ မိုးတိမ်က သူ စိတ်ကူးပေါက်လာတာကို ချက်ချင်းအကောင်အထည်ဖော်တော့သည်။

ခရီးဆောင်လက်ဆွဲအိတ်အသေးလေးထဲ အင်္ကျီ၊ ထဘီနှင့် လိုအပ်သည့်ပစ္စည်းတွေ ထည့်သည်။

နီရာ ပို့ပေးထားတဲ့စာနှင့် ပို့စကတ်တွေပါ ထည့်ထားလိုက်သည်။





နီရာဆိုမှ မိုးတိမ် သူ့ကိုတောင် အသိမပေးရသေးပါလား။

ငါ ဒီအိမ်မှာ မနေချင်လို့ အဝေး ခဏထွက်သွားတော့မှာ နီရာ။ ဒါပေမယ့် ငါပြန်လာမှာပါဟာ စိတ်ပြေတဲ့ တစ်နေ့ပေါ့. . .

တစ်ညလုံးမအိပ်ဘဲ မိုးလင်းတဲ့အချိန်ကို မိုးတိမ်ထိုင်စောင့်နေခဲ့မိသည်။

အိမ်မှထွက်ပြေးမည့်အတွက် အဖေ့ကို စိတ်ထဲမှ တောင်းပန်ကန်တော့မိသည်။

အမေဈေးသွားချိန်ရောက်တော့ မိုးတိမ်က ဂုက်ထားသောအိတ်ကိုယူပြီး အိမ်မှထွက်လာခဲ့သည်။

စိတ်ထဲမှာတော့ တစ်မျိုးကြီး ခံစားရသည်။ ဝမ်းနည်းစိတ်၊ နောင်တရစိတ်တွေနှင့်အတူ မထူးတော့ပြီမို့ ခြေလှမ်းတွေက ရှေ့သို့သာ ဦးတည်နေသည်။

မျက်လုံးမှာ မျက်ရည်တွေက ဝဲလို့. .

ထိုအချိန်မှာပဲ. .

ဘယ်လိုမှ မမျှော်လင့်ထားတဲ့ လူတစ်ယောက် မိုးတိမ်အနားသို့ရောက်လာခဲ့သည်။ မိုးတိမ်က အံ့သြဝမ်းသာသွားပြီး

'နီရာ'

နီရာက စက်ဘီးပေါ်မှဆင်းကာ မိုးတိမ်နှင့်အတူ ကပ်ပြီး လမ်းလျှောက်လာသည်။

'မိုးတိမ်. . နင် မိန်းကလေးတစ်ယောက်တည်း ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးလာရတာလဲ. . နင် ဒီလိုလုပ်လို့ မရဘူးနော် လာ. . ငါနဲ့ ပြန်လိုက်ခဲ့'

'အို. . မလိုက်ဘူး ငါ အိမ်မပြန်ချင်ဘူး'

မိုးတိမ်က ခေါင်းမာစွာနှင့် ဇွတ်ငြင်းနေတော့ နီရာ လက်လျှော့လိုက်ရသည်။

'ဟုတ်ပါပြီ. . ငါ နင့်ကို အိမ်ပြန်မခေါ်တော့ပါဘူး. . အခု နင် ဘယ်သွားမလို့လဲ'

'ငါ့အဘွားဆီ. . .'

'သွားမနေနဲ့တော့. .'

'ဘာဖြစ်လို့လဲ'

'နင့်ကို ငါခိုးပြေးမလို့'

'. . . . . . . . . .'

'ဟုတ်တယ်၊ စန်းလွင်တို့ကို ငါပြောခဲ့ပြီးပြီး ခုချိန်လောက်ဆို အားလုံးက ဒီလိုပဲ ထင်ကြလိမ့်မယ်'

'ငါ ထွက်လာတာနင့်ကို ဘယ်သူပြောလဲ'

'နင်တို့အိမ်နားက တစ်ယောက်လာပြောပြတာ'

ခုတ်ရာ တခြား၊ ရှရာတခြားပါလား။

ကိုယ့်ဟာကိုယ် အေးရာအေးကြောင်း အိမ်မှာမနေချင်လို့ ထွက်လာပါတယ်ဆိုမှ မိန်းမခိုးမည့်သူနှင့်လာတိုးနေသေးသည်။

'ကြားလား မိုးတိမ်. . လိုက်ခဲ့ပါဟာနော် နင်တစ်ယောက်





တည်းသွားရင် ငါ စိတ်မချဘူး၊ နင်. . ငါ့နောက်မလိုက်လည်း ငါကတော့ နင့်နောက်က တကောက်ကောက်လိုက်နေမှာပဲ ဘယ်လိုလဲ'

သူ့မျက်နှာကလည်း အမှန်တကယ်စိုးရိမ်နေပြီး အမူအရာပါ ပျက်နေပြီမို့ သူ့ကို မိုးတိမ် သနားသွားမိသည်။

မဆွတ်ခင်က ညွတ်ချင်နေတဲ့ သူပဲလေ။ ချစ်သူက နှစ်ခါသုံးခါပြောလိုက်တာနှင့် မိုးတိမ်တို့ ပါသွားပါတော့သည်။

ရေရှည်ကို မတွေးမိ၊ အနာဂတ်ဆိုတာ ဝေလာဝေး။ သူ့တစ်မျက်နှာ တစ်ကမ္ဘာထင်ပြီး သူခေါ်ရာလိုက်လာခဲ့မိသည်။

♥



www.burmeseclassic.com

www.burmeseclassic.com

## အနှိမ်ခံဘဝ

လက်တွေ့ဘဝဟာ တကယ့်ဘဝပဲ ဆိုတာ အမေ့အိမ်နှင့် ဝေးပြီးမှ မိုးတိမ်သိလာခဲ့ရသည်။

အဖေနဲ့အမေက စိတ်ဆိုးပြီး မိုးတိမ်ကို အဆက်အသွယ်ဖြတ်ခဲ့ကြသည်။ မိုးတိမ် လက်ရှိကျင်လည်နေရတဲ့ဝန်းကျင်ဟာ မိုးတိမ်တို့ဝန်းကျင်နှင့် သိသိသာသာကြီး ကွာခြားလွန်းနေသည်။

သူများတွေပြောတဲ့ စကားကို ကားတယ်လို့ ထင်ခဲ့မိသည့် မိုးတိမ် နဖူးတွေ့ဒူးတွေ့ တွေ့တော့မှ မမှားဘူးဆိုတာ သိလိုက်ရသည်။ သူ့အဒေါ်ကလွဲလျှင် အားလုံး စရိုက်ကြမ်းကြသည်။

အဆိုးဆုံးက သူ့ညီမ။

သူ့ညီမတင်လား ဆိုတော့ ဝမ်းကွဲညီမတွေလည်း အတူတူပါပဲ. .





တစ်လလောက် အိမ်ပေါ် တင်ကျွေးထားရတာနဲ့ အသံတွေက ထွက်လာကြသည်။

နေတော့ ဖြစ်သလိုဖွဲ့ပေးထားတဲ့အခန်းကျဉ်းလေးထဲမှာ။

အိမ်မှာဆို ကော့ညွှတ်နေသည့် ဆန်အကောင်းစားကိုမှ စားခဲ့သည့် မိုးတိမ်၊ ဒီအိမ်ရောက်မှ ဆန်ကြမ်းကိုစားဖူးတော့သည်။ တစ်နေ့ သူတို့အိမ်မှာ ငါးသေးသေးလေးတွေချက်နေတော့ မိုးတိမ်က သွားမေးမိသည်။

'ဒါ ဘာငါးခေါ်လဲဟင်'

'နင်တို့အိမ်မှာ မစားဖူးဘူးလား'

အမေးခံလိုက်ရသည်။ ကျွန်မတို့အိမ်မှာ ဆီဦးထောပတ်ပဲစားတာဟု ပြန်ပြောချင်ပေမယ့် မိုးတိမ်နှုတ်က ထွက်မလာ။

ရေချိုးတော့လည်း တစ်ဒုက္ခ။ လူမြင်ကွင်းမှာ မိုးတိမ် ရေမချိုးတတ်ပေမယ့် . . သူတို့အိမ်ကျမှ ရေတွင်းမှာ ရေသွားချိုးနေရသည်။

ရေအချိုးကောင်းလို့ သူ့ညီမနှင့် ပြဿနာတက်ရသေးသည်။

မိုးတိမ်က အဝတ်တွေလျှော်ရမှာမို့ ဇလုံတစ်လုံးကို ခဏယူသွားခဲ့မိသည်။ စိတ်ထဲမှာ ဒီဇလုံက ဒီလောက် ပြဿနာကြီးလိမ့်မည်ဟု လုံးဝမထင်ထားခဲ့တာ. . .

ညလည်း ကျတော့ အသံက စ,ကြားရပြီ။ သူ့ညီမက ဝုန်း



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းကြဲကာ စောင်းမြှောင်းပြောဆိုရင်း ဇလုံတစ်ခုလုံးကိုရစရာမရှိအောင် ထုချေပါတော့သည်။

'သုံးတတ်ရင် ကိုယ့်ဟာကိုယ်ဝယ်သုံးကြပါလား ငါ့ဇလုံပဲလာယူသုံးနေတယ်။ ငါ့ပစ္စည်း အဲဒီလိုယူသုံးတာ ငါ လုံးဝမကြိုက်ဘူး နောက်တစ်ခါ ယူသုံးရဲရင် သုံးစမ်း ကဲဟယ် ကဲ ကဲ'

'ဝုန်း ဒုန်း ဂွမ်း'

ကိုယ့်အောက်ငယ်တဲ့သူတစ်ယောက်က အခုလိုမျိုး စော်ကားမော်ကားပြောနေတဲ့အသံတွေ မိုးတိမ်နားထဲမှာ ခါးလှသည်။ စိတ်ကို ချုပ်ထိန်းထားတဲ့ကြားက မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာသည်။

သူများအိမ်မှာ အပြောခံအဆိုခံပြီးနေရမှ ကိုယ့်အိမ်မှာစိတ်တိုင်းကျနေခဲ့ရသည့်ဘဝကို ပိုပြီး မြင်လာသည်။ တမ်းတလာသည်။

အမေ ဆူတာကမှခံရသက်သာသေးသည်။ သူစိမ်းတွေရဲ့ရန်တွေ့ပြောဆိုတာကို ခံရတာ ရင်ထဲမှာ နာသည်။ ကိုယ့်အသိုင်းအဝိုင်းထဲကို တိုးဝင်လာတဲ့ မိန်းကလေးကို လူလိုသူလိုအရာထားပြီး ဘယ်တစ်ယောက်က ဆက်ဆံဖူးလို့လဲ။

တစ်နေ့. . မိုးတိမ် ရေချိုးပြီး အဝတ်အစားလဲကာ အိမ်အပြင်သို့ထွက်လာချိန်တွင် မိုးမရွာပါပဲ မိုးတိမ်ခေါင်းပေါ် ရေတွေတစ်စက်စက်ကျလာသည်။





ရုတ်တရက်ဆိုတော့ အံ့ဩပြီး အပေါ်ကိုမော့ကြည့်လိုက်တော့ နီရာ့ညီမဝမ်းကွဲက ထဘီလျှော်ပြီး ရေညှစ်ချနေတာ တွေ့လိုက်ရသည်။

ရုပ်ကလည်း ပြုံးစိစိ စပ်ဖြဲဖြဲလုပ်နေသေးသည်။

မိုးတိမ် ဒေါသထွက်ပြီး

'ဟဲ့. . ဒီမှာ လူတစ်ယောက်လုံးလာနေတာ မမြင်ဘူးလား'

'မြင်သားပဲ၊ ငါးကျည်းခြောက် ငါးဖောင်ရိုးကများ'

'မြင်ရင် နင် ဘာလို့ ထဘီလျှော်ရည်တွေ ငါ့ခေါင်းပေါ်ညှစ်ချသလဲ'

'. . . မြင်ကတ်လို့'

မိုးတိမ် စိတ်မထိန်းနိုင်ဘဲ 'တောက်'ခေါက်မိပြီး နှုတ်ခမ်းကိုကိုက်ကာ အသားတွေ တဆတ်ဆတ်တုန်နေလေသည်။ လူမဆန်တဲ့လူတွေ မိုက်ရိုင်းယုတ်မာတာက ကမ်းကုန်ပဲ. .

'အေး. . နင့်ခေါင်းပေါ် ငါ အဲလို ညှစ်ချရင် ဘယ်လိုနေမလဲ နည်းနည်းပါးပါး ကိုယ်ချင်းစာကြည့်၊ ငါ့ဟာငါ အေးအေးနေတာ နင်တို့ကို ဘာမှစော်ကားမနေဘူး'

အသံတွေကြားတော့ နီရာ အနားသို့ ရောက်လာပါသည်။ ဖြစ်ပျက်နေတဲ့အခြေအနေတွေကို တွေ့သွားပြီး သူ့ဝမ်းကွဲညီမနှင့် စကားတွေ များကြသည်။

ဟိုက အင်မတန်မှစွာတဲ့မိန်းမ။ အစ်ကို့မှန်း ရှိသေရမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသူမှ မဟုတ်တာ။ နောက်ဆုံးကျတော့ နီရာပါ ပါလာပြီဆိုမှတော့ မိုးတိမ်က အလျှော့ပေးလိုက်ရတော့သည်။ ကိုယ့်ယောက်ျား ကိုယ့်အတွက်နဲ့ သောက မရောက်စေချင်။

မိုးတိမ် စိုးရိမ်တာ တစ်ခုရှိသေးသည်။

သူတို့အသိုင်းအဝိုင်းထဲတိုးဝင်လာပြီးမှ အားလုံးနဲ့မသင့်မြတ်ဘူး မတည့်ဘူးဆိုပြီး အပြောမခံနိုင်။ ကိုယ်တစ်ယောက်တည်းနဲ့အများ အတိုက်အခံ လုပ်ပြီးနေရတယ်ဆိုတာမျိုးက လူကြားလို့လည်း မကောင်းဘူးလေ . . .

ဒါကြောင့် စိတ်ကို အဆုံးစွန်ထိလျှော့ချပြီး သည်းခံဖို့ဆုံးဖြတ်လိုက်သည်။

ဘာကြောင့်လဲဆိုတော့ နီရာ့ကို စိတ်မဆင်းရဲစေချင်လို့ပဲ။ နောက်တစ်ခုက မိုးတိမ် ဒီလိုအခြေအနေမျိုးနဲ့နေရတယ် ဆိုတာ အမေတို့သိရင် စိတ်ဆင်းရဲရမှာ. .

သူအမျိုးတွေ ဆိုးတာက ကမ်းကုန်ပါပဲ။

ရင်ထဲမှာကျိတ်ပြီး မြိုချထားရတဲ့ဟာတစ်ခုက တွေးလိုက်တိုင်း ဒေါသထွက်မိသည်။ ကိုယ့်လက်ထဲမှာ သုံးစရာ ပိုက်ဆံ မရှိလေ ပိုပြီး ဒေါသထွက်လေပင်။

နီရာ့အမေ မိုးတိမ်ရဲ့ယောက္ခမကြီးက မင်္ဂလာဧည့်ခံပွဲမှာ မိုးတိမ်အမျိုးတွေလက်ဖွဲ့ထားတဲ့ လက်ဖွဲ့ငွေတွေ အဆုံးလုံး သိမ်းကြုံးပြီးယူသွားခဲ့သည်။





အဲဒီခေတ်က ရွှေ ငါးကျပ်သားလောက် ဝယ်လို့ရတဲ့ ငွေပမာဏပေါ့. .

သူ့အကြောင်းပြချက်က သူ့နောက်ယောက်ျားက မင်္ဂလာပွဲအတွက် ငွေတွေ စိုက်ပေးထားလို့ ပြန်ယူရတာတဲ့လေ။

နီရာက သူတို့သား မဟုတ်ဘူးလား။

အမေကိုကျယူပြီး သားအတွက် ဒါလေးတောင် မလုပ်ပေးချင်ဘူးတဲ့လား။

မိုးတိမ်ရင်ထဲမှာ မေးစရာမေးခွန်းတွေမှစီနေသည်။

စိုက်ပေးတဲ့ ငွေနှင့် ပြန်ယူသွားသည့်ငွေ မျှမှမမျှဘဲ . . အဲဒါ အမေတဲ့လား. .

အေးလေ. . . မိခင်စိတ် မရှိလို့ဘဲ လူမမယ်သားသမီးတွေပစ်ပြီး နောက်ယောက်ျားနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့တာ. .

အနှိမ်ခံဘဝမှာ အသေခံရလည်း နီရာ့အတွက်ပဲ ခံရဦးမှာပေါ့. . .

♥



www.burmeseclassic.com

www.burmeseclassic.com

## မီးလျှံကြားက အိုအေစစ်လေးတွေ

မိုးတိမ် ကြားဖူးသော အဆိုအမိန့်တစ်ခုရှိပါသည်။

အဲဒါကတော့ 'we reap what we sow'တဲ့။

'ကိုယ် စိုက်ပျိုးတာကို ကိုယ်ပြန်ပြီး ရိတ်သိမ်းရတယ်'လို့ ဆိုလိုတာပေါ့။

ဟုတ်တော့လည်း ဟုတ်သား. . ရက်တွေ ကြာလာတာနှင့် အမျှ စိတ်မကောင်းစရာတွေ ရင်ထဲတွင် အုံဖွဲ့လာသည်။

ဒါဟာ 'နောင်တ'လို့. . မသုံးနှုန်းချင်ပေမယ့် တစ်ခုခုတော့ နာကျင်ရတာပါပဲ။ ကိုယ်ရွေးခဲ့တဲ့လမ်းကို ကိုယ်ပဲ ဆက်လျှောက်ရမှာပေါ့. . . အဆိုးအကောင်းမှန်သမျှ ကိုယ်ပဲ ခံရတာ သဘာဝကျပါတယ်လေ. . .

အိမ်မှာဆို လက်ကလေး ဖြန့်လိုက်ရင် ပိုက်ဆံက အဆင်သင့်။ အံမေ့ဆီက တောင်းလိုက်၊ အဖေ့ဆီက တောင်းလိုက်နှင့်. .





လိုတာရနေခဲ့တဲ့ မိုးတိမ်။ ခုကျတော့. . မိုးလင်းတာနှင့် စိတ်ဆင်းရဲရပြီ။

လင်မယားနှစ်ယောက် ထမင်းကြမ်းလေး ခွဲစားပြီး သူများမကြည်ဖြူတဲ့အိမ်မှာ ကပ်နေရသလိုဖြစ်နေသည်။

ရှင်းရှင်းပြောရမယ် ဆိုရင်တော့. . သူများမသထာရေစာ စားနေရတဲ့ဘဝ. .

နီရာက အလုပ်လုပ်ချင်စိတ်ရှိပေမယ့် အရင်းအနှီးပိုက်ဆံက မရှိလေတော့ သူများဆိုင်မှာ သွားကူပြီး ရောင်းပေးနေရသည်။

အဲဒီကရတဲ့ လစာငွေလေး မဖြစ်စလောက်နဲ့ လင်မယားနှစ်ယောက်ရပ်တည်နေရတာ. .

စားချင်တဲ့အချိန်မှာ သေလောက်အောင် ဗိုက်ဆာနေလည်း ဝင်ပြီး မစားရဲ။ သူတို့မျက်နှာသာ၊ မသာ ကြည့်ရသေးသည်။

ကိုယ့်ယောကျ်ား အလုပ်သွားတဲ့အချိန်ဆို ပိုပြီး ဆိုးသေးသည်။

မိုးတိမ်ဆီမှာ သူ့ရင်သွေးလေး လွယ်ထားရတာ လေးလကျော်ရှိနေပြီမို့ သွေးတောင်းတဲ့ဟာလေးတွေ စားချင်တာပေါ့. . .

ဒါပေမယ့် ဘယ်သူကလာပြီး ချက်ကျွေးမှာလဲ. . . ကိုယ့်အမေမှမဟုတ်တာ။

အာဟာရပြည့်ပြည့်ဝဝ မစားရတော့ ဗိုက်ထဲက ကလေးလေးကို သနားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ့ကို ခွင့်လွှတ်ပါတော့ ကလေးလေးရယ်. . .'

အခုတလော မိုးတိမ် လက်ဖက်ရည်ပဲ သောက်ချင်နေမိသည်။ ထမင်းမစားရရင် နေပါစေ. . . လက်ဖက်ရည်ချိုဆိမ့်လေး သောက်လိုက်ရမှ နေသာသလိုရှိသည်။

တစ်သက်လုံး မကြိုက်ခဲ့တဲ့ လက်ဖက်ရည်ကို ခုမှမက်မက်မောမောစွဲလမ်းနေတာ ထူးတော့ ထူးဆန်းသား။

တချို့ကလည်း မိုးတိမ်ကို အားပေးသား။

ဒီကလေးလေး မွေးလာရင် နင့်မိဘတွေ စိတ်ပြောင်းသွားမှာတဲ့. . .

သားအချစ် မြေးအနှစ်ဆိုတော့. . အမေတို့များ မိုးတိမ်ကို ပြန်ခေါ်ကြမလားဆိုပြီး စိတ်ထဲမှာတော့ ကျိတ်ပြီး မျှော်လင့်မိသား။

ဆယ်တန်းဆက်တက်ပြီး စာမေးပွဲဖြေချင်ပေမယ့် အခြေအနေက ပေးမှမပေးတော့တာ။

နေ့ခင်းအိပ်မက်က ကယောက်ကယက်တဲ့. .

ဒါဆို ညတိုင်း အိပ်မက်တစ်ခုတည်းကို စွဲပြီးမက်တာကျတော့ အတည်ပေါ့။

အိပ်မက်ထဲမှာ မိုးတိမ် ကျောင်းတက်နေသည်။ သူငယ်ချင်းတွေနဲ့ သိပ်ပျော်နေကြသည်။

အဲဒီလိုအိပ်မက်ကို မက်တိုင်း အပြင်မှာ မိုးတိမ်ငိုရသည်။ မျက်ရည်ကျရသည်။





ကျောင်းသူဘဝလေးက ပျော်စရာအကောင်းဆုံး။ အလွတ်လပ်ဆုံးဆိုတာ မိုးတိမ်သိခဲ့ရပြီပဲ။

ဒါပေမဲ့. . အချိန်က တအားနောက်ကျသွားပြီ. .

မိုးတိမ်ကို ဘွဲ့ရပညာတတ်ကြီးဖြစ်စေချင်တဲ့ အဖေ့ရဲ့ဆန္ဒတွေ အားလုံးကို သူမ လျစ်လျူရှုခဲ့မိသည်။ သဲထဲရေသွန် ဖြစ်စေခဲ့သည်။

သမီး နားလည်နေပါပြီ။ အားငယ်တဲ့ အချိန်တိုင်း. . မိဘအရိပ်ကို တမ်းတနေတတ်ခဲ့ပါပြီ။

အမေဆို. . မိုးတိမ် လင်နောက်လိုက်တဲ့သတင်း ကြားပြီးတက်မတတ်ချက်မတတ် 'ငိုတော့တာပဲတဲ့. . .

မိဘတွေကို မျက်ရည်ကျစေခဲ့တဲ့သမီးမိုက်. . ကံကြမ္မာက ဘယ်လိုဒဏ်ခတ်ဦးမှာလဲ. . .

အဲဒီအပြစ်အတွက် မိုးတိမ် ကြောက်စိတ်ဝင်မိတာ ခဏခဏပါပဲ။

အရမ်းသတိရလာတဲ့အခါ. . အမေတို့ဆီ သွားချင်ပေမယ့် ကြောက်ပြီး မသွားရဲခဲ့ပြန်။

အချိန်တွေတိုက်စားပြီး မိုးဦးကာလရဲ့နေ့တစ်နေ့မှာ သမီးလေးတစ်ယောက် မိုးတိမ်တို့ဆီ အလည်ရောက်လာခဲ့သည်။

သမီးကို ခမ်းခမ်းနားနားမကြိုနိုင်တဲ့အတွက် အားငယ်မိပေမယ့်. . သမီးလေးအတွက် ကြိုးစားရမယ် ဆိုတဲ့ အသိစိတ်လေး



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပြန်တော့ အလိုလို အားတွေရှိလာရသည်။ မိုးတိမ်ဘဝမှာ နီရာအပြင် သူ့ရဲ့သွေးဖြစ်တဲ့ သမီးလေးပါရှိလာပြီဆိုတော့ ကိုယ့်မိသားစုလေးတစ်စုတစ်ဝေးတည်း၊ တစ်အိုးတစ်အိမ်နေရဖို့ ပိုပြီးလိုအပ်လာသည်။

သူတို့အိမ်မှာတော့ စားဖို့ပါးစပ်တစ်ပေါက် ပိုတိုးလာပြီဆိုပြီး ကွယ်ရာမှာပြောဆိုနေလိုက်ကြတာ. .

သည်းခံဦးပေါ့ မိုးတိမ်ရယ်. . ကိုယ့်မှာ နေစရာအိမ်မှမရှိသေးတာ. . . သည်းခံမှပေါ့. .

မိုးတိမ်က သမီးလေး လသားအရွယ် ရောက်တော့ ရပ်ကွက်ထဲမှာ နေရာလေးငှားပြီး စာအုပ်အငှားဆိုင်လေး စ,ဖွင့်သည်။

နီရာရတဲ့ငွေကို ချွေတာစားပြီး၊ ဒီစာအုပ်ဆိုင်လေးက ရတဲ့ငွေလေးတွေကို မူးစုမတ်စု ရအောင်စုဆောင်းသည်။

အရင်းအနှီးလေး ရအောင် စုပြီး နီရာကို ဆိုင်ပိုင်လေးနဲ့ ရောင်းနိုင်အောင် လုပ်ပေးချင်သည်။

ငှက်ကလေးတွေတောင်မှ သူတို့အတွက် အိပ်တန်းတက်ဖို့ နားခိုစရာနေရာရှိကြသေးသည်။ သူတို့နေဖို့ အသိုက်ကလေးတွေကို သူတို့ဘာသာ ဆောက်ခဲ့ရတာပဲလေ. .

ဒါကို မိုးတိမ် အတုယူရမှာပေါ့။

ကိုယ်နေဖို့အိမ်ကို ကိုယ့်ဘာသာဖန်တီးယူရမှာပဲ. .

ဝယ်မနေနိုင်သေးရင်တောင် ငှားနေနိုင်အောင် ကြိုးစားရ





ဦးမည်။ နီရာလည်း မိုးတိမ်လိုပဲ အိမ်ခွဲပြီး နေချင်လှပြီ။ သူတို့အိမ်မှာ အဆိုးဆုံးက မိုးလင်းတာနှင့်အိမ်သာလုနေရသည်။

သမီးလေးရှိလာပြီဆိုတော့ မိုးတိမ်မှာ ပိုပြီးပင်ပန်းရသည်။ ကိုယ့်ကလေးကို ကူပြီးထိန်းပေးမယ့်သူမရှိတော့ သမီးအိပ်နေတုန်း အချိန်လုပြီး လုပ်စရာရှိတာ အပြီးလုပ်ရသည်။

ကလေးအနှီးတွေ လျှော်၊ ဝိုင်းကူပြီး ချက်ပြုတ်ရသေးသည်။ စားစရိတ်လည်း ထည့်ပေးထားရသည်။

ခဏခဏအပြောအဆိုမခံနိုင်တော့ ဒီလိုပဲ စရိတ်ထည့်ပြီး စားရတာပေါ့။

ဒါတောင်မှ တစ်ခါတလေ စာအုပ်ဆိုင်သိမ်းပြီးပြန်လာတဲ့ အခါ ကိုယ့်အတွက် ဟင်းက မကျန်။ ငိုချင်စိတ်ကို မနည်းထိန်းထားရသည်။

မိုးချုပ်ညဉ့်နက်မှပြန်ရတဲ့သူအတွက် ဟင်းလေးတစ်ခွက်တော့ ချန်ပေးသင့်တာပေါ့။

ဟင်းမရှိတော့ မိုးတိမ် ဖြစ်သလိုစားတတ်လာသည်။

ထမင်းထဲကို မဆလာထည့်၊ ဆား၊ အချိုမှုန့်နဲ့ပုစွန်ခြောက်လေးဖြူးထည့်၊ ဆီနည်းနည်းထည့်ပြီး ငရုတ်သီးစိမ်းကိုက်ကာ စားပစ်လိုက်သည်။

အရေးကြီးတာက ဗိုက်ပြည့်ဖို့ပဲလေ. . .

♥



www.burmeseclassic.com

www.burmeseclassic.com

## ရုန်းကန်မှု

အချစ်က ပထမ၊ အချစ်က ဒုတိယ၊ အချစ်ကို ပြယုဂ်တစ်ခုအနေနဲ့ကိုးကွယ်တတ်တဲ့ မိုးတိမ်. . . ခုချိန်ထိလည်း သူမဘဝမှာ နီရာက အနှိုင်းမဲ့ပါပဲ။

သူတစ်ယောက်တည်း ပင်ပန်းမှာစိုးလို့ သမီးလေး တစ်နှစ်ပြည့်တော့ မိုးတိမ် အလုပ်တွေ ထပ်လုပ်မိသည်။

ညဘက်တွေမှာ စာအုပ်ဆိုင်ထိုင်ရတော့ နေ့ခင်းပိုင်းတွေမှာ မိုးတိမ်က သမီးလေးနာမည်နဲ့ ရောင်စုံမျှော့မုန့် လုပ်သည်။

မျှော့ချောင်းလေးတွေ ဖြစ်အောင် လက်မှာ အနာဖြစ်တဲ့အထိ ညှပ်ရသေးသည်။ နီရာနဲ့အိမ်ထောင်ကျပြီးမှ အလုပ်တွေ စုံအောင် လုပ်ဖူးသွားသည်။ ကျောင်းတက်ပြီး ပျော်နေရမယ့်အချိန်မှာ လက်တွေ့ဘဝထဲကို မိုးတိမ် ရောက်ခဲ့ရသည်။

*ဆောင်း ညပြာ သိစာလေ*



အဲဒီဘဝကြီးက ပြည့်စုံပြီး ပျော်စရာကောင်းနေရင်တော့ တစ်မျိုးပေါ့. . လိုအပ်ချက်တွေအများကြီးကို လိုက်ဖာနေရတာ နားချိန်တောင် မရှိသလောက်ပဲ. .

စိန်ခေါ်မှုတွေနဲ့ပြည့်နေတဲ့ ဘဝကြီးမှာ. . ရုန်းကန်မှုရှိမှလည်း အဆင်ပြေမှာပါ. .

မိုးတိမ်မှာ ဘဝကိုဝေဖန်သုံးသပ်နေချိန်၊ လေကန်ပြီး ဆုံးဖြတ်ချိန်လည်း မရှိပါ. . ကြုံရာအလုပ်ကို တော်သလိုကြည့်လုပ်ပြီး ယောက်ျားမျက်နှာလေးမြင်နေရရင် အမောတွေပြေရသည်။

ကိုယ့်အတွက် မဝတ်ရရင် နေပါစေ၊ နီရာက ဈေးကြီးမှာ ဆိုင်ရောင်းနေရတော့ သူ့အတွက် အဝတ်အစားလေးတွေ ဆင်ပေးမိသည်။ အကောင်းကြိုက်တဲ့သူက ယောက်ျားတန်မဲ့ အလှလည်း ကြိုက်လေသည်။

မိုးတိမ် ခေါင်းထဲမှာရှိတာက ယောက်ျားကိုချစ်ဖို့၊ အလုပ်လုပ်ဖို့၊ နောက်ထပ် ချစ်စရာကောင်းတဲ့ သားသမီးလေးတွေ ထပ်မွေးပေးဖို့ ဒါပဲ ရှိသည်။

မှောင်ခိုတစ်ခေတ်ဖြစ်ချိန်မှာ စုဆောင်းထားတဲ့ ငွေလေးတွေကို အရင်းအနှီးလုပ်ပြီး သူများလုပ်သလိုလိုက်လုပ်မိတာ ရှိတဲ့ငွေလေးတွေပြောင်ရော. . အဖမ်းခံရလို့ အရင်းပါပြုတ်ခဲ့ရသည်။

အင်မတန်မှ စိတ်ခိုင်ပါသည်ဆိုသော မိုးတိမ်. . .

ယူကြုံးမရတဲ့စိတ်နဲ့ အိပ်ယာထဲလဲတဲ့အထိ ဖြစ်ခဲ့ရသည်။

*ဆောင်း ညပြာ သိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



လဲကျလိုက် ပြန်ထလိုက်နဲ့ ဘဝဆိုတာအပြောင်းအလဲမြန်တဲ့သဘော သဘာဝရှိမှန်း ပြက်ပြက်ထင်ထင်မြင်လိုက်ရသည်။

မိဘ ဆိုတာမျိုးက သားသမီးကို မျက်နှာလွှဲခဲပစ် လုပ်ရိုးထုံးစံ ဘယ်မှာရှိလို့လဲ. . .

အဖေက မိုးတိမ်သတင်းကို ကြားပြီး အရင်းအနှီးလုပ်ပြီး ဈေးရောင်းဖို့၊ ဆိုင်ခန်းငှားဖို့ အမေ မသိအောင် ငွေ ငါးထောင် တိတ်တိတ်လေး လာပေးခိုင်းသည်။

ဝမ်းသာတာရော ဝမ်းနည်းတာရော ပေါင်းစုပြီး အဲဒီနေ့က မိုးတိမ် ထမင်းပင် မစားနိုင်ခဲ့ပါ။

ထိုငွေလေးဖြင့် နီရာက ဈေးထဲမှာ ဆိုင်ခန်းလေး ငှားပြီး ဈေးရောင်းသည်။ အဖေ့ရဲ့ကျေးဇူးကြောင့်ရော၊ နီရာရဲ့လာဘ်မြင်မှု မိတ်ပေါမှုကြောင့်ပါ ဆိုင်က တစ်နှစ်အတွင်း ရောင်းအားတက်လာခဲ့သည်။

နီရာက ပစ္စည်းတစ်မျိုးတည်းတင်တာ မဟုတ်ဘဲ. . ရာသီအလိုက် ထီး၊ ကျောင်းစိမ်းပုဆိုး၊ အလှကုန်ပစ္စည်းတွေ၊ ဆေးတွေ၊ အစုံရောင်းတော့ ပိုပြီး အဆင်ပြေသည်။

အဲဒီအချိန် မိုးတိမ်မှာ ဒုတိယကိုယ်ဝန်လွယ်ထားရသည်။

လင်မယားနှစ်ယောက်တွေ့ရတဲ့အချိန်က ညနေဈေးသိမ်းချိန်၊ ထမင်းစားတဲ့အချိန်ပဲ ရှိသည်။ တစ်ခါတလေ တနင်္ဂနွေ ဈေးပိတ်ရက်မျိုးမှာ ရုပ်ရှင်ကြည့်၊ ဘုရားသွားပေါ့လေ။





ကျန်တဲ့အချိန်တွေမှာတော့. . . မိုးတိမ်ဟာ သမီးလေးနှင့်အတူ အိမ်မှာပဲ ချက်ပြုတ်ရင်း အချိန်ကုန်ခဲ့ရသည်။

လူ့လောက လူ့သဘာဝကို အပြင်ထွက်ပြီး လေ့လာဖို့. . အချိန်မပေးနိုင်ခဲ့။

မယားဝတ္တရားကျေပွန်ဖို့သာ အဓိက။ သူမ ခေါင်းထဲမှာ လင်အတွက်၊ သမီးအတွက်၊ ချက်ပြုတ်ကျွေးမွေးပြီး အရိပ်တကြည့်ကြည့် နေနေရတာကိုက ပြီးပြည့်စုံပြီဟု ထင်နေခဲ့သည်။

နောက်တစ်ခုက နီရာ တီးဝိုင်းလေးထောင်ပြီး မြို့လေးမှာ အပျော်တမ်းတီးဝိုင်းဖွဲ့ပြီး လိုက်တီးတော့လည်း မိုးတိမ်က အားပေးမိတာပါပဲ။

ဘာမဆို. . သူ့စိတ်တိုင်းကျ၊ သူ့စိတ်ချမ်းသာဖို့ အဓိကဆိုတော့ သူလုပ်ချင်တာမှန်သမျှ မိုးတိမ်က မကန့်ကွက်ခဲ့ပါဘူး။

ဒါတွေဟာ တစ်နေ့ကျတော့ ကိုယ်ခံစားရဖို့ ဖြစ်လာမယ်မှန်း လုံးဝမသိခဲ့တာ မိုးတိမ် တုံးလွန်းလို့ပေါ့။

ဆောင်းဝင်ကာစနေ့တစ်နေ့မှာ မိုးတိမ် ဗိုက်နာလာသည်။

တိုက်တိုက်ဆိုင်ဆိုင်. . နီရာကလည်း အဲဒီနေ့မှာ တီးဝိုင်းတီးပေးဖို့ လက်ခံထားပြီးသားဖြစ်နေသည်။

ကလေးသွားမွေးဖို့တောင်မှ မိုးတိမ်အနားမှာ အားပေးမယ့်သူ မရှိတဲ့ဘဝ။ သမီးကြီးကို ထားခဲ့ရမှာလည်း စိတ်မချနဲ့၊ ခုနေများ သွေးချိန်ကြည့်ရင် သွေးတိုးနေမလားပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့လည်း နီရာ ဆုံးဖြတ်ပေးတာပဲ သူမ လက်ခံလိုက်ရသည်။

သူ့စကားတစ်ခွန်းဟာ မိုးတိမ်အတွက်တော့ အမိန့်ပါပဲ။ သူက သမီးကြီးကို ခေါ်သွားပြီး တီးဝိုင်း ဆက်တီးမည်။ မိုးတိမ်က ဆေးခန်းမှာ ကလေးမွေးရင်း ကျန်ခဲ့ရမည်တဲ့။

သူဟာ မိန်းကလေး မဟုတ်တဲ့အတွက် အားငယ်တတ်မှာ မဟုတ်သလို၊ ဒီလိုအချိန်မျိုးမှာ မိန်းမတွေဟာ ကိုယ့်လင်ယောက်ျားကို ပိုပြီးလိုအပ်တယ်ဆိုတာ သူမှမသိဘဲ။

ဒါပေမယ့် ဖြစ်လာသမျှကို လက်ခံရမယ် ကိုယ်ရွေးချယ်ခဲ့တဲ့လမ်းကို ကိုယ်ပဲ ဆက်လျှောက်ရတော့မှာပေါ့။

နာကျင်မှုဒဏ်ကိုအလူးအလှိမ့်ခံစားရင်း. . နောက်ဆုံး သိလိုက်ရတာက သမီးလေးတဲ့လေ. .

ကလေးက တစ်တုံးတစ်ခဲကြီး၊ သူ့အဖေနဲ့ ချွတ်စွတ်ကိုတူနေတော့တာ. . .

နီရာမြင်လျှင် ဘယ်လောက်ထိ ပျော်သွားမလဲလို့. . .

ကလေးတစ်ခါမွေးတိုင်း အမေ့ကို ပိုသတိရသည်။ အမေ့ကျေးဇူးကို ပိုပြီးနားလည်မိသည်။

အမေဟာ အရင်ကလောက် တင်းမာမှုမရှိတော့တာ၊ သူ့မြေးမလေးကို တစ်ယောက်ယောက်က သူ့အိမ် ခေါ်သွားလို့ရှိရင် အရမ်းပျော်တဲ့အကြောင်းတွေ မိုးတိမ် ကြားပြီးပါပြီ။





ဒီသမီးလေးကိုမွေးမှ မိုးတိမ် ပိုပြီးအားငယ်မိသည်။ အဖေက ရန်ကုန်မှာ ဆေးသွားကုနေရသည်။

မနက်အစောကြီး လမ်းလျှောက်ထွက်ရင်း အရိုက်ခံရပြီး ပစ္စည်းလုခံရလို့တဲ့။ သတင်းကြားလို့ မိုးတိမ်သွားကြည့်တော့ အဖေက ဦးနှောက်ကို ထိထားပုံရသည်။

အဖေ အသည်းအသန်ဖြစ်နေတဲ့အချိန်မှာတောင် မိုးတိမ်ဆိုတဲ့ သမီးမိုက်က လင်နှင့်သမီးကို သံယောဇဉ်မပြတ်နိုင်လို့ အဖေ့ကို လိုက်ပြီးမပြုစုနိုင်ခဲ့. . .

မိုးတိမ်တစ်ကိုယ်လုံးမှာ ကိုယ့်ယောက်ျားမှယောက်ျား။ သူ့ကိုချစ်တဲ့စိတ်က သွေးတွေထဲမှာ ပျံ့နှံ့နေသည်။

ဒုတိယသမီးလေးမွေးပြီးမှ စီးပွားပိုဖြစ်လာသည်။

ဆေးဆိုင်လေးတစ်ဆိုင် ကိုယ်ပိုင်ဖွင့်လာနိုင်ခဲ့သည်။မိုးတိမ်အမြင်မှာတော့ သမီးလေး ရလာမှ နီရာသည် အလုပ်ပိုပြီး ကြိုးစားလာသည်။

ကုသိုလ်ကံလေးက လိုက်လာတော့ လုပ်သမျှ အရာထင်လာသည်။မိဘတွေနဲ့လည်း အဆင်ပြေပြီး မိုးတိမ်မိဘအိမ်မှာပဲ နေခွင့်ရနေခဲ့ပြီ။

ဒါကလည်း သူတို့အိမ်ကလူတွေရဲ့ဒဏ်ကိုမခံနိုင်လို့ သမီးလေးနှစ်ယောက် လက်ကို ဆွဲပြီး ထွက်လာခဲ့ရတာ။

ကိုယ့်မိဘတွေ ဆူချင်ဆူ. . ရိုက်ချင်ရိုက် ဆိုပြီး မေမေ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒူးထောက် တောင်းပန်လိုက်တော့ မေမေက ချက်ချင်းလက်ခံပေးခဲ့သည်။

သူ့မြေးလေးတွေ သူများအိမ်မှာ မျက်နှာငယ်ခံစရာ မလိုဘူးလို့ မေမေက ပြောခဲ့သည်။

အဲဒီ အချိန်ကာလလေးက မိုးတိမ်ဘဝမှာ လမင်းသာတဲ့နေ့ရက်လေးတွေပေါ့. . . လင်က စီးပွားရှာ၊ မိန်းမက ကလေး နှစ်ယောက်ကို ထိန်းကျောင်းပြီး. . သူပြန်လာမယ့်အချိန်ကို အလှဆုံးဖြစ်အောင်ပြင်ပြီး စောင့်နေခဲ့သည်။

မိုးတိမ်မှာ မိန်းမတစ်ယောက်ရဲ့ဝတ္တရား၊ မိခင်ကောင်းတစ်ယောက်ရဲ့ဝတ္တရားတွေ ဘာတစ်ခုမှမပျက်ကွက်ခဲ့ဘူး။

နီရာက အသက်လည်း ငယ်သေးတဲ့အပြင် လူပျိုရုပ်အောင်ပြင်ထားတော့ ကလေးနှစ်ယောက်အဖေလို့ ဘယ်သူက ယုံမှာလဲ။ စနေနေ့ တစ်နေ့မှာ နီရာက မိုးတိမ်ကို ပြောလာခဲ့သည်။

'မနက်ဖြန် ဈေးပိတ်ရက်မှာ ချစ်ကို ရုပ်ရှင်လိုက်ပြမယ်. . အဆင်သင့်ပြင်ပြီး စောင့်နေနော်'

ပျော်လိုက်တာ. . ကလေးတွေနဲ့လုံးပန်းနေရလို့ ရုပ်ရှင်ဆိုတာ ဘာမှန်းမသိခဲ့တာ ကြာနေပြီ။

'နေ့ခင်းကားလား နီရာ. . မိုးတိမ် တကယ်စောင့်နေမှာနော်၊ ဟာ. . မနက်ဖြန် ဈေးပိတ်ရက်ပဲ၊ ပြင်ပြီးစောင့်နေ ဆိုတော့ နီရာက ဘယ်သွားဦးမှာလဲ'





'ဘယ်မှ မသွားပါဘူး. . သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်သောက်ဖို့ ချိန်းထားလို့ပါ'

'ဒါဆို ထမင်းစားချိန်အမီ ပြန်လာခဲ့နော်၊ မိုးတိမ် အစုံသုပ်လုပ်ထားမယ်လေ'

'ဟာ. . . ငါ့မိန်းမလက်ရာလေးတော့ ဖြစ်အောင် ပြန်လာစားရမှာပေါ့'

ဒီလိုအပြောကလေးတွေကြောင့်ပဲ ပင်ပန်းရကျိုး နပ်သွားသည်။ ကြည်နူးလို့ ပျော်မြူးခဲ့ရတာလည်း သူ့ကြောင့်ပဲလေ။

♥



www.burmeseclassic.com

www.burmeseclassic.com

## အချစ်က ပေးသော နာကျင်မှု

ဗိုက်ဆာလွန်းလို့ မိုးတိမ် ဗိုက်ထဲမှာ အူတွေ လိမ်ကုန်ပြီ ထင်သည်။

ထမင်းစားချိန်ပြန်လာခဲ့မယ်လို့ပြောသွားတဲ့ နီရာ. . .

ဆယ့်နှစ်နာရီလည်း ရောက်မလာ၊တစ်နာရီလည်း ရောက်မလာ. . နှစ်နာရီတောင် ထိုးနေပြီ။

ဒီပုံအတိုင်းဆို ရုပ်ရှင်တောင် မီမှမီပါ့မလား။

မိုးတိမ်ရဲ့မျက်လုံးတွေက လမ်းပေါ်ပဲ ရောက်ရောက်နေသည်။

မော်တော်ဆိုင်ကယ်တွေ့တိုင်း နီရာများ ပြန်လာမလားဆိုပြီး မျှော်နေမိသည်။

နီရာက ရုပ်ရှင်ပြချိန်ကျော်ပြီးမှ အိမ်ပြန်လာသည်။

မိုးတိမ်နေရာမှာ တခြားတစ်ယောက်သာဆို ကောက်ကွေးနေပြီပေါ့။





မိုးတိမ်ကတော့ ဒီလိုဖြစ်ဖို့နေနေသာသာ. .

'နီရာ ဗိုက်ဆာလာရောပေါ့. . အဝတ်အစားလဲပြီးလာခဲ့လေ၊ မိုးတိမ် အသုပ်နယ်ပြီး စောင့်နေမယ်နော်'

ပြောပြီး ပြောတဲ့အတိုင်း မိုးတိမ်က လင်ဖြစ်သူစားဖို့ အစုံသုပ်ကို စိတ်ပါလက်ပါကို နယ်ပေးနေသည်။

နီရာက အဝတ်အစား လဲပြီး ထမင်းစားစားပွဲမှာ ဝင်ထိုင်ကာ မိုးတိမ် လုပ်ကိုင်ပေးနေသမျှကို ငေးကြည့်နေသည်။

ကြည့်နေရင်းနဲ့ ဘာကစိတ်ကူးပေါက်လာသလဲ မဆိုနိုင်။ ရှိုက်ရှိုက်ပြီး ငိုနေသည်။

အသုပ် သုပ်ပေးနေတဲ့ မိုးတိမ်က အရမ်းစိတ်ပူသွားပြီး

'ဘာဖြစ်လို့လဲ နီရာ၊ ဘာဖြစ်လာလို့လဲ ရင်တွေပူလိုက်တာဟယ်. . မိုးတိမ်ကို ပြောပါဦး'

'ငါ. . ငါ နင့်အပေါ်မှာ မကောင်းဘူး၊ မိုးတိမ် ငါ ဖောက်ပြန်ခဲ့မိပြီ'

မိုးတိမ် ခေါင်းထဲမှာ ထူပူပြီး ချာချာလည်သွားသည်။

ဒီစကားကို သူ့ပါးစပ်က ဘယ်သူမှ မစစ်မမေးဘဲနဲ့ ပြောလာခဲ့တာလား။ မိုးတိမ်အချစ်ရဆုံး အယုံကြည်ရဆုံးသူဆီကလေ။

'နင်. . ခုန ဘာပြောလိုက်တာလဲ'

ကိုယ့်အသံကိုယ် နားထဲပြန်ကြားရတာတောင် ကွဲအက်ပြီး ခြောက်ကပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆေးသွားပို့တာ'

'သူငယ်ချင်းတွေနဲ့ချိန်းထားလို့ဆို. .'

'မဟုတ်ဘူး. . ဆေးသွားပို့ရင်းနဲ့ လူကြီးတွေမရှိတုန်း သူနဲ့မှားခဲ့မိတယ်'

'သူ. . သူဆိုတာက. .'

'နွယ်'

'နင်. . နင် တကယ်ပဲ မှားခဲ့တယ်ပေါ့၊ အဆုံးထိမှားခဲ့တယ်ပေါ့၊ ဟုတ်လား နီရာ၊ ငါ့ရဲ့ယုံကြည်မှုတွေကို အလွဲသုံးပြီးတော့လေ'

နီရာက ခေါင်းငုံ့ထားရာမှ ပြန်အမော့တွင် အသနားခံနေသောမျက်လုံးများဖြင့် မိုးတိမ်ကိုကြည့်လာပြီး

'ဒီတစ်ခါပဲ မှားဖူးတာပါ မိုးတိမ်ရာ. . ဒါ. . ဒါကလည်း အတွေ့ကို မလွန်ဆန်နိုင်လို့ဖြစ်သွားတာပါ'

အတွေ့ဆိုပဲ. . . မလွန်ဆန်နိုင်လို့ဆိုပဲ. . ဒါဆို မိုးတိမ်နဲ့ အမြဲထိတွေ့နေတာက အတွေ့မဟုတ်တော့ဘူးပေါ့။

ယောကျ်ားတွေက ကိုယ်လုပ်ချင်ရာလုပ်ခဲ့ပြီးပြီဆိုရင် ဒီလိုပဲ ဆင်ခြေတွေပေးတတ်ပါသလား. .

'မိုးတိမ်. . ငါ့ကို ခွင့်လွှတ်ပေးပါဟာ၊ တကယ်. . တကယ် တောင်းပန်ပါတယ်၊ မလိမ္မာ တစ်ခါမိုက်မို့ ဒီတစ်ခါပဲ ခွင့်လွှတ်ပေးဖို့ မေတ္တာရပ်ခံပါတယ်ဟာ'

သစ္စာမရှိ မျက်နှာမကြည့်ဘဲ အိမ်ထောင်ရေးဖောက်ပြန်မှု





ကျူးလွန်လာခဲ့ပြီးမှ ခွင့်လွှတ်ပေးရဦးမယ်ဆိုပဲ။ နာကျင်လို့ ကျလာတဲ့ မျက်ရည်တွေ. . မိုးတိမ်မျက်ဝန်းမှာ အိုင်ဖွဲ့နေသည်။

'ငါဆိုတဲ့ကောင်မက ငါ့ဘဝတစ်ခုလုံး နင့်လက်ထဲ ဝကွက်အပ်ပြီး. . အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ဆင်းလာခဲ့တဲ့ မိန်းမပါ နီရာ၊ ခုနက နင်ပြောသလို. . ငါက လွယ်လွယ်နဲ့ တခြားယောကျ်ားတစ်ယောက်နဲ့မှားပြီး ဖောက်ပြန်ခဲ့မယ်ဆိုရင်. . နင် ဘယ်လိုခံစားရမလဲ၊ အခု. . ငါ ဘာဖြစ်နေသလဲ နင် သိလား နီရာ. . ငါ ကမ္ဘာပျက်နေတာ၊ ဆောက်တည်ရာမဲ့နေတာ၊ အချစ်ကို အသေကိုးကွယ်ခဲ့တဲ့. . မိန်းမတစ်ယောက်ကို. . နင် ကောင်းကောင်း လှည့်စားခဲ့တာပဲ'

'ဟုတ်ပါတယ် မိန်းမရာ. . ငါ့အမှား ငါသိလို့ ဝန်ခံနေပြီပဲ၊ နို့မို့ဆို နင်တောင် ဘာမှသိရမှာမဟုတ်ဘူး'

သူက မိုးတိမ်ကို အတင်း ပွေ့ဖက်ကာ တဖွဖွ တောင်းပန်စကားဆိုနေသည်။ သူ ဘာတွေ ပြောနေသလဲဆိုတာ မိုးတိမ် ဘာမှ မကြားတော့။

မိုးတိမ်စိတ်တွေ ဟိုးအဝေးဆီမှာ လွင့်နေသည်။ မျက်စိရှေ့မှာ မြင်နေတာက ယောကျ်ားဖြစ်သူ စားဖို့ အကောင်းဆုံးပြင်ဆင်ပြီး နယ်ဖတ်ပေးထားသည့် အသုပ်တစ်ပန်းကန်။

လူတစ်ကိုယ်လုံး အားအင်ချိနဲ့ကာ ပျော့ခွေချင်နေသည်။

'ချစ်. . ငါပြောတာ ကြားတယ်နော်၊ နင့်မိဘတွေနဲ့ မောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ လုံးဝ မသိပါစေနဲ့၊ ငါ ရှက်လွန်းလို့ပါဟာ. . ငါ့ကိုယ်ငါလည်း ယူကြုံးမရဖြစ်မိပါတယ်'

ယောက်ဖတွေအများကြီးနဲ့ ယောက္ခမတွေကို ဧာက်ရေး မလုပ်လို့ ဒီလိုအမှားမျိုးထိတောင် ကျူးလွန်လာခဲ့သေးတာပဲ။

နေတော့ ယောက္ခမအိမ်မှာနေပြီး သိပ်ကို အတင့်ရဲတဲ့လုပ်ရပ်တွေ လုပ်ချလာခဲ့တာပဲ။

'သွား. . နင်ဆင်းသွားတော့၊ နင့်မျက်နှာကို ငါထပ်မကြည့်ချင်တော့ဘူး'

အခန်းထဲမှာ ကျိတ်ကျိတ်ပြီး ဖြစ်နေရာမှ မိုးတိမ်ရဲ့အသံတွေ ကျယ်လာသည်။

သမီးနှစ်ယောက်က အဖေနဲ့ အမေကို မျက်လုံးလေးတွေပြူးနေအောင် ကြည့်ပြီးမှ သမီးကြီး ဖြစ်သူက နားလည်သွားပုံရသည်။ ရှိုက်ကြီးတငင်ငိုကြွေးပါတော့သည်။

အငယ်မကလည်း သူ့အစ်မငိုတော့ လိုက်ပြီးငိုသည်။ တစ်အိမ်လုံးမှာ မိုးတိမ်တို့ နေတဲ့ အခန်းလေးတစ်ခန်းတည်း ကွက်ပြီး ကမ္ဘာပျက်နေသည်။ နီရာက. . ငိုနေတဲ့ ကလေးတွေကို တွေ့ပြီး အကောင်းဆုံး အသုံးချသွားသည်။

'တွေ့လား မိုးတိမ်. . ကလေးတွေ သနားပါတယ်ဟာ. . ငါ့အမှားကိုငါ ချက်ချင်းပြင်သွားမှာပါ၊ ခုချိန်မှာ နင့်ဆီက ခွင့်လွှတ်တယ်ဆိုတဲ့စကားတစ်ခွန်းကြားရင် ငါသေပျော်ပါပြီ'





အလွန်အ,ပြီး မျက်ကန်းချစ်နဲ့ချစ်သောမိုးတိမ်၊ ကလေးတွေနဲ့လှည့်ပြီး အကျပ်ကိုင်လိုက်တော့ မိုးတိမ်တို့တွေဝေသွားသည်။

'နော်. . ခွင့်လွှတ်နော်. . မိုးတိမ်လေး ဒီလိုဖြစ်သွားမယ်မှန်းသိရင် ကိုယ်မပြောဘဲ ထိန်ချန်ထားမိမှာပါကွာ'

သူက တကယ့်ကိုစိတ်မကောင်းတဲ့ပုံစံနဲ့ပြောလေတော့

'ဘာမှ ထိန်ချန်ထားစရာမလိုဘူး. . ဒါတွေက နင်ပြောမှ ငါ သိရတဲ့ကိစ္စတွေ'

မိုးတိမ်လေသံက ပုံမှန်ပြန်ဖြစ်သွားပြီမို့. . နီရာက ပိုပြီးအတင့်ရဲလာသည်။

'ဟာ. . ငါ့မိန်းမ ငါ့ကို ခွင့်လွှတ်သွားပြီကွ. . ပျော်လိုက်တာကွာ. . အဟား'

'နင့်ကို ငါစောင့်ကြည့်ဦးမှာပါ နီရာ. . တစ်ခုတော့ သတိပေးလိုက်မယ်. . ငါ့လို မေတ္တာကြီးပြီး သစ္စာကြီးတဲ့ မိန်းမကို နင်စော်ကားတဲ့အတွက် နင် ဒုက္ခရောက်ဦးမှာပါ'

ဒီစကားကို မိုးတိမ်က ကျိန်ပြောခဲ့တာ မဟုတ်ပါ။ တကယ်လည်း စီးပွားပြန်ကျသွားပါသည်။

မိုးတိမ်တို့ အ,ချက်က ကမ်းကုန်သည်။

ဖောက်ပြန်တဲ့ယောက်ျားက ကိုယ်တိုင်ဖွင့်ပြောလာမှ. . အပြင်လောကကို ပြန်ပြီး မျက်စောင်းထိုးပြီးကြည့်လာရသည်။

နီရာ သွားပတ်သက်လာတဲ့ မိန်းမက အသက် နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တောင် ပြည့်ဦးမှာမဟုတ်သည့် အရက်သမားနဲ့ တီဘီရောဂါသည် မုန့်ဟင်းခါးသည်ရဲ့သမီး။

နာမည်က နွယ်. . တဲ့။

နွယ်ဆိုတဲ့မိန်းမက ဈေးထဲက အလှကုန်ဆိုင်မှာ ကူရောင်းပေးရသည့် လခစားတစ်ယောက်. . . နီရာရဲ့ဆိုင်နဲ့ မျက်စောင်းထိုးလောက်မှာ ရှိသည်။

သူတို့ဆိုင်တွေရဲ့ ရှေ့တည့်တည့်မှာက မိုးတိမ်တို့အဖေရဲ့ ကုန်စုံဆိုင်ရှိသည်။

ယောက္ခမဆိုင်ကို အရှေ့မှာထားပြီး ဖောက်ပြန်လို့ကောင်းနေကြသည်။ ဒါတွေကိုသိသွားမှ မိုးတိမ်က ပိုပြီး အသည်းနာလာသည်။ နီရာရဲ့အပြောက. . ကောင်မလေးက ဆင်းရဲလို့ သူ့အမေအတွက် ဆေးတွေ အလကားပေးတယ်ဆိုပဲ. .

အဲဒီလိုပေးရင်းနဲ့ ဟိုကလည်း လူနဲ့ပြန်ပြီး ကျေးဇူးဆပ်ခဲ့တာ ထင်သည်။

ဈေးထဲမှာပဲ မျက်လုံးချင်းစကားပြောတာ အားမရလို့ အိမ်အထိတောင် ရောက်သွားပြီပေါ့။ မိုးတိမ်က ကောင်မလေးနေတဲ့ရပ်ကွက်ထဲအထိ သွားပြီး စုံစမ်းသည်။

နွယ်ရဲ့အဖေအရက်သမားကြီးက အရက်တွေမူးပြီး စကားမပြောတတ်သည့် နွယ်ရဲ့အစ်မ အ,အမလေးကို မတရားကျင့်သတဲ့။ သမီးအရင်းခေါက်ခေါက်ကြီးကို ပြစ်မှားခဲ့တာ. .

*ဆောင်းညပြာသိစာလ*



မကြားဖူးတာတွေ ကြားလိုက်ရသည့်အတွက် အဲဒီမိသားစုနှင့်ထပ်ပြီး မပတ်သက်ချင်တော့သလို တော်တော်လည်း ရွံသွားပါသည်။

ဒီနောက်ပိုင်းမှာတော့ မိုးတိမ် ထိုရပ်ကွက်ထဲသို့ ထပ်ပြီး မသွားတော့ပါ။

ဒီလိုမိဘမျိုးနှင့်နေရသည့် သမီးက ဘယ်မှာလာပြီး မိန်းမကောင်းဖြစ်ပါတော့မလဲ။ ဘာမှမထူးဆန်းပါဘူး။

ကိုယ့်ပြိုင်ဘက်ရဲ့အခြေအနေတွေကို ဂဃနဏ သိထားပြီဆိုတော့ မိုးတိမ်က နီရာကို အလွတ်မပေးဘဲ စောင့်ကြည့်နေခဲ့သည်။

စိတ်ဓာတ်မမှန်ဘဲ ဇပျော့ညံ့တဲ့ နီရာတစ်ယောက် အပြောနှင့်အလုပ် မညီဘဲ ပျာနေရပြီ။

တစ်ဖက်ကို လုံးလုံးလျားလျားကြီးစွန့်လွှတ်ဖို့ကျတော့ ပတ်ဝန်းကျင်က မေးငေါ့မှာကို ကြောက်နေမိသည်။

တခြားတစ်ဖက်မှာကလည်း စွဲငြိစရာကောင်းနေသည်။

ဗိုးပေါလအော စားချင်တိုင်းစားလို့ရတဲ့အသီးမျိုးကို ကြာရင် မစားချင်တာတွေ ဖြစ်လာနိုင်သည်။ နည်းနည်းလေးပဲဖြစ်ဖြစ် ခိုးစားလိုက်ရရင် ပိုပြီးအာသာပြေသွားသလိုရှိသည်ဟု နီရာက ထင်သည်။ နီရာက မိုးတိမ်အပေါ် ဘယ်လောက်ပဲ ဖုံးကွယ်ထားပါစေ၊ မကောင်းမှုဆိုတာမျိုးက ကြာကြာဖုံးကွယ်ထားလို့ရတာမျိုးမှမဟုတ်ဘဲ. . .

*ဆောင်းညပြာသိစာလ*

www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်သွားတဲ့ နီရာတစ်ယောက်. . . ပြန်လာတဲ့အခါ မိုးတိမ်ကျေနပ်အောင် ထဘီတစ်ထည်ဝယ်လာပြီး ချော့သည်။ ကျေနပ်သည် ဖြစ်စေ. . မကျေနပ်သည် ဖြစ်စေ. . ကိုယ့်ကို သတိတရ နှင့်ဝယ်လာပေးဖော်ရသည့်အတွက် မိုးတိမ်က အသိအမှတ်ပြုပေးခဲ့သည်။ စိတ်ထဲမှာတော့ တိတ်တိတ်လေးကျေနပ်နေခဲ့တာပေါ့။

သိပ်မကြာပါဘူး. . နွယ်လို့ခေါ်တဲ့ သူ့ကောင်မဆီကို လူလွှတ်ပြီး ထဘီနှစ်ထည် သွားပို့ခိုင်းတယ်လို့ မိုးတိမ် သိလိုက်ရသည်။ ဒီမိန်းမကို ကိုယ့်ထက်ပိုပြီး အလေးထားတယ်. . ဦးစားပေးတယ်ဆိုတာ သိရတော့ ခံပြင်းလိုက်တာ. .

တီးဝိုင်းခေါင်းဆောင်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ တပည့်တွေကိုခိုင်းစားနေတာ. .

တပည့်တစ်ယောက်ရဲ့အိမ်မှာ. . ဒီမိန်းမနဲ့ ချိန်းတွေ့တာလည်း မိုးတိမ် သိတာပဲ။

လက်ဆုပ်လက်ကိုင်ပြနိုင်မယ့်နေ့ကို စိတ်ရှည်ရှည်နဲ့စောင့်နေတာ. . တုံးလွန်း အ,လွန်းလို့မှ မဟုတ်ဘဲ။

ပါးစပ်တွေဆိုတာကလည်း ပိတ်လို့ရတာမှမဟုတ်တာ. .

မြို့လေးက ကျဉ်းတော့ တစ်ယောက်စကား၊ တစ်ယောက်နားနဲ့ အားလုံးသိနေလောက်ပြီ။

တကယ်တမ်း အရှက်ရသူက မိုးတိမ်ပါ။ ကျဆင်းခဲ့ရတာက မိုးတိမ်ရဲ့ဂုဏ်သိက္ခာ။





မိသားစုကို မျက်နှာမပြရဲသူကလည်း မိုးတိမ်ပါပဲ။ ဒါပေမယ့် ဒါတွေအားလုံးက မိုးတိမ် ရွေးချယ်ခဲ့တဲ့လမ်းပဲလေ. . ဆိုးဆိုးကောင်းကောင်း မိုးတိမ်ပဲ ခံရမှာပေါ့။

အမေဟာ မိုးတိမ်အတွက်နဲ့ ဒုတိယအကြိမ်မျက်ရည်ကျရပြန်ပြီပေါ့။

'သမီးရယ်. . နင့်ကို ငါမပြောဘူးလား၊ လူမှာအမျိုး ကြက်မှာ အရိုး တဲ့။ ခုတော့ ဖြစ်လာပြီမဟုတ်လား. . နင်တို့ အိမ်ထောင်ကျတာ ဘယ်လောက်ကြာသေးလို့လဲ. . အပြောင်းအလဲက မြန်လှချည်လား. . ဒင်းက ဘာကောင်မို့လို့ ငါတို့အိမ်မှာနေပြီး ငါတို့ကိုစော်ကားနေရတာလဲ. . နင့်အဖေက ဝင်မပါဖို့တားလွန်းလို့သာ ငါကြည့်နေရတာ. , နင့်မောင်တွေဆို ကွယ်ရာမှာ ခါးကြိမ်းကြိမ်းနေကြပြီ. . ကိုယ့်အစ်မကိုထိရင် ဘယ်သူက ခံနိုင်မှာလဲ'

အမေပြောတာတွေအားလုံးက အမှန်တရားတွေပဲလေ. .

မိုးတိမ် နားလည်နေပါပြီ။ မိဘဆိုတာမျိုးက ကိုယ့်သားသမီးရဲ့နောင်ရေးကောင်းအောင် ဆုံးမကြတာချည်းပဲ။ စဉ်းစားပေးကြတာချည်းပဲ။ အမေက နီရာကိုစိတ်ဆိုးလို့ ဘယ်လောက်ပဲ ပြောပြော၊ လင်မယားကွာရှင်းဖို့ကျတော့ ဘာမှမပြောခဲ့ပါ။ ကလေးတွေအတွက် စဉ်းစားပေးဖို့သာ ပြောခဲ့သည်။

မိုးတိမ်. . အမေ့ကျေးဇူးကို ပိုပြီးနားလည်လာရသည်။ လူကြီးပီသတဲ့ လူကြီးစကားကို အမေပြောခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းမအောင်ပေမယ့် မိုးတိမ်ကလည်း ဉာဏ်ပြေးခဲ့ပါသည်။ ကိုယ်တိုင်မသွားပေမယ့် ဟိုမိန်းမရဲ့ရပ်ကွက်ထဲအထိ ကိုယ့်လူတွေ လွှတ်ထားခဲ့သည်။

မိုးတိမ် စောင့်စားနေတဲ့နေ့ကို ရောက်လာခဲ့ပြီ။

မိုးတိမ်မောင်တွေရဲ့သူငယ်ချင်း မောင်ဂင်က ဆိုင်ကယ်စီးပြီး အမောတကော ပေါက်ချလာသည်။ အကြောင်းကတော့ ထူးပြီဆိုတာ ချက်ချင်းသိလိုက်သည်။

'အစ်မ. . မြန်မြန်လိုက်ခဲ့. . သူ ဟိုအိမ်မှာရောက်နေပြီ'

တွေ့ကြပြီပေါ့. . .

နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပဲလေ. .

မိုးတိမ်သည် အဝတ်ပင် မလဲတော့ဘဲ လင်ဇောတိုက်ပြီး လိုက်ဖို့ပြင်စဉ် အမေက ငိုယိုပြီး တားသည်။

'သမီးရယ်. . လိုက်မသွားပါနဲ့၊ သူများရပ်ကွက်ထဲမှာ နင့်ကိုဝိုင်းချရင် အမေဘယ်လိုဖြေရမလဲ'

အမေ့စကားက မိုးတိမ်နားထဲ မဝင်တော့ပါ။

'သွားမယ်၊ မောင်းတော့. . မောင်ဂင်'

အဲဒီအချိန်မှာ မိုးတိမ်သွေးတွေ အရမ်းဆူနေသည်။ လူသတ်ချင်နေသည်။

မိုးတိမ် ထွက်သွားပြီးတဲ့နောက် အိမ်မှာ ကမ္ဘာပျက်ကျန်ခဲ့သည်။





ငါးနှစ်ဆိုတော့ နားလည်စပြုနေပြီဖြစ်တဲ့ သမီးကြီးဝသန်က အဘွားကိုဖက်ပြီး ငိုကျန်ခဲ့သည်။

'ဘွားဘွား. . မေမေ ပြန်မလာတော့ဘူးလားဟင်. . ဘယ်ကိုသွားတာလဲ'

'နင့်အဖေလူမိုက်ကြီးနောက်ကို လိုက်သွားတာလေ'

'ဖေဖေက ဘာဖြစ်လို့လဲ. . မေမေအမြဲငိုနေတာ မီးမီးသိတယ်'

'ဂျိမ်း'

မိုးခြိမ်းသံတွေကြားမှာ အမေပျောက်လို့၊ ကြောက်လို့ အိမ်ရှေ့ပြေးလိုက်၊ အိမ်နောက်ပြေးလိုက်နဲ့ ဝသန်ရဲ့ဘဝလေး ကမ္ဘာပျက်နေသည်။

ဒါတွေကို သူလေးရဲ့မိဘတွေ သိနိုင်မည်မထင်။

မိုးတိမ်ရဲ့မောင်တွေ သတင်းကြားပြီး အိမ်ပြန်ရောက်လာကြသည်။

ဒေါ်နှင်းနွဲ့က

'နင့်အစ်မနောက်ကို မြန်မြန်လိုက်သွားကြလေ. . ဟိုမှာဝိုင်းအနိုင်ကျင့်နေရင် ဘယ်လိုလုပ်မလဲ. . ပါအောင် ပြန်ခေါ်လာခဲ့နော်. . ဒီမှာ ငါ့မြေးတွေ ငိုနေကြပြီ'

အစ်မကိုထိရင် ဓားကြည့်ဆိုတဲ့အတိုင်း ငယ်ဂုဏ်ငယ်စိတ်နဲ့မို့ မိုးတိမ်ရဲ့မောင်တွေ နီးရာ တုတ်ဆွဲ၊ ဓားဆွဲပြီး မိုးတိမ်နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလိုက်သွားကြသည်။နွယ်ရဲ့ရပ်ကွက်၊ နွယ်ရဲ့အိမ်ရှေ့မှာ လူတွေပြုံနေသည်။ တစ်သက်နှင့်တစ်ကိုယ် ရပ်ကွက်ထဲမှာ ရန်မဖြစ်ခဲ့ဖူးသော မိုးတိမ်သည် ထိုအိမ်ရှေ့တွင် စိတ်လွတ်ကိုယ်လွတ်သောင်းကျန်းနေသည်။

'နီရာ. . နင် အခုချက်ချင်း ထွက်လာခဲ့. . ဟိုကောင်မပါ ထွက်လာခဲ့၊လင်ခိုးမ. . ပိုင်းလုံးမ. . မိမဆုံးမဖမဆုံးမသမီး ဟင်. . ရပ်ကွက်ထဲမှာ မိဘအိမ်ပေါ်မှာတင် ဘခံနေတယ်. . . မိဘတွေက မပြောကြဘူးလား. . ငုတ်တုတ်ကြီးနဲ့ ဒီနေရာမှာ သေနေကြပြီလား'

အာခေါင်ခြစ်ပြီး အော်နေသော မိုးတိမ်ရဲ့အသံတွေ တုန်နေသည်။

တစ်ကိုယ်လုံးလည်း ဆတ်ဆတ်တုန်နေသည်။

ပေါက်ကွဲပြီပေါ့. . မိုးတိမ် ကြားထားတဲ့စကားက ရှိနေတာကိုး. .

နီရာနဲ့သူ့သမီးအိပ်ဖို့ မိဘကိုယ်တိုင်က ခြင်ထောင်ထောင်ပေးပြီး ရှောင်ပေးသတဲ့။

'ဒီနေ့ နင်တို့နှစ်ကောင်လုံးကိုသတ်ပြီးမှ ငါ ကြိုးစင်တက်မယ်'

'မမ. . နင်ဘာမှတက်စရာမလိုဘူး၊ နင့်မှာ ကလေးတွေနဲ့၊ နင်ဘာဖြစ်ချင်သလဲပြော. . ငါတို့ သတ်ပေးမယ်'

မိုးတိမ်မောင်တွေက ထိုအိမ်ကို ခဲနှင့်ဝိုင်းပစ်ကြသည်။





ရပ်ကွက်ကလူငယ်တွေကလည်း ရပ်ကွက်နာလို့ဆိုပြီး မခံချင်ဖြစ်နေကြသည်။ ထွက်လာဖို့ ဝိုင်းပြောကြသည်။

ရပ်ကျော်ရွာကျော် ဝိုင်းပြီး အဖမ်းခံရတော့ ရုတ်တရက် ဘယ်မှာ ထွက်လာရဲမလဲ။

ရပ်ကွက်လူကြီးတွေ ရောက်လာပြီး မိုးတိမ်မောင်တွေကို အရင်ပြန်ခိုင်းလိုက်သည်။

'သားတို့ အရင်ပြန်ကြပါကွာ. . နော်၊ ဦးတို့ပြောစကားကို နားထောင်ပါ. . ကာယကံရှင်အချင်းချင်း ရှင်းကြတာ ပိုကောင်းပါတယ်'

'ဒါဆို. . ကျွန်တော်တို့အစ်မ တစ်ခုခုဖြစ်ရင်. . ခင်ဗျားတို့ တာဝန်ယူမလား. . ပြော'

'စိတ်ချ၊ တို့ရပ်ကွက်ထဲမှာတော့ ဘာမှမဖြစ်စေရဘူး'

နွယ်က နီရာကို နောက်ဆုံးအချိန်အထိ ဖက်တွယ်ထားဆဲပင်။ မပြန်ဖို့၊ သူနဲ့ပဲနေဖို့ တောင်းဆိုနေသည်။

မိုးတိမ်က သူမမောင်တွေ ပါလာပြီမို့ စိတ်ကိုလျှော့ချကာ

'နီရာ. . ငါ နင့်ကိုနောက်ဆုံးအကြိမ် ခေါ်နေတယ်၊ ငါတို့သားအမိတွေ သုံးလောင်းပြိုင်တာ မြင်ချင်ရင်. . နင် အဲဒီမှာ နေခဲ့လိုက်'

ပြောပြီး မိုးတိမ် ပြေးထွက်လာခဲ့သည်။ မောင်တွေအားလုံး မိုးတိမ်နောက်မှာ ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမ. . ဘယ်သွားမှာလဲ၊ လာ. . အိမ်ပြန်မယ်၊ ဟိုမှာ တူမလေးတွေ ငိုပြီးကျန်ခဲ့တယ်'

'သွား. . နင်တို့အရင်ပြန်ကြ၊ ငါ လိုက်လာခဲ့မယ်'

ဒီလိုအချိန်မှာ မိုးတိမ် ခံစားနေရတဲ့ ဝေဒနာကို သိလို့. . သူ့မောင်တွေ လက်လျှော့ပြီး ပြန်သွားကြသည်။

ဦးတည်ရာမရှိ. .
အနားမှာ လူမရှိ. .
စိတ်ရဲ့စေရာနောက်ကို
ကောက်ကောက်ပါအောင် လိုက်ဖို့
ဆုံးဖြတ်ပြီးတဲ့နောက်မှာ
မိုးတိမ် တစ်ယောက်. . .

♥



ပထမဆုံးအကြိမ် ဘဝကို အရှုံးပေးတဲ့နေ့

အချိန်အားဖြင့် ညကိုးနာရီခန့်ရှိမည်။

ကမ်းနားမှာ ရေတွေတက်နေသည်။ ပင်လယ်လေတွေက အရှိန်ပြင်းပြင်းတိုက်ခတ်နေသည်။

မိုးတိမ့်ရဲ့ဆံပင်တွေလွင့်နေသလို အဝတ်အစားတွေလည်း တဖတ်ဖတ်လွင့်ခါနေသည်။

မျက်လုံးကို စုံမှိတ်ပြီး ငြိမ်သက်နေမိသည်။

အရာအားလုံး ငြိမ်းချမ်းသွားသည်ဟု ခံစားရသည်။

ဒီမြို့လေးမှာ မိုးတိမ်ကိုမွေးဖွားခဲ့တယ်. .
ဒီမြို့မှာပဲ အချစ်ကို စတွေ့ခဲ့တယ်. . ကိုးကွယ်ခဲ့တယ်. .
သူနဲ့ အခြေအနေအရ
ရှင်ကွဲ ကွဲရတော့မယ်. .
သူ့ကို မိုးတိမ် မစွန့်လွှတ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကွဲတော့ အကွဲမခံဘူး
ဒါကြောင့်. . သေကွဲသာ အကွဲခံဖို့
မိုးတိမ် ဆုံးဖြတ်လိုက်ပြီ။
'ဝုန်း'

ရေတွေက ကမ်းနားရှိ ဆိပ်ခံဘောတံတားဆီ တဝုန်းဝုန်းဖြင့် ရိုက်ခတ်နေသည်။ မိုးတိမ်ရဲ့ခြေလှမ်းတွေက တံတားပေါ်မှာ တစ်လှမ်းချင်းလှမ်းပြီး ရှေ့တိုးလာနေသည်။

သိပ်မကြာတော့ပါဘူး။ နောက်မိနစ်အနည်းငယ်ပေါ့. .

အဲဒီအချိန်ကျရင် မိုးတိမ်ဘဝ အရာအားလုံးချုပ်ငြိမ်းသွားတော့မှာပါ. .

* ခွင့်လွှတ်ပါ ဖေဖေ
* ခွင့်လွှတ်ပါ မေမေ
သမီးအမိုက်မကြောင့်
ပတ်ဝန်းကျင်မှာ မျက်နှာငယ်နေရပြီ။
ထပ်ပြီး တောင်းပန်ပါတယ်. .
သမီး သွားတော့မယ် မေမေ. .

တရွေ့ရွေ့. . သေမင်းရဲ့တံခါးဝဆီ ဦးတည်ပြီး သွားနေတဲ့ မိုးတိမ်. . .

မျက်လုံးတွေ မှိတ်ထားပေမယ့်. . ဟိုအရင်က နီရာနဲ့သူမ ဖြူဖြူစင်စင် ခင်တွယ်ခဲ့ဖူးတဲ့ ကလေးဘဝပုံရိပ်လေးတွေ. . .





ရင်ခုန် စိတ်ကစားတတ်တဲ့. . ဆယ်ကျော်သက်အရွယ်က အတူပျော်ဖူးခဲ့တာတွေ. .

အိမ်ထောင်သည်ဘဝရဲ့ရုန်းကန်မှုတွေ၊ ခါးသီးမှုတွေ. . . တစ်ခုပြီးတစ်ခု ပြန်မြင်လာသည်။

စုံမှိတ်ထားတဲ့မျက်လုံးအိမ်မှ မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာသည်။ အချစ်က ပေးတဲ့ ဒဏ်ရာဒဏ်ချက်တွေ ပွေ့ပိုက်ပြီး ဘဝသစ်တစ်ခုဆီ မိုးတိမ် သွားတော့မည်။

ဒီဘဝမှာ နင့်ကို ငါ့အသက်ထက်ပိုချစ်တယ်ဆိုတာ သက်သေပြခဲ့မယ် နီရာ. . .

'မလုပ်နဲ့. . . မိုးတိမ်'

အော်သံနှင့်အတူ အားသန်သောလက်တစ်စုံက မိုးတိမ်တစ်ကိုယ်လုံးကို အနောက်မှသိုင်းဖက်လာသည်။

'လွှတ်စမ်း လူယုတ်မာ၊ သစ္စာမရှိတဲ့အကောင်. . ငါ့အသားကို မထိနဲ့'

'ဟုတ်ပါတယ်. . အားလုံး ငါ့အပြစ်ပါဟာ၊ ကောင်မလေးက တငိုငိုတယိုယို ဖြစ်နေလို့. . ခဏလာတွေ့ပြီး အပြီးဖြတ်မလို့ပါ မိုးတိမ်ရယ်. . အထင်မလွဲပါနဲ့'

'ဟား. . ဟား. . ဟား. . ယုံတမ်းစကားတွေ၊ နင့်ကို ချစ်ခဲ့တဲ့ ငါ့မှာ မျက်လုံးနှစ်လုံးပဲရှိပေမယ့် နင့်ပတ်ဝန်းကျင်မှာ မျက်လုံးတွေ၊ နားတွေ အများကြီးရှိတယ်ဆိုတာ မမေ့ပါနဲ့ နီရာ. . ဒီမြို့ကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းလေးမှာ နင့်လုပ်ရပ်ကြောင့် ငါ. . ဆက်ပြီး အသက်မရှင်ချင်တော့ဘူး၊ နင်သာ ဖခင်ကောင်းတစ်ယောက်ပီသမယ်ဆိုရင်. . နင့်သမီးနှစ်ယောက်ကို ငါ့လိုဘဝမျိုး မရောက်အောင် ပြုစုပျိုးထောင်ပေးပါ'

'မဟုတ်ဘူး၊ နင် စိတ်ထင်ရာလုပ်လို့မရဘူး မိုးတိမ်. . တို့သမီးလေးတွေမှာ အမေမရှိလို့မဖြစ်ဘူးလေ'

'ဒီလိုဖြစ်အောင် နင်ပဲ ဖန်တီးခဲ့တာလေ၊ အေးချမ်းနေတဲ့ ငါ့ဘဝကို ပူလောင်အောင်လုပ်တာလည်း နင်ပဲ၊ငါ့ဘဝကို အရောင်ဆိုးတာလည်း နင်ပဲ၊ နင်. . ငါ့ကို လုပ်ရက်တယ်ဟာ၊ ငါ.နင့်အပေါ်မှာ ဘာအမှားလုပ်မိလို့လဲ. . ဘာများ တာဝန်မကျေတာရှိလို့လဲ. . ပြောစမ်း. . ပြော၊ ငါ မသေခင်သိသွားပါရစေ'

နီရာ ငိုနေသည်။

သူငိုနေတာ မြင်တော့ မိုးတိမ်စိတ်တွေ ဝေဝါးလာသည်။ ဘဝမှာ ကိုယ်သာ ရင်နှစ်ခြမ်းကွဲအောင် ငိုချင်ငိုလိုက်မည်။ သူမျက်ရည်ကျတာကိုတော့ ခံနိုင်ရည်မရှိပါ။

ဒီလောက်နာကြည်းစရာလုပ်ရပ်တွေကို ကျူးလွန်ထားတဲ့ကြားက သူ့အပေါ်မှာ မိုးတိမ် မေတ္တာမပျက်နိုင်ပါလား။

'ကတိပေးပါတယ် ချစ်ရာ. . ဒါပထမဆုံးနဲ့နောက်ဆုံးပါ၊ အနေနီးစပ်တော့ အတွေ့မှာ သာယာမိလို့ မှားသွားတာပါကွာ. . အခုအားလုံးပြီးသွားပါပြီ၊ တို့ဘဝကို အသစ်က ပြန်စရအောင်နော်'





အချော့တော်တဲ့ နီရာနှင့် သူ့စကားကိုအမြဲယုံပေးပြီး ချစ်တတ်လွန်းတဲ့ မိုးတိမ်တို့နှစ်ယောက်၊ ထိုနေ့က နားလည်မှုရသွားကြသည်။

နီရာက မိုးတိမ်ကို ဆိုင်ကယ်နောက်မှာ တင်ပြီး မြို့တစ်ပတ်လျှောက်မောင်းနေသည်။ တစ်စစ ညဉ့်နက်လာပြီ။

ကလေးတွေကို စိတ်ပူတော့ မိုးတိမ် မနေနိုင်တော့ဘဲ

'အိမ်ပြန်ရအောင် နီရာ. . သမီးတွေ ငါ့ကိုမျှော်နေကြလိမ့်မယ်'

'ငါ မျက်နှာပူတယ်ဟ. . နင့်မောင်တွေ၊ နင့်မိဘတွေရှေ့မှာ ငါဘယ်လိုနေရမလဲ'

'အေး. . ဒီလိုအတွေးမျိုး နင်အစောကြီးကတည်းက တွေးခဲ့ဖို့ကောင်းတယ်'

ထိုနေ့ညက အားလုံးအိပ်ပျော်မယ့်အချိန်ကိုချောင်းပြီးမှ သူတို့ အိမ်ထဲဝင်ခဲ့ကြသည်။

သမီးလေး နှစ်ယောက်က သူ့အဘွားရင်ခွင်ထဲမှာ အမေကို မျှော်ရင်း အိပ်ပျော်နေခဲ့ပြီ။

♥



www.burmeseclassic.com

www.burmeseclassic.com

## ခွင့်လွှတ်ပြီး ရှိသမျှအချစ်တွေအားလုံး ပုံချစ်ခဲ့တယ်

ပြဿနာဖြစ်ပြီးနောက်ပိုင်း အိမ်မှာ နီရာ အနေကျုံ့လာခဲ့တာ မိုးတိမ် သိပါသည်။

သူ့အပြစ်နဲ့သူဆိုတော့ အားလုံးကို ရှိန်နေသည်။ မိုးတိမ်မောင်တွေနဲ့လည်း ခပ်တန်းတန်းဖြစ်ကုန်ကြသည်။

မိုးတိမ်အတွက် ဖြေသာတာတစ်ခုက နွယ် ဆိုတဲ့ကောင်မ ပြဿနာဖြစ်ပြီးမှ ဈေးထဲ မလာရဲတော့ခြင်းပင်။

နီရာတို့ဆိုင်နားမှာ မရှိတော့ တစ်ပူအေးရတာပေါ့. .

မေတ္တာအားကြီးကြီးနဲ့ သူ့အပြစ်တွေ အားလုံးကို မိုးတိမ်ခွင့်လွှတ်ပေးခဲ့ပါတယ်။

နီရာက ဈေးကအပြန် ထမင်းစားပြီးချိန်တွေဆို အခန်းထဲက အပြင်မထွက်တော့ဘဲ သမီးတွေနှင့်သာ ဆော့တော့သည်။





သမီးတွေလည်း အဖေနဲ့နီးနီးကပ်ကပ်နေတော့ ပျော်လို့၊ သူတို့ဘဝမှာ ဒီမိဘတွေရဲ့မျက်နှာကိုပဲ ကြည့်နေခဲ့ရတာ မဟုတ်ပါလား. . .

သမီးကြီးက

'ဖေဖေ. . ရောင်ပေစူးသီချင်း ဆိုပြ'

'သမီး ကမလို့လား'

'ကမယ်လေ၊ ဒီမှာကြည့်. . ရောင်ပေစူး လုပ်ပြီးပြီ၊ ဖေဖေ့ ပုဆိုးပေး'

'အေး. . ပေးမှာပေါ့. . ပေးမှာပေါ့'

နီရာက မဝတ်ရသေးတဲ့ ပုဆိုးတစ်ထည်ကို သမီးခေါင်းမှ စွပ်ချလိုက်ပြီး စလွယ်သိုင်းပေးလိုက်သည်။

ထိုနောက် အကော်ဒီယံအုန်းကျော် ဆိုထားသော ရောင်ပေစူးသီချင်းလေးကို ဆိုကာ သမီးကြီးက ကွေးနေအောင် က,တော့သည်။

♬ တို့ငယ်ငယ်တုန်းအရွယ် × × ရောင်ပေစူးလေးတွေနဲ့ရယ် × × ပုဆိုးကို စလွယ်သိုင်း × × ရွာဝိုင်းပတ်လည် ♬

မိုးတိမ်က ပြုံးပြီး ကျေနပ်စွာကြည့်နေမိသည်။

ဒီသမီးနဲ့အဖေ အတိုင်အဖောက်ညီနေလိုက်တာ. .

သူ့အဖေလိုပဲ အနုပညာသွေးတွေ ပါလာတာပါလား။

မိုးတိမ်ကတော့ ဉာဏ်ကောင်းသော သမီးကြီးကို ပညာ



www.burmeseclassic.com

www.burmeseclassic.com



တတ် ဆရာဝန်မကြီး ဖြစ်စေချင်လှသည်။ မိုးတိမ်တို့ နှစ်ယောက်လုံးက တွဲ့မရခဲ့တော့ ပင်ပင်ပန်းပန်းရှုန်းကန်လာခဲ့ရတာလေ. .

'ကဲ. . အိပ်ကြတော့. . . မိုးချုပ်နေပြီ၊ သမီးကြီး. . . တော်တော့လေ၊ ဖေဖေက မနက်ဆို စျေးထွက်ရဦးမှာ'

'ဖေဖေ. . အရက်မူးသမားသီချင်းဆိုပြဦးနော်. . '

'ကောင်းပါပြီဗျာ. . လာ. . လာ. . အိပ်တော့၊ ဖေဖေ ဆိုပြမယ်'

မိုးတိမ်က သမီးငယ်နံဘေးမှာဝင်လှဲပြီး စဉ်းစားမိသည်။ ဒီလိုပဲ အမြဲတမ်း ဒီမိသားစုလေး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးလေး နေသွားရရင် ဘယ်လောက်ကောင်းလိုက်မလဲ။

လောကမှာ မမှားဖူးတဲ့သူမှမရှိတာ. . မှားဖူးမှသာ အမှန်ကို ပြင်နိုင်မှာပေါ့. .

ဒီလိုပဲ ဖြေတွေးလေး တွေးပြီး အချစ်မပျက်ခဲ့တဲ့ မိုးတိမ်ရယ်ပါ။

*





တစ်နေ့. . . မိုးတိမ်ကို မေမေက ခေါ်၍ပြောသည်။

'မိုးတိမ်. . လမ်းကြားက ငါဆောက်ထားတဲ့တိုက်မှာ နင်တို့ပြောင်းနေတော့၊ ဒီမှာဆို နင့်လင်လည်း နင့်မောင်တွေကို မျက်နှာပူပြီး အနေကျုံ့နေလိမ့်မယ်. . နင့်အဖေက ပြောတယ်၊ နင်တို့ ပြေလည်မှ ဖြည်းဖြည်းချင်း ငွေစုပြီး ဝယ်တဲ့. . အဲဒီအိမ် နင်တို့ကိုပဲ ရောင်းပေးလိုက်မယ်. . နောက်ပြီး. . အမေ ပြောချင်တာက သမီးကိုယ်တိုင်ရွေးခဲ့တဲ့လမ်းကို သမီး အကောင်းဆုံးဖြစ်အောင် ဆက်ပြီးလျှောက်ရမယ်. . . နားလည်လား'

မိုးတိမ် ဝမ်းသာလိုက်တာ။

နီရာ သိရင်လည်း အရမ်းဝမ်းသာမှာပဲ။ ကိုယ့်အိုး ကိုယ့်အိမ်နဲ့ဆို သူလည်း သူဝါသနာပါတဲ့ တီးဝိုင်းအလုပ်ကို စိတ်ဖြောင့်လက်ဖြောင့်လုပ်နိုင်မယ်။ ယောက္ခမအိမ်ကျတော့ သူလည်း အားနာနေရတာပေါ့. . .

အရင်ဦးဆုံး ကျေးဇူးတင်သင့်တာက မိဘတွေကို။ ဒါပေမယ့် မိုးတိမ်ဆိုတာက ဒီလိုမိန်းမပဲလေ. . အမြဲတမ်း ကိုယ့်ကိုယ်ကိုထက် လင်ယောကျ်ားအတွက်ကိုပဲ ဦးစားပေးပြီးစဉ်းစားတတ်တာ။

မေမေတို့ကျေးဇူးကြောင့် မိုးတိမ် တစ်သက်လုံးမျှော်လင့်ခဲ့တဲ့၊ အိပ်မက်မက်ခဲ့တဲ့ အိုးပိုင်အိမ်ပိုင်ဘဝလေးကို ရလာခဲ့ပြီ။ သုံးထပ်တိုက်ကြီးမှာ သမီးတွေ အရမ်းပျော်ကြမှာ သူမ မြင်ယောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအိမ်ကြီးကို ပြောင်းပြီးမှ မိုးတိမ်တို့ စီးပွားပိုဖြစ်လာသည်။ စီးပွားတက်တဲ့အိမ်လို့ ပြောရမယ်ထင်ပါတယ်. .

စီးတဲ့ရေ၊ ဆည်တဲ့ ကန်သင်း ဆိုသလို နီရာ ရှာလာသမျှကို မိုးတိမ်က စီမံခန့်ခွဲပြီး အိမ်ဖိုး အကျေဆပ်နိုင်လိုက်တဲ့အပြင် ရွှေလည်း စုနိုင်လာသည်။

အခြေအနေလေး ကောင်းပြီး နေသားတကျဖြစ်လာတော့ မိုးတိမ် တစ်ခုတွေးမိလာသည်။

နီရာက သားယောက်ျားလေး အရမ်းလိုချင်ပေမယ့် သူမ မွေးပေးခဲ့တာက သမီးချည်း နှစ်ယောက်ဆိုတော့ ခုနေများ ကလေး နောက်တစ်ယောက် မွေးပေးလိုက်ရင် ဒီမိသားစုလေးမှာ သံယောဇဉ်ကြိုးတွေ ပိုများပြီး ပိုခိုင်မြဲလာမလား. .

အတွေးနဲ့လက်တွေ့က ထပ်တူကျဖို့ ဖြစ်မှမဖြစ်နိုင်တာ. .

ဒီလိုနဲ့ပဲ သမီးငယ်နဲ့ ငါးနှစ်ခြားပြီးမှ နောက်ထပ် ကလေး တစ်ယောက် မိုးတိမ် ထပ်မွေးပေးခဲ့သည်။

ကံဆိုးချင်တော့ သားလေးမရဘဲ သမီးလေးပဲတဲ့. .

မိုးတိမ်ရဲ့အဖေက မိုးတိမ်ကို ဆေးရုံမှာလာကြည့်ပြီး အားပေးသွားပါသည်။

'အသုံးကိုမကျဘူး. . တစ်ခါလာ သမီး၊ နောက်တစ်ခါလာလည်း သမီးပဲ'

မိုးတိမ် အမောဆို့ချင်သွားသည်။

*ဆောင်းညပြာသိစာပေ*



အဖေပြောလည်း ပြောချင်စရာပဲကိုး. .

သမီးလေးပေမယ့် ဘိုမလေးလို မျက်လုံးပြူးပြူးလေးနဲ့ဖြူဖြူဖွေးဖွေး ချစ်စရာလေးပါ။

သမီးတွေဆိုတော့ မိုးတိမ်အတွက် အားကိုးလို့ရတာပေါ့။ နီရာတော့ ဘယ်လိုနေမယ် မပြောတတ်ဘူး။

တတိယသမီးလေး လက်လွှတ်လို့ရပြီဆိုတော့ မိုးတိမ်က ဈေးထဲမှာ ယိုးဒယားပါတိတ်တို့၊ ကျောင်းစိမ်းလုံချည်တို့ ရောင်းတဲ့ ဆိုင်ဖွင့်သည်။ အလှကုန်ပစ္စည်းတွေပါ တွဲပြီး တင်တော့. . အရမ်း ရောင်းရသည်။ လင်မယားနှစ်ယောက် တက်ညီလက်ညီ ဝိုင်းရှာ တော့ စီးပွားက ပိုဖြစ်လာသည်။

ဝါတွင်းမှာ ဥပုသ်နေ့တိုင်းလိုလို ဘုန်းကြီးကျောင်းမှာ အလှူလုပ်ကြသည်။ တစ်ခါတလေ မိသားစုတွေ၊ အိမ်နားက လူတွေစုပြီး ပျော်ပွဲစားထွက်ကြသည်။

ဘဝမှာ မိုးတိမ်အတွက်. . စိတ်အချမ်းသာရဆုံးနဲ့ တန်ဖိုး အရှိဆုံးအချိန်တွေပေါ့။

ချစ်တာကို နာတာနဲ့မဖြေဘဲ နာတာကို ချစ်တာနဲ့ ဖုံးတဲ့ မိန်းမဟာ မိုးတိမ်ပါပဲ။ အဖေနဲ့အမေလည်း သူတို့မြေးမလေးတွေကို ချစ်လိုက်တာမှတုန်လို့။

နှစ်ကာလတော်တော်များများကို တည်တည်ငြိမ်ငြိမ်နဲ့ မိုး တိမ်တို့ကျော်ဖြတ်ခဲ့ကြသည်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com

မူပိုင်နှင်းဆီ - ၁၀၀

တစ်ခုသော အောက်တိုဘာလမှာ မိုးတိမ် ဆန္ဒတွေ ပြည့်မြောက်ခဲ့ရသည်။

သားလေးတစ်ယောက်ကို နီရာအတွက် မိုးတိမ် ထပ်မွေးပေးခဲ့ပြန်သည်။

သူသိပ်လိုချင်တဲ့ သားလေးရပြီဆိုတော့ ပိုပြီးခြေငြိမ်သွားမှာပါလေ. .

ရေမြင့် ကြာတင့်တဲ့ ဘဝမျိုးမှာ မိုးတိမ်တစ်ယောက် ကြာကြာမနေလိုက်ရပါ။

♥



## ထပ်ဖောက်ပြန်တယ်

ယုံကြည်ခဲ့သမျှ
ခွင့်လွှတ်ခဲ့သမျှ
ပိုချစ်ခဲ့သမျှ
ပြန်ရခဲ့တာက
ရင်ကွဲဖို့တဲ့. .
မတန်လိုက်လေခြင်း. . .

သားလေးမွေးပြီး မိုးတိမ် ဈေးမထွက်နိုင်တဲ့ နေ့ရက်တွေမှာ ခါးသီးတဲ့သတင်းစကားတွေ နားထဲကို တသီတတန်းကြီးဝင်လာသည်။

သမီးကြီးတောင် အပျိုကလေးဖြစ်ပြီး ရှစ်တန်းကျောင်းသူကြီးဖြစ်နေပြီ။ သမီးလည်း ကြားနေတာပဲတဲ့။ သမီး ရှက်တတ်နေပြီ နီရာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ် မေးသမျှ နီရာက ဘူးပဲ ခံနေသည်။ အထင်လွဲကြတာပါ၊ လျှောက်ပြောကြတာပါ. . ဘာညာပေါ့။

အဲဒီအချိန်ထိလည်း မိုးတိမ် မစွပ်စွဲသေးပါ။သူ့ကို အကြွင်းမဲ့ယုံထားဆဲပင်။

အရင်တစ်ခါကိစ္စတုန်းကလည်း သူကိုယ်တိုင် ဖွင့်ပြောခဲ့တာဆိုတော့ အခုကိစ္စက မဟုတ်လောက်ပါဘူးလေလို့ ကိုယ့်စိတ်ကိုယ်ဖြေတွေးလေး တွေးခဲ့သည်။

ဒါပေမယ့် ဒီမိန်းမက အိမ်အထိလိုက်လာပြီး နီရာ့ကိုလာခေါ်သည်။ ရိုးရိုးတန်းတန်းလာခေါ်ပြီး ဆန်းဆန်းပြားပြားပင် နီရာ့ဆိုင်ကယ်နောက်မှာ ခါးဖက်ပြီးလိုက်သွားသည်။

ထိုမြင်ကွင်းက မိုးတိမ်ကို ခါးသီးစေသည်။ နာကျင်စေသည်။

သူက ဘယ်လိုမိန်းမလဲ. . မိန်းမတစ်ယောက်လုံးရှေ့မှာတောင် ပိုင်စိုးပိုင်နင်းနဲ့ခါးဖက်ပြီး လိုက်သွားရဲတဲ့မိန်းမကို မိုးတိမ် ဘယ်လို ခေါင်းစဉ်တပ်ပေးရမလဲ။ ပတ်ဝန်းကျင်ကလည်း တွေ့ကြတာပဲ။

'ဟဲ့. . နင့်လင်နောက်မှာ ခါးဖက်ပြီးလိုက်သွားတဲ့ ဆံပင်ရှည်ရှည်နဲ့ကောင်မက သိပ်ရွတာပဲ'

'လူပုံကြည့်တော့သာ ရိုးပုံရိုးလက်နဲ့ အရမ်းရဲတင်းတာပဲ၊ သတိထားဦး'





ပြောစကားတွေက မျိုးစုံဆိုတော့. . မိုးတိမ်တစ်ယောက် ဒေါသတွေ ပေါက်ကွဲကုန်ပြီပေါ့။

ကလေးတောင် လေးယောက်ရနေမှပဲ. . ဒီလို ကဲ့ရဲ့စကားတွေ၊ လူမလေး ခွေးမခန့်အပြုအမူတွေ လုပ်စရာလိုသေးလို့လား။

နေ့စဉ်နေ့တိုင်း ကျိတ်ပြီးချနေရတဲ့ ရန်ပွဲတွေ၊ သားသမီးတွေ မသိအောင် ဘယ်လောက်ပဲ ဖုံးဖိထားထား. . အချိန်တန်တော့ သူတို့လေးတွေ သိနေတာပဲလေ. .

မိုးတိမ်ရင်ထဲမှာလည်း နီရာပေးထားတဲ့ ဒဏ်ရာဒဏ်ချက်တွေက နက်သထက်နက်လာခဲ့ပြီ။ ကလေးတွေ ကျောင်းသွားတက်နေတဲ့တစ်နေ့မှာ သူတို့နှစ်ယောက် အကြီးအကျယ် စကားများကြသည်။

'လူတွေဆိုတာမျိုးက နည်းနည်းဆိုရင် များများချဲ့ကားပြီး ပြောမှာပဲလေ. . သူများတွေ ပြောတိုင်း လိုက်ယုံနေရအောင် နင်လည်း ထမင်းစားတာပဲ'

မိုးတိမ်ရဲ့စိတ်တွေ ရှိုင်းစိုင်းလာသည်။

အသားတွေ တဆတ်ဆတ်တုန်လာသည်။

'သူများတွေပြောတာဆိုရင် ထားတော့. . အခု နင့်ညီကိုယ်၌က ပြောလာတာလေ၊ သူများတွေပြောတာ ငါမယုံချင်ဘူးနီရာ၊ ငါ့ဆိုတဲ့မိန်းမက နင်ပြောတာကိုပဲ ယုံချင်ခဲ့တာ၊ ယုံကြည်ခဲ့တာ။ ခုတော့ ငါ့မျက်မြင်ပဲလေ၊ ငါတစ်ယောက်လုံးရှေ့မှာတောင် နင့်ခါး



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ဖက်ပြီးလိုက်သွားသေးတာ. . ငါ့ကွယ်ရာမှာဆို နင်တို့တွေ ဘယ်အတိုင်းအတာထိ ဖောက်ပြန်နေလိုက်ကြမလဲ'

နီရာက ဒေါသတကြီးထ,အော်သည်။

'နင်. . ငါ့ကို မတရားမစွပ်စွဲနဲ့ မိုးတိမ်. . ငါ့ဘက်က ပြောစရာရှိတာ အားလုံး ပြောပြီးပြီ. . . ကျန်တာတော့. . နင့်စိတ် နင့်သဘောပဲ'

ပြောပြီး နီရာ လှည့်ထွက်သွားသည်။ မိုးတိမ်ရဲ့အသံက နီရာအနောက်မှာ ကပ်ပြီးပါလာသည်။

'နင့်လိုလူမျိုးနဲ့နေရတာထက် သေသွားတာက ပိုကောင်းတယ် နီရာ၊ နင်က ငါ့ဘဝမှာ ဂြိုဟ်ဆိုးပဲ'

နီရာက ခနဲ့ပြုံးပြုံးပြီးထွက်သွားသည်။

မိုးတိမ်က သူ့ကျောပြင်ကို နာနာကြည်းကြည်း စိုက်ကြည့်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။

နင်က အရင်နီရာမှ မဟုတ်တော့ဘဲ. . ပညာတွေ တတ်လာပြီဆိုတော့ ငါ့ကို လွယ်လွယ်နဲ့ဝန်ခံမှာ မဟုတ်တော့ဘူး။

*





'မမ. . ဗိုက်ဆာလိုက်တာ'

ညီအစ်မနှစ်ယောက် ကျောင်းမှအပြန်လမ်းတွင် ဗိုက်ဆာလို့ ညည်းတွားနေတဲ့ ညီမလေး နေဇာကို ဝသန်ပျိုက နှစ်သိမ့်လိုက်သည်။

'အမယ်လေး. . ရောက်တော့မှာများ ညီမလေးရယ်၊အမေက ညီမလေးကြိုက်တဲ့ဟင်းတွေ ချက်ပြီး စောင့်နေမှာပေါ့'

'အဟီး. . ပြောရင်းနဲ့တောင် စားချင်လာပြီ'

သူတို့နှစ်ယောက်လုံး ဗိုက်ဆာနေပြီမို့ အိမ်သို့ ခပ်သုတ်သုတ်လေး လျှောက်လာခဲ့ကြသည်။

အိမ်ထဲသို့ ဝင်ဝင်ချင်းမှာပင် တစ်အိမ်လုံး တိတ်ဆိတ်နေတာ သတိထားမိလိုက်သည်။

အောက်ထပ်မှာ တိတ်ဆိတ်နေပေမယ့်. . အပေါ်ထပ်မှာတော့ အိမ်ဖော်မလေးတွေရဲ့အသံက ကမ္ဘာပျက်နေသလား ထင်ရသည်။

'အန်တီ မလုပ်နဲ့. . မလုပ်ပါနဲ့. . အန်တီ မသေပါနဲ့. . . အီး. . ဟီး. . .'

'လာကြပါဦး၊ အဘွားရေ. . အန်တီ့ကို လာပြောပေးပါဦး'

ဝသန်ပျိုက အိမ်ပေါ်တက်တဲ့လှေကားထစ်တွေကို နင်းပြီး ပြေးတက်လာခဲ့သည်။

မြင်လိုက်ရတဲ့ မြင်ကွင်းက. . သူမကို သွေးပျက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်ဖြင့် ရှော့(ခ်)ရကာ. . ပါးစပ်မှ စကားလုံးတွေ ထွက်မလာတော့ပေ။

အမေက ကြိုးခွေကြီး ကိုင်ပြီး ထုတ်တန်းပေါ် တက်ချည်ကာ ကြိုးဆွဲချမလို့လုပ်နေသည်မို့ ညီမလေးနေဇာကိုက ကြောက်လန့်ပြီးအော်သည်။

'မေမေ. . မီးမီးတို့ကို မထားခဲ့ပါနဲ့၊ ပြန်ဆင်းလာခဲ့ပါ. . မီးမီး ဗိုက်ဆာနေပြီ'

အားလုံးကို နားလည်နေပြီဖြစ်တဲ့ ဝသန်ပျိုက

'ဒီလိုနည်းနဲ့ ဘဝကို အရှုံးပေးတော့မလို့လား မေမေ၊ လူတိုင်းလူတိုင်း တစ်ဘဝမှာတစ်ခါပဲ သေရတာ မေမေ. . အခုမေမေလုပ်ပုံက သံသရာမှာ အကြိမ်ကြိမ်သေရမယ့်အလုပ်လေ. . ဖေဖေ့ကို သမီးပြောမှာပါ၊ ကျေးဇူးပြုပြီး သမီးတို့ကို သနားရင် ပြန်ဆင်းလာခဲ့ပါ မေမေ၊ မောင်လေး သနားပါတယ်'

သားငယ်လေးကို ထည့်ပြောလိုက်တော့ မိုးတိမ် တွေဝေသွားသည်။ စိတ်ကို တည်ငြိမ်အောင်လုပ်ပြီး ပြန်ဆင်းလာခဲ့သည်။

သမီးနှစ်ယောက်က သူမကို ဝိုင်းဖက်လာကြသည်။

'ဗိုက်ဆာတယ် မေမေ'

အဲဒီအသံကြောင့် မိုးတိမ် ပျာယာခတ်သွားသည်။ တစ်နေကုန်သတိလွတ်ပြီး မောဟတွေဖုံးနေခဲ့တော့ ထမင်းချက်ဖို့ပင် သူမ သတိမရခဲ့။





'မေမေ. . ထမင်းမချက်ထားမိဘူး သမီးတို့ရယ်. . အနှင်းနဲ့အပြုံး. . နင်တို့လည်း အလကားပဲ. . ငါ့ကို သတိလေး ဘာလေး ပေးပါဦးလား. . အခု ငါ့သမီးတွေ ဗိုက်ဆာနေပြီ၊ ငါဘာလုပ်ရမလဲ'

'ရတယ် မေမေ. . ကျောင်းပြန်တက်ရတော့မယ်၊ သမီး. . ညီမလေးကို ကျောင်းရောက်မှမုန့်ဝယ်ကျွေးလိုက်မယ်၊ မေမေ ခုနကလိုမျိုး ထပ်မလုပ်ပါဘူး. . လို့ ကတိပေးပါလားဟင်၊ ဒါမှ သမီးတို့ကျောင်းကို စိတ်ဖြောင့်ဖြောင့်နဲ့သွားနိုင်မှာပါ'

မိုးတိမ်က ငိုပြီးပြောလာတဲ့ သမီးကြီးရဲ့ဆံပင်လေးတွေကို ပွတ်သပ်ပေးရင်း

'မေမေ မှားသွားတယ် သမီးရယ်'

ပျိုက ညီမလေးလက်ကို ဆွဲပြီး. . . နောက်ဆံငင်စွာပင် ကျောင်းတက်ဖို့ ထွက်သွားသည်။

မိုးတိမ်ရင်ထဲမှာ မကောင်းလိုက်တာလေ. . .

သမီးတွေ ထမင်းမစားရဘဲ ကျောင်းတက်ဖို့ ထွက်သွားရတာ သူမ ဝမ်းနည်းသည်။

ဒါတွေအားလုံးဟာ နင့်ကြောင့်ပဲ နီရာ. . .

♥



www.burmeseclassic.com

www.burmeseclassic.com

## ဖေဖေ နားထောင်ပေးပါ

ကျောင်းပိတ်သောနေ့တစ်နေ့တွင် ပျိုက အဖေနဲ့ထိပ်တိုက်တွေ့သည်။ ထိုအချိန် အနားမှာ အမေရှိမနေခဲ့။

ပျိုက စကားပြောလျှင် ဝေ့ဝိုက်ပြီးမပြောတတ်သူ၊ ဆိုးဆိုးဆတ်ဆတ်ဖြင့် စိတ်ထဲရှိသလို အရှိအတိုင်းသာ ပြောတတ်သူမို့. .

'သမီးကို ထပ်ပြီး အရှက်မခွဲပါနဲ့တော့ ဖေဖေ၊ ကျောင်းမှာလည်း မျက်နှာပူရပေါင်းများပြီ'

'ဘာလို့မျက်နှာပူရတာလဲ'

'သူငယ်ချင်းတစ်ယောက်က ပြောတယ်. . နင်တို့မျိုးရိုးက မကောင်းဘူးတဲ့. . နင့်အဖေလည်း မယားငယ်ယူတယ်၊ နင့်အဘွားလည်း လင်ငယ်နဲ့ပဲ တဲ့. . ဒီစကားတွေ ကြားရတာ သမီး ရင်နာတယ် ဖေဖေ၊ ဒီလောကမှာ သမီးတန်ဖိုးထားတာ ငွေကြေး မဟုတ်ဘူး. . မေတ္တာနဲ့သစ္စာတရားကို ဦးထိပ်မှာ ထားချင်တာ. . ခုတော့ သမီးကျူးလွန်တာမဟုတ်တဲ့အပြစ်တွေကို ဖေဖေတို့ရဲ့အရိပ်ဆိုးတွေ





က သမီးအပေါ်မှာမိုးပြီး သိမ်ငယ်နေရတယ်. . မေမေ့ကိုကြည့်ပြန်တော့လည်း စိတ်မချမ်းသာရဘူး. . ဒီနှစ်. . သမီး ရည်မှန်းချက်ကို ဖေဖေ သိပါတယ်၊ ဒါပေမယ့် သမီး စာကျက်လို့မရဘူး ဖေဖေ'

အဖေက ပျို့ကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်ပြီး ကြိမ်းသည်။

'နင့်ရည်မှန်းချက်သာ နင် ပြည့်အောင် ကြိုးစားပါ၊ ငါတို့လူကြီးကိစ္စတွေ နင်ဝင်မပါပါနဲ့၊ လူ့ဘဝမှာ ဖြစ်ချင်တိုင်းဖြစ်လို့ရမယ်မထင်နဲ့၊ ရှစ်တန်းမှာ နင် ခြောက်ဘာသာလုံးဂုဏ်ထူးရအောင် ဖြေပြစမ်းပါ၊ ဒါဆို. . နင်တောင်းဆိုတာကို ငါစဉ်းစားပေးမယ်'

'အတတ်နိုင်ဆုံး ကြိုးစားမယ် ဖေဖေ. . ဖေဖေ့ကတိသာ ဖေဖေ တည်ပါစေ'

ကတိတစ်လုံးနှင့်အလဲအလှယ်လုပ်ချင်သည့် ဝသန်ပျိုက ထိုနေ့ကစပြီး စာကို နှစ်ဆတိုးကာ ကြိုးစားသည်။

ကြိုးစားသည့်အတိုင်းလည်း ထိုနှစ်က ဘာသာစုံဂုဏ်ထူးဖြင့် တစ်မြို့နယ်လုံးတွင် ပထမရအောင် ဖြေဆိုပြနိုင်ခဲ့သည်။

ဝသန်ပျိုအတွက် အဖေဂုဏ်ယူနေတာ၊ ပျော်မြူးနေတာ၊ ကျေနပ်နေတာ တွေ့ရတော့ ပျိုက ကြိတ်ပြီး ကျေနပ်နေမိသည်။

ထို့အတူ သိချင်တာတစ်ခုက. .

အဖေ ဘာဆက်လုပ်မှာလဲ ?

♥



www.burmeseclassic.com

www.burmeseclassic.com

## ရင်ဆိုင်မလား၊ ထွက်ပြေးမလား

အိမ်တွင်းရေးပဋိပက္ခလေးတွေ မငြိမ်းသေးပေမယ့် မိုးတိမ်ဘက်က သားသမီးတွေကိုငဲ့ပြီး အကျယ်ချဲ့မနေတော့။

နှစ်ကြိမ်တိုင်တိုင် အရှက်ကွဲထားတဲ့ ဒီမြို့၊ ဒီပတ်ဝန်းကျင်မှာလည်း ဆက်နေချင်စိတ်လုံးလုံးမရှိတော့ နီရာနှင့်ညှိနှိုင်းရသည်။

'ငါ ဒီမြို့ကနေ ခွာတော့မယ် နီရာ. . ပတ်ဝန်းကျင်အသစ်မှာ လူသစ်၊ စိတ်သစ်နဲ့ပဲ ငါတို့ဘဝသစ်ကို စကြရအောင်၊ နောက်တစ်ခုက သမီးကြီးက စာတော်တော့. . သူ့ပညာရေး ကောင်းစေချင်တာလည်း ပါတယ်'

နီရာကလည်း မဆိုင်းမတွပင် ထိုမြို့လေးမှ ပြောင်းဖို့ သဘောတူလေသည်။ သူပြောင်းချင်တဲ့ အကြောင်းပြချက်ကိုတော့ သူကိုယ်တိုင်မှပဲ သိနိုင်ပါလိမ့်မည်။ သူတို့မိသားစုပြောင်းတော့မယ် ဆိုတာသိတော့ မိုးတိမ်ရဲ့အမေဒေါ်နှင်းနွဲ့က ရှိုက်ရှိုက်ပြီး ငိုသည်။





'ငါ့မြေးလေးတွေနဲ့ငါ့ကို ရှင်ကွဲကွဲအောင် လုပ်တာလား. . မိုးတိမ်၊ နင် ဘာဖြစ်လို့ပြောင်းချင်သလဲဆိုတာ နင် မပြောပေမယ့် ငါသိတယ်. . ငါသိပြီးသားပါ၊ နင့်လင်အတွက် နင်ဒီဝန်းကျင်ကနေ ထွက်ပြေးတာ မဟုတ်လား၊ သမီး စဉ်းစားပါကွယ်. . ဒီမှာ မေမေတို့ မျက်စိအောက်မှာနေတဲ့အချိန်၊ သမီးမောင်တွေအများကြီးနဲ့ အုတ်အုတ်ကျက်ကျက် ဝန်းရံထားတာတောင်မှ ဒီကောင်က ဗွေဖောက်ထားတာ၊ ဟိုမှာဆို ပိုတောင်ဆိုးဦးမယ်. . နားလည်လား'

စေတနာနဲ့ပြောတာမှန်းလည်း အသိ၊ ဝေဒနာကြောင့်. . ထွက်ပြေးချင်နေသူက သူကိုယ်တိုင်ဆိုတော့. . အမေ့စကားတွေကို မိုးတိမ်က စာဒကတက်မနေချင်တော့။

မိုးတိမ်လည်း ကိုယ့်အမေကို ဘယ်ခွဲချင်ပါ့မလဲ။

ကိုယ့်မောင်တွေ၊ ညီမတွေကိုထားခဲ့ပြီး ထွက်သွားရမှာမို့ ညတိုင်း ကျိတ်ငိုနေရတာ သူတို့သိနိုင်မှာမဟုတ်ပါဘူးလေ. . .

မိုးတိမ်တို့ ရန်ကုန်ပြောင်းတော့မယ်. . ဆိုတဲ့သတင်းကြားတော့. . လမ်းထဲမှာရှိတဲ့အိမ်တွေ အားလုံးနီးပါး လက်ဆောင်တွေ လာပေးပြီး နှုတ်ဆက်ကြသည်။

မိုးတိမ်က ဟန်ဆောင်ပြီး အားတင်းထားသည်။

ဒေါ်ဒေါ်ကြူက

'မိုးတိမ်ရယ်. . နင်တို့သားအမိတွေမရှိရင် ငါတို့လမ်းလေးတော့ ခြောက်သွေ့ပြီးကျန်နေခဲ့တော့မှာပဲ၊ တစ်နှစ်တစ်ခါက်တော့



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင်ပြန်လာခဲ့ကြနော်. . မနွဲ့တော့ ပြော ပြောပြီး ငိုနေတာ သနားစရာကွယ်. . သူ့မြေးတွေနဲ့ ခွဲမှမခွဲနိုင်ဘဲကိုး'

ပြောပြီး သူက ငိုနေသည်မို့ မိုးတိမ်က ပြန်ချော့ယူရသည်။

'မိုးတိမ်တို့ ကျောင်းကြီးပိတ်တိုင်း ပြန်လာမှာပါ ဒေါ်ဒေါ်ကြူရယ်. . ဝမ်းမနည်းနဲ့တော့နော်. . ပျို ကို၊ နို့. . လာဦး၊ သမီးတို့ ဘွားဘွားကြူကို နှုတ်ဆက်လိုက်ကြဦး'

မိလင်းက သတင်းကြားကြားချင်း အပြေးရောက်လာပုံရသည်။ လက်ထဲမှာလည်း ဆိုင်သိမ်းလို့ပြန်ပါလာတဲ့ ပစ္စည်းတွေက လက်နှစ်ဖက်လုံးအပြည့်။

သူ့အထုပ်တွေကိုချပြီး မိုးတိမ်ကို ပြေးဖက်ကာ ငိုသည်။

'သူငယ်ချင်း. . နင် ငါ့ကိုထားခဲ့ပြီး သွားတော့မှာလားဟင်'

ဟန်ဆောင်ပြီး အားတင်းထားပါတယ် ဆိုတဲ့ မိုးတိမ်. . မိလင်း ငိုတာတွေ့တော့ မျက်ရည်က မခိုင်ချင်တော့။

'ငါ ဒီမှာဆက်နေလို့မှမရတော့တာ မိလင်းရယ်. . လူတွေရဲ့မျက်လုံးအကြည့်ကို ငါခံနိုင်ရည်မရှိတော့ဘူး. . ရင်မဆိုင်ရဲတော့ ထွက်ပြေးရတော့မှာပေါ့. . အဲဒီအတွက် ငါစိတ်မကောင်းပါဘူး. . ရင်နာနာနဲ့ အားလုံးကိုထားခဲ့ရတာပါဟယ်. . ငါ့ကို နားလည်ပေးပါနော်'

'အေးလေ. . တစ်နယ်တစ်ကျေးမှာ နင် ကံကောင်းပါစေလို့ ငါဆုတောင်းပေးလိုက်ပါတယ်. . အကြောင်းတစ်စုံတစ်ရာရှိရင်





ငါ့ကို ခေါ်လိုက်နော်. . ကြားလား၊ နင်တစ်ယောက်တည်း ကျိတ်ပြီး ခံမနေနဲ့. . ငါ နင့်ကို လွှတ်သာ လွှတ်လိုက်ရတယ်၊ စိတ်ကို မချပါဘူးဟယ်'

ခွဲခွာခါနီးမှ အတူနေခဲ့ဖူးတဲ့ သံယောဇဉ်ကို သတိရလာသည်။ နားလည်လာမိသည်။ မိုးတိမ်တို့သူငယ်ချင်းနှစ်ယောက်ဖက်ပြီး ငိုမိကြသည်။

ကလေးတွေလည်း သူတို့ရဲ့ဇာတိမြို့လေးကို ခွာချင်ပုံ မရကြပါ။

သမီးကြီးနှစ်ယောက်က သူတို့ ငယ်ငယ်လေးကတည်းက နေခဲ့ဖူးတဲ့အိမ်ကြီးကို သံယောဇဉ်မကုန်စွာ ကြည့်ပြီးပြောသည်။

သမီးကြီးပျိုက -

'မိုးတွေ ညိုလာတိုင်း ဒီအိမ်ကြီးကိုလွမ်းနေတော့မှာပဲ မေမေရယ်. . ဖြစ်နိုင်ရင် သမီးတို့ ဒီမှာပဲ တစ်သက်လုံး နေသွားရင် မကောင်းဘူးလားဟင်'

သမီးလတ်'ကို'က

'ဟုတ်တယ် ဟိုမှာဆို သမီးတို့ ဘယ်သူနဲ့ဆော့ရမှာလဲလို့'

'သမီးတို့မောင်နှမလေးယောက် အတူတူဆော့ကြပေါ့'

မိုးတိမ်က ဒီလိုပြောတော့ သူတို့လေးတွေ လက်ခံချင်ပုံ မရပါ။

'ရန်ကုန်က အိမ်တွေက ကျဉ်းတယ် မေမေရဲ့. . ဒီအိမ်လို



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ကြီးမှမဟုတ်တာ. . သူငယ်ချင်းတွေလည်း မရှိဘူး၊ ညဖက် ထုပ်ဆီးတိုးချင်ရင် ဘယ်လိုလုပ်မလဲ မမေ'

'ပျော်ရာမှာ မနေရဘူးတဲ့. . သမီးတို့တွေ အတန်းကြီးလာကြပြီ၊ မေမေနဲ့ဖေဖေက ဘွဲ့မရခဲ့တော့ ငါ့သားသမီးလေးယောက်လုံးကို ပညာတတ်စေချင်တယ်၊ ဘွဲ့ရစေချင်တယ်၊ မေမေ့ကို သနားရင် ဒါလေးတစ်ခုတော့ ဖြစ်အောင်လုပ်ပေးကြပါကွယ်. . မေမေ့ကို ကြည့်လေ. . ပညာမတတ်တော့ လူတောလည်း မတိုးရဲဘူး၊ သိမ်ငယ်ရတယ်. . သူများတွေ ဘိုလိုမှုတ်နေရင် အားကျပြီး ငေးကြည့်နေရတာ'

မေမေ့ကို ပျို သနားလိုက်တာ. . .

မေမေ မိသားစုအပေါ်မှာ အနစ်နာခံခဲ့တာတွေ၊ ပေးဆပ်ခဲ့တာတွေ တော်တော်များခဲ့ပြီ။

ပျို့ခေါင်းထဲမှာ မေမေ့ကို စိတ်ချမ်းသာစေချင်သည်။ အေးချမ်းစေချင်သည်။

ပျိုက သမီးကြီးဆိုတော့ ပျို ဦးဆောင်ပြီး ညီမလေးတွေ၊ မောင်လေးတွေကို စာကြိုးစားဖို့ တပ်လှန့်ရတော့မည်။ နှိုးဆော်ရတော့မည်။

ပျိုတို့အားလုံး ဘွဲ့ရမှ မေမေစိတ်ချမ်းသာမှာ. . .

♥

*ဆောင်းညပြာသိုစာပေ*

## တစ်မြေခြားက စိန်ခေါ်မှုများ

'ဘုရင့်နောင် ဖောင်ဖျက်'ဆိုသလို ရန်ကုန်ကို တက်သာလာရတာ. . အလုပ်အကိုင်တွာ နတ္ထိ။ ရှိတာလေးတွေ ဖဲ့ဖဲ့ပြီး ချွေစားနေရသည်။ မိုးတိမ် စုဆောင်းလာတဲ့ ရွှေဆွဲကြိုးတွေကို တစ်ကုံးပြီး တစ်ကုံး ဖျောပစ်နေရသည်။

တော်ကြာ အိမ်ပြင်ဖို့လိုလိုက်၊ ကလေးတွေအတွက် ကျူရှင်လခတွေကလည်း မနည်းပေ။ နယ်မှာဆို ဘာကျူရှင်မှ ကို မလိုတာ။ ကျောင်းမှာ အတတ်သင်၊ အိမ်ရောက်ရင် ပြန်ကျက်၊ နောက်နေ့ကျကျောင်းမှာ ဆရာတွေက စာပြန်မေးပေးတော့ ဟန်ကျနေတာပေါ့။

ခုတော့ သမီးတွေက အားငယ်သလိုလေး ညည်းကြသည်။ 'ဘာမှနားမလည်ဘူး၊ မလိုက်နိုင်ဘူး'တဲ့။

ကိုယ့်သားသမီးမျက်နှာငယ်တာမျိုးတော့ ဘယ်မှာလာပြီး ကြည့်ရက်နိုင်ပါ့မလဲလေ။ ဖြည့်ဆည်းပေးရတာပဲပေါ့။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင်မရှိလို့ စိတ်ညစ်ရသည့်အထဲ . . ရန်ကုန်ပြောင်းပြီး ခြောက်လကျော်ကျော်လောက်မှာ ကိုယ့်ရှိသည့်အလုပ်တောင် သူများကို ပေးလိုက်ရသည့်အဖြစ်။

နယ်မှာကျန်ခဲ့သည့် နီရာ့ဆိုင်လေးက ရောင်းအားကောင်းပြီး ဖောက်သည်များတော့ နီရာ့ညီ မောင်စိန်ကို ကော်မရှင်ပေးပြီး ရောင်းခိုင်းထားခဲ့သည်။

တစ်နှစ်ကို ထိုဆိုင်မှ အမြတ် ဘယ်လောက်ရတယ်ဆိုတာ မိုးတိမ် အသိ။

နှစ်တိုင်းလည်း စားပြီးသောက်ပြီးအပြင် ရွှေတွေ အများကြီးစုဆောင်းမိခဲ့တာပဲ။

ခုတော့ ရန်ကုန်ပြောင်းတာမှ တစ်နှစ်မပြည့်သေးဘူး၊ ဆိုင်မှာ အရှုံးပေါ်နေလို့ သူ့ညီကိုပဲ ပေးလိုက်တော့မယ်တဲ့လေ . .

အဲဒီစကားကြောင့် မိုးတိမ်တို့လင်မယား အကြီးအကျယ်စကားများကြသည်။

'ဘယ်လိုမှမဖြစ်နိုင်ဘူး နီရာ၊ ငါတို့ဆိုင်က ဘာကိစ္စ အရှုံးပေါ်ရမှာလဲ . . ဘယ်လောက်ထိ အမြတ်ရသလဲဆိုတာ စာမတတ်ပေမယ့် ငါသိပြီးသား၊ ခုဟာက သက်သက်လူလည်ကျတာ၊ နင့်ညီလင်မယားက အပိုင်စီးချင်လို့ ပြောတိုင်း နင် ယုံနေသလား . . ငါ့သဘောက ဒီဆိုင်ကို လုံးဝမပေးနိုင်ဘူး၊ ငါ့သားသမီးတွေ ကြီးလာတဲ့အခါ သူတို့ကို ဦးစီးပြီးလုပ်ခိုင်းရမယ်'





မိုးတိမ်က တင်းမာနေသလောက် . . နီရာ့ဘက်က ပျော့ပျောင်းနေသည်။

သူက ကိုမျိုးချစ်ပဲလေ . . သူ့အမျိုးအဆွေကို သိပ်ပြီး သိတတ်တာ . . ခုလည်း သူ့ညီကို ဆိုင်တစ်ဆိုင်လုံး အပိုင်ပေးချင်နေပြန်ပြီ။

'တို့သားသမီးတွေလည်း ပြန်ပြီး လုပ်နိုင်မယ် မထင်ဘူး မိုးတိမ် . . အခုလုပ်ပေးနေတာလည်း သူစိမ်းမှမဟုတ်ဘဲ . . ငါ့ညီကတော့ လိမ်ပြောမယ်မထင်ပါဘူးဟာ . . တကယ်အရှုံးပေါ်လို့ ပြောတာနေမှာပါ . . ရေရှည်ကို စဉ်းစားကြည့်လေ မိန်းမ . . သူများဆီက လက်ဖြန့်ပြီးသုံးမလား၊ သူများလက်ထဲကို ကိုယ်က ထည့်ပေးလိုက်မလား၊ ငါကတော့ ရှင်းရှင်းပဲ . . အယူသမားမဖြစ်ချင်ဘူး မိုးတိမ်၊ ပေးပဲ ပေးချင်တာ'

သူက ဒီလိုပြောလေ . . မိုးတိမ်က ဒေါသထွက်လေပင်။

'အေး . . ပေး . . ပေး . . နင့်မိန်းမပါ သူများ တောင်းရင် အလကားပေးလိုက်တော့ သိလား'

သူစိမ်းတစ်ယောက် ငှားပြီး ဆိုင်စောင့်ခိုင်းခဲ့ရင်တောင် တော်ဦးမယ် . . ခုတော့ ရွေ့နေငှားမှ ထောင်လုံးလုံးကျရတဲ့ကိန်း ဆိုက်နေပြီလေ။

'စိတ်လျှော့ပါကွာ . . ငါ့မိန်းမက နားလည်မှုရှိပေးမှပေါ့ . . သူစိမ်းကိုပေးလိုက်တာမှမဟုတ်ဘဲ . . ကိုယ့်မတ်ပဲ ဥစ္စာ'



www.burmeseclassic.com

www.burmeseclassic.com



နင်တို့အမျိုးတွေက ငါ့အပေါ်မှာ ဘယ်နှခါကောင်းဖူးလို့လဲဟု မိုးတိမ်က မေးလိုက်ချင်သည်။

လင်က အပျော့ဆွဲလေးဆွဲလိုက်ရင် မိုးတိမ်တို့က ပျော့ပြီးသားဆိုတော့ ဒီကိစ္စကို သူမပဲ အရှုံးပေးလိုက်ရသည်။

တစိမ့်စိမ့်တွေးကြည့်ရင်. . ကျေနပ်ချင်စရာ တစ်ကွက်မှ မရှိပါ။

စဉ်းစားကြည့်လေ. . သူ့ကိုယ်၌က အလုပ်မရှိ အကိုင်မရှိ ဖြစ်နေတဲ့အချိန်မှာ သူ့ညီအတွက် အလုပ်ရအောင် သူ့ဆိုင် တစ်ဆိုင်လုံးကို ထိုးပေးမလို့တဲ့။

ဝေဿန္တရာလက်သစ်ကြီး နီရာလေ. . သူ့အိမ်က မိသားစုတွေက ခြိုးခြံချွေတာပြီး စားကြပေါ့. .

*





မိုးတိမ်ရဲ့အောက် နံပါတ်လေးယောက်မြောက်မောင်လေး မိုးအောင်က အစ်မဖြစ်သူကိုကြည့်ပြီး သနားလာပုံရသည်။

တစ်နေ့ သူ့ယောက်ဖမရှိတုန်း မိုးတိမ်ကို သူပြောလာတာက -

'မကြီး၊ ကျွန်တော့်အဝယ်တော်အလုပ်ကို မကြီးယောကျ်ားကို လွှဲပေးလိုက်တော့မယ်'

မိုးတိမ် အံ့သြသွားတာပေါ့။

'ဒီအလုပ် နီရာကို ပေးလိုက်ရင် နင်က ဘာအလုပ်လုပ်မှာလဲ မောင်လေးရဲ့'

'ကျွန်တော်က လူပျိုလူလွတ်ပဲ မကြီးရယ်. . ထမင်းနှစ်နပ်ကို မကြီးအိမ်မှာ စားလိုက်ရင် ပြီးရောပေါ့၊ မကြီးမှာက ကျွန်တော့်တူမတွေအတွက် လစဉ်ဝင်ငွေတော့ လိုမှာပေါ့၊ ကျွန်တော့်ကို ဘာမှအားနာမနေနဲ့. . မကြီးယောကျ်ားကိုသာ ပြောလိုက်တော့'

ကျေးဇူးတင်ပါတယ် မောင်လေးရယ်. .

ကျပ်တည်းနေတဲ့အချိန်မှာ ကူညီတဲ့အတွက် ဘယ်တော့မှ မမေ့ပါဘူးဟယ်. .

တရားကျဖို့တော့ ကောင်းသား။

နီရာက သူ့ညီကို အပေးပဲ ရှိတာ. . ငါကျတော့ ငါ့မောင်ဆီက အယူပဲရှိခဲ့တာကိုး. .

ဒီလိုတွေးလိုက်ရင်တော့ ငါအသည်းနာတယ် နီရာ. .



www.burmeseclassic.com

www.burmeseclassic.com

## မှုပိုင်နှင်းဆီ – ၁၂၀

သူစိမ်းတွေနေတဲ့အရပ်မှာ ငါတို့မိသားစု ထမင်းတစ်လုတ်တော့ မငတ်နိုင်တော့ပါဘူး။

တစ်မြေခြားက စိန်ခေါ်မှုတွေကို တည်တည်ငြိမ်ငြိမ်နဲ့ထပ်ပြီး အံတုကြတာပေါ့. . .

နင်သာ လိမ္မာနေပါစေ နီရာ. . . ကျန်တာ ငါ ဘာတစ်ခုမှ မမှုပါဘူး။

♥



## တည်ငြိမ်နေသော နေ့ရက်များ

နီရာ တော်တော်လေးကို ပင်ပန်းနေပြီဟု မိုးတိမ်က ထင်လေသည်။ မနက်မိုးလင်းတာနှင့် သားသမီးတွေစားဖို့ မုန့်ဝယ်ပေးပြီး ကျောင်းပို့သည့်တာဝန်ကို ဆက်ယူရသည်။

သမီးတွေကျောင်းက မနက်ပိုင်းတစ်ပိုင်းပဲ တက်ရတာဆိုတော့ နေ့လည် ဆယ့်နှစ်နာရီထိုးရင် ကျောင်းပြန်ကြိုပြီးမှ ထမင်းစားရသည်။

ထမင်းစားပြီးတော့ မင်္ဂလာဈေးကိုသွားပြီး orderတက်လာသည့်ပစ္စည်းများကို သွားဝယ်ပေးရသည်။ ဈေးက ပြန်လာရင် နယ်ပို့ဖို့ပစ္စည်းတွေ ပုံးနဲ့ရိုက်ပြီး သေချာစီထည့်ရသေးသည်။

သူ့ခမျာ နားချိန်မရှိတော့ ပင်ပန်းနေမှာပဲဆိုပြီး မိုးတိမ်က သနားနေမိသည်။

အလုပ်နဲ့ကလေးတွေကိစ္စကိုပဲ ဦးနှောက်ထဲမှာထည့်ထားရတော့ ဟိုဟိုဒီဒီလည်း စိတ်ရောက်နိုင်တော့မယ် မထင်ဘူး. .



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ နီရာ တကယ်လိမ္မာတော့မှာလား. .

ဘုရားရှေ့မှာ မိုးတိမ် အမြဲဆုတောင်းတာကလည်း နီရာ့ဆီမှာ စဉ်းစားချင့်ချိန်တတ်တဲ့ အသိဉာဏ်လေး အမြန်ဆုံးရပါစေလို့ ဆုတောင်းတတ်တာပါ။

အဲဒီနေ့ကိုပဲ မိုးတိမ်က အမြဲစောင့်မျှော်နေတာ. . .

ဘဝ တစ်ဆင့်မြင့်ချင်လို့လားတော့ မသိပါဘူး။ ဈေးမှာ ပစ္စည်းသွားဝယ်ရင်းနဲ့ နီရာ့ဆီမှာ မိတ်ဆွေတွေတိုးလာသည်။ သူတို့နဲ့လုပ်ငန်းအတူတွဲလုပ်ဖို့ နီရာ့ကို ခေါ်ကြသည်။

ဒါနဲ့ပဲ သူတို့မိတ်ဆွေငါးယောက် စုစည်းပြီး 'Top Place' ကုမ္ပဏီကို တည်ထောင်ကြသည်။

သူတို့ကုမ္ပဏီမှာက ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်တာလည်း ပါသည်။ construction လည်း ပါသည်။ သွင်းကုန်ထုတ်ကုန်လည်း လုပ်ကြသည်။

ကံကောင်းချင်တော့ သူတို့ ဘာလုပ်လုပ် အရှုံးဆိုတာမရှိဘဲ အမြတ်အစွန်းက ရနေသည်။ အနုပညာပါရမီအခံရှိတဲ့ နီရာက ဗီဒီယိုထုတ်လုပ်ရေးဘက်ကို တာဝန်ယူပြီး ဦးဆောင်ရသည်။

နောက်ပိုင်းမှာ ရှယ်ယာဝင်တွေက constructionဘက်ကို ခွဲပြီးယူလိုက်ကာ 'Top Place'ကုမ္ပဏီက နီရာတစ်ဦးတည်းပိုင်ဖြစ်လာခဲ့သည်။

ကုမ္ပဏီက တဖြည်းဖြည်းနဲ့ နာမည်ရလာသည်။ စီးပွား





ဖြစ်လာခဲ့သည်။ ရုပ်ရှင်ရိုက်ကူးနိုင်တဲ့အဆင့်အထိ တိုးမြှင့်လာနိုင်ခဲ့သည်။

အခုဆို မိုးတိမ်တို့မှာ သားသမီးတွေအတွက်လည်း သိပ်ပြီးပူပင်စရာမရှိတော့။

ရန်ကုန်ပြောင်းပြီး ရှစ်နှစ်အတွင်းမှာ သမီးကြီးဝသန်ပျိုတောင် ဘွဲ့တစ်ခုကိုရပြီးခဲ့ပြီ။သမီးလတ် နေဇာကိုလည်း သိပ်မကြာခင်မှာ ဘွဲ့ရတော့မှာ။ သမီးငယ် သန္တာနိုက ဆယ်တန်းမှာ၊ သားငယ်လေး လင်းသူရိန်က ငါးတန်းတောင် ရောက်နေပြီဆိုတော့. . အကြီးနှစ်ယောက်အတွက်ကတော့ စိတ်အေးရနေပြီဖြစ်သည်။

ဘာပဲပြောပြော ထိုကာလတွေအတွင်းမှာတော့ မိုးတိမ်က သူ့ကို ကျေးဇူးအထူးပင် တင်ရပါသည်။ သားသမီးတွေအပေါ်မှာ တာဝန်ကျေစွာနဲ့ သူ့အပြစ်တွေကို ပေးဆပ်နေတာပါလား. .

ဒီလိုတွေးမိပြန်တော့လည်း သနားချစ်လေးနဲ့ ပိုလို့ပင် ချစ်မိပါသေးသည်။

တစ်ခုပဲ ရှိသည်။ အဲဒါကတော့ ဘယ်လောက်ပဲ ဝေးဝေးနေပါစေ. . သူ့အမျိုးအဆွေတွေရဲ့ဒဏ်ကိုတော့ ကြုံရင် ကြုံသလို ခံနေရသေးတာပဲ။

သူ့ညီမက ရန်ကုန်မှာ အလုပ်လုပ်မယ်ဆိုပြီး အိမ်မှာ လာနေသည်။ နဂိုကတည်းက စရိုက်ကြမ်းသူမို့ အိမ်မှာရှိတဲ့ အိမ်ဖော်တွေတောင်မှ မမြဲချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပထွေး ဆိုသူက တစ်ခါလာပြီး ဆေးရုံတက် မျက်စိခွဲသည်။ ဘယ်မှာလဲ ထမင်းချိုင့်ပို့မည့်သူ။ မိုးတိမ်က မနေနိုင်တော့ နေ့တိုင်း ထမင်းချိုင့်ပို့ပေးရသည်။

ဒါတွေက တကယ်တမ်းကျတော့ သူ့အမေက လုပ်ပေးရမှာ။ အဲဒါ သူ့ယောကျ်ားလေ. . ဒါပေမယ့် မိုးတိမ်တို့မှာ စေတနာတရား ဒီလောက်အထိ မခေါင်းပါးသေးပါဘူး။

နောက်တစ်ခါ သူ့ညီရဲ့ကလေး. . ဆေးရုံတက်ရပြန်ပြီ။ မိုးတိမ်ပဲ စိတ်ပူပြီး လုပ်ပေးပြန်ပြီ။

မိုးတိမ် ဆိုတဲ့ မိန်းမက ပေးဆပ်ဖို့သက်သက် လူဖြစ်လာတဲ့သူပဲ။ ပေးနေရတာကို မညည်းညူဘဲ ကြည်ဖြူကျေနပ်နေတတ်သူပါ။

ထို့အတူ. . တိုးတက်လာသောစီးပွားရေးနှင့် နီရာ့အရည်အချင်းတွေကိုလည်း သူမက ဂုဏ်ယူတတ်သေးသည်။

နီရာကလည်း ဒါကိုပဲ အမြဲ လက်မ,ထောင်လေသည်။

ငါလုပ်ရင် ဘာမဆိုဖြစ်တယ်ပေါ့လေ။ သူ့ကုမ္ပဏီက ထုတ်တဲ့ ရုပ်ရှင်ကားကလည်း အကယ်ဒမီရသွားတာကိုး။

ထိုအတွေးတွေက တကယ်တမ်းကျတော့ ကောင်းတဲ့ဘက်ကို ဦးတည်သွားတာက ရှားပါသည်။ လူဆိုတာမျိုးက ဘယ်လောက်ပဲ အခြေအနေမြင့်နေပါစေ. . အမြဲတမ်း နှိမ့်ချပြီး နေနေရမှာ. . ။

သူ့အရည်အချင်းနဲ့ လုပ်ရည်ကိုင်ရည်ကို အသိအမှတ်ပြု





ပြီး အနုပညာနဲ့ပတ်သက်တဲ့ NGOအဖွဲ့အစည်းတစ်ခုမှာ အလုပ်လုပ်ပေးဖို့ ကမ်းလှမ်းခြင်းခံရသည်။

မိုးတိမ်ကတော့ သူ ပင်ပန်းမှာစိုးလို့ သိပ်ပြီးမလုပ်စေချင်ခဲ့။ သူ့ဘက်က စိတ်အားထက်သန်နေလို့သာ ခွင့်ပြုလိုက်ရတာ။ သူ အဲဒီဘက်မှာ အလုပ်လုပ်ပေးနေတဲ့အချိန်တစ်လျှောက်လုံး သမီးကြီးနှစ်ယောက်က ကုမ္ပဏီအလုပ်ကို ဦးစီးပြီး ရုံးခန်းမှာ အလှည့်ကျထိုင်ပေးနေသည်။

သမီးငယ်'နို'ကလည်း တက္ကသိုလ်တက်နေပြီ။ အချိန်တွေက အကုန်မြန်လိုက်တာ။ မျက်စိရှေ့တင် ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် လူလားမြောက်လာခဲ့ပြီ။ ရန်ကုန်ပြောင်းပြီး ဆယ့်တစ်နှစ်အတွင်းမှာ သမီးကြီး အိမ်ထောင်ကျသည်။

ခုဆို မိုးတိမ်တို့ ရာထူးတိုးလို့ အဘွားဖြစ်သွားပြီ။

သမီးကြီး'ပျို'က မြေးဦး ယောကျ်ားလေးတစ်ယောက်ကို မွေးပေးခဲ့သည်။

မိဘတွေက ပေးဆပ်သလို သားသမီးတွေဘက်ကလည်း တာဝန်ကျေသည်ဟု မိုးတိမ် ထင်သည်။ တစ်ယောက်မှ ဆယ်တန်းကျတာမျိုး မရှိခဲ့။

မိုးတိမ်အတွက် ပိုပြီးဂုဏ်ယူစရာတစ်ခုက သားငယ်လေး 'လင်း' ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေတုန်းက ဆယ်တန်းမအောင်ဘဲ အိမ်ထောင်ကျခဲ့တာဆိုတော့ ဘဝက ကြမ်းသည်။ ခက်ခက်ခဲခဲကို ရုန်းကန်ခဲ့ရသည်။ ဒါတွေက ကံ၊ ကံ၏အကျိုး ဆိုသလို မိဘကို စိတ်ဆင်းရဲပေးခဲ့လို့လည်း ဖြစ်နိုင်သည်။

မိုးတိမ်ရဲ့မောင်တွေကျတော့ အားလုံး ကောင်းစားနေကြပြီ။ တန်ဖိုးကြီးတဲ့အိမ်ခြံမြေတွေနဲ့ နေပြီး ကားအကောင်းစားတွေစီးနိုင်နေကြပြီ။

အမေဒေါ်နှင်းနွဲ့ ဆုံးပြီးမှ သူတို့မောင်နှမတွေ ပိုပြီးစည်းလုံးကြသည်။

မိုးတိမ်ရဲ့ညီမအငယ်ဆုံးလေး ဌေးဌေးဆို မိုးတိမ်ကို အစ်မကြီးအမိအရာထားကာ ကိုးကွယ်တတ်ခဲ့ပြီ။ချစ်ခင်ရိုသေလွန်းသည်။

မိုးတိမ်ကလည်း သူ့အောက်က မောင်တွေ၊ ညီမတွေကို မေတ္တာအားကြီးစွာထားသည်။

ဒါတွေကို နီရာရဲ့အမေ ဒေါ်ရုံးအော်က အမြဲတမ်း ကျိတ်မနိုင်ခဲမရဖြစ်သည်။ မျက်စောင်းကျသည်။ မိုးတိမ်က သူ့အမေရဲ့စိတ်ကို မနှစ်သက်သော်လည်း ယောက္ခမဖြစ်နေတော့ တော်ရုံဆိုမျိုသိပ်ပြီး သည်းခံခဲ့သည်။

ကိုယ့်ဘက်က တာဝန်နှင့် ဝတ္တရားကိုတော့ ဘာတစ်ခုမှ မပျက်ယွင်းစေရအောင် နေခဲ့သည်။

အခုချိန်မှာ မိုးတိမ် ဝမ်းနည်းတာ တစ်ခုပဲ ရှိသည်။





ယောက်ျားမျက်နှာကို အချိန်ပြည့်မြင်ခွင့်မရတော့ခြင်းပင်။

နီရာက မနက်ကိုးနာရီဆို ရုံးကို ပုံမှန်သွားသည်။

ညနေ ငါးနာရီလောက်မှအိမ်ပြန်တာဆိုတော့ လင်မယားနှစ်ယောက် ထမင်းလက်ဆုံစားဖို့အချိန် ဘယ်မှာလဲ. .

ညဘက်တွေကျတော့လည်း သူက မိုးတိမ်နှင့်အတူ စားချင်မှစားသည်။ အရက်လေး တစ်ပက်၊ နှစ်ပက် သောက်ပြီး သူစားချင်သည့်အချိန် စားသွားသည်။

မယားဖြစ်သူ စားပြီးလား၊ မပြီးလား သူ မသိသလို မေးလည်း မမေး။ အတူစားဖို့လည်း မခေါ်တတ်တော့။

မိုးတိမ်မှာ တဖြည်းဖြည်း အထီးကျန်လာသည်။

သားသမီးတွေရှေ့မှာ ဟန်ဆောင်နေရပေမယ့် မိုးတိမ်ရင်ထဲမှာ ဝမ်းနည်းနေတာ လူတွေသိမှာ မဟုတ်ပါဘူး။

♥



www.burmeseclassic.com

www.burmeseclassic.com

## အမှောင်တိုက်ထဲက နေ့ရက်များ

မိုးတိမ်ရဲ့ညာဘက်ရင်အုံမှာ အကျိတ်သေးသေးလေးတစ်ခုကို လွန်ခဲ့တဲ့ သုံးနှစ်လောက်က စမ်းမိခဲ့သည်။

ဒါနဲ့ပဲ ဆရာဝန်နဲ့ပြ၊ mammogram ရိုက်ပြီး စစ်ဆေးတော့ ရိုးရိုးအကျိတ်ပါလို့ အဖြေထွက်လာသည်။

သုံးခါရိုက်လည်း ထိုအတိုင်းသာ အဖြေထွက်သည်။မိုးတိမ်လည်း စိတ်အေးသွားပြီး ခပ်ပေါ့ပေါ့ပင် နေခဲ့မိသည်။

ထိုအကျိတ်က တဖြည်းဖြည်းကြီးလာပြီး နာလာသည်။

မိုးတိမ် စိတ်ပူလာရပြီ။ သမီးအလတ်ရဲ့မင်္ဂလာပွဲကလည်း နီးလာပြီဆိုတော့ သားသမီးတွေကလည်း ခွဲစိတ်မှုကိုခံယူစေချင်ကြသည်။ အားပေးကြသည်။

တကယ်တမ်းကျတော့ မိုးတိမ်ရဲ့အတွင်းစိတ်လေးက အင်





မတန်မှုနုသည်။ စိတ်ပျော့ကာ အားငယ်တတ်သည်။ ယောက်ျားဖြစ်သူကို အားကိုးလွန်းသည်။

မြေးတွေရနေတဲ့အချိန်ထိ လင်မပါဘဲနဲ့ ညအိပ်ညနေခရီးသွားဖို့ဝေးစွ၊ အိမ်ထဲက အိမ်ပြင်တောင် ထွက်တတ်သူမဟုတ်ပေ။

ယခုလည်း ဆေးရုံတက်ဖို့အရေး ဝိုင်းပြီးတိုက်တွန်းလွန်းမှသာ ခေါင်းညိတ်လေသည်။

ညီမဖြစ်သူ ဌေးဌေးနှင့် တူမလေးတစ်ယောက်ပါ ရန်ကုန်ထိလာပြီး အားပေးသည်။ ကူစောင့်ပေးကြသည်မို့ ပိုပြီးအားရှိခဲ့ရခြင်း ဖြစ်သည်။

မိုးတိမ် အားကိုးတဲ့အထဲမှာ အရင် နီရာနဲ့ အလုပ်အတူတွဲလုပ်ခဲ့တဲ့ လင်မယားနှစ်ယောက်လည်း ပါသည်။ သူတို့က ပညာတတ်ဆရာဝန်တွေဆိုတော့ မိုးတိမ်က အားကိုးသလို ကိုယ့်အစ်မလိုလည်း ချစ်လေသည်။ ဘာမဆို ပွင့်ပွင့်လင်းလင်းနဲ့ ရင်းရင်းနှီးနှီး တိုင်ပင်နေကျ၊ တိုးတိုးဖော်ဆိုလည်း မမှားပေ။

OT ထဲ ဝင်မည့် မိုးတိမ်နံဘေးမှာ လူတွေ ဝိုင်းနေသည်။ မိုးတိမ်ရဲ့မောင်တွေရော၊ ယောင်းမတွေပါ ဝိုင်းရံပြီး ဒီလူနာလောက် လူနာစောင့်များတာမျိုး တွေ့ဖူးမည်မထင်ပါ။

ညီမနဲ့သားသမီးတွေ၊ တူတွေ တူမတွေပါ ပါသေးတာ. . အဲဒီတော့ မိုးတိမ် အားရှိသွားပြီပေါ့။ OTထဲကို ရဲရဲဝံ့ဝံ့ပင် ဝင်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲခန်းရှေ့မှာ နီရာနှင့်သားသမီးတွေ၊ အမျိုးတွေ၊ တန်းစီပြီး စောင့်နေကြသည်။

တစ်နာရီပြီးတစ်နာရီ အချိန်တွေသာကုန်လာခဲ့သည်။ မိုးတိမ်က မထွက်လာနိုင်သေး။ အားလုံး ခွဲစိတ်ချိန် လေးနာရီလောက်ကြာတော့မှ ရွှေခြားဆု ရ,ထားတဲ့ ကရင်လူမျိုးခွဲစိတ်ဆရာဝန်ကြီး ထွက်လာခဲ့သည်။

BURMESE CLASSIC .com

သူပြောသွားတာက

'Sorry ဗျာ. . biopsyယူခိုင်းထားတယ်၊ အနုစားလေး ဖြစ်မှာပါ'

'ဗျာ'

ဆေးပညာနဲ့ သိပ်မစိမ်းတဲ့ နီရာနှင့် မိုးတိမ်ရဲ့မောင်တွေ မျက်လုံးပြူးကုန်ကြပြီ။

'mammogram ရိုက်တုန်းက ရိုးရိုးအကျိတ်ဆို. . . ဆရာလည်း ပြောတယ်လေ. . မခွဲခင်တုန်းက. . '

'နံရိုးပေါ်မှာ တွယ်နေလို့ တတ်နိုင်သမျှတော့ ကျွန်တော် ဖယ်ပေးပြီးပါပြီ. . အုံတစ်ခုလုံးတော့ မထုတ်ထားဘူး. . သူက လှချင်ပချင်တဲ့သူဆိုတော့လေ. . '

သွားပြီ။ တွေ့နေမြင်နေမှတော့ လုပ်သင့်ရင်လုပ်ရမှာပေါ့။ လူနာရှင်တွေနဲ့တိုင်ပင်ပြီး ချက်ချင်းလုပ်ပေးလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ. . .





မိုးတိမ်ရဲ့နံပါတ်သုံးမောင်က အားမလိုအားမရဖြစ်စွာ. . အပြစ်တင်လေပြီ။

အားလုံးက ကျိတ်ပြီး ဆုတောင်းနေကြချိန်မှာ မိုးတိမ်က ဘာမှမသိဘဲ သူမအကျိတ်လေး ထုတ်ပြီးသွားလို့ ဆေးရုံက ဆင်းရမယ့်နေ့ကိုသာ တွင်တွင်ကြီးမေးနေခဲ့သည်။

အဖြေတစ်ခုကို အားလုံးသိနေခဲ့ကြပြီ။ မျက်ရည်တွေနဲ့မချိတင်ကဲ ခံစားနေရပြီ။ ကွယ်ရာမှာ ကျိတ်ပြီးငိုနေရပြီ။

ဒါပေမယ့် မိုးတိမ်ရှေ့မှာတော့ အားလုံး ဟန်ဆောင်ပြီးနေနေရသည်။ လူအရိပ်အကဲသိပ်တော်တဲ့သူဆိုတော့ သူ့ရှေ့မှာ နည်းနည်းမှမှုပျက်လို့မရ။

မိုးတိမ်မှာ ရင်သားကင်ဆာ ဖြစ်နေခဲ့ပြီ။ ဖြစ်နေတာက ဆရာဝန်ပြောသလို အနုစား မဟုတ်တော့. . . အဆင့်သုံးတောင် ရောက်နေပြီ။

မိုးတိမ် ကံဆိုးလွန်းပါသည်။ အစောကြီးကတည်းက သိပြီး ပြသခဲ့သည်။ ရှာဖွေခဲ့သည်။ ကုသနိုင်ပါလျက်နဲ့ အဖြေမှားပြီး ဒီလောက်ထိ အခြေအနေဆိုးစရာလား. .

ဘာကို ယုံစားပြီး ဘာကို အားကိုးရမလဲ။ ကံကိုပဲ ပုံချရမလား။

သမီးကြီးက လမ်းခုဝထိပ်မှ ထိုဓာတ်ခွဲခန်းကို တရားစွဲလို့ရရင် တရားစွဲချင်သည်အထိ ဒေါသထွက်သည်။ သို့သော်. . အမေ့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာတော့ သူလည်း ဟန်ဆောင်နေရသည်။ သူ့မလဲ ဒုတိယ ကိုယ်ဝန်နေ့စေ့လစေ့ကြီးနဲ့ အမေအတွက် သောကတွေများပြီး စိတ်ဆင်းရဲကာ အိပ်မပျော်သလို သမီးလတ်မှာလည်း မင်္ဂလာဆောင်ခါနီးမှ မျက်ရည်နဲ့မျက်ခွက်။

အငယ်နှစ်ယောက်လည်း ကျိတ်ကျိတ်ပြီး ငိုသည်။ အိမ်မှာ ပြန်ပြီး အားရအောင်ငိုကြသည်။ ပြီးတော့ ဟန်ဆောင်ခြင်းအတတ်ပညာနှင့် အမေ့ရှေ့မှာ ပြုံးကြရယ်ကြရလေသည်။

အားလုံးဝိုင်းပြီး တိုင်ပင်ကြသည်။ မိုးတိမ်ကို လုံးဝ အသိပေးလို့မဖြစ်။ သူမမှာက သွေးတိုးရောဂါရှိသည်။ သိလိုက်တာနှင့် ဒိုင်းဆို သွေးဆောင့်ပြီးတိုးသွားနိုင်သည်။

မိုးတိမ်ကို နားအချနိုင်ဆုံးက နီရာဆိုတော့ အားလုံးတိုင်ပင်ထားသည့်အတိုင်း နီရာက မိုးတိမ် နားဝင်အောင် ဖြည်းဖြည်းချင်း နားချလေသည်။

'ဆေးရုံက ဘယ်နေ့ဆင်းရမလဲ နီရာ. . ငါ ဒီမှာနေရတာပျင်းလာပြီ'

'ဆရာဝန်က ပြောတယ် မိုးတိမ်၊ ဒီလိုအကျိတ်တွေ ထုတ်ပြီးရင် ကာကွယ်ဆေးထိုးရဦးမယ်တဲ့'

'ဘာလဲ. . ဘာကာကွယ်ဆေးလဲ'

မိုးတိမ်တို့ စိုးရိမ်တကြီးမေးလေပြီ။

'ကင်ဆာကာကွယ်ဆေးတဲ့. . အဲဒါ သုံးကြိမ်လောက်တော့



BURMESE CLASSIC .com



သွင်းရဦးမယ်. . ဘာမှစိုးရိမ်စရာမရှိပါဘူးကွာ. . အဲဒီဆေးသွင်းပြီးရင် မိုးတိမ် တစ်ခါမှမရောက်ဖူးသေးတဲ့နေရာကို ခေါ်သွားပေးမယ်၊ ဟုတ်ပြီလား'

နီရာက သိပ်ပြီးကြင်နာတဲ့ လေသံနှင့် ဖျောင်းဖျလိုက်လျှင် မိုးတိမ်က အားလုံးကို မေ့သွားပါပြီ။

'ဘယ်နေရာလဲဟင်. .'

'မင်းပဲ ခဏ ခဏ ပြောတယ်လေ. . မြဘုရား မဖူးရဘဲနဲ့ မသေချင်ဘူးဆို'

'ဘာလဲ. . ဘန်ကောက်ကို ခေါ်သွားမလို့လား'

မိုးတိမ်မျက်နှာလေး ဝင်းပနေသည်။

လင်ဖြစ်သူရဲ့ကြင်နာယုယမှုတွေကို လိုတာထက် ပိုရနေပြီး အားလုံးရဲ့ ဂရုစိုက်မှုတွေ၊ နွေးထွေးမှုတွေကြောင့် သူမစိတ်ထဲမှာ ဆေးရုံတက်ရတာပင် ခပ်ကောင်းကောင်းဟုထင်လာသည်။

'ဟုတ်တယ်၊ ဒီမှာ ကာကွယ်ဆေးသွင်းပြီးရင် ဘန်ကောက်မှာ medical check-upသွားလုပ်မယ် လျှောက်လည်မယ် မကောင်းဘူးလား'

'ကောင်းတယ်. . ကောင်းတယ်၊ ဒါပေမယ့် သမီး မင်္ဂလာဆောင်ပြီးမှသွားကြတာပေါ့'

'အေးပါ. . မင်းသဘောပဲ'

နီရာပြောလျှင် ပြောသမျှကို ယုံကြည်သူမို့ လိမ်လို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသား။ သနားစရာလည်း ကောင်းသည်။ အမှန်တကယ်က သူမကို chemoသွင်းမှာဖြစ်ပြီး သွင်းပြီးပါက ဘန်ကောက်မှာ ခေတ္တ သွားကင်ရမှာဖြစ်သည်။

ဒါတွေကို ဘာမှမသိတဲ့ မိုးတိမ်မှာတော့ အပျော်ကြီး ပျော်နေသည်။ မိုးတိမ်ကလွဲလို့ ကျန်တဲ့သူတွေမှာတော့ ရင်မှာ ဗလောင်ဆူနေကြပြီ။

မိုးတိမ် ဆေးစ,သွင်းတဲ့နေ့မှာ သမီးကြီးက စိတ်လှုပ်ရှားပြီး ဗိုက်ထ,နာသည်။

မိုးတိမ်က အာရှတော်ဝင်မှာ တက်နေတာဆိုတော့ သမီးက ဆာကူရာမှာ ညတွင်းချင်းတက်ပြီး ကလေးမွေးရသည်။

မိုးတိမ် လိုချင်နေတဲ့ မြေးမလေးကို ရပြီမို့ သူမအနာတွေကို မေ့ပြီး. . ဟိုဘက်ဆေးရုံကို သွားချင်တာမှ တစ်ပိုင်းကို သေနေသည်။

ဆရာဝန်ခွင့်ပြုချက်မရသေးတော့ တစ်ညလုံး မအိပ်ဘဲ လိုက်ကာစလေးကို လှပ်ပြီး သမီးကြီးရှိတဲ့ ဆေးရုံကို ငေးပြီး ကြည့်နေသည်။

ပြီးတော့ ညီမဖြစ်သူကို လှမ်းပြောသည်။

'ငါ့မြေးလေးကို သွားကြည့်ချင်လိုက်တာဟယ်. . . ဒီလို အချိန်ကျမှ ငါက ဆေးရုံတက်နေရတယ်. . သမီး မီးဖွားတဲ့အချိန်တောင် သွားမစောင့်နိုင်တဲ့ဘဝပါလား'





အစ်မကြီးကိုကြည့်ပြီး ဌေးဌေး ငိုချင်လာသည်။

မိဘမေတ္တာ ဘယ်လောက်ထိ ကြီးသလဲ။ အစ်မကြီး ကံကောင်းပါစေ။ ကင်ဆာဆိုတဲ့ရောဂါက လူတစ်ယောက်ကို သေမိန့်ချလိုက်သလိုပါပဲ။

ဒီအစ်မကို နောက်ထပ်နှစ်တွေအကြာကြီး မြင်တွေ့ခွင့်ရချင်ပါသေးသည်။

'မကြီးသမီး ကောင်းကောင်းသတိရနေပါပြီ၊ အမယ်လေး . . မကြီးမြေးမကြီးက နည်းတာကြီးမဟုတ်ဘူး. . . နဖူးမှာလည်း ဇွေ ပါတယ် သိလား'

'ဟဲ့. . ဒါဆို သူ့အဘိုးနဲ့တူတာပေါ့. . နီရာမှာလည်း ဇွေနဲ့လေ'

ဒီစကားကိုပြောပြီး မိုးတိမ်က ပြုံးသည်။

'နင်ပြောမှ ငါပိုကြည့်ချင်လာပြီ. . ဆရာဝန်roundလှည့်ရင် မရမက ပူဆာရမယ်. . ဟိုဘက်ဆေးရုံမှာ ခဏသွားကြည့်ပြီးရင် ဒီဆေးရုံ ပြန်လာခဲ့မယ်လို့'

'ပေါက်ပေါက်ရှာရှာ မကြီးရယ်၊ အဲဒီလိုသွားလို့ရလို့လား'

'ရရ. . မရရအေ. . ငါတော့ သွားမှာပဲ'

ပြောသည့်အတိုင်းလည်း မိုးတိမ်က ဝှီးချဲပေါ်မှာ ထိုင်ပြီး သူနာပြုဆရာမလေးတစ်ယောက်နှင့်အတူ သူ့သမီးရှိတဲ့ဆေးရုံကို ရောက်အောင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေဖြစ်သူကို ပို့ချဲပေါ်မှာတွေ့တော့ ပျို့ရဲ့ယောက်ျားက တိုးတိုးလေးလာပြောသည်။

'ပျို့ . . အမေ့ရှေ့မှာ လုံးဝမငိုမိစေနဲ့နော်. . စိတ်ကိုထိန်းထားနော်'

ဝသန်ပျို့က ခေါင်းလေး ညိတ်ပြပေမယ့် ငိုချင်နေပုံကြီးက အတိုင်းသား။

မိုးတိမ်က သူ့မြေးမလေးကို တွေ့ပြီး သူမရောဂါတွေ မေ့နေပုံရသည်။

'ငါလိုချင်နေတာ ဒီလိုပုံမျိုးပဲ၊ မျက်နှာကြီးက ဝိုင်းဝိုင်းစက်စက်နဲ့ ဖိုးလမင်းကြီးကျနေတာပဲဟယ်. . ငါ ချီချင်တယ်'

နာ့စ်မလေးက တားသည်။

'မချီပါနဲ့ဦး အန်တီရယ်. . ခုတော့ ဝအောင်ပဲ ကြည့်သွားဦးနော်. . အိမ်ရောက်မှ အဝချီပေါ့'

'အမေချီချင်နေတာ ခဏလေး ပေးချီလိုက်ပါ ဆရာမရယ်၊ သူ့ခမျာ ဆေးရုံကနေတောင် လာရရှာတာ'

ပျို့က တောင်းပန်တော့မှ အမေ ကလေးချီခွင့်ရသည်။

အမေ့လက်မှာ လိုအပ်တဲ့ဆေးတွေသွင်းဖို့ cannulaအပ်က တန်းလန်းကြီးမို့ ပျို့က မကြည့်ရက်ဘဲ မျက်နှာလွှဲသွားသည်။

'သမီး. . ကလေးကို နို့ဝအောင်တိုက်နော်. . . အစားအသောက်လည်း အာဟာရရှိတာလေးတွေ စားပေး. . ကြားလား'

*ဆောင်းညပြာသိစာပေ*



'သမီးကို စိတ်မပူပါနဲ့ အမေရယ်၊ အမေသာ နေကောင်းအောင်နေနော်'

ဆယ့်ငါးမိနစ်လောက် ကြာတော့ ဆရာမလေးက ပြန်ဖို့ပြောသည်။

'အန်တီ. . ပြန်ကြမယ်လေ'

'ချီလို့တောင် မဝသေးဘူးကွယ်. . ခဏလေးနေလို့ မရဘူးလား. . .'

အမေက ဆရာမဆီမှာ ဈေးဆစ်နေသည်။ သူ့မြေးမလေးကိုလည်း တရှုံ့ရှုံ့နဲ့ နမ်းနေလိုက်တာ. . .

နီရာက ချော့ခေါ်မှပဲ ပြန်လိုက်တော့သည်။

'လာပါ အမေကြီးရာ. . ဒီနေ့ ဆရာဝန်လာရင် ဘယ်နေ့ဆေးရုံက ပေးဆင်းမလဲလို့သွားမေးရအောင်လေ'

'အေး. . ဟုတ်သားပဲ'

ကလေးလေးလိုပါပဲလား အမေရယ်. . အပြစ်ကင်းလိုက်တာ. . .

တကယ်တမ်းကျတော့ သိနေရတာမကောင်းပါဘူး။ အမေ့လိုပဲ ဘာမှမသိရင် ပိုကောင်းမှာပါ။

ကျေးဇူးပြုပြီး အမေ့ကို ကျွန်မတို့ဘဝထဲက ဆွဲထုတ်မသွားပါနဲ့ သေမင်းကြီးရယ်. . . အမေ့ကို ကျွန်မတို့ ကျေးဇူးဆပ်ချင်ပါသေးတယ်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



အမေပြန်သွားပြီးမှထိုင်ငိုနေတဲ့ဝသန်ပျို့ကို သူမယောက်ျား နှင့် နာ့စ်မလေးက ဝိုင်းပြီး ချော့မော့ယူရသည်။

သူမအာရုံတွေကို ကလေးဘက် ပြောင်းယူရသည်။

'ကြည့်ပါဦး မိန်းမရယ်. . သမီးလေးဗိုက်ဆာလို့လား မသိဘူး. . လက်အိတ်ကြီး စုပ်နေပြီ'

'ဟုတ်လား. . ပေး. . ပေး. . . နို့တိုက်လိုက်ဦးမယ်'

နို့စို့နေတဲ့ သမီးမျက်နှာလေးကိုကြည့်ပြီး ပျို့က ဝမ်းနည်းလာပြန်သည်။ အမေ့နို့ကို ပျို့ ငယ်ငယ်တုန်းက ဒီလိုပဲ အသည်းအသန်စို့ခဲ့မှာပါပဲ. . ခုတော့ အဒမ့ရင်အုံမှာ ရောဂါရှိခဲ့ပြီ။

သိပ်မကြာခင်မှာ အုံတစ်ခုလုံး လှီးထုတ်ရတော့မှာ. . အဲဒီအခါ အမေ ခံနိုင်ရည်ရှိပါ့မလား. . . မိန်းမတွေရဲ့ဘဝမှာ တန်ဖိုးထားရတဲ့အရာတစ်ခုကို အမေ အဆုံးရှုံးခံနိုင်ပါ့မလား. .

တွေးလိုက်တိုင်း ရင်မောရလေသည်။

အမေနဲ့ပျို့က ဆေးရုံမှ မတိမ်းမယိမ်းဆင်းလာကြသည်။ အိမ်ရောက်တော့ သူ့မြေးမလေးနဲ့ အချိန်ကုန်ပြီး ရောဂါကိုမေ့နေပုံရသည်။ ပြုံးပြုံးရွှင်ရွှင်နဲ့တည်ငြိမ်နေသည်။ ဘာမှမသိတော့ သိပ်ပြီး မပူတာလည်း ဖြစ်နိုင်သည်။

ပျို့က အဖေ့ကို ပိုပြီး ချစ်သူမို့ အဖေ့အတွက် စိုးရိမ်လာသည်။ သားသမီးတွေရှေ့မှာ မျိုသိပ်ထားပေမယ့် သူ ဝမ်းနည်းနေမှာပဲ။

*ဆောင်းညပြာသိစာလေ*



တစ်ယောက်တည်း ကျိတ်ပြီး ခံစားနေရင်. . အမေ့အရင် အဖေ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လာသည်။ အတတ်နိုင်ဆုံးတော့ အဖေ့ကို နှစ်သိမ့်ပေးရမှာပဲ. . .

ဒီကြားထဲမှာ ရင်တထိတ်ထိတ် ရှိရတာက အမေ့ဆံပင်တွေ ဘယ်အချိန်မှာ ကျွတ်ကုန်မလဲဆိုတာပင်. . .

ညီမလေးမင်္ဂလာဆောင်တဲ့နေ့အထိ အမေ့ဆံပင်တွေ ရှိနေပါစေ။

သို့ပေမယ့်. . ပျို့ ဆုတောင်းမပြည့်ခဲ့ပါ။

အမေ့ဆံပင်တွေ တစ်နေ့ထက် တစ်နေ့ ပိုပိုပြီး ကျွတ်ကျလာသည်။ ခေါင်းဖြီးလိုက်တိုင်း အများကြီးကျွတ်ကျတာမို့ ကျွတ်လာတဲ့ဆံပင်တွေကို အမေ မမြင်အောင် ဝှက်ထားရသည်။

အမေက သူ့ဆံပင်တွေ တဖြည်းဖြည်းပါးလာတာကို သတိထားမိနေသည်။

တစ်နေ့ အိပ်ရာကအနိုးမှာ မှန်ထောင်ကြည့်ပြီး ငိုသည်။ ဆံပင်တွေက ရက်ပိုင်းလေးအတွင်းမှာကို ထိပ်မှာ ပလူမွေး ပလူတောင်ဖြစ်နေခဲ့ပြီ။

ရုပ်ဆိုးပန်းဆိုး ဒီလိုပုံမျိုးကို သူမတစ်သက်မှာ တစ်ကြိမ်သာ တွေ့ဖူးသေးတာမို့ တအားလည်း ထိတ်လန့်နေခဲ့ပြီ။

တစ်အိမ်သားလုံးက ဝိုင်းပြီးချော့လည်း သူမမှာ ဝမ်းနည်းလို့မဆုံးနိုင်ပါ။

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



'ဒီပုံစံကြီးနဲ့. . ငါ့သမီးမင်္ဂလာဆောင်ကို ဘယ်လို တက်ရမှာလဲ. . ဆံထုံးလှလှလေး ထုံးပြီး ပန်းပန်ချင်တာ. . ငါ့ဆံပင်တွေက ဘာလို့ဒီလိုကျွတ်ကုန်ရတာလဲ. . ပြောကြစမ်းပါဦး'

ဆေးပညာဗဟုသုတနည်းလို့သာ အမေ့ကို လိမ်လို့ ရနေတာပါ။

'ကာကွယ်ဆေးက ဒီလိုပဲ ဖြစ်တတ်တယ်လေ မေမေရဲ့. . ကင်ဆာဖြစ်တာထက်စာရင်. . ဆံပင်ကျွတ်တာက တော်သေးတာပေါ့'

'ဒီဆံပင်ရတွေက ပြန်ကောပေါက်ပါ့မလား သမီးရယ်. .'

'အို. . ပိုပြီးတောင့်တောင် သန်လာဦးမှာ မေမေ၊ ဆရာဝန်ကလည်း ဒီအတိုင်းပြောနေတဲ့ဥစ္စာ'

အမေ့ညီမကလည်း ဝင်ပြီး ဖျောင်းဖျသည်။

'မကြီးရယ်. . ဆံပင်တုနဲ့ ဆံထုံးထုံးရင် ပိုပြီးတော့တောင်လှသေး. . ပန်းလည်း ကြိုက်သလောက်ပန်လို့ရနေတာပဲ'

အဲဒီအထိလည်း အမေက အငိုမတိတ်သေး။ အဖေ ဝင်လာမှသာ အမေက အငိုတိတ်သွားတာ. .

'ဖေဖေ. . ကြည့်ပြောပါဦး၊ မေမေက အားငယ်နေတာ. .'

'ဘာဖြစ်လဲကွာ. . . ကိုယ့်ယောက်ျားက လှနေတယ်ဆိုရင်ပြီးတာပဲ. . မင်း ကတုံးတုံးထားလည်း ငါ့မျက်စိထဲမှာ လှနေတာပဲ၊ ချစ်နေမှာပဲ. . ဘာကိုပူနေတာလဲ'





'ကဲ. . . တွေ့လား၊ ဖေဖေပြောတာ ရှင်းရှင်းလေးဥစ္စာ. . မေမေက အလကားလိုက်ပြီး စိတ်ပူနေတယ်'

အမေ့မျက်နှာက တဖြည်းဖြည်းပြုံးလာသည်။

ပြီးတော့မှ အမေက

'သမီးလတ် မင်္ဂလာပွဲပြီးရင် ငါ ကတုံးတုံးတော့မယ်၊ သမီးကြီး ငါ့အတွက် ဆံပင်တုရှာဝယ်ခဲ့ပေးဦး'

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ယောက်ျားဖြစ်သူက ကတုံးနဲ့လည်း ချစ်မှာပဲ ဆိုတော့မှ. . . အမေစိတ်တွေ ပြောင်းသွားသည်။ ကတုံး တုံးချင်လာသည်။

ဒီကာလအတောအတွင်းမှာ စိတ်ဓာတ်မာကျောတဲ့အမေ၊ သားသမီးအပေါ် တာဝန်ကျေလွန်းတဲ့ အမေက နေဇာကိုရဲ့မင်္ဂလာပွဲကို အပြုံးမပျက်ဆင်နွှဲနိုင်ခဲ့သည်။

အကြောင်းသိနေတဲ့လူတွေကတော့ အမေ့ကို ကြည့်ပြီး. . အံ့ဩလို့ပေါ့. . . တချို့ဆို အမေ့အတွက် ယူကြုံးမရဖြစ်ပြီး မျက်ရည်ကျကြ သည်။ ကျိတ်ပြီး သနားကြသည်။

အမေကတော့ ဒါတွေကို မသိနိုင်ပါဘူး။

မသိတာဘဲ ကောင်းပါတယ်လေ. .

*



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ် မပျော်ပါ။

တစ်နေ့မှကို မပျော်တာ. . ဘန်ကောက်မှာနေပြီး ခေတ်ကင်နေရတာမို့ အိမ်ကိုလည်း လွမ်းလှပြီ။

ကျန်ခဲ့တဲ့ သား သမီးနဲ့ မြေးတွေကိုလည်း သတိရသည်။ သတိရတိုင်းလည်း ငိုမြဲ။

ခံတွင်းပျက်တော့ အစားအသောက်တွေ စားရတာလည်း အဆင်မပြေ။ စားလို့မဝင်တော့ ဝမ်းနည်းပြီး ထိုင်ငိုပြန်သည်။

ဘဝမှာ အားငယ်တဲ့အခါလည်း ငယ်ခဲ့ဖူးပါသည်။ ဒီတစ်ခါ အားငယ်တာက ဘာနဲ့မှကို မတူတာ. . .

အတူပါလာတဲ့ သမီးငယ် နိုနဲ့ နီရာက လိုလေသေးမရှိ ဖြည့်ဆည်းပေးပေမယ့် မိုးတိမ်မပျော်ပါ။

တစ်ယောက်တည်းထိုင်ပြီး တွေးနေငေးနေတဲ့ မိုးတိမ်ကို နိုက ထမင်းစားဖို့ လာခေါ်သည်။

'မေမေ. . ထမင်းစားမယ်လေ'

'ဘာဟင်းဝယ်လာလဲ. . သမီး'

'ငါးကင်နဲ့ယိုးဒယားငါးပိဖျော် ဝယ်လာတယ်'

'မေမေ မစားချင်ပါဘူး သမီးရယ်. .'

ငါးကင်အနံ့ကိုမခံနိုင်တာလည်း ပါသည်။ တစ်သက်နဲ့တစ်ကိုယ် အစားအသောက်မပျက်ဖူးတဲ့ မိုးတိမ်. . အခု ဘာဖြစ်နေတာပါလိမ့်။





'မနက်ဖြန်ကျရင် ခေတ်သွားကင်ရဦးမှာလေ၊ နည်းနည်းတော့ ဝင်အောင်စားနော် မေမေ'

မစားမချင်း တတွတ်တွတ်ခေါ်နေမှာ သိလို့. . မိုးတိမ်က သမီးကျေနပ်အောင်

'ဒါဆိုလည်း မေမေ့ကို ခေါက်ဆွဲဘူးပဲ ပြုတ်ပေးတော့'

ခေါက်ဆွဲပြုတ်ကို တို့ကနန်း ဆိတ်ကနန်း စားနေသောအမေ့ကိုကြည့်ကာ နို စိတ်မကောင်းဖြစ်လာသည်။

အဖေ့ကိုကြည့်တော့ အဖေက အေးအေးဆေးဆေးပင်။ အစား မပျက်သလို အအိပ်လည်း မပျက်ပါ။ အမေလည်း ဒါကို သိပုံရသည်။

'နင့်အဖေပဲ ကောင်းပါတယ်လေ. . စားပြီး အိပ်လိုက်ရင် တစ်ချိုးတည်းပဲ. . ငါ့မှာသာ အိပ်လို့မပျော်တာ. . ဒီညလည်း အိပ်ဆေးသောက်ရမယ့်ပုံပဲ'

'တရားမှတ်ပြီး အိပ်ပါလား မေမေရယ်. . အိပ်ဆေးတွေပဲ သောက်နေရင် အိပ်ဆေးစွဲသွားမှာပေါ့'

'တွေးစရာတွေက များနေတာကိုး သမီးရယ်. . ဘာဖြစ်လို့ ခေတ်ကင်နေရတာလဲဟင်. . . ကာကွယ်ဆေးလည်း ထိုးပြီးပြီလေ'

အမေက ဒီလိုပဲ စကားနှိုက်တတ်သည်။ ဒီလိုအချိန်မှာ စကားမှားလို့ လုံးဝမဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



နိုက လှည့်ပတ်ပြီး ရှောင်ထွက်ဖို့ ပြင်သည်။

'လိုအပ်လို့နေမှာပေါ့ မေမေရယ်. . . သမီး ပန်းကန်သွား ဆေးလိုက်ဦးမယ်နော်'

အမေ့ကို ညာနေရတာက ကောင်းသောညာခြင်းပါ အမေရယ်. . .

ဒါပေမယ့် အမေ့ကိုကြည့်ပြီး သိပ်သနားတာပဲ. . .

အမေ့ကို သနားလို့. . . နိုက ရေချိုးခန်းထဲမှာ ကျိတ်ပြီးငိုသည်။

*





'Bumrungrad' ဆေးရုံမှာ ခါတ်ကင်ဖို့ စောင့်နေရင်း. . . မိုးတိမ်မှာ မိတ်ဆွေတွေ ရနေသည်။ ဘန်ကောက်မှာ နေတာ တစ်လလောက်ရှိပြီဆိုတော့ စကားပြောဖော်လိုနေတာ။

နို့ အိမ်သာခဏသွားတုန်း မိုးတိမ်က မြန်မာပြည်ကနေပြီး ဆေးလာကုတဲ့ မိန်းမကြီးတစ်ယောက်နှင့်စကားပြောဖြစ်သည်။

သူက မိုးတိမ်ကို မေးသည်။

'ညီမက ဘာရောဂါနဲ့လာပြတာလဲ'

'မသိပါဘူး အစ်မရယ်. . သူတို့ပြောတာတော့ ကင်ဆာကာကွယ်ဆေးသွင်းထားပြီးရင် ခါတ်ကင်ရတယ်ဆို'

'ပေါက်ပေါက်ရှာရှာဟယ်. . တစ်ခါမှမကြားဖူးပါဘူး'

'ဒါဖြင့် အစ်မကရော. . ဘာလာလုပ်တာလဲ'

'ခါတ်လာကင်တာလေ၊ အစ်မလည်း ရင်သားကင်ဆာပဲ'

'ရှင်. .'

ဒါဆို မိုးတိမ်မှာလည်း ကင်ဆာဖြစ်နေပြီပေါ့. . သူတို့တွေ မိုးတိမ် မသိအောင်များ ဖုံးထားကြတာလား။

'နေ. . နေပါဦး အစ်မရယ်၊ မသိလို့ မေးပါရစေ. . အစ်မလည်း ကျွန်မလိုပဲ အကျိတ်ရှိလို့လားဟင်'

'ဟုတ်တယ်. . ရင်သားမှာ အကျိတ်တွေ့လို့. . ခုဆို အုံတစ်ခုလုံး ဖြတ်ထုတ်လိုက်ရပြီ. . . ပြီးတော့မှ ကင်ဆာဆေးသွင်းပြီး ခါတ်လာကင်ရတာ'



www.burmeseclassic.com

www.burmeseclassic.com



ဘုရား. . ဘုရား. . ဖြစ်စဉ်အားလုံးက အတူတူပါပဲလား။ ပြီးတော့ အဲဒီအစ်မမှာ မိုးတိမ်လိုပဲ ဆံပင်တွေ မရှိလို့ ကတုံး တုံးထားရသည်။ မိုးတိမ် သိပ်မုန်းတဲ့ ဦးထုပ်လည်း ဆောင်းထားရသေးသည်။

တွေးရင်းတွေးရင်း တစ်ခုခုကို မိုးတိမ်သဘောပေါက်လာသည်။

'ကျွန်မတို့ ဘယ်လောက်ကြာကြာနေရဦးမလဲဟင်. . '

ထိုမိန်းမက မိုးတိမ်လက်ကလေးတွေကို ဆုပ်ကိုင်လာရင်း အားပေးစကားဆိုသည်။

'စိတ်ကို လျှော့ချလို့မရဘူးလေ. . ညီမမှာ ကလေးတွေရှိသလို. . အစ်မမှာလည်း ကလေးတွေရှိသေးတယ်၊ တို့တွေက ဘာတူတွေပါကွယ်၊ သေမိန့်ချတာ ခံထားရပြီးသားပဲ၊ နေရသလောက် အမြတ်ပေါ့နော် ညီမ. . ဘာမှဝမ်းမနည်းနဲ့'

ဝမ်းမနည်းနဲ့. . တဲ့။

ခုချိန် မိုးတိမ် ရင်ထဲမှာ ဝမ်းနည်းတာထက် အဆအများကြီးပိုတဲ့ ခံစားချက်တွေနဲ့ ပြည့်နှက်နေတာ ဘယ်သူသိနိုင်မှာမို့လို့လဲ. . မိုးတိမ် သိပ်ချစ်တဲ့ယောကျ်ားနဲ့ သားသမီးတွေကို ထားခဲ့ရဖို့ အချိန်သိပ်မလိုတော့ပါလား. .

ကင်ဆာဆိုတာနဲ့ သွားရတော့မယ်လို့ပဲ မိုးတိမ်က နားလည်ထားသည်။ ယုံကြည်ထားသည်။





'မေမေ. . ဘာလို့ငိုနေတာလဲ၊ ဘယ်သူက ဘာပြောလို့လဲဟင်. . ဖေဖေရော ဘယ်မှာလဲ'

သန္တာနီက စိုးရိမ်တကြီးမေးလေလျှင် မိုးတိမ် ပိုပြီး ဝမ်းနည်းလာသည်။

'သမီး. . မေမေ့ကို မညာနဲ့၊ အမှန်အတိုင်းပြောစမ်း. . မေမေ့မှာ ကင်ဆာဖြစ်နေပြီမဟုတ်လား'

နီက အကင်းပါးသူမို့ မျက်နှာပျက်မသွားအောင် ထိန်းပြီး အယုံသွင်းရလေသည်။

'အကျိတ်တွေ့တိုင်း ကင်ဆာမှမဟုတ်တာ မေမေရယ်. . ခုဆို မေမေ့မှာ အကျိတ်လည်း ထုတ်ပြီးပြီ. . အကျိတ် ထပ်မထွက်အောင် ဓာတ်လည်းကင်နေပြီပဲ၊ အလကား လျှောက်တွေးပြီး သွေးတိုးနေဦးမယ်. . မေမေရယ်'

မိုးတိမ် ဘာမှထပ်မပြောတော့ပါ။ သူတို့ကို မေးနေသရွေ့တော့ အမေ စိတ်ချမ်းသာအောင် လိမ်နေကြဦးမှာပဲ။ တခြားတစ်ယောက်ကိုမေးဖို့ဆုံးဖြတ်ပြီး မိုးတိမ် အသာနေလိုက်သည်။ ရင်ထဲမှာတော့ အပူတွေနဲ့ဗလောင်ဆူလို့ပေါ့. .

ရင်ဘတ်မှာ ဓာတ်ကင်ထားလို့ ညိုမည်းနေသည်။ ငါးကင်ရင် မီးတူးထားသလိုမျိုးပေါ့။

မသေခင် ဝဋ်ခံနေရတာ. . . ဝဋ်ကြွေးက ကြီးလိုက်တာ။ ကိုယ့်ခန္ဓာကိုယ်ကြည့်ပြီး တရားလည်းကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကင်လို့ပြီးသွားတော့ မိုးတိမ် မြန်မာပြည်ပြန်လာရသည်။ လေဆိပ်မှာ လာကြိုနေတဲ့ သားသမီးတွေနဲ့မြေးတွေကိုတွေ့ရတော့ ကိုယ့်ရောဂါ ကိုယ်မေ့သွားသည်။

'ဘွားဘွား . . သားသားအတွက် ဘာပါလာလဲဟင်'

သုံးနှစ်ကျော်မြေးလေးက မေးလာတော့

'အရုပ်တွေ၊ အင်္ကျီတွေ၊ မုန့်တွေ ပါလာတာပေါ့ သားရဲ့'

ကလေးက ပျော်သွားသည်။ မိုးတိမ် မသွားခင် သမီးကြီးက မွေးထားတဲ့ မြေးမလေးတောင် ငါးလကျော်နေပြီ။ အချိန်တွေက ကုန်မြန်လိုက်တာ. .

သမီးလတ်မှာလည်း ကိုယ်ဝန်နဲ့ဆိုတော့ နောက်ထပ်မြေးလေး တစ်ယောက် ထပ်ရဦးမှာပေါ့လေ. .

*





ကိုယ့်အရပ်ကိုယ့်နေရာမှာ ကိုယ့်မြေးတွေနဲ့ လုံးလားထွေးလားနေရင်း ရောဂါကိုမေ့ထားတဲ့ မိုးတိမ်. . အချိန်တန်တော့ ဆေးချိန်းရက်စေ့ပြီမို့ ဘန်ကောက်ကို ရောက်ခဲ့ရပြန်ပြီ။

ဒီတစ်ခါရော ကံတရားက မိုးတိမ်ဘက်မှာ ရှိပါဦးမလား။ ဆေးရုံရောက်တိုင်း ရင်ထဲမှာ ကတုန်ကယင်ကြီးဖြစ်ပြီး သွေးတိုးချင်လာသည်။

Mammogram ရိုက်တာတို့၊ CT Scan ရိုက်တာတို့ဆို ပိုပြီးဆိုးသည်။ ကိုယ်ရသမျှ ဂါထာတွေ၊ ဘုရားစာတွေ ရွတ်ရတာလည်း အမောပင်။

အဲဒါတွေကို ရိုက်တုန်းကလည်း ကြောက်ရသည်။ ရိုက်ပြီးတော့ ထွက်လာတဲ့အဖြေကိုလည်း ကြောက်ရလေသည်။

အဖြေသိရဖို့ ဆိုတာကလည်း သူတို့မျက်နှာကို အရိပ်လိုကြည့်နေရတာ။ မျက်နှာသာရဲ့လား. . တော်ကြာ. . ကိုယ့်များ လိမ်ထားမလားပေါ့. . .

ဟိုတယ်အခန်းထဲ ပြန်ရောက်တော့ မိုးတိမ်က နီရာကို အလျင်စလိုမေးမိသည်။

'နီရာ. . နင် ငါ့ကို မလိမ်ဘဲနဲ့ အမှန်အတိုင်း ပြောပြပါလားဟာ'

နီရာ့မျက်နှာကို ကြည့်လိုက်ကတည်းက တစ်ခုခုကို သူမ ရိပ်မိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ. . နင် ပြောရခက်နေလို့လား. . ငါ့. . ငါ့သားမြတ်ကို ဖယ်ပစ်ရတော့မှာလား နီရာ. . ပြောလေ. . နင်တို့ ငါ့ကိုမလိမ်ကြပါနဲ့. . ငါ တောင်းပန်ပါတယ်နော်'

ထွက်လာတဲ့ နီရာ့အသံက ခြောက်သွေ့နေသည်။

'ဟုတ်တယ် မိန်းမ၊ စိတ်ဓာတ်မကျနဲ့နော်၊ ညာဘက်ရင်အုံမှာ spot သေးသေးလေးတွေလို့ ဖယ်ပစ်မှရမယ်တဲ့. . ဖယ်လိုက်ရင်ပိုပြီး စိတ်ချရမယ်လို့ပြောတယ်'

မိုးတိမ် ငိုလေပြီ။ မိန်းမတွေအတွက် အထွတ်အမြတ်ထားရသည့်ပစ္စည်း။ တန်ဖိုးထားရသည့်ပစ္စည်းတစ်ခုကို ဒီလိုပဲ သူများတိုင်းပြည်မှာထားခဲ့ရတော့မှာလား. .

'ဒီပုံအတိုင်းဆို ငါ. . အသက်မှ ရှင်ပါတော့မလား နီရာရယ်. . ဆရာဝန်နဲ့တွေ့ရင် မေးပေးကြစမ်းပါ. . ငါ ဘယ်လောက်ကြာကြာနေရဦးမှာလဲ၊ ငါသိချင်တယ်. . ငါလုပ်ချင်တာလေးတွေရှိသေးလို့ပါဟာ'

အမေ ငိုတော့ နီ့လည်း ငိုလေပြီ။ အမေ့ကိုလည်း နှစ်သိမ့်ရဦးမည်။

'ဘာမှစိတ်ဓာတ်မကျပါနဲ့ မေမေရယ်. . သမီးတွေ့ဖူးပါတယ်၊ တချို့ ရင်သားကင်ဆာဖြစ်တဲ့သူတွေ ကင်ဆာဖြစ်ပြီးနောက်အနှစ်နှစ်ဆယ်ကျော်အထိ နေနေရသေးတာပဲ၊ လူကောင်းတွေလိုပဲလေ၊ မေမေတို့ဘက်က တော်တဲ့ အဘွားတစ်ယောက်ဆို အသက်





ပဲ ရှစ်ဆယ်ကျော်နေပြီ. . သူလည်း ရင်သားကင်ဆာဖြစ်ဖူးတာပဲ၊ ဆရာဝန်က အန္တရာယ်ရှိလို့ ထုတ်ခိုင်းတာပါ မေမေရယ်. . ထုတ်ပြီးရင် ကောင်းသွားမှာနော်. . မေမေ ဘာမှမစိုးရိမ်နဲ့. . တီလေးကို ခေါ်ပေးမယ်လေနော်'

မိုးတိမ်မျက်နှာမှာ အားတက်တဲ့အရိပ်အရောင်လေးတွေ့လိုက်ရသည်။

သူ့ညီမငယ်လေးကို ခေါ်ပေးမယ်ဆိုတော့မှ. . အငိုတိတ်သွားသည်။

ထိုနေ့ညက မိုးတိမ် ထမင်းမစားပါ။ အိပ်ဆေးသောက်ပြီးအိပ်ခဲ့ရပါသည်။

သာမန်လူကောင်းတစ်ယောက်လို မိုးတိမ် နေချင်ပါရဲ့. . သွင်းလိုက်ရတဲ့ chemoတွေ၊ ဆေးရဲ့ဆိုးကျိုး(side effects)တွေကိုလည်း ရင်စည်းပြီး ခံရတာပဲ. . .

ပါးစပ်ပေါက်ထဲမှာ ကွဲကုန်လို့ ဆန်ပြုတ်တောင်မျိုမချနိုင်တဲ့ဘဝမှာ စိတ်ဆင်းရဲရပေါင်းများပြီ။

ပန်းကြိုက်တဲ့ မိုးတိမ်. . ခုတော့ ဘယ်မှာလဲ ပန်းပန်စရာဆံပင်. . ကတုံးဘဝရောက်တိုင်း ဦးထုပ်ကို မုန်းသည်။ ဆံပင်တုကို ရွံသည်။

ညာဘက်သားမြတ်ကို ထုတ်ပြီးကတည်းက ကိုယ်ကျပ်အင်္ကျီတွေဆို မဝတ်ရဲတော့သလို စိတ်က လုံခြုံမှုမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ တချို့သောလူတွေရဲ့ မသိတတ်မှု၊ လှောင်ပြောင်မှု၊ ကိုယ်ချင်းမစာမှုတွေကိုလည်း ခံရသေးသည်။

တစ်နေ့ သမီးကြီးနဲ့ မိုးတိမ်. . လှည်းတန်းဘက် ရောက်တုန်း လှည်းတန်းဈေးထဲမှာ ဘုရားပန်း ဝင်ဝယ်ကြသည်။

ပန်းရွေးနေတုန်း ဘေးက တခြားပန်းသည်တွေ မိုးတိမ်ကို မေးငေါ့ကာ အတင်းပြောနေကြသည်။

'ဟဲ့. . ဟိုမှာတွေ့လား. . နို့တစ်လုံးစိန်တော့'

'အေး ဟုတ်သားပဲ၊ ပြားကပ်နေတယ်တော့. . ဟီး. . ဟီး'

သမီးကြီးက မကြားပေမယ့် မိုးတိမ်က အားလုံးကိုကြားနေရပါသည်။ စိတ်ထဲမှာ အလိုလို ဝမ်းနည်းလာသည်။ သိမ်ငယ်လာသည်။ လှပမိုးတိမ်ဆိုတဲ့မိန်းမ. . လူကြားထဲ ဘယ်လိုလုပ်ပြီး တိုးဝံ့တော့မလဲ. . .

ဝမ်းနည်းတဲ့စိတ်အခံနဲ့. . . ကားပေါ် ပြန်အရောက်မှာပဲ မိုးတိမ်က သမီးကြီးဝဿန်ပျိုကို ပြောပြမိသည်။

'မေမေ့ကို ကဲ့ရဲ့ကြတယ် သမီးရယ်. . တစ်လုံးစိန်မ. . တဲ့လေ. . ဝဋ်ကြွေးပါလာလို့ မေမေ ခံနေရတာပါ သမီးရယ်. . သူတို့ မေမေ့လို မဖြစ်ပါစေနဲ့လို့ မေမေ ဆုတောင်းပေးပါတယ်'

ကြားလိုက်တာနဲ့တင် ဒေါသကြီးသောသမီးက ရှူးရှူးရှဲရှဲ ဖြစ်လာသည်။

'ဘယ်သူပြောတာလဲ. . မေမေ့ကိုပြောတာ ဘယ်ကောင်မ





လဲ မေမေ. . ပြောစမ်းပါ. . သွားပြီး ပါးကိုဆွဲချဦးမယ်. . ဒင်းတို့ အပူ ဘာပါလို့ ကဲ့ရဲ့နေတာလဲ. . ကိုယ်ချင်းစာစိတ်မရှိတဲ့ဟာမတွေ၊ သူတို့ကျမှ နှစ်လုံးလုံးကို ဖြတ်ရလိမ့်မယ် သေနာမတွေ'

'တော်ပြီ သမီးရယ်၊ မေမေ့အတွက်နဲ့ ငါ့သမီး မပူလောင်ပါစေနဲ့. . လာ. . သွားရအောင်၊ နောက်ဆို. . လူကြားထဲ မသွားဖို့ မေမေ ဆင်ခြင်တော့မယ်'

ဝဿန်ပျိုက ဒါကို လုံးဝလက်မခံပါ။

'လူကြားထဲမတိုးရဲရအောင် မေမေက နူနေလို့လား၊ အဲဒီလို နှိမ့်ချတဲ့စကားမျိုးမပြောပါနဲ့ မေမေရယ်. . နောက်ဆို ဘော်လီထဲမှာထည့်တဲ့ နို့တု မေမေ့ကိုဝယ်ပေးမယ်နော်'

သမီး ဘာမှမသိပါဘူးကွယ်. . မေမေ့ဘဝမှာ အတုတွေ များနေပါပြီ။ ဆံပင်တု၊ နို့တု၊ နောက်ပြီးတော့. . အချစ်တု။ မေမေ တစ်ယောက်တည်း ကျိတ်ပြီးခံနေတာ သမီးတို့မသိနိုင်ပါဘူး။

သိပြန်ရင်လည်း သားသမီးတွေ အဖေကိုပြစ်မှားမိမှာစိုးတယ်. . သူ မေမေ့ကို ပစ်ပယ်ခဲ့တာတွေ၊ ဘေးဖယ်ခဲ့တာတွေ များနေပါပြီ။ ဆယ့်ကိုးနှစ်သမီးကတည်းက မေမေ သူ့ရင်ခွင်ထဲကိုခိုဝင်ခဲ့တာပါ။

ခုတော့ လေဆန်လမ်းမှာ ပျံနေရတာ အတောင်ညောင်းသွားပြီ သမီးရယ်. . .

♥



www.burmeseclassic.com

www.burmeseclassic.com

## အရက်စက်ဆုံး ဖောက်ပြန်မှု

နီရာက သူ့ကို မျက်စိတစ်ဆုံးလိုက်ကြည့်နေတဲ့ မိုးတိမ်ကို သတိထားမိပုံမရပါ။

Lacoste အကျႌအဆင်ဆန်းကိုဝတ်ပြီး ဆွတ်နေကျ DUNE ရေမွှေးကို တစ်ကိုယ်လုံး မွှေးကြိုင်နေအောင် ဆွတ်နေသည်။ ဆံပင် မည်းဆေးဆိုးထားလို့ပြောင်လက်နေတဲ့ဆံပင်တွေကို ဘီးဖြင့်အထပ် ထပ်အခါခါ ဖြီးပြန်သည်။

'ရုံးသွားမှာလား၊ ရုပ်ရှင်ရိုက်သွားမှာလည်း နီရာ'

မိုးတိမ်က အမြင်ကတ်စွာမေးမိသည်။

'ကိုယ့်ယောကျ်ားလှနေတာ မနာလိုဖြစ်တဲ့မိန်းမက ရှိသေးတယ်ဟေ့'

'မသိပါဘူးလေ. . နင်က အသက်ကြီးမှ အလှ သိပ်ကြိုက်နေလို့ မယားငယ်များ တွေ့နေပြီလားလို့. . ငါ့ကိုတော့ မလိမ်ပါနဲ့





နော်. . ပွင့်ပွင့်လင်းလင်းပြောပြီးမှ ထားခဲ့ချင်ထားခဲ့ပါဟာ. . နင်လိမ်တာကို ငါမခံစားနိုင်လို့ပါ'

နီရာက မယားကိုချော့ဖို့ မိုးတိမ်နှင့်နီးနီးကပ်ကပ် ပူးထိုင်လိုက်ပြီး သူ့ထုံးစံအတိုင်း

'ဘာတွေလျှောက်ပြောနေတာလဲကွာ. . ကိုယ့်မှာ မိန်းမနဲ့သားသမီးနဲ့ မြေးတွေနဲ့ဥစ္စာ. . ဘယ်က မယားငယ်မက ရှိရမှာလဲ'

ဒီလို လေပျော့လေးနှင့် တယောထိုးလျှင် မိုးတိမ်တို့က အရည်ပျော်သွားမြဲ. . .

'ဒီနေ့ရော ထမင်းလာစားမှာလား. . နင်ကြိုက်တတ်တဲ့ ဝက်သားနဲ့နာနတ်သီးချက်ခိုင်းထားမယ်လေ'

လာစားစေချင်လို့ ပြောနေရတာပါ။ နီရာက အဲဒီရုံးမှာ သွားလုပ်ကတည်းက အိမ်မှာ ထမင်းပြန်မစားတာ နှစ်နဲ့ချီနေပြီ။ သူ့ဘော်ဒါ အကယ်ဒမီမင်းသားကြီးကလည်း အားအားရှိတိုင်း ဆိုင်မှာစားဖို့ လာလာခေါ်သည်။

မနက်စာကို ရုံးမှာစားပြီး ညစာကို အဲဒီမင်းသားနှင့်ထွက်ထွက်စားသည်။ ဘယ်မှာလဲ. . မိုးတိမ်နဲ့အတူတူစားဖို့အချိန်။

'ထမင်းတစ်လုတ်နဲ့ ပြန်လာရတဲ့အချိန်က နေပူတယ်လေ၊ ဟိုမှာပဲ စားလိုက်တော့မယ်နော်. . မိန်းမ စောင့်မနေနဲ့တော့'

နင်မလာမှန်းသိပေမယ့် နင်ကြိုက်တဲ့ ဟင်းလေးတွေချက်ပြီး နင်ပြန်လာနိုးနဲ့ နေ့တိုင်းမျှော်နေတဲ့ မိန်းမပါဟာ. .



www.burmeseclassic.com

www.burmeseclassic.com



ကားသော့လေးကိုင်ကာ အတာချီကော့စ်ကိုင်ပြီး လူပျိုလေးလို သွက်လက်ဖျတ်လတ်နေတဲ့ ယောကျ်ားကိုကြည့်ပြီး မိုးတိမ် တစ်ခုခုကို တွေးပူလာသည်။ နီရာ ထွက်သွားပြီးနောက်မှာ သမီးငယ်နိုလည်း ကုမ္ပဏီကို အလုပ်ဆင်းဖို့ ထွက်သွားပြန်ပြီ။ သားငယ်လေးက ဆေးကျောင်းသွားတက်ဖို့ ထွက်ပြန်ပြီ။

အိမ်မှာ မွေးစားသမီးလေး စန်းစန်းနဲ့မိုးတိမ် နှစ်ယောက်ပဲ ကျန်နေခဲ့ရသည်။ တစ်ခါ စန်းစန်းက သူ့အလုပ်သူ မီးဖိုချောင်ဝင်ပြန်တော့ မိုးတိမ်တစ်ယောက်တည်း အိမ်စောင့်ပေါ့. .

ပျင်းလာရင် မြိတ်က ညီမနဲ့ ဖုန်းပြောမည်။ သမီးကြီးနဲ့ သမီးငယ် လာမည့်အချိန်ကို မျှော်ရသည်။ မြေးလေးတွေ လာရင် သူမ အပျင်းပြေသည်။

ဒီနေ့လည်း ထမင်းစားစားပွဲမှာ တစ်ယောက်တည်းထိုင်ပြီး ငိုင်နေသည်။ ထမင်းပန်းကန်ကိုကောက်ကိုင်လိုက်ချိန်မှာ မျက်ရည်တွေက အလိုလို စီးကျလာသည်။ ဒါကို သမီးတွေက မြင်ဖြစ်အောင် မြင်သွားလေသည်။

'မေမေ. . ဘာဖြစ်လို့လဲဟင်. . နေမကောင်းလို့လား. . ဖေဖေနဲ့ရန်ဖြစ်ထားလို့လား'

တစ်ယောက်ပြီးတစ်ယောက်. . စိုးရိမ်လို့ဝိုင်းမေးနေကြသည်။

'ထမင်းစားချိန်ကျရင် အထီးကျန်လွန်းလို့ ကိုယ့်ဘဝကိုယ်





ဝမ်းနည်းတာပါ သမီးရယ်. . တကယ်တမ်းကျတော့ ငါ့ဘဝက သေမဲ့နေ့ကို ထိုင်စောင့်နေရတဲ့ အိမ်စောင့်ခွေးသာသာပါပဲလေ'

အမေဝမ်းနည်းရတဲ့အကြောင်းရင်းအမှန်ကို သိပြီဆိုတော့ သမီးနှစ်ယောက်မှာ ထမင်းပန်းကန်ကိုယ်စီကိုင်ပြီး ထမင်းစားစားပွဲမှာ ဝင်ထိုင်လာကြသည်။ အမှန်ဆို. . သူတို့အိမ်မှာ ထမင်းစားလာခဲ့ပြီးသား။

'ဘာမှမပူနဲ့. . မေမေတစ်ယောက်တည်း မဟုတ်တော့ဘူးနော်. . သမီးတို့ပါ ဝိုင်းပြီးစားပေးမယ်. : ဟာ. . ဒီမှာ ဒန့်သလွန်ရွက်နဲ့ပုစွန်ကြော်ပါလား. . ကြွပ်ရွနေတာပဲ မေမေရယ်. . ရော့. . အချဉ်လေးနဲ့တို့ပြီးစားနော်'

'သစ်တိုသီးနဲ့ ငါးနဲ့ ချဉ်ရည်ဟင်းလေးလည်း ကောင်းမှကောင်း. . ရှယ်ပဲ. . စန်းစန်းတို့ လက်စွမ်းပြထားတာကိုး'

သမီးတွေ မြေးတွေနဲ့ ဝိုင်းစားတော့ မိုးတိမ် အာရုံပြောင်းသွားသည်။

'မေမေ. . မနက်ဖြန် ဘာဟင်းစားချင်လဲဟင်. . သမီးတို့ချက်လာပေးမယ်လေ'

'ဘာမှ မစားချင်ဘူး၊ နင်တို့သာ စောစောရောက်အောင်လာကြ. . ဒီအိမ်မှာ မေမေနဲ့အတူတူ ထမင်းလာစားရင် တော်ပြီ. . မေမေတစ်ယောက်တည်းဆို တောင်တွေးမြောက်တွေးနဲ့ ရူးချင်လာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အိုခေ. . အစောကြီးလာခဲ့မယ်. . မေမေ ဒရင်းဘက်မှာ အိပ်တော့. . သမီးတို့နှိပ်ပေးမယ်လေ. . ဟဲ့. . ဟိုနှစ်ယောက် လာစမ်း. . မွှေ့မွှေ့နဲ့ ဖောင်းဖောင်း. . ဘွားဘွားကို အိုးလေး လှုပ်ပြီး ကပြကြဦးလေ'

သမီးကြီးက မွေးတဲ့ မြေးမလေး မွှေ့မွှေ့နဲ့ သမီးလတ်က မွေးတဲ့ မြေးမလေး ဖောင်းဖောင်းကို မသိတဲ့သူတွေက အမြွှာလေးတွေလို့ထင်ကြသည်။

အရွယ်လေးတွေက မတိမ်းမယိမ်း. . . ဝတ်ပေးလိုက်ရင်လည်း အကျီလေးတွေက ဆင်တူ ဆိုတော့. . ထင်လည်း ထင်ချင်စရာပေ. . .

ခုလည်း. . မြေးမ နှစ်ယောက်က ဖင်လေးတွေ ယိမ်းပြီး အပြိုင်အဆိုင် ကနေကြတာ အသည်းယားချင်စရာ။ မိုးတိမ် ကိုယ့်ဘဝကိုယ်မေ့သွားသည်။

'တော်လိုက်တာ. . ငါ့မြေးလေးတွေကတာ အရမ်းလှတယ်ဟေ့. . ဆက်ကပါဦး. . အိုးလေး လှုပ်ပါဟေ့. . အိုးလေးလှုပ်ပါဟေ့'

အမေ ပျော်နေတာကိုကြည့်ပြီး ပျိုနှင့်ကိုက ကျေနပ်နေရသည်။ အမေ့ဘဝမှာ စိတ်ဆင်းရဲစရာဆိုလို့ မြူတစ်မှုန်စာမျှ မထင်စေလိုတော့ပါ။ သူ့အဘွားက သီချင်းဆို. . သူ့မြေးမတွေက ဆတ်စလူးခါအောင် ကနေကြသည်။

ညနေစောင်းတော့ သမီးငယ် နို ပြန်ရောက်လာသည်။





နီရာတို့ အိမ်ပြန်မရောက်သေးတော့ မိုးတိမ်က

'ဟဲ့. . နင့်အဖေက ခုချိန်ထိ ပြန်မလာသေးပုံထောက်ရင် အဲဒီရုံးမှာ ဒရဝမ်ပါ ဆက်လုပ်မယ်နဲ့တူတယ်'

နိုက အမေနဲ့အစ်မတွေ သိအောင် ပြောပြလာသည်။

'ဖေဖေ့ ဖုန်းBill က ဒီတစ်လ ငါးသောင်းကျော်ကျတယ် မေမေ. . ခါတိုင်းလတွေဆို သုံး. . လေးထောင်လောက်ပဲ ကျတာ'

'ဟဲ့. . များလှချည်လား. . မှားများနေသလား သမီးရယ်၊ သေချာသွားအောင် call list တွေ ထုတ်ကြည့်ပါလား'

'သမီး ထုတ်ခိုင်းထားတယ် မေမေ'

ပြောပြီး နိုက ငြိမ်သွားသည်။ သမီးတစ်ခုခုကို တွေးနေပြီဆိုတာ မိုးတိမ် သိတာပေါ့။

အိပ်မပျော်တဲ့ညတွေ များလှပြီ နီရာ. . ရောဂါက နှိပ်စက်တဲ့ဒဏ်ရာတွေနဲ့တင် ငါက သေချင်နေတဲ့သူပါ နီရာ. . နင် ငါ့ကိုထပ်ပြီး မနှိပ်စက်ပါနဲ့တော့ဟာ. . .

*



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတစ်ခုကို အမေ မသိအောင် ဖုံးဖိထားရတဲ့ ဒုက္ခကလည်း မသေးလှပါ။

သားသမီးတွေဆုံရင် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြီး အချက်ပေးနေရသည်။

ဒီအဖေနဲ့စကားပြောဖို့ဆိုတာက. . အမေ မရှိတဲ့အချိန်မျိုးမှဖြစ်မှာ. .

အဲဒီအချိန်ကို· သူတို့စောင့်နေရသည်။

တစ်နေ့. . အမေက အဖေ့ကိုစိတ်ဆိုးပြီး ဒေါသတွေထွက်နေသည်။

အမေ စိတ်ပြေလက်ပျောက် ဖြစ်အောင် အပြင်သွားပါလားလို့ဝိုင်းပြောတော့ အမေက မောင်လေးနဲ့အတူတူ အပြင်ထွက်သွားသည်။

သမီးသုံးယောက်နဲ့အဖေ ထိပ်တိုက်တွေ့ကြသည်။ ဝိုင်းဒိုင်းကြဖို့၊ ရန်ဖြစ်ဖို့ မဟုတ်ပါ။ တောင်းပန်ပြီး တောင်းဆိုစရာရှိလို့ဖြစ်သည်။

အဖေဖြစ်သူက သူ့အပြစ်နဲ့သူဆိုတော့ ထိုင်လိုက်တာနှင့် ခပ်ဆတ်ဆတ်ပင်. .

'ပြော. . ဘာလဲ'

ဝဿန်ပျိုက အဖေ့ခြေရင်းမှာ ကျုံ့ကျုံ့ကလေး ထိုင်ပြီး မေးသည်။ ဒေါသသံ လုံးဝမပါပါ။





'ဖေဖေနဲ့ဖုန်းပြောနေတဲ့ မိန်းမက ဘယ်သူလဲ'

'နင်တို့ တစ်နေ့မေးလာလိမ့်မယ်လို့ ငါတွက်ထားပြီးသား၊ ဘာမှမဟုတ်ဘူး. . နင်တို့ခေါင်းထဲက ထုတ်ပစ်လိုက်တော့'

'ခဏနေဦး ဖေဖေ. . ဒီလိုနည်းနဲ့ ရှောင်လွှဲလို့မရဘူး. . ဖေဖေ့မှာ မိသားစုရှိသေးတယ်လေ. . တစ်ခုခုကိုလုပ်ချင်တယ်ဆိုရင်တောင်မှ သားသမီးတွေနဲ့ လူမမာမေမေ့မျက်နှာကို ငဲ့သင့်တယ်၊ အခုဟာက ဖေဖေ ရက်စက်လွန်းတယ်၊ သမီးတို့ရင်ထဲကို ဝင်ကြည့်စမ်းပါ ဖေဖေ၊ အမေဖြစ်သူကို ဘယ်နေ့မှာ လက်လွှတ်ဆုံးရှုံးရမလဲလို့ တွေးပူနေရတဲ့ ကြားထဲမှာ အခု ဖေဖေကပါ မိသားစုကို သစ္စာဖောက်ပြီး အမေ့နေရာမှာအစားထိုးဖို့ အသင့်ရှာထားတယ်. . သိပ်ရက်စက်တယ်. . မေမေ့အပေါ်မှာ ဖေဖေရက်စက်ခဲ့သမျှ ဒီတစ်ခါ အရက်စက်ဆုံးပဲ'

ပြောပြီး ငိုနေတဲ့ ဝဿန်ပျိုကို နီရာက

'ဒီလို တစ်ဖက်စောင်းနင်း မပြောနဲ့လေ. . သူနဲ့ငါ ဘာမှ မပတ်သက်ဘူး'

'ပတ်သက်မှုမရှိဘူးဆိုရင် အိမ်ထောင်သည်ယောကျ်ားတစ်ယောက်နဲ့ ညဥ့်နက်သန်းခေါင်၊ ဥပမာ - ည နှစ်နာရီ၊ သုံးနာရီ. . မနက်စောစော လေးနာရီ၊ ငါးနာရီလောက်. . ဖုန်းပြောနေကြတာ ဘာအဓိပ္ပာယ်လဲ ဖေဖေ၊ အဲဒီလို မိန်းမမျိုးကိုရော မိန်းမကောင်းလို့ သတ်မှတ်ရမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ရပြီ. . တော်တော့. . ငါသိပြီ၊ ငါဆင်ခြင်မယ်'

'ကတိတစ်လုံးကို လွယ်လွယ်နဲ့မပေးပါနဲ့ ဖေဖေ. . ပေးပြီးသား ကတိဆိုတာမျိုးက တည်မှကောင်းတာ၊ ဖေဖေ သမီး ရှစ်တန်းတုန်းက ပေးခဲ့တဲ့ကတိကို အခုဖျက်ပြန်ပြီနော်. . မှတ်မိသေးလား၊ ဖေဖေပြောခဲ့တယ်လေ. . သမီး ဘာသာစုံဂုဏ်ထူးထွက်အောင် ဖြေနိုင်ရင် ဖေဖေ မိန်းမကိစ္စတွေ ရှင်းအောင်နေမယ်ဆို. . ခုဆို ဖေဖေ့မှာ မြေးသုံးယောက်တောင် ရနေပြီ၊ သမက်တွေ သိရင် ဘယ်လောက်အရှိအသေတန်မလဲ'

သမီးငယ်နိုက ဝင်မေးသည်။ အဲဒီအချိန်က ဖုန်းတစ်လုံးကို သိန်းသုံးလေးဆယ်ပေးဝယ်နေရတာကိုး။

'ဒီဖုန်းကို. . လာဝယ်သွားတာ မကြာသေးဘူးတဲ့. . ၀၉-၅၀၃၂၈×. . က ဖေဖေ ဝယ်ပေးထားတာမဟုတ်လား'

နီရာက အကြောက်အကန်ငြင်းလေသည်။

'ဘယ်ကလာ ငါဝယ်ပေးရမှာလဲ'

'ဒီမိန်းမက ဘယ်သူလဲဆိုတာ ပြောပေးပါ ဖေဖေ'

သမီး သုံးယောက်လုံးက တစ်ပြိုင်တည်း တောင်းဆိုကြသည်။ နီရာကလည်း ခေါင်းမာစွာပင် ငြင်းမြဲငြင်းနေသည်။ သမီးကြီးက

'မြန်မာပြည်ကြီးမှာ လူတစ်ယောက်အကြောင်း စုံစမ်းရတာ လွယ်လွယ်လေးပါ ဖေဖေ. . မေမေ့ကိုငဲ့နေလို့ ငြိမ်နေတာ. .





ရှင်းရှင်းပြောရရင် ဖေဖေ့ဟာမအတွက်နဲ့ မေမေ့အသက်ကိုမလဲနိုင်လို့ သည်းခံနေတာပါ၊ အ,တယ်လို့ မထင်ပါနဲ့'

'ဘာမှလိုက်ပြီးစုံစမ်းမနေနဲ့နော် သမီး၊ သူက နင်တို့ထက် အများကြီးအဆင့်နိမ့်ပါတယ်၊ ဒီလောက်ဆို သဘောပေါက်ပါတော့'

ပြောပြီး. . နီရာက ထွက်သွားမလို့ပြင်သည်။ သမီး သုံးယောက်လုံးက

'နေပါဦး ဖေဖေ. . သမီးတို့ကန်တော့ပါရစေ. . တောင်းပန်ပါရစေ. . ဖေဖေ နောက်ဆုတ်လိုက်ပါနော်၊ မေမေသိရင် သေသွားလိမ့်မယ်. . မေမေ့လောက် ဖေဖေ့ကိုချစ်တဲ့မိန်းမမျိုး ဒီကမ္ဘာပေါ်မှာရှိသေးလို့လား. . အနှစ်သုံးဆယ်ကျော်ပေါင်းလာတဲ့မျက်နှာကို ထောက်ပြီးနည်းနည်းလောက်ငဲ့ညှာပေးပါ ဖေဖေ'

နီရာ ပြောတာကတော့

'သမီးတို့အမေ မသိပါစေနဲ့၊ နင်တို့ ဝိုင်းပြီး ဖုံးပေးထားကြပါ'

သူခိုးသေဖော်ညှိနေတာလား ဖေဖေရယ်။ ကိုယ့်မိသားစုအပေါ်မှာ သစ္စာဖောက်တာလောက်ဆိုးတဲ့ အပြစ်ရှိပါဦးမလား. .

ဒါပေမယ့်. . စိတ်ချထားပါ ဖေဖေ။ မေမေ့အသက် ရှင်သန်ဖို့ဆိုရင် မုသားသုံးဖို့လည်း ဝန်မလေးပါဘူး။ ဒါဟာ. . . မေမေကောင်းဖို့အတွက် သုံးရတဲ့ မုသားဖြူလို့ သမီးတို့ ခံယူထားမှာပါ။

*



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်ကို သူတို့တွေက လျှော့တွက်ထားကြပုံရသည်။

ဒီတစ်ခါ ထပ်အ,ရင်.လူမိုက်ပဲလေ. .

ဒီနေ့ နီရာက ကားဆက်ခန်းသွားမယ်ဆိုပြီး ပြောသွားလို့ မိုးတိမ်က လူလွှတ်ပြီး လိုက်ချောင်းခိုင်းသည်။ ကမ္ဘာအေးဘက်မှာ ရှိတဲ့ အဲဒီနေရာကို နီရာ မလာပါတဲ့. .

ဒါဆို သူဘယ်သွားနေတာလဲ၊ သူအလုပ်လုပ်နေတဲ့ NGO အဖွဲ့အစည်းကနေ ထွက်လိုက်ပြီပဲ။

နေ့တိုင်း သူအကြောင်းပြနေတာ တစ်ခုရှိသေးသည်။

ဘဏ်သွားမယ်၊ ငွေလွှဲဝင်နေလို့ သွားထုတ်မယ်တဲ့။ ဘဏ်ဆိုလို့ တစ်ခါမှမရောက်ဖူးတဲ့ မိုးတိမ်က သမီးတွေကို မသိမသာနှင့် မေးကြည့်မိသည်။

'ဘဏ်မှာ ငွေလွှဲထုတ်တာ ဘယ်လောက်ကြာသလဲ သမီး'

'မကြာပါဘူး မေမေရယ်. . အလွန်ဆုံး နာရီဝက်ပေါ့'

ဒီစကားကို သမီးသုံးယောက်လုံးက ပြောတာပါ။ မိုးတိမ် ပိုပြီး ဘဝင်မကျဖြစ်လာသည်။

'ဒါဆို နင်တို့အဖေက ဘဏ်ဆိုပြီး တစ်ခါထွက်ရင် သုံးလေးနာရီကြာမှပြန်လာတယ်. . ဘာသွားလုပ်နေတာလဲ. . မေမေ့ကို စုံစမ်းပေးကြပါဦး သမီးတို့ရယ်'

သမီးတွေက ဝိုင်းပြီး အာရုံပြောင်းကြသည်။

'ဘဏ်ဆိုပေမယ့်လည်း အလုပ်ကိစ္စတွေက ရှိနေသေးတာ





ကိုး မေမေရယ်. . ပြီးတော့ ဖေဖေက အလုပ်ထွက်လာတာလည်း မကြာသေးဘူးဆိုတော့ နည်းနည်းဝေါ်နေမှာပေါ့'

'တော်ပြီ. . နင်တို့ပြောလိုက်ရင် နင်တို့အဖေဘက်ကချည်းပဲ cover လုပ်ပေးနေတယ်'

မိုးတိမ်စိတ်ထဲမှာတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းယူမည်ဟု တေးထားလိုက်သည်။

မယုံတာတော့ လုံးဝကို မယုံတော့တာ။

လင်မယားတောင်မှ သုံး - လေးနှစ် ပေါင်းလာတဲ့ လင်မယားမှမဟုတ်တာ. . အနှစ်သုံးဆယ်ကျော်ရှိနေမှပဲ. . သူ မှုပျက်နေတာ ကောင်းကောင်းသိတာပေါ့။

သူက ဝန်မခံဘဲ ညတိုင်း ဘူးခံငြင်းနေပေမယ့် မိုးတိမ်သိရအောင် နတ်ကောင်းနတ်မြတ်တွေက မ,လိုက်တယ်လို့ မိုးတိမ်ယုံသည်။

သူဖုန်းပြောထားတဲ့call listတွေ မိုးတိမ်လက်ထဲမှာရောက်နေပြီ။

ဖုန်းနံပါတ်တစ်ခုတည်းကို အသည်းအသန်ဆက်ထားတာ။

မိုးတိမ်က နီရာရဲ့ ဖုန်းအဝင်အထွက်မှာ ၀၉-၅၀၃၂၁၈× နံပါတ်ကို မင်နီဖြင့် လိုက်ပြီးတားသည်။

တစ်နေ့တည်းမှာတင် သူက ခေါ်လိုက်၊ ဟိုက ခေါ်လိုက်ဖြင့် အကြိမ်ပေါင်း မနည်းပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီထက် ပိုဆိုးတာက. . ညဖက် သူမ အိပ်ပျော်နေချိန်မှာ သူတို့ ဖုန်းပြောနေကြသည်။

ဒီကိစ္စကိုရှင်းဖို့ အချိန်တန်နေပြီ။ မိုးတိမ်က လဲပြိုချင်နေသော ခန္ဓာကိုယ်ကို အားတင်းထားပြီး သူ ပြန်အလာကို စောင့်နေသည်။

နေ့ခင်း ထမင်းစားချိန်ကျတော့ နီရာ ပြန်ရောက်လာသည်။ မိုးတိမ်ဆီ မျက်နှာချိုသွေးဖို့ သူဝင်လာသည်။

'မိန်းမ. . ထမင်းစားပြီးပြီလား'

'ငါ့ကို ထမင်းစားပြီးပြီလားလို့ မေးရအောင် နင်က ဘာစားပြီးပြန်လာတာလဲ. . ရော့. . ဒီကိစ္စ ငါ့ကိုရှင်းစမ်း၊ ဒါ ဘယ်ကကောင်မလဲ'

မိုးတိမ်က call list တွေပါတဲ့ စာရွက်ကို နီရာရှေ့ ပစ်ချပြီး ပြောသည်။

နီရာ မျက်နှာတစ်ချက်ပျက်သွားသည်။

သို့သော် ချက်ချင်းပင် မျက်နှာကို ပြန်ပြင်လိုက်နိုင်သည်။

'စိတ်မဆိုးပါနဲ့ မိန်းမရာ. . ရုပ်ရှင်မင်းသမီးဖြစ်ချင်လို့. . လာပြီးရောကြတာပါ. . ဘာမှမဖြစ်ပါဘူး၊ လျှောက်မတွေးနဲ့နော်. . ကိုယ့်မှာ ရောဂါကြီးနဲ့ စိတ်ချမ်းသာအောင်နေမှပေါ့'

'ရောဂါ. . ဟုတ်လား၊ ငါ ဒီရောဂါနဲ့ သေသွားရင် နောက်တစ်ယောက်ယူဖို့ အဆင်သင့်ပြင်ထားတာမဟုတ်လား. . နင် သိပ်





ရက်စက်တယ် နီရာ. . နင် ငါ့အပေါ်မှာ ဘယ်အငြိုးနဲ့နှိပ်စက်နေတာလဲ. . . ပြောစမ်းပါ'

သူ့ရင်ဘတ်သူ တအုန်းအုန်း ထုပြီး မိုးတိမ် ငိုနေသည်။ ဝုန်းဒိုင်းကြနေတဲ့အသံတွေကြောင့် သားသမီးတွေ ပြေးတက်လာပြီး ဝိုင်းဆွဲထားရသည်။

မိုးတိမ်မှာတော့ ခံစားရလွန်းလို့ အရူးတစ်ပိုင်းကို ဖြစ်နေပြီ။ ခေတ်ကင်ထားတဲ့ရင်ဘတ်ကို ထုရိုက်ထားလို့ တစ်ပြင်လုံး နီရဲနေတာ ကြည့်ရက်စရာပင် မရှိ။

အမေ တအားခံစားနေရပြီ။ ဒီ့အတွက်. . သားသမီးတွေအားလုံး ဝမ်းနည်းရသည်။ အံမေ့နေရာမှာ ဝင်ပြီး ခံစားကြည့်လို့ရသည်။ အမေ အချစ်ဆုံးလူတစ်ယောက်က သူဝေဒနာခံစားနေရတဲ့ အနာကျင်ရဆုံးအချိန်မှာ ဖောက်လွဲဖောက်ပြန် လုပ်ရက်လေခြင်းလို့ ရင်ထုမနာဖြစ်မိမှာပဲ. . .

'နင် ငါ့အပေါ်မှာ အရင်ကလည်း အပြစ်တွေကျူးလွန်ခဲ့တယ်. . သစ္စာမဲ့ခဲ့တယ်. . ငါ အားလုံးကိုခွင့်လွှတ်ပေးခဲ့တယ် နီရာ၊ ဒါပေမယ့် ဒီတစ်ခါတော့ ငါ နင့်ကို အရမ်းမုန်းတယ်၊ အရမ်းလည်းရွံသွားပြီ သိလား. . ငါ့အမေပြောခဲ့တဲ့စကားက သိပ်မှန်တာပဲ. . . လူမှာ အမျိုး၊ ကြက်မှာ အရိုး တဲ့. . ဟား. . ဟား. . ဟား. . နင်လည်း နင့်အမေလိုပါပဲလား နီရာ. . တစ်စက်ကလေးမှသစ္စာမရှိဘူး၊ စည်းမစောင့်ဘူး. . တော်ပြီ. . နင်နဲ့ငါ ကွာရှင်းကြရအောင်၊



www.burmeseclassic.com

www.burmeseclassic.com



နင့်အလိမ်အညာတွေ. . မုသားတွေ နားထောင်ပေးဖို့ ငါ့မှာ အချိန်မရှိတော့ဘူး၊ နင် တစ်နေ့နေ့ကျရင် လိမ္မာလာမလားလို့စောင့်လာခဲ့တာ အခုတော့ ငါပဲ သေဖို့ရက် နီးလာတယ်. . နင်က လူမိုက်. . ခုချိန်ထိ နင်မိုက်တွင်းနက်လို့ကောင်းတုန်းပဲ. . အပယ်သွားမဲ့လုပ်ရပ်တွေပဲ နင် ရွေးပြီး လုပ်နေတယ်. . နင့်ထိုက်နဲ့ နင့်ကံ၊ နင်ခံပေတော့၊ ငါ့ကို အပူတွေထပ်မပေးပါနဲ့တော့၊ တောင်းပန်ပါတယ်ဟာ'

သူ့အမေကိုထိတော့ အသည်းခိုက်အောင် နာပုံရသည်။

နီရာက နှုတ်ခမ်းကိုမသိမသာမဲ့လိုက်တာ မိုးတိမ်မြင်လိုက်ရသည်။ သမီးလတ်က

'မေမေ စိတ်ကိုလျှော့ပါနော်. . ဖေဖေ ရှင်းပြနေပြီပဲဟာ၊ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲနေလို့ဖြစ်မှာပါ'

'အထင်လွဲနေတာ မဟုတ်ဘူး. . ငါ့အထင်တွေ မှန်နေတာဟေ့. . နင်တို့အဖေက အသက်ရှုနေသရွေ့ ငါ့ကို လိမ်ညာနေတာ၊ ဟန်ဆောင်နေတာ. . ငါ ဘာအမှားလုပ်ထားလို့လဲ. . ငါ့မှာ ဘာအပြစ်ရှိလို့လဲ. . သေမင်းကြီးရယ်. . ကြည့်မနေပါနဲ့. . ကျွန်မကို အမြန်ဆုံးလာခေါ်လှည့်ပါ. . ဒီဘဝမှာ အသက်ရှင်နေရတာ ဘာမှမထူးတော့ဘူး. . ငါသေချင်ပြီ၊ ငါသေသွားမှအေးမှာ. . အသက်ရှင်နေသရွေ့ ဝဋ်တွေခံနေရတာ. . ဟီး. . ဘုန်း. . ဘုန်း'

နှလုံးနဲ့အဆုတ်တွေ ကြွေမတတ် တဖုံးဖုံး သူ့ရင်ဘတ်သူထုရိုက်နေတာ ကြည့်ရက်စရာမရှိတော့။





သမီးလတ်က အတင်းချုပ်ပြီး ဖက်ထားရသည်။

အဖေ့ကိုလည်း ဒေါသထွက်သည်။ ပေးထားတဲ့ကတိကို တည်မှမတည်တာ။

သားသမီးတွေနဲ့ အပေးအယူ လုပ်ထားရက်သားနဲ့ အနေအထိုင် မဆင်ခြင်ခဲ့။ အပြင်ကို အကြောင်းမရှိ အကြောင်းရှာပြီး ထွက်နေသည်။

မိသားစုထဲမှာ အေးအေးချမ်းချမ်းသာ နေချင်ကြသည်။

အထူးသဖြင့် အမေ ရောဂါခံစားနေရတဲ့ ဒီလိုအချိန်မျိုးမှာ ပိုပြီးစည်းလုံးစေချင်သည်။ ညီညွတ်စေချင်သည်။

ခုတော့ သားသမီးတွေမှာ အထိတ်ထိတ်အလန့်လန့်ဖြင့် ကျီးလန့်စာစားနေရသလို ခံစားရသည်။

'ပြောစမ်း. . ဒီမိန်းမနာမည် ဘယ်သူလဲ'

နီရာက လုံးဝမပြောဘူးဆိုသည့်ဒိဋ္ဌိုင်းဖြင့် ပေပြီး နေနေသောအခါ အမေ့ဒေါသတွေ ပိုပြီးပေါက်ကွဲလာသည်။

'နင်က နင့်မယားငယ်မကို ဖုံးကွယ်ထားမယ်ဆိုတဲ့သဘောပေါ့. . ဟုတ်လား. . အေးလေ. . နင် ဘယ်လောက်ထိ ဖုံးထားနိုင်မလဲ ကြည့်ကြသေးတာပေါ့'

♥



www.burmeseclassic.com

www.burmeseclassic.com

## ယူကြုံးမရ နာကြည်းမှုများ

မိုးတိမ်ဘဝရဲ့ တစ်နေ့တာအချိန်တွေထဲမှာ မိုးလင်းတာနဲ့ အလိုမကျမှုတွေနဲ့ စတင်ရသည်။ ညဖက်တွေမှာ ကောင်းကောင်း အိပ်လို့မရတော့ မနက်အိပ်ရာထတာနှင့် လူက မူးဝေနေပြီ။

ဘဝမှာ အိမ်ထောင်ရေးမှာ အကြိမ်ကြိမ်ရှုံးပြီးသား မိန်းမ တစ်ယောက်က အရှုံး၊ အမုန်းနဲ့တာဝန် ဆိုတာကို ကောင်းကောင်း ကြီးခဲ့ခြားတတ်သူဖြစ်သေးသည်။

အဲဒီတော့ သူ စားချင်တာ မစားချင်တာ အပ,ထား. . . ယောက်ျားနှင့် သားဖြစ်သူ စားဖို့ကို ပါးစပ်လေးတစ်ပေါက်နှင့်ပဲ စီမံခန့်ခွဲပေးမြဲ။ ကိုယ့်အတွက်ဆိုတာက အမြဲနောက်ဆုံးမှာ. .

ဒါတွေကို ဈေးဝယ်ပေးနေတဲ့ သမီးကြီးပျိုက အသိဆုံး။

'သမီး. . နင့်အဖေက ဝက်ခြေထောက်ပေါင်း သိပ်ကြိုက် တာ. . ဒီနေ့ ဝယ်ခဲ့ပေးလိုက်ဦး'





အဲဒီလိုပြောပြီး ဈေးမှာရင် ပျို စိတ်မကောင်းဖြစ်ရသည်။

'မေမေရယ်. . မေမေက ပါးစပ်ပျက်နေတဲ့သူလေ၊ ကိုယ် စားချင်တာရှိရင် မှာပါတော့လား'

'ဘာမှလည်း စားချင်စိတ်မရှိပါဘူး သမီးရယ်. . သမီးပဲ ကြည့်ကျက်ဝယ်ခဲ့တော့'

အဖေလုပ်နေတာတွေ၊ လုပ်ခဲ့တာတွေကို ဖွင့်ပြောဖို့မသာ လို့သာ ပါးစပ်ပိတ်ပြီး နေခဲ့ရပေမယ့် ပျိုက နာကြည်းတတ်သည်။ သူများထက် ပိုပြီးခံစားတတ်သည်။ အဖေဆိုတာကို ဘဝမှာ ရွေး ချယ်ခွင့်မရလို့ တော်နေရပေမယ် သူ့ရဲ့အကျင့်စရိုက်နှင့် စိတ်နေ စိတ်ထားကို ပျိုက လုံးဝနှစ်သက်သူမဟုတ်။

ပျိုက အမေ့သွေးပါသူပီပီ အမှန်တရားနှင့်သစ္စာတရားကို မြတ်နိုးသည်။ တန်ဖိုးထားသည်။

အမေ ဘာတွေပဲ မှာမှာ၊ ပျိုသိတာက အမေ့အတွက်ပဲ။

ဈေးရောက်တာနှင့် အမေ ကြိုက်တတ်တဲ့ ပင်လယ်ငါးနှင့် တို့စရာအရွက်တွေ ပုံနေအောင်ဝယ်မည်။

ကလေးနှစ်ယောက်မွေးပြီးမှ အမေ့ကို ပိုပြီးချစ်လာသည်။ ပိုပြီး နားလည်လာသည်။

အမေ့အနားမှာ ဘယ်သူရှိရှိမရှိရှိ၊သားသမီး လေးယောက် နှင့် မြေးသုံးယောက်က အချိန်ပြည့်ရှိသည်။

အားငယ်ဝမ်းနည်းနေတဲ့ စိတ်တွေ၊ သိမ်ငယ်နေတဲ့ အမေ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ တဒင်္ဂလေးဖြစ်ဖြစ် ဖြေသိမ့်ခွင့်ရစေချင်သည်။ အမေ့စိတ်ထဲက ခံစားချက်တွေကို သားသမီးတွေ သိနေတာပဲလေ. .

'ညကလေ. . နင်တို့အဖေများ အိပ်နေလိုက်တာမှ သိုးလို့ သူအိပ်နေတာကြည့်ပြီး ငါ့စိတ်ထဲမှာလေ. . မုန်းလွန်းလို့ လည်ပင်းညှစ်သတ်ချင်စိတ်ပေါက်လာတယ် သမီးရယ်'

ဒီလိုစကားမျိုးတွေ အမေပြောလာပြီဆိုရင် သူ့စိတ်ထဲမှာ ဘယ်လောက်တောင် နာကြည်းနေပြီလဲဆိုတာ သိသာနေပြီ။ သနားစရာကောင်းလိုက်တာ အမေရယ်. . .

'ဟူး. . ဒီအချိန်ဆို နေဝင်တော့မှာပဲနော်. . ငါ့ဘဝလည်း နေဝင်ချိန်နီးနေပြီ၊ အမေ မရှိရင် သမီးတို့မောင်နှမတွေ စည်းစည်းလုံးလုံးနေကြနော်'

'နိမိတ်မရှိတဲ့စကားတွေ မပြောပါနဲ့ မေမေရယ်. . မေမေ သမီးတို့အနားမှာ အကြာကြီးနေရဦးမှာပါ'

ပျို့က ဒီလိုပြောရင် အမေက ခေါင်းခါပြီး

'မထင်တော့ပါဘူး သမီးရယ်. . အမေ နေချင်စိတ်လည်း မရှိတော့ဘူး. . ငါ့သားလေးလည်း ဆရာဝန်ဖြစ်တော့မယ်၊ အမေ ဆန္ဒရှိတာ တစ်ခုပဲ. . သားကို ရဟန်းခံပေးချင်သေးတယ်. . အဲဒီ အချိန်ထိ နေခွင့်ရရင် ကျေနပ်ပါပြီ'

အမေ သေလောက်အောင်ခံစားနေရလည်း အဖေ့ဘက်က သနားတဲ့အရိပ်အယောင်လေးတောင် မပြပါဘူး။





အဖေ့ရဲ့တစ်နေ့တာအချိန်ဇယားထဲမှာ မိုးလင်းရင် ဗိုက်ဝအောင် စားမည်။ အလန်းဆုံးတွေ ဝတ်မည်။

ကိုးနာရီ ဒေါင် ဆိုတာနဲ့ ကြိမ်စကြာနဲ့ တို့ပြီး ခေါ်သလို အိမ်မှ ထွက်မည်။ အကြောင်းပြချက် တွေက တစ်နေ့တစ်မျိုး မရိုးနိုင်။

တစ်နေ့ အမေ အမောဖောက်နေသည်။ အားလုံး ဝိုင်းပြီး ပြုစုပေးနေချိန်မှာ အဖေက အပြင်ထွက်ဖို့ ပြင်ဆင်ပြီး ထွက်လာသည်။

အမေရယ်လေ. . မောနေတဲ့ကြားထဲက လေသံသဲ့သဲ့လေး ထွက်လာပြီး

'ဒါက ဘယ်သွားဦးမှာလဲ'

'ခဏပါကွာ. . ဒီဇိုင်းဆရာနဲ့ချိန်းထားလို့'

'အရင်တုန်းက သူ့ဘာသူလုပ်နေတာပဲ. . နင်သွားစရာ လိုလို့လား'

'ကိုယ်တိုင်သွားတော့ အလုပ်ပိုမြန်တာပေါ့ကွာ'

အမေ ဘာပြောနိုင်မှာလဲ. .

ရှိုးစမိုးနဲ့ထွက်သွားတဲ့ယောကျ်ားကို ငေးပြီးကျန်ခဲ့တာ နေ့တိုင်းပါပဲ။

အဲဒီအခါမျိုးတွေမှာ အမေ့ရင်ဖွင့်ဖော်ဟာ သမီးတွေဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်ဆုံးတစ်နေ့မှာ လူတိုင်းသေရမယ်ဆိုပေမဲ့ အဲဒီနေ့အထိ ငါမစောင့်ချင်တော့ဘူး. . အဖန်ငါးရာငါးကမ္ဘာဆိုတာ မရှိရင် ဒီနေ့ပဲ ငါ့ကိုယ်ငါ လုပ်သတ်လိုက်ချင်တယ်၊ ဒီနေ့သေ. . ဒီနေ့ဝဋ်ကျွတ်လိမ့်မယ် သမီးရယ်'

ဘယ်သားသမီးက စိတ်ချမ်းသာနိုင်မလဲ။

အဖေ့မှာ စဉ်းစားတတ်တဲ့ အသိဉာဏ် ရှိသေးရဲ့လားလို့ မေးလိုက်ချင်သည်။

အမေ ဒီလောက် ဝေဒနာခံစားနေရတဲ့အချိန်. . . သူ့မှာ အစားမပျက်၊ အသွားမပျက်သလို အအိပ်လည်း မပျက်ခဲ့။

မယားကြီးငုတ်တုတ်ရှိမှန်းလည်း သိပါရဲ့၊ သားသမီးတွေ မြေးတွေခံစားရမယ့် ခံစားချက်ကို နားလည်နိုင်တဲ့ ဦးနှောက်လည်း ရှိပါလျက်နဲ့ အဖေ့လိုလူကို တွယ်ကပ်နေတဲ့မိန်းမကို ဘယ်လိုဂုဏ်ထူးဆောင်တံဆိပ်ပေးရမှာလဲ။

အမေ့မျက်နှာ၊ အမေ့ကျန်းမာရေးကို ငဲ့ကွက်ပြီး သားသမီးတွေက သည်းခံနေရတာ။

စိတ်ထဲမှာတော့ အဖေ့လုပ်ရပ်နဲ့ စာရိတ္တကို အားလုံးက ဆန့်ကျင်နေပြီးသား။

သို့သော် ဖခင်အတွက် မေတ္တာတရားနှင့်သားသမီးဝတ္တရားကတော့ မပျက်ကွက်ခဲ့ပေ။

*





ကံဆိုးမ မိုးတိမ်ဟာ ဆေးချိန်းရက်စေ့လို့ ဘန်ကောက်ကို ထပ်သွားတဲ့အခါ ဆေးသွင်းဆေးကုရုံနဲ့မပြီးတော့ဘဲ ကြမ္မာက ငင်လေပြီ။

အဆုတ်ကို ခွဲစိတ်ရမတဲ့။

အဆုတ်ထဲ ရေ အကြိမ်ကြိမ်ဝင်လို့ ဆေးသွင်း၊ ရေစုပ်ရပေါင်းလည်း များပြီ။ ခုတော့ သူများအရပ်သူများနေရာမှာ ခွဲစိတ်ရမှာ. .

မိုးတိမ်အနားမှာ ပါသွားတာက နီရာနဲ့ သမီးငယ်နိုပဲ ရှိသည်။

ဘန်ကောက်မှာ မိုးတိမ် ကမ္ဘာပျက်နေသလို မြန်မာပြည်မှာ ကျန်ခဲ့တဲ့ သားသမီးတွေခမျာလည်း ကမ္ဘာတစ်ခြမ်းပြိုသလိုခံစားရလေသည်။ လေယာဉ်လက်မှတ်ဝယ်ဖို့ စဉ်းစားကြသည်။

နောက်ဆုံးမှာတော့ အဖေ ရွေးချယ်ပေးတဲ့အတိုင်း သားသားကိုပဲ လွှတ်ပေးလိုက်ရသည်။

မှန်သင့်သလောက်တော့ မှန်ပါသည်။

သားသားက ဆရာဝန်ဖြစ်တော့မှာဆိုတော့ ဆေးစာတွေ၊ ဘာတွေကျ သူပဲ နားလည်တာလေ. . . ကျန်တဲ့သမီးတွေကျတော့လည်း အမေ စိတ်ချမ်းသာအောင်၊ အမေ အားရှိအောင်လိုက်သွားချင်တာပဲ သိသည်။

နဂိုကမှ ကြောက်စိတ်များရတဲ့အထဲ သူများနေရာမှာဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသိက မိုးတိမ်ကို ချောက်ချားစေသည်။ သားသား ဒီနေ့ညရောက်လာမယ် ဆိုတဲ့သတင်းကြားတော့ ခွဲခန်းထဲဝင်ဖို့ နည်းနည်းအားရှိလာသည်။

သမီးတွေကလည်း ဖုန်းဆက်ပြီးအားပေးကြသည်။ မိုးတိမ်အသံက ယဲ့ယဲ့သာ ထွက်နိုင်သည်။

'မေမေ'

'အင်း. .'

'မေမေ. . ဘာမှမတွေးနဲ့နော်၊ မကြောက်နဲ့နော် မေမေ၊ သမီးတို့လိုက်ဖို့လိုအပ်ရင် လိုက်လာခဲ့မယ်လေ'

'ရပြီ သမီး. . . ကလေးတွေပဲ ဂရုစိုက်. . သားသားလည်း လာမှာပဲ'

'မေမေ ဒီတစ်ခေါက်ခွဲပြီးရင် ရေတွေ မဝင်တော့ဘူးနော် . . သိလား'

'သူတို့တွေကတော့ ဒီလိုပဲ ပြောတာပဲ သမီးရယ်'

သမီးတွေက တစ်ယောက်တစ်လှည့်စီ ဝိုင်းပြီး အားပေးကြသည်။ အမေ ကံကောင်းစေဖို့ မေတ္တာပို့ပြီး ဆုတောင်းပေးကြသည်။ ကံကြမ္မာနဲ့မိုးတိမ် လွန်ဆွဲတဲ့ပွဲမှာ. .

လှပမိုးတိမ်ရဲ့မျိုးဆက်လေးတွေက အမေ့ကို နောက်ထပ်နှစ်ပေါင်းများစွာ တွေ့ချင်ကြသေးသည်။ ဒါပေမယ့် သူတို့ပြန်ကြားလိုက်ရတဲ့အဖြေက နှလုံးသွေးရပ်ချင်စရာကြီးပါလေ. .





မိုးတိမ်ရဲ့အဆုတ်မှာ tumorတွေ အများကြီးပဲတဲ့။ ကင်ဆာဆဲလ်တွေ ပျံ့ကုန်ပြီ။

နိုနဲ့ သားသားက မျက်မြင်ကိုယ်တွေ့ဆိုတော့ အမေ့ကို နှာခေါင်းပိုက်ထည့်တာတွေ့ပြီး သနားလွန်းလို့၊ မကြည့်ရက်လို့ ငိုကြသည်။

စကားပြန်မလေးကလည်း မိုးတိမ်ကို သနားလို့ငိုသည်။

အမေက သေမင်းနဲ့စစ်ခင်းနေချိန်မှာ ပွဲလန့်တုန်းဖျာခင်းဖို့ရောက်လာသူက နီရာရဲ့အမေ ဒေါ်ရှုံးအော်။ အသက်ရှစ်ဆယ်ဆိုပေမယ့် ချက်ဆို နားခွက်က မီးတောက်သေးသည်။

ချွေးမကို ချစ်လို့၊ သံယောဇဉ်ရှိလို့ လာတာမှ မဟုတ်ဘဲ။ မိုးတိမ် ဆိုတဲ့ မိန်းမကို သေလူလို့ထင်ပြီး အားလုံးကို လက်ဝါးကြီးအုပ်ဖို့ တက်လာခဲ့တာ။

လူတိုင်းကို စိတ်ရင်းအမှန်နဲ့ဆက်ဆံတတ်တဲ့ မိုးတိမ်သားသမီးတွေက ဘာဆိုဘာမှမသိဘဲ အဘွားလာလို့ အားရှိပြီးပျော်နေကြသည်။

သမီးကြီး ပျိုကဆို အဘွားဆီမှာ သူ့အဖေအကြောင်းကို ရင်ဖွင့်ပြီး တိုင်သည်။

အဖေ ဖောက်ပြန်နေပြန်ပြီ အဘွားရယ် ဆိုတော့ ဒေါ်ရှုံးအော်က မျက်မှောင်ကြီးကြုတ်ပြီး နားထောင်နေသည်။

အမေ့ခမျာ ရောဂါဝေဒနာ ခံစားနေရတဲ့ကြားထဲ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်ဆင်းရဲရတယ်လို့ထပ်ပြောတော့ ဟုတ်လား. . ဆိုပြီး သူနဲ့ မဆိုင်သလိုပင် နေသည်။

သေမင်းရဲ့တံခါးဝကိုရောက်ပြီးမှ စိတ်ကိုတင်းပြီး မိုးတိမ် ပြန်လာခဲ့ပြီ။ လုပ်ချင်တာလေးတွေ ရှိသေးလို့ပါ။

ဒါပေမယ့်. . . မိုးတိမ်ရဲ့အိမ်အပြန်ခရီးက လှပမနေခဲ့ပါ။ နီရာ့အမေကို မိုးတိမ် မနှစ်သက်ပါ။ စိတ်ဓာတ်ကိုရော၊ အကျင့်စာရိတ္တကိုပါ မကြိုက်တာ. . ခုလည်း ပြန်ရောက်တာနဲ့ ရင်ဝကိုဆီးပြီး ကန်လိုက်သလို ခံစားရသည်။ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ကို ရောက်လာတာ။

အမေ့အရိပ်အကဲကို ကြည့်ပြီး ပျိုနှင့် ကိုက နားလည်ပါသည်။

ဒီတစ်ခေါက်ပြန်လာပြီးမှ အမေ အရမ်းကို စကားနည်းသွားတာ. . အစားအသောက်လည်း နည်းသွားသည်။

သန္တာနီကတော့ မကျေနပ်ချက်တွေတစ်ပွေ့တစ်ပိုက်ကြီးနဲ့ပြန်လာပါသည်။

အမေ့ကွယ်ရာမှာ နီက အစ်မတွေကို ရင်ဖွင့်တာက-

'မကြီးပဲ စဉ်းစားကြည့်လေ. . အမေတစ်ယောက်လုံး သေကောင်ပေါင်းလဲဖြစ်နေတာတောင် ဟိုကောင်မနဲ့ ရအောင်ဖုန်းပြောသေးတယ်လေ. . မုန့်သွားဝယ်မယ်ဆိုပြီး ထွက်သွားတာ အကြာကြီးပဲ. . နီထွက်လာတော့ ဆေးရုံက ဓာတ်လှေကားနားမှာ ဖုန်းပြောနေ





တယ်လေ. . အမေ့မှာတော့ သူနဲ့နီ့ကို မတွေ့ရင် မျက်စိသူငယ် မျက်နှာသူငယ်နဲ့. . သနားဖို့ အရမ်းကောင်းတာပဲ၊ ဟင့်. . အဖေ သိပ်ရက်စက်တယ်'

ရှိုက်သံလေးစွက်ပြီး နိုင်ငိုလေပြီ။ သူက မျက်မြင်တွေ့ခဲ့ရတဲ့ သူဆိုတော့ ခံစားရမှာပေါ့လေ. .

'ငါတို့ကိုပေးထားတဲ့ကတိလည်း မတည်ဘူး၊ အထူးသဖြင့် အမေ့ကို သူ သစ္စာမဖောက်သင့်တော့ဘူး. . သစ္စာစူးရင် ရှူးတတ်တယ်နော်'

နေဇာကိုရဲ့ရင်ထဲက စကားတွေ. .

'ငါ့အဖေ လမ်းမှားပေါ်မှာလျှောက်နေတယ်ဟာ. . လမ်းမှန်ရောက်အောင် လမ်းပြပေးချင်တယ်. . အချိန်မီပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ'

ဝသာန်ပျိုရဲ့ကရုဏာစကားတွေ. .

အမေ ဒီရက်တွေမှာ ပျော်ရွှင်ခြင်းတွေ ပျောက်ဆုံးနေပုံရသည်။ ထူးထူးဆန်းဆန်းစကားတွေလည်း ပြောတတ်လာသည်။ အဖေမရှိတဲ့အချိန်မှာ သားသမီးတွေကို အခန်းထဲခေါ်ပြီး

'မေမေ မရှိတဲ့တစ်နေ့မှာ ဟိုအဘွားကြီး မေမေ့သားသမီးတွေကို နှိပ်စက်လိမ့်မယ် သိလား'

အားလုံးက ပြေရာပြေကြောင်းပြောကြတာပေါ့။ ပျိုက

'မေမေရယ်. . ပူစရာမရှိ ရှာကြံပြီးပူနေတယ်. . သူ နှိပ်



www.burmeseclassic.com

www.burmeseclassic.com



စက်လို့ရအောင် သမီးတို့က ပိစိကွေးလေးတွေလည်း မဟုတ်တော့ဘူး. . ပြီးတော့ အဘွားလည်း အသက်ကြီးနေပါပြီ'

'အေး. . သူက အသက်ကြီးပေမယ့် သေရင် ငါက အရင်သေရမှာ၊ မယုံရင် စောင့်ကြည့်ထား. . ငါသာ မစားနိုင်တာ နင်တို့အဘွားများ ထမင်းတစ်ပန်းကန်အမောက်ကြီးကို လာထားပဲ၊ အခုလည်း သူ မြိတ်မပြန်တာပဲ ကြည့်လေ. . ငါသေမှာမို့လို့ လာထိုင်စောင့်နေတာ ရှင်းရှင်းလေးပဲ'

'မေမေရယ်. . ဒီစကားတွေပြောပြီး စိတ်ဆင်းရဲမခံပါနဲ့'

'ငါသေရင် လာပြောနိုင်ဦးမလား သမီး. . နင်က အကြီးဆုံးနော်. . မေမေ့ပစ္စည်းတွေကို ထိန်းသိမ်းကာကွယ်ပေးရမယ်. . နားလည်လား၊ ငါ နင့်အဖေကို မယုံဘူး. . ငါဒီနေ့သေရင် နောက်နေ့ သူ နောက်မိန်းမ ယူမှာ. . အဲဒီအခါကျရင် မေမေဝတ်နေတဲ့ ပစ္စည်းလေးတွေ ပါမသွားပါစေနဲ့ သမီးရယ်. . သမီးတို့လက်ထဲမှာပဲ မေမေ စိတ်ချတယ်'

ဟိုးအရှေ့ကို မတွေးချင်ပါဘူး အမေရယ်. . အမေမရှိတဲ့ တစ်နေ့မှာ ဒီမိသားစုကြီး ပြိုကွဲရမယ်ဆိုတာ သမီးသိနေပါတယ်။

အမေ့ကိုကြည့်ရတာ အားမရလှဘူး။

တစ်နေ့တခြား ပိုပိုပြီးပိန်လာသည်။ နည်းနည်းလေး လှုပ်လိုက်တာနဲ့မောနေပြီ။

ပျို့က အဖေ့ကို တစ်ကြိမ်မက ပြောဖူးပါသည်။





အမေ့ကို ကန်တော်ကြီးမျှော်စင်ကျွန်းထဲ ခေါ်ပြီး လေကောင်းလေသန့်ရှူခိုင်းပါလားပေါ့. . .

အဖေက တစ်ခါမှကို မခေါ်တာ. . ဘာဖြစ်လို့များ အမေနဲ့တွဲပြီး မသွားချင်ရတာလဲ. .

နီရာနဲ့မိုးတိမ်တို့ ညတိုင်း စစ်အေးတိုက်ပွဲဆင်နွှဲနေကြဆဲ။ ညတွေ ညတွေတိုင်းမှာ အိပ်ဆေးနဲ့အဖော်လုပ်နေရတဲ့ မိုးတိမ်. . နီရာဘဝမှ ဦးနီရာဖြစ်သွားပေမယ့် လူပျိုရုံးအောင် အလှကြိုက်နေတာက ခက်သည်။

နီရာတို့သားအမိက မနက် အစောကြီးနိုးကြသူတွေမို့ . . မိုးတိမ် အိပ်နေတဲ့အချိန်တွေမှာ တရုတ်လို အတင်းပြောကြသည်။ ရှေ့ရေးကို တိုင်ပင်ကြသည်။

ဒေါ်ရုံးအော်က ဘုရားမရှိ တရားမရှိတဲ့သူဆိုတော့ စကားပြောရင် ရှေ့နောက်မဆင်ခြင်တတ်။

နီရာဆိုတဲ့သူကလည်း အမေကို ဘုရားထူးချင်နေတာ. .

'ဟား. . ငွေတွေကုန်လိုက်တာမှ သောက်သောက်လဲကွာ၊ ကုပေးနေရတာပဲလေ. . ဘယ်လိုလုပ်ရမှန်းကို မသိတော့ဘူး'

'အေး. . ငါလည်း ဒါပဲပြောချင်နေတာ. . နင်က အစလုပ်ပြီး ဘန်ကောက်မှာ သွားကုပေးနေတာကိုး. . ဒီမှာပဲ ကုပေးလိုက်ရင် ပြီးရော။ ဒီလိုကင်ဆာရောဂါမျိုးက မြန်မြန်သေရမှာလေ၊ အခုနင် သူ့အသက်ကိုဆွဲဆန့်ပေးနေတာကိုး. . ငါးနှစ်တောင် ရှိပြီ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို ကုပေးလို့ကုန်တဲ့ငွေတွေ နင့်ဟာနင် သုံးဖြုန်းပါတော့လား. . . ကမ္ဘာလည်း ပတ်လို့ရတယ်၊ နောက်မိန်းမလည်း ကြိုက်သလောက် ယူလို့ရတယ်. . ကွန်ဒိုနဲ့နေမလား၊ ခြံနဲ့နေမလား. . စိတ်ချမ်းသာအောင် နေသွားလို့ရတယ်၊ ဒီမယ် နီရာ နင်တစ်သက်လုံးရှာလာတဲ့ ငွေတွေကို နင့်သားသမီးအတွက် ဘာမှမစဉ်းစားပေးနဲ့နော်၊ မသေခင် ကုန်အောင်သုံးသွား၊ နောက်ဘဝဆိုတာ ဘယ်သူကကြိုမြင်နိုင်လို့လဲ. . ဒီဘဝလောက်သေချာတာ ဒီဘဝပဲရှိတယ် ငါ့သားရေ. .'

အမေဖြစ်သူက မြှောက်ပင့်ပေးနေမှတော့ နီရာတို့ လက်မထောင်ပြီပေါ့။

'ငါ့အမေပြောတာ သိပ်မှန်တယ်ကွာ. . ဟုတ်တယ် လူဖြစ်တုန်း တန်အောင်အသုံးချရမယ်'

'နင့်မိန်းမလိုတော့ တစ်သက်လုံး မလုပ်နဲ့. . ကြားလား၊ ဆယ်သိန်းဆိုလည်း နှမြောခြင်းမရှိဘူး၊ ပက်ခနဲလှူလိုက်တာပဲ. . ရူးနေလား မသိဘူး'

မိုးတိမ် စေတနာသုံးတန် ပြတ်သားပြီး လှူတဲ့ သိမ်အလှူကို ရည်စူးခြင်းဖြစ်ပါသည်။

မိစ္ဆာဒိဋ္ဌိအယူစွဲနေတဲ့သူတို့သားအမိဟာ ငရဲရှိတာကို မယုံသလို နတ်ပြည်ဆိုတာရော ဘယ်သူရောက်ဖူးလို့ ပြောနေတာလဲဟု ပြန်မေးတဲ့လူစားမျိုးတွေလေ. .

မိုးတိမ်ဆီမှာ စိတ်ဆင်းရဲခြင်းတွေ ပေါင်းဆုံနေပြီပေါ့. . .





အဆုတ်ခွဲစိတ်ပြီးကတည်းက လူလည်း ပိန်ချုံးနေပြီ။ ဒီကြားထဲမှာ ဖောက်ပြန်နေတဲ့လင်ယောကျ်ားကို နေ့တိုင်းမြင်တွေ့နေရတဲ့ ဒုက္ခက ပိုပြီးဆိုးသည်။

ကြာတော့ လူလည်း အရူးတစ်ပိုင်းဖြစ်ချင်လာသည်။

သူ့ရဲ့အားကိုးရာတိုးတိုးဖော်သည် သမီးကြီးဝသန်ပျိုမို့ သမီးကို အားကိုးတကြီးဖြင့် တိုင်ပင်သည်။

'သမီးရယ် မေမေ့ကို ဒီအတိုင်းပဲ ကြည့်နေတော့မှာလား၊ ငါ့သမီးမှ မလုပ်ပေးရင် မေမေ အသေဖြောင့်မှာ မဟုတ်ဘူး'

'သေတဲ့စကား မပြောပါနဲ့ မေမေရယ်. . မေမေကြိုက်တာပြော. . သမီး အကုန်လုပ်ပေးမယ်နော်'

'နင့်အဖေနောက်ကို လိုက်ကြည့်ပေးပါလား သမီးရယ်'

'လိုက်ကြည့်တာက ဟုတ်ပါပြီ။ မတော်လို့တွေ့လာခဲ့ရင်. . သမီး လူသတ်မှုဖြစ်မှာနော် မေမေ. . အခုတောင်မှ မေမေနေ့စဉ်ရက်ဆက် ခံစားနေရတာကြည့်ပြီး သမီးစိတ်ကို မနည်းထိန်းထားရတာ'

'မေမေကတော့လေ. . သူဘယ်သူလဲဆိုတာသိရရင် တော်ပါပြီ၊ အရင်ဘဝတုန်းက ပါလာတဲ့ဝဋ်ကြွေးတွေကို ဒီဘဝမှာ မေမေလည်စင်းပြီး ဆပ်ပြီးပါပြီ. . အေး. . မေမေ့ဆီက ဝဋ်ကြွေးအသစ်ကို လာယူတာ ဘယ်သူလဲလို့မြင်ဖူးချင်တာ. . သူ့ကို မေမေအပြစ်မယူပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဝသန် အမေ့အပြောကို သဘောမတွေ့တော့။

'အမယ်လေး မေမေရယ်. . ကိုယ့်လင်ကိုလုတဲ့ မိန်းမကို များ သဘောထားကြီးပေးစရာလား. . ဒီလိုဟာမျိုးကို အရေခွံခွာ ပစ်ရမှာ'

သမီးကြီးကိုလည်း မိုးတိမ် နားလည်သည်။

သမီးက အမှန်တရားကို မြတ်နိုးသူ၊ ဖောက်လွဲဖောက်ပြန် လုပ်တာကို ရွံမုန်းသူ၊ အမေကိုချစ်သူဆိုတော့ သူ့အဖေကို သူစိတ် နာမှာပဲလေ။

မိုးတိမ် ဖျောင်းဖျနိုင်တာဆိုလို့ အဖေကို မပြစ်မှားမိဖို့။ ဒါကိုပဲ ထပ်တလဲလဲပြောနေရတာ။

'ဘာပဲဖြစ်ဖြစ်. . သမီးအဖေကိုတော့ မပြစ်မှားရဘူးနော်'

ဝသန်ပျိုကလည်း စိတ်မာသည်။

အဖေကို မပြစ်မှားနဲ့ဆိုပေမယ့် အမေ့ကို ကြည့်ပြီး သနား နေတာ ဘယ်လိုလုပ်ရမှာလဲ။

ဒီဘဝ၊ ဒီကမ္ဘာမှာ ပျိုတို့ရှေ့မှာ မားမားမတ်မတ်ရပ်တည် ပေးနေတာက အမေလေ. .

အမေ လဲပြိုသွားရင် အားလုံးသွားပြီပေါ့. .

ခုလည်း. . အမေ့ရဲ့အသက်ကို အိပ်ဆေးနဲ့ ဆက်နေရတာ မဟုတ်လား. .

အဖေကကျတော့ အကောင်းစားဝီစကီလေး သောက်ပြီး





စည်းစိမ်ယစ်မူးနေတာ. . အမေ့ခံစားချက်တွေကို လျစ်လျူရှုပြီး သူ နေချင်သလို နေနေတာ တရားသလား။

မိဘအနေနဲ့က သားသမီးတွေကို ကြိုက်သလို ဆက်ဆံလို့ ရတယ်. . ဥပမာ-ဆူချင်ဆူ၊ ဆဲချင်ဆဲ။

သားသမီးကျတော့ မိဘကို ရိုသေရမယ်၊ မပြံုပြင်ရဘူး လေ. .

အဲဒီလိုဖြစ်ဖို့ ဆိုတာကလည်း မိဘတွေမှာလည်း တာဝန် ရှိတယ်. . သားသမီးတွေကို အပြစ်ဖြစ်အောင် မလုပ်သင့်ဘူး။

နည်းမှန်လမ်းမှန်နဲ့ နေတတ်ရမှာပေါ့။

*



www.burmeseclassic.com

www.burmeseclassic.com



ဝဿန်ပျိုက သူ့လှုပ်ရှားမှုတွေကို တိတ်တဆိတ်အကောင်အထည်ဖော်လေပြီ။ တစ်ဖက်သတ်ဆန်တဲ့ လွန်ကဲမှုတွေကို ဆက်ပြီး သည်းခံနေရဦးမှာလား။

ဟင့်အင်း. . သူမက ခေါင်းမာသူပီပီ သိချင်တာကို သိရမှ ကျေနပ်နိုင်မည်။

ပျိုက အဖေ့ပတ်ဝန်းကျင်မှာ စပြီး စုံစမ်းသည်။ သတင်းနှိုက်ယူသည်။

သိပ်ပြီးခက်ခဲနေတဲ့ကိစ္စမှမဟုတ်တာဘဲ၊ အဖေနဲ့ဒီမိန်းမအကြောင်း အားလုံးက သိနေပြီးသား။ ကိုယ်တွေသာ အိမ်ထဲမှာနေပြီး ဘာမှမသိတာ။

ပြေးကြည့်နေမယ့်အစား တွေးကြည့်တာက တစ်ခါတစ်ရံမှာ ပိုပြီး ထိရောက်မှုရှိစေသည်။

ပျိုတွေးကြည့်တာက အဖေဟာ မိုးလင်းက မိုးချုပ်အထိ အဲဒီအဖွဲ့အစည်းမှာ အလုပ်လုပ်ပေးခဲ့တာလေ။ ဒါဆို ဒီပြင်မိန်းမနဲ့ထိတွေ့ဖို့ အခွင့်အရေးက ဘယ်မှာရှိပါ့မလဲ. .

ဒါဆို ဖြစ်နိုင်ချေရှိတာက. . .

ကြားခံလူနှစ်ယောက်နှင့် ပျို လှုပ်ရှားလိုက်တော့ အဖေ့ဇာတိရုပ်အမှန်ကို သိလာရပြီ။

အတွင်းစကားလို့ပဲ ပြောရမှာပေါ့။ ပျို စုံစမ်းခိုင်းတဲ့လူက ပျို့ကို ၏၊သည်မလွဲ ပြန်ပြောပြတဲ့အခါ. .

*ဆောင်းညပြာသိုစာပေ*



'အစ်မကြီးရေ. . အဲဒီမိန်းမနာမည်က ဝင်းဝင်းစုတဲ့. . . ဦးလေး အလုပ်လုပ်တဲ့ရုံးမှာ သူက သာမန်စာရေးမ လုပ်ခဲ့တာ. . ပြောလို့တော့ မကောင်းပါဘူးလေ'

တစ်ဖက်က အားနာနေတော့ ပျိုက စကားထောက်ပေးလိုက်သည်။

'ပြောသာ ပြောပါရှင်. . ကျွန်မကို ဘာမှအားမနာပါနဲ့'

'သူတို့နှစ်ယောက်ဖြစ်နေတာ တစ်ရုံးလုံးက သိကြတယ်'

'အဲဒီလောက်တောင်ပဲလားဟယ်'

ပျိုက ခံပြင်းစွာမေးလိုက်မိသည်။

ရုံးမှာ လူကြီးလုပ်ခဲ့ဖူးတဲ့အဖေက သူ့လက်အောက်က စာရေးမနဲ့ဖြစ်စရာလား။ တစ်ရုံးလုံးကသိနေပြီဆိုတော့ ဘယ်လောက်တောင် အရှိအသေတန်လိုက်မလဲလို့။

'အစ်မကြီးရေ၊ ကောင်မလေးမှာ ရည်းစားရှိတယ်လို့ပြောတယ်. . သူ့ရည်းစားက ဖြူဖြူချောချော ဆိုပဲ. . ဦးလေးနဲ့ ဖြစ်ပြီးတော့မှ သူ့ရည်းစားကိုဖြတ်လိုက်တာတဲ့'

'ဘယ်လို. . ဘယ်လို. . ငါ့အဖေလိုအဘိုးကြီးကိုတွေ့မှ သူနဲ့သက်တူရွယ်တူရည်းစားကို အဆက်ဖြတ်လိုက်တယ် ဟုတ်လား'

'သူတို့ရုံးက ကောင်မလေးပြောတာကတော့ အဲဒီအတိုင်းပဲဗျ။ သူက အဲဒီအဘိုးကြီးနဲ့ယူမှာမို့လို့ ဒီကောင့်ကိုဖြတ်တာလို့ပြောတာပဲ. . နောက်ပြီး'

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ကို. . က ဆက်ပြောသင့်မပြောသင့်စဉ်းစားနေပုံရသည်။

'တစ်ခုမကျန် ကျွန်မကို အကုန်ပြောလို့ရပါတယ်'

'ပြောတာက ပြောလို့ရပါတယ်ဗျာ. . ဒါပေမယ့်. . အစ်မ အမေရဲ့ကျန်းမာရေးက ရှိသေးတယ် မဟုတ်လား'

'စိတ်ချပါဟယ်. . ငါ့အမေကို ငါမသတ်ပါဘူး။ ဒါတွေက အမေသိသွားလို့မဖြစ်တဲ့ကိစ္စတွေ. . ငါနားလည်ပါတယ်'

'ဆိပ်ကမ်းသာလမ်းမှာ ကွန်ပြူတာဆိုင်ဖွင့်ပေးထားတယ် လို့ပြောတယ်. . အဲဒီကောင်မမှာ စူပါဆလွန်းကားလည်း ရှိနေပြီ'

'အေးလေ. . မထူးဆန်းပါဘူး၊ ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲ လေ၊ ငါ့အဖေမှာသာ ဘာမှမရှိဘဲ နေကြည့်ပါလား. . ဒီလိုကောင်မ မျိုးလား ဧက်ဖက်တောင် လုပ်မှာမဟုတ်ဘူး'

'ဒါပေမယ့် အစ်မရယ်. . လောလောဆယ်မှာတော့ အဲဒီ မိန်းမကို ဝိုင်းပြီး အားကျနေကြတယ်လေ. . နေ့ချင်းညချင်းသူဌေး မကြီးဖြစ်သွားတာကိုး. . အသက်က ခုမှ သုံးဆယ်ကျော်ကျော်ပဲရှိ သေးတာ'

ဘုရားရေ. . . ဒါဆို ငါ့ထက်တောင် ငယ်တာပေါ့. . ညီမ လေးတွေလောက်ပဲ ရှိဦးမှာပေါ့။

ကြံကြီးစည်ရာ အဖေရယ်. . အဖေမို့. . မရှက်မကြောက် ကိုယ့်သမီးအရွယ်နဲ့များ လပ်ဖ်ဆင်းရိုက်သတဲ့။

'နောက်ဆုံးရသတင်းလေး ပေးရဦးမယ်. . သူတို့ စတည်း





ချတဲ့နေရာက ဗဟန်းမြို့နယ်. . . . . လမ်းက အခန်း. . . . . မှာ၊ အဲဒါက မာတ်ပုံဆရာတစ်ယောက်က ကျွန်တော့်ကိုပြောပြတာ. . သူက အဲဒီမှာနေတာလေ. . အစ်မအဖေကိုလည်း သူသိနေတယ်'

သွားပြီ။ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ။

ကိုယ့်ဂုဏ်သိက္ခာကို အပထားဦး။ မိသားစုရဲ့ဂုဏ်သိက္ခာ ကို တစ်ချက်လေးမှမငဲ့ကွက်ဘဲ တဆုံးထိ လုပ်ချလိုက်တာ. .

အထူးသဖြင့် အမေ့ကို သူတို့ နည်းနည်းလေးမှမစာနာပါ လား။ ကိုယ်ချင်းစာတရားဆိုတာရော နားလည်ကြသေးရဲ့လား. . ဒု၊ သ၊ န၊ သော ဆိုတာကိုရော နားလည်ကြရဲ့လားလို့ မေးလိုက် ချင်သည်။

'အခုလို သိရတဲ့အတွက် ကျေးဇူးအရမ်းတင်ပါတယ်. . . ကျွန်မ တစ်နေ့လောက် သွားကြည့်လိုက်ပါဦးမယ်'

လူမှန်ရင် ပတ်ဝန်းကျင်နဲ့နေတာလေ၊ တစ်ယောက်တည်း နေလို့မှမရတာ. .

ကိုယ်က ပတ်ဝန်းကျင်ကို ဂရုမစိုက်ပေမယ့် ပတ်ဝန်းကျင် က ကိုယ့်ကို အမြဲဂရုစိုက်နေမှာပဲလေ. .

ဒါတွေကို အဖေသိသင့်တာပေါ့။

*



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတစ်ခုကို အစ၊ အဆုံး ဘာမှမသိသေးရင် ကိုယ်နေသာသလို နေလို့ရပေမယ့် သိသွားပြီးတဲ့နောက်မှာတော့ မျိုသိပ်ဖုံးကွယ်ပြီးနေရတာ တကယ်ခက်ခဲပါသည်။

ပိုဆိုးတာက ကိုယ့်မျက်စိရှေ့မှာ အဖေ လာပြီးဟန်ဆောင်နေတာကိုပေါ့. .

ပျိုက အမေ့ခြေရင်းမှာထိုင်ပြီး နှိပ်ပေးနေမိသည်။ အမေ့ခြေသလုံးသားလေးတွေ လျော့ရဲလာလေပြီ။ အမေ့ခမျာ အရိုးပေါ်အရေတင်ဖြစ်နေပြီပဲ။

'မိန်းမ. . ရော့. . အားဆေးလေး သောက်လိုက်ဦး၊ သမီးရေ. . ဒီနေ့ နင်အားရင် နင့်အမေအတွက် ငှက်သိုက်ရွှေးပေးလိုက်ပါဦး'

အဖေ့အသံတွေက ပျို့နားထဲကို သံရည်ပူနဲ့ လောင်းချလိုက်သလို ပူပြီးဝင်လာသည်။ သူ့သရုပ်အမှန်ကို သိနေပြီဆိုတော့လည်း အမေ့ရှေ့မှာ လာပြီး ဂရုစိုက်ပြနေတာ ခံရခက်လှချည်ရဲ့။ ဆုပ်လည်း စူး၊ စားလည်းရှူးဘဝနဲ့ ပျို နေနေရသည်။

အမေကတော့ သူဖြစ်ချင်တာတွေကို ပြောနေခဲ့သည်။

မောင်လေးက ဆေးကျောင်းပြီးလို့ ဘွဲ့ရသွားပြီဆိုတော့ သူ့သားကို ရဟန်းဘောင်ပို့ပေးချင်သည်တဲ့. .

ပြောသာ ပြောနေတာ၊ အမေ အတော်ကြီးကို မောဟိုက်နေပုံရသည်။

*ဆောင်းညဖြာသိစာပေ*



သားသမီးတွေကတော့ အမေလုပ်ချင်တဲ့ ရှင်ပြုပွဲအတွက် တာဝန်တွေ ခွဲဝေယူကြသည်။ ပျိုက ဖိတ်စာကိစ္စတာဝန်ယူသည်။ အမေ့ဆန္ဒက ဖိတ်စာနှင့်အတူ အကမ်းအဖြစ် စတီးလင်ပန်းတွေကို ပေးချင်နေသည်မို့ သမီးတွေက

'မေမေ. . ဒီအကမ်းတွေက ဘာဖြစ်လို့ပေးရတာလဲဟင်'

'ဘာမှ မဖြစ်ပါဘူး၊ ငါပေးချင်လို့ ပေးတာ. . အမှတ်တရပေါ့။ ဖိတ်စာရရင် အမျိုးတွေကို သွားဖိတ်ရင်း နှုတ်ဆက်ရဦးမယ်'

အမေ့စကားတွေက တစ်မျိုးထူးဆန်းနေသည်။

အချိန်က နွေကာလသင်္ကြန်မတိုင်ခင်ရက်တွေပေါ့. .

ထူးဆန်းစွာပင် ရန်ကုန်မြို့မှာ ပူမနေဘဲ အအေးလှိုင်းဖြတ်သဖြင့် ဆောင်းဥတုတွေလို အေးစက်နေခဲ့သည်။

ပိုပြီးဆုတ်ယုတ်လာတာတစ်ခုက အမေ အစားအသောက် အရမ်းနည်းလာခဲ့သည်။ ထမင်းလေးနှစ်ဇွန်းလောက်ကို ပင်ပင်ပန်းပန်းစားနေရပုံပေါ်သည်မို့ အားရစရာမကောင်းလှပါ။

ဒါပေမယ့်. . အဖေနဲ့သူ့အမေကတော့ မနက်မိုးလင်းတာနဲ့ သူတို့ဝမ်း သူတို့ဖြည့်ပြီးသား။

အတ္တကြီးတယ်ပဲ ပြောရမလား. . တစ်ကိုယ်ကောင်းဆန်တယ်ပဲ ပြောရမလား၊ သူတို့အတွက်ပဲ သူတို့ ကြည့်ကြသည်။ အမေ နားမလည်နိုင်တဲ့ တရုတ်စကားတွေပြောပြီး သားအမိနှစ်ယောက် အတင်းတုပ်ကြသည်။

*ဆောင်းညဖြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်ဆိုတဲ့အမေက အရမ်းကိုဖြူလွှန်းနေသည်။ သူ့ဘဝကြီးကို အရောင်တွေဆိုးပြီး စွန်းပေအောင်လုပ်ထားတဲ့ ယောကျ်ားကို အခုလက်ရှိအချိန်ထိ ယုံနေသေးသည်။

အစွန်းရောက်နေတဲ့ မာနလေးကလည်း တင်းခံနေလေတော့ လင်မယားပေမယ့် မိုးတိမ်ဆီမှာ ဘဏ်စာအုပ်မရှိပါ။ ငွေလည်း ဆယ်သိန်းပြည့်အောင် မကိုင်ခဲ့ဖူးပါ။ ဈေးဖိုးဆိုပြီး နီရာပေးလာတဲ့ ငွေစက္ကူအရောအနှောတွေကိုသာ ကိုင်ခဲ့သည်။ အလွန်ဆုံးရှိလှ တစ်သိန်း နှစ်သိန်းပေါ့။

ငွေကုန်သွားလည်း ထပ်ပြီး တောင်းဖို့ ဝန်လေးနေတတ်သည့် မိန်းမမျိုး။

သူ့ရောဂါ ကုပေးနေရလို့ သူ့ယောကျ်ားမှာ ငွေတွေအတော်ကုန်နေပြီဆိုပြီး ကွယ်ရာမှာ အားနာနေတတ်တဲ့ မိုးတိမ်ပါ။ ရှင်းရှင်းပြောရရင် နီရာ့ဘဏ်စာအုပ်ထဲမှာ ငွေဘယ်လောက်ရှိသလဲဆိုတာ မိုးတိမ် မသိခဲ့ပါ။ သိလည်း မသိချင်ခဲ့ပါ။

သေရင် ဘာမှမပါဘူး ဆိုတာကို သူမ သိနေလေတော့ နီရာကလွဲပြီး ဘာကိုမက်မောနေရဦးမှာလဲ။ ဘာမှကို မမက်မောခဲ့တာ။ မေတ္တာတရားကို ငွေကြေးနဲ့တန်ဖိုးမဖြတ်ခဲ့တာပါ။

ကိုယ့်သမိုင်းကို ကိုယ်ရေးကြတာဆိုရင် မိုးတိမ် ရေးခဲ့တဲ့ စာမျက်နှာတိုင်းမှာ မေတ္တာနဲ့သစ္စာက မှတ်ကျောက်အတင်ခံနိုင်တဲ့အထိ ရေးခဲ့ဖူးပြီးပြီ။

*ဆောင်းညပြာသိစာလေ*



တစ်ဘဝမှာ တစ်ယောက်သာ ချစ်ခဲ့ဖူးတဲ့ ချစ်ခြင်းမေတ္တာအတွက်လည်း လိပ်ပြာ သန့်ခဲ့ဖူးပြီ။ သားသမီးတွေအတွက်လည်း တာဝန်ကျေတဲ့ မိခင်ကောင်းတစ်ယောက်ဖြစ်ခဲ့ပြီးပြီ။

၂၀၁၁ရဲ့သင်္ကြန်အကြိုနေ့လေးမှာ မိုးတိမ် ဆန္ဒရှိတဲ့ ရှင်ပြုပွဲလေးကို မှော်ဘီမြို့မှာ ရှိတဲ့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်ကြီးမှာ ကျင်းပနိုင်ခဲ့သည်။

အလှူ့ဒါယိကာမကြီးမှာတော့ မမာတဲ့ရုပ်ကို ဟန်လုပ်ပြီး အားတင်းထားပုံရသည်။ လာသမျှဧည့်သည်တွေကို ပြုံးရွှင်စွာဆီးကြိုပြီး ဧည့်ခံနေတဲ့ မိုးတိမ်ကို အားလုံးက 'ပိန်သွားလိုက်တာ'ဟု ဝိုင်းပြောကြသည်။

အမျိုးတွေအားလုံးလည်း စုံနေပြီဆိုတော့ မိုးတိမ်ပျော်နေသည်။ အလာပသလ္လာပစကားတွေ ပြောပြီး ဝေဒနာကို မေ့နေခဲ့သည်။ အမေမောနေမှာစိုးလို့ သမီးတွေက ခာတ်ဆားရည်ဖျော်ပြီးတိုက်ကြသည်။ အလှူ့ဒါယိကာမကြီးအမေ ဒီလိုမျိုး မပြုံးနိုင်မပျော်နိုင်တာ ဘယ်လောက်တောင်ကြာနေပြီလဲ။

ရောဂါဝေဒနာတွေနဲ့နွံတောထဲမှာ မသိမသာ နစ်မြုပ်ပြီးရင်း မြုပ်ရင်းဖြစ်နေတဲ့ အမေ့ကို ဒီလိုလေးပဲ ပြုံးပျော်နေစေချင်သည်။

အမေ့ရဲ့လူနေမှုဘဝပုံစံကို ပြောင်းလဲစေချင်ခဲ့တာ ကြာပြီ။

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



ဒီလောကမှာ အမေ့ကို controlလုပ်နိုင်တာ၊ ပြောနိုင်တာ ဆိုလို့ အဖေပဲရှိတာ။ အဖေပြောရင် တစ်ခွန်းပဲ။

ဒါပေမယ့် အဖေက အမေ့ကို အိမ်ထဲမှာပဲထားပြီး ပတ်ဝန်းကျင်နဲ့အဆက်ဖြတ်ခဲ့တာ၊ သိမ်ငယ်အောင်လုပ်ခဲ့တာလေ။

မြင့်မြတ်တဲ့ ရဟန်းဘောင်ထဲမှာရှိတဲ့ နီရာနဲ့သားငယ်လေးကိုကြည့်ပြီး ပီတိတွေဖြာနေတဲ့ အမေ။ အမေက သူ့ဆန္ဒကို တစ်ခုပြီးတစ်ခု အကောင်အထည်တွေဖော်နေသည်။

အမေနေတဲ့လမ်းမှာ ကွန်ကရစ်လမ်းခင်းတော့ အမေက ရှေ့ဆုံးကနေပြီး ဆယ်သိန်းလှူခဲ့သည်။ အလှူရှင်နာမည် ကမ္ပည်းထိုးတော့ ဒေါ်လှပမိုးတိမ်လို့ပဲ ထိုးပါတဲ့လေ. . .

နီရာ့နာမည်ကို သူ အတွဲမခံတော့ပါ။

အမေက သူနာကြည်းနေတာကို ရှင်းရှင်းလင်းလင်းကြီးပြသွားခဲ့ပြီ။

ဒါနဲ့ မကသေးပါ။ သိမ်ဆောက်တဲ့နေရာမှာ ဆယ်သိန်း၊ ဘုန်းတော်ကြီးတွေ့ ပညာရေးအတွက် ဆယ်သိန်း၊ သူ လှူချင်တာတွေအားလုံးကို စေတနာသုံးတန်ပြတ်သားပြီးတော့ကို လှူတာ. .

မိုးတိမ်ဘက်က ပြောင်းလဲနေသမျှ နီရာ့ခြေလှမ်းတွေက မပြောင်းမလဲ၊ ပျက်မြဲ ပျက်လျက်သာ။ အပြင်လည်း နေ့တစ်ဒူဝထွက်ဆဲပင်။ ထမင်းစားချိန်ရောက်တိုင်း မိုးတိမ်က သူ့ယောကျ်ားကို မျှော်ဆဲပင်။





နာရီတကြည့်ကြည့် လုပ်ပြီး သမီးတွေကို ဖုန်းဆက်ခိုင်းမည်။

'သမီးလတ်. . နင့်အဖေဆီ ဖုန်းဆက်ကြည့်ပါဦးဟယ်. . ဒီအချိန်ထိ ထမင်း လာမစားသေးဘူး. . သူ့ကိုယ်သူ လူငယ်လေးများ မှတ်နေလား မသိပါဘူးကွယ်. . ထမင်းကို အချိန်နဲ့ မစားရင် အစာအိမ်ရောဂါဖြစ်နေမှာပေါ့'

နေဇာကိုက ဖုန်း ထ,ဆက်ပေးနေသည်။

ဝသန်ပျို့က အားလုံးကိုသိနေသူဆိုတော့ စိတ်ထဲမှာ ခံပြင်းနေမိသည်။

'မျှော်မနေနဲ့ အမေ. . ကိုယ့်ဟာကိုယ် စားစရာရှိတာစား၊ ဒီအချိန်ဆို. . ဟိုကောင်မနဲ့မျက်နှာချင်းဆိုင်ပြီး စားနေတော့မှာ'လို့ စိတ်ထဲရှိသမျှ ဖွင့်ပြောပြလိုက်ချင်သည်။

ကို ဖုန်းပြောနေသံကို ကြားနေရသည်။

'ဖေဖေ. . ထမင်းလာမစားသေးဘူးလား'

'. . . . . . . . . .'

ကိုက တစ်ဖက်သို့ လှည့်ပြီး နှုတ်ခမ်းလေး မသိမသာ မဲ့လိုက်သည်။

'ဟုတ်ပြီ၊ မေမေစောင့်နေလို့ ဆက်ပေးတာ'

ပြောပြီး နေဇာကိုက ဖုန်းကို ဆောင့်ပြီးချပစ်လိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com



သမီး'ကို'နဲ့ ဖုန်းပြောအပြီးမှာတော့ ဝင်းစုက

'ဘာတဲ့လဲ. . ဦး. . ပြန်လာခိုင်းနေတာလား'

'အလကားပါကွာ. . ကိုယ်ပြန်ချင်တဲ့အချိန် ပြန်မှာပေါ့. . စိတ်အနှောင့်အယှက်ဖြစ်အောင် ဖုန်းလိုက်ဆက်နေကြတယ်. . ခုမှ စားထားသောက်ထားတာ ဗိုက်က တင်းနေတုန်း၊ အိမ်ပြန်ရောက်ရင် ဟန်ဆောင်ပြီး အဲဒီဂီလာနကြီးရှေ့မှာ စားပြရဦးမယ်၊ ဟူး. . စိတ်ကျဉ်းကျပ်လိုက်တာ'

နီရာနဲ့သူ့မယားငယ် ဝင်းဝင်းစုက နာမည်ကြီး. . . . . restaurant တစ်ခုမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြည်နူးစွာစားသောက်နေကြစဉ် အိမ်မှဖုန်းလာ၍ အပြစ်တင်နေခြင်းဖြစ်သည်။

သူတို့ပြောတဲ့ ဂီလာနမိန်းမကြီးမှာတော့ လင် ထမင်းလာမစားသရွေ့ ဗိုက်ဟောင်းလောင်းနဲ့ကို သစ္စာရှိရှိစောင့်နေခဲ့တာ။

'ဦးရယ် နောက်နေ့လာရင် ဖုန်းကို တစ်ခါတည်း power off လုပ်ထားလိုက်၊ အာရုံနောက်လွန်းလို့. . အခု ဒီကပြန်ရင် ဘဏ်သွားမယ်နော် ဦး. . မန္တလေးက ငွေလွှဲဝင်နေတယ်ဆို. . အဲဒီ ငါးဆယ် စုစုအကောင့်ထဲထည့်ပေးနော်

နီရာက ဝင်းစုရဲ့မျက်နှာလေးကို ကြည့်ပြီး ကြည်နူးနေသည်။ ကျေနပ်နေသည်။ ဒီမိန်းမသာ သူ့ဘဝရဲ့အိုအေစစ်ပဲ။ ဒီမိန်းမရှိလို့သာ မီးလောင်ဒုတ်တိုဖြစ်နေတဲ့ သူ့သစ်ပင်ကြီးမှာ ရွက်နု





တွေ ဝေလာခဲ့ရတာ။ ဒီမိန်းမအတွက် ဘာမဆို ပေးဆပ်ဖို့ သူဆုံးဖြတ်ပြီးသား။

စုစုက ဘဏ်ကို လိုက်ခွင့်ရတဲ့ ပထမဆုံးသောမိန်းမ ဖြစ်သည်။ အိမ်က ဟာမကြီးကိုတော့ အကြောင်းအမျိုးမျိုးပြပြီး ထားခဲ့သည်ချည်းသာ။

ခေါ်လို့လည်း မဖြစ်ပါဘူးလေ. . . ကိုယ့်အကြောင်းတွေ အကုန်ထုတ်ပြလို့မှမရတာ။

ဒီမိန်းမကြီးသိရင် သားသမီးတွေပါ သိပြီ။

သူတို့တွေ သိလို့ကို မဖြစ်တာ။ အသိလည်း မခံနိုင်ဘူး။ ပစ္စည်းဥစ္စာ မှန်သမျှဟာ စုစုအတွက်ပဲ ဖြစ်စေရမယ်။

ဒီကမ္ဘာမှာ သူကြည်ဖြူတဲ့မိန်းမဆိုလို့ စုစုပဲ ရှိတာလေ. .

'ဦး. . အန်တီ့အခြေအနေက ဘယ်လိုလဲ. . ခုထိ. . ဘာမှ အကြောင်းမထူးသေးဘူးနော်'

ဝင်းစုက စိတ်ပျက်သလိုလေး ပြောလာလျှင် နီရာက သူမလေးကို သနားမိသည်။ ခမျာ တိတ်တိတ်ပုန်းဘဝနဲ့ လူလုံးမပြဘဲ နေနေရတာ ငါးနှစ်ကျော်ပြီမဟုတ်လား။ သိမ်ငယ်ရှာမှာပေါ့။

ပြီးတော့ စုစုက အပျိုစင်လေးလေ. . နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တာမှမဟုတ်ဘဲ. . သူ့ခမျာ ကိုယ့်လိုအဘိုးကြီးနဲ့ဖြစ်ရတာ နစ်နာနေမှာပေါ့။

'သွားတော့မှာပါ စုစုရယ်. . ဘန်ကောက်က ဆရာဝန်က



www.burmeseclassic.com

www.burmeseclassic.com



တောင် လက်လျှော့နေပြီ၊မသွားခင် ညတိုင်း နားပူနေတာက ခက်တယ်'

'ဟွန်း. . ဦးမိန်းမကလေ မပြောချင်ပါဘူး၊ သေမဲ့အရေးကို ပိုက်ဆံသိန်းထောင်ချီပြီး စားသွားသေးတယ်'

ဆေးကုပေးလို့ ကုန်တာကို ဆိုလိုခြင်းဖြစ်သည်။

'ဟော့. . ဟော့. . စကားကိုပြင်ပြော. . သူနဲ့ဦး ဘာမှဆက်ဆံမှုမရှိဘူး မောင်နှမလိုနေကြတာ၊ သူ့အပေါ်မှာလည်း ဘာဖီလင်မှမရှိဘူးကွာ. . ကိုယ့်မိန်းမလေးက ဟောဒီမှာ. .'

'ခစ်. . ခစ်. .'

နီရာက စုစုရဲ့ပခုံးလေးကို သိုင်းဖက်ပြီး ပါးကို ရွတ်ခနဲနမ်းလိုက်တော့ စုစုက တခစ်ခစ်နဲ့ရယ်လေသည်။

ဝင်းဝင်းစုမှာက အဖေမရှိတော့။ အဖေမရှိတော့ အမေကမုဆိုးမပေါ့။ သူမအောက်မှာက ညီမနှစ်ယောက်၊ မောင်နှစ်ယောက်ရှိသေးသည်။

အမှန်တကယ် သောက်သင့်တာက အဝီစိတွင်းက ရေကြည်ရေသန့်ကိုပေါ့လေ. . ဒီလိုသောက်ဖို့အတွက်က အချိန်စောင့်ရဦးမည်။ ရေတွင်းတူးဖို့ အချိန်ယူရဦးမည်။

အဲဒီတော့. . သူများတူးပြီးသား ရေတွင်းက ရေကို ပိုင်ရှင်မသိအောင် ခိုးပြီးသောက်ရတာ. . ဘယ်လောက် အရသာရှိလိုက်သလဲ။

*ဆောင်းညပြာသိစာလေ*



လူတွေက ပြောကြတယ်မဟုတ်လား။ ခု ရေတွင်းတူး၊ ခု ရေကြည်သောက်လို့မရဘူးဆိုတာလေ. .

စုစုအတွက်ကတော့ ရေတွင်းလည်း အဆင်သင့်၊ရေလည်း အဆင်သင့်ပဲ။

မိသားစုအတွက် လိုသလောက်ထောက်ပံ့လို့ရနေပြီ။ လူကသာ ဘာမှမဟုတ်တာ၊ မက်ထားတဲ့အိပ်မက်က ကမ္ဘာကြီးနဲ့ ချီနေလေတော့ လူတိုင်းက ငေးမောအားကျရတဲ့ဘဝမျိုးကို ပိုင်ချင်သေးသည်။

ကိုယ့်ကို လူတွေက အစွမ်းအစရှိတဲ့မိန်းမလို့ ထင်လာမြင်လာအောင် ဟန်ဆောင်ရတာလည်း နေ့ရှိသရွေ့ပဲ။

လုံးဝ မမိုက်တာတစ်ခုတော့ ရှိတာပေါ့။

လူအိုကြီးတစ်ယောက်ရဲ့ရင်ခွင်ထဲမှာ ဝင်ပြီး ယောကျ်ားရေလို့. . ခေါ်နေ၊. . ချွဲနေရတဲ့အချိန်တွေမှာ နှစ်ပေါင်းများစွာတွဲပြီး ပေးဆပ်လာခဲ့ရတဲ့ သူ့ရင်ခွင်လေးကို ပြင်းပြစွာ တမ်းတမိတာပါပဲ။

မောင့်လိုလူမျိုးက ငွေသာ များများအမ်းနိုင်ရင် အချိန်မရွေး ပြန်ဆက်လို့ရတဲ့ ဇာတ်လမ်းဟောင်းလေ။ ဘာမှတော့ မခက်ခဲပါဘူး။

အဲဒီတော့ အဘိုးကြီးဆီက ငွေများများရအောင် ဖန်ရုံပဲ။

♥

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com

## ဘ၀တိုက်ပွဲမှာ ကျဆုံးခဲ့ပြီ

ရုပ်နဲ့နာမ် တွဲလျက်ရှိနေတဲ့ ဘ၀ကြီးကို မိုးတိမ် အင်မတန် မှငြီးငွေ့လာသည်။

အထူးသဖြင့် နီရာနဲ့ သူ့အမေကို တစ်နေ့တခြား ပိုမိုပြီး မုန်းတီးလာသည်။ လူမှာ အမျိုး ဆိုသလိုပဲ. . သူတို့ သားအမိနှစ်ယောက်က အတ္တကြီးတာချင်းရော၊ စိတ်နေစိတ်ထားပါ တစ်ထေရာတည်း တူနေကြသည်။

အသက်ရှင်နေရတဲ့ မိုးတိမ်ရဲ့နေ့ရက်တွေတိုင်းမှာ အလိုမကျမှုတွေ၊ မကျေနပ်မှုတွေနဲ့သာ တင်းကြပ်နှောင်ဖွဲ့နေခဲ့သည်။

မိုးတိမ်ရဲ့ခန္ဓာဟာလည်း. . တစ်နေ့တခြား အားအင်တွေ ဆုတ်ယုတ်လာခဲ့ပြီ။ လှုပ်ရှားမှုတိုင်းမှာ အသက်ရှူလို့ မရလောက်အောင် မောပမ်းနေခဲ့ပြီ။





ဘယ်လိုမှတောင့်ပြီးမခံနိုင်တဲ့အဆုံးမှာ မိုးတိမ်ကို ဆေးရုံတင်လိုက်ရသည်။

ဆေးရုံပေါ်မှာ အောက်ဆီဂျင်ပူးကို လုံး၀မဖြုတ်တမ်းပေးထားရသည်။ လိုအပ်သည့် treatment တွေပေးပြီး သွေးတွေခဏခဏဖောက်ရသည်။

မိုးတိမ် ခံစားနေရတာ မိုးတိမ်ပဲ သိသည်။ မေလဆန်းမှာ အဲယားကွန်းအခန်းထဲမှာ မိုးတိမ်တစ်ယောက်တည်း ချွေးပြိုက်ပြိုက်ကျအောင် ပူလောင်နေသည်။ အမြဲတမ်း မိုးတိမ်ဆံပင်မှာ ချွေးတွေ ရွှဲနေသည်။

အသက်ရှူလိုက်တိုင်းမှာ ခန္ဓာကိုယ်ထဲက ကလီစာတွေကို လာပြီးဖိထားသလို ခံစားရသည်။ ဘယ်လောက်ဆိုးတဲ့ဝေဒနာလဲ ဆိုတာ ခံစားရသူ မိုးတိမ်သာ သိပါလိမ့်မည်။

ဆေးရုံတက်နေတဲ့အချိန်တောက်လျှောက်မှာ မိုးတိမ်ကို ကျေးဇူးလာဆပ်သူက မိုးတိမ်ရဲ့တတိယမောင်လေးပင်။

အစ်မဖြစ်သူကို ဗုဒ္ဓရဲ့တရားတော်တွေ၊ ဗုဒ္ဓရဲ့အဆုံးအမတွေနဲ့ တရား နှလုံးသွင်းတတ်အောင်၊ ဝေဒနာကို ဝေဒနာမှန်းသိအောင် တရားထိုင်ခိုင်းသည်။

'ဖောက်ပြန်ခံစား သဘောတရား ရုပ်နာမ်ဟု ရှု' ဆိုတဲ့ တရားသဘောလေးကို မိုးတိမ်စိတ်ထဲမှာ စွဲသွားခဲ့ပြီ။

သားသမီးတွေဝိုင်းရံနေပေမယ့် သံယောဇဉ်ကြိုးတွေကို



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ် တစ်ချောင်းစီဖြတ်ချပစ်နေမိသည်။ ယုတ်စွအဆုံး သူအရမ်းချစ်တဲ့ မြေးသုံးယောက်ကိုတောင် ခေါ်လာခွင့်မပြုတော့။

ဝေဒနာက အရမ်းပြင်းထန်လာရင် ရှူကွက်ကို ပိုပြီး တင်လိုက်သည်။ တရားထိုင်တဲ့အတွက် ခါတိုင်းလို အော်ဟစ်ညည်းညူတာမျိုးမရှိတော့ပေ။ အေးအေးသက်သာလေးဖြင့် ဝေဒနာကို ရင်ဆိုင်တတ်လာသည်။

တစ်ဘဝလုံးမှာ ကြုံခဲ့ရတဲ့ လောကမံဆိုတာကရော၊ သေရင် အားလုံးထားခဲ့ရမှာပဲလေ။ အစွဲအလမ်းကြီးနေလို့ရော. . သေရင် သူတို့လိုက်သေမှာမို့လို့လား. .

နီရာ. . နှင့်ကို ငါ အမြဲအကဲခတ်နေတာပါဟာ. . ငါသိလိုက်တာ တစ်ခု 'မတန်ဘူး'ဆိုတာပဲ။

နင့်ကို ငါချစ်ရတာ လုံးဝကိုမတန်တာ. . ငါဘယ်လောက်ပဲ နာကျင်နေပါစေ. . နင်ကတော့ game ဆော့ မပျက်ဘူးမဟုတ်လား။

ဆေးရုံပေါ်မှာ ငါ့အနားမှာ ၂၄နာရီရှိနေပေးလို့လား။

ငါ့ညီမငွေးကမှ အစ်မကို ပြုစုချင်လို့ မြိတ်က တက်လာပြီး ၂၄နာရီ လာစောင့်ပေးနေသေးတယ်။

ငါ့ဘဝရဲ့နေဝင်ချိန်က တဖြည်းဖြည်းနဲ့နီးကပ်လာပြီ. . . အားလုံး. . ငါသံယောဇဉ်ရှိတဲ့သူတွေအားလုံးကို နှုတ်ဆက်ဖို့ အချိန်ရောက်လာပြီ။





ဆေးရုံတက်ပြီး တစ်ပတ်ကျော်လာတော့ မိုးတိမ်က သမီးကြီးကို -

'သမီးရယ်. . ဒီတစ်ခေါက်တော့ မေမေ ဒီတောင်ကိုကျော်နိုင်မှာ မဟုတ်တော့ဘူး'

သမီးကြီးက အမေအားလျှော့လိုက်မှာကို မလိုလားသဖြင့်

'မေမေ ဘာမှ မဖြစ်ပါဘူး. . ခါတိုင်းလည်း ဆေးရုံတက်ပြီး ပြန်ဆင်းရတာပဲဟာ. . နေကောင်းလို့ရှိရင် အိမ်ပြန်ကြမယ်လေနော်'

'မေမေ့မှာ အောက်ဆီဂျင်ဘူးမှ ဖြုတ်လို့မရတာ. . နည်းနည်းလေးလှုပ်ရှားလိုက်ရင် မောနေပြီ. . ကိုယ့်ဟာကိုယ် သိပါတယ် သမီးရယ်. . တစ်ခုပဲ စိုးရိမ်မိတယ်'

ပြောရင်းနဲ့ မောလာပုံ ရသည်။ အတန်ကြာ နားနေပြီးမှ မိုးတိမ်က

'မေမေ မရှိတဲ့နောက်မှာ သမီးအဖေကို သမီးတို့ထိန်းနိုင်မှာ မဟုတ်ဘူး'

'မေမေက ဘယ်လိုဖြစ်စေချင်လို့လဲဟင်'

'သမီးရအောင် ထိန်းရမယ်၊ မထိန်းနိုင်တဲ့တစ်နေ့မှာ သမီးတို့မိသားစု ပြိုကွဲပြီပဲ'

မေမေက ဘာရည်ရွယ်ချက်နဲ့ပြောနေမှန်း မသိပေမယ့်. . မေမေ့စကားကြားတာနဲ့တင် ပျိုက ငိုချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စိတ်ကို အောက်ဆုံးအထိ လျှော့ချနေပြီဆိုတာ သိလိုက်ပြီမို့ ပိုပြီးစိတ်မကောင်းဖြစ်ရသည်။

'သမီး. . မေမေ့ကို ကတိပေးမယ် မဟုတ်လား'

'ဒီမိသားစုမပြိုကွဲဖို့အတွက် သမီးတတ်နိုင်သမျှ အစွမ်းကုန်ကာကွယ်သွားမှာပါ မေမေ'

'ကျေးဇူးတင်ပါတယ် သမီးရယ်၊ အထူးသဖြင့် သမီးအဖေ အသိတရားမြန်မြန်ရအောင် ကြိုးစားပေးဖို့ မေမေမှာချင်တယ်'

မိုးတိမ် ဆေးရုံပေါ်မှာ တစ်ပတ်ပြီး တစ်ပတ် ကြာလာသည်။ ခွဲစိတ်ခန်းထဲ နှစ်ကြိမ်ဝင်ခဲ့ရသည်။ ဒုတိယအကြိမ် ခွဲခန်းထဲ ဝင်ခါနီးမှာ မိုးတိမ်က နာရီပဲ ကြည့်နေပြီး

'ကြာလိုက်တာ. . . လာမခေါ်သေးဘူးလား'လို့ပဲ ထပ်ခါ တလဲလဲ ရေရွတ်နေခဲ့သည်။ ကင်ဆာဆဲလ်တွေက အဆုတ်ကို ပျံ့သွားပြီး တစ်ခါ နှလုံးအထိပါ ရောက်သွားခဲ့ပြီ။

ခွဲခန်းထဲက ထွက်လာတော့ နှလုံးခွဲစိတ်ဆရာဝန်ကြီးဆီက ကြားလိုက်ရတဲ့စကားက ဘယ်လိုမှမဂ်လာမရှိပေ။

အမေ့နှလုံးမှာ အကျိတ်တွေအများကြီးပဲတဲ့. . လက်နဲ့ ဒီ အတိုင်းစမ်းရင်တောင် စမ်းမိနေသည်တဲ့။

'စိတ်မကောင်းပါဘူး. . တော်တော်ကြီးကို ပျံ့နေပြီဗျာ'

သံယောဇဉ်ကြီးစွာ၊ မေတ္တာကြီးစွာဖြင့် အခိုင်အမာအုပ်မိုးပေးထားတဲ့ အမိုးအကာကြီးတစ်ခု ပြိုကျတော့မယ်ဆိုတာ သိလိုက်





ရတဲ့အခါ သားသမီးတွေရဲ့ ရင်ထဲမှာ ကမ္ဘာပျက်သလို ခံစားရလေသည်။

ခွဲခန်းထဲက ထွက်လာတဲ့ အမေဟာ CCU အခန်းထဲမှာ သုံး လေးရက် နေလိုက်ရသေးသည်။ အစားအသောက်ကို ငြင်းဆန်တတ်သလို စကားလည်း ပြောချင်ပုံမရတော့ပေ။

မိုးက တဖွဲဖွဲရွာနေပြီ။

၂၀၁၁ရဲ့မေလ ၂၀ ရက်နေ့မှာတော့ အဆိုးဆုံးဆိုတဲ့ ကံကြမ္မာက ပျိုတို့မိသားစုထဲကို ဝင်လာခဲ့သည်။

အမေ မနက်အစောကြီးမှာ တစ်ခုခုကို အရမ်းပြောချင်နေပုံနဲ့ ဗလုံးဗထွေး ရေရွတ်ရင်း သတိလစ်သွားခဲ့သည်။ နို ပြောတာကတော့ သား ဆိုတဲ့အသံကို ကြားရသည် တဲ့။ ရင်ကပ်သားလေးအတွက် တစ်ခုခုမှာချင်ပုံရသည်။

ဆရာဝန်တွေအပြောအရတော့ ဘာမှ မျှော်လင့်ချက်မရှိတော့ဘူးတဲ့။

လူက အလုပ်မလုပ်တော့ဘူး။ စက်တွေရဲ့အကူအညီနဲ့သာ အသက်ရှင်နေရပြီ။ အမေသိပ်ကြောက်တဲ့ နှာခေါင်းပိုက်ကို သူတို့ထည့်နေကြပြီ။ ပျိုတို့ သမီးသုံးယောက်လုံးက မကြည့်ရက်သဖြင့် အခန်းအပြင်ထွက်နေကြသည်။

တစ်ယောက်က ငိုရင် တစ်ယောက်က နှစ်သိမ့်ပေးရင်း. . အမှန်တကယ်တော့ သူတို့သုံးယောက်လုံး ငိုနေကြတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတုံ့ပြန်မှုမရှိ ဘာမှမသိနိုင်တော့တဲ့ အမေ့နံဘေးမှာ အမေ့လက်ဖဝါးလေးကို၊ အမေ့ခြေထောက်လေးကို ကိုင်ပြီး အသံတိတ်ငိုနေကြသည်။

အမေ အသက်ရှင်နေတုန်းမှာ ကန်တော့ချင်လို့ ဆိုပြီး. . ကုမ္ပဏီက တပည့်တွေ လာကန်တော့ကြသည်။

နှာခေါင်းပိုက်ရဲ့အကူအညီနဲ့တစ်နာရီခြားတစ်ကြိမ် အစာနဲ့ရေထည့်ဖို့ ပျို့တို့မပျက်ကွက်ခဲ့။ အမေ စားနိုင်သည်ဖြစ်စေ၊ မစားနိုင်သည် ဖြစ်စေ နောက်ဆုံးအချိန်အထိတော့ ကျွေးပါရစေဦး၊ အမေ့ကို ဆက်ပြီးပြုစုပါရစေဦး။ အမေ့ရဲ့ဝတ်ကြီးဝတ်ငယ်မှန်သမျှကိုလုပ်ပေးပါရစေဦး အမေရယ်. . သမီးတို့ကိုထားပြီး ထွက်မသွားပါနဲ့နော်. .

နာရီလက်တံတွေ တရွေ့ရွေ့လည်လာတိုင်း ပိုပြီးချောက်ချားစရာကောင်းလာသည်။ သွေးပျက်စရာကောင်းလာသည်။

အမေ့ pressure တွေက ၅၀/၃၀ ပဲ ကျန်တော့သည်။ အောက်ဆီဂျင်လည်း ကျလာပြီ။ လှုပ်ရှားမှုမှန်သမျှ အကုန်နှေးကွေးလာပြီ။ စက်နဲ့လည်း မကူညီနိုင်တော့ဘူးပေါ့။

ဝဿန်ပျိုက မျက်ရည်များကြားမှ အမေ့မျက်နှာကို ထိတ်လန့်တုန်လှုပ်စွာကြည့်နေသည်။

နေဇာကိုရဲ့မျက်နှာမှာ သောကနဲ့အတူ အားငယ်ဝမ်းနည်းရိပ်တွေနဲ့. . .





သန္တာနိုက အမေ့ခြေရင်းမှာထိုင်ပြီး ငိုနေသည်။

သားဆရာဝန်လေးက အားလုံးထက်ပိုသိနေသူမို့ အမေသွားတော့မယ်ဆိုတာ သူသိနေပြီ။

အစ်မတွေကို တစ်လှည့်စီနှစ်သိမ့်ရင်း သူ့ရင်ထဲမှာတော့ ကျိတ်ပြီး ငိုနေလေပြီ။

မေလ ၂၁ရက်. . အချိန်က ည၉း၃၆မိနစ်။

တာဝန်ကျဆရာဝန်လေးက သားငယ်လေးကို ပြောလာသည်။

'ဆရာ. . ECG ဆွဲမယ်နော်'တဲ့။

ECG က မျဉ်းကွေးတွေ ပေါ်မလာဘဲ တစ်တန်းတည်းဖြစ်သွားခဲ့ပြီ။

အမေ အားလုံးကို ထားရက်ခဲ့ပြီ။

* ငါ့ဘဝကြီးကို ငါသိပ်စိတ်ကုန်တာပဲတဲ့။ *

* သေရင်တောင်မှ မလှမပနဲ့မပြည့်စုံတဲ့ဘဝနဲ့သေရမှာတဲ့ *

* ဝဋ်ကြွေးတွေကို သေတဲ့အထိ ဆပ်သွားမှာတဲ့ *

* ငါးနှစ်အထိ အသက်ရှင်ချင်သတဲ့. . အကြောင်းပြချက်က သူ့သမီးတွေကို သူ့လိုမျိုး ကင်ဆာဖြစ်မှာစိုးလို့တဲ့ *

မေတ္တာရှင်မကြီး၊ သစ္စာရှင်မကြီး. . ခုတော့ အရာအားလုံးချုပ်ငြိမ်းသွားပြီပေါ့. .

သားသမီးတွေရဲ့ငိုရှိုက်သံတွေ၊ နှုတ်ဆက်သံတွေကို မေမေ



www.burmeseclassic.com

www.burmeseclassic.com



မကြားနိုင်တော့ပေမယ့် မေမေ့ဝိညာဉ်သာ အနားမှာရှိရင် မြင်နေမှာပါ. .

ဝသန်ပျိုက ရုတ်တရက်ထွက်သွားသော အဖေ့နောက်ကို အသာလေးလိုက်လာခဲ့မိသည်။

ထင်သည့်အတိုင်းပင် အဖေက သူ့ဖုန်းကိုထုတ်ပြီး

'ဆုံးသွားပြီ'

ဟု သတင်းပို့နေသည်။ ဘယ်သူ့ဆီကို ပို့တာလဲဆိုတာ. . ဗေဒင်မေးနေစရာမလိုတော့ပါ။ ဒီလိုအချိန်မျိုးမှာတောင် သူတို့မင်္ဂလာယူနိုင်ကြသေးသည်။

လုံးဝကို ကိုယ်ချင်းစာတရားမရှိတဲ့လူတွေ. . အင်မတန်မှ ရက်စက်ယုတ်မာတဲ့သူတွေ။အဲဒီလိုပြောနေတဲ့အချိန်မှာ အဖေ့မျက်လုံးထဲမှာ ကျေနပ်နေသည့်အရိပ်အယောင်တွေက အထင်းသား။

သူတို့ကို ပျို နာကြည်းသည်။ မုန်းသည်။ သတ်ခွင့်ရှိရင် သတ်ပစ်လိုက်ချင်သည်။

သံသရာမဆုံးသရွေ့ တစ်ကွေ့ကွေ့မှာ တွေ့ကြဦးမှာပေါ့လေ. .

ပျိုက သူ့အဖေကို တောက်လျှောက်အကဲခတ်နေသည်။ အမျိုးတွေ၊ ဧည့်သည်တွေရှေ့မှာ အဖေ ငိုပြနေသည်။ အဲဒီသရုပ်ဆောင်ပညာကို ဘယ်က တတ်မြောက်လာသလဲလို့ မေးလိုက်ချင်သည်။





အမေက သူတော်ကောင်းမကြီးမို့ အမေ့အသုဘက စည်ကားလွန်းလှသည်။

ဂူသွင်း သဂြိုဟ်တဲ့နေ့မှာ လိုက်ပို့တဲ့သူတွေ များလွန်းလို့ ခန်းမကြီးတစ်ခုလုံး လျှံထွက်သွားခဲ့သည်။ အားလုံးကို သူ့စိတ်လိုပဲ သဘောထားတဲ့အမေဟာ သူသေခဲ့ရင် ဂူသွင်းပေးဖို့ ပျို့ကို အထပ်ထပ်မှာခဲ့သည်။ လင်ယောကျ်ားရော၊ သားသမီးတွေပါ သတိရတဲ့အချိန်မှာ လာကြည့်နိုင်အောင် အမှတ်တရရှိနေချင်တာတဲ့။

အုတ်ဂူလေးထဲမှာ တစ်ဘဝလုံး အိပ်ပြီး စောင့်နေမယ်ဆိုတဲ့သဘောလား မေမေရယ်. . မေမေ့မေတ္တာတွေက သားသမီးတွေအပေါ်မှာ ကြီးမားလိုက်တာ. .

မေမေရယ်. . မေမေကတော့ ဘဝတိုက်ပွဲမှာ ကျဆုံးသွားခဲ့ပြီ။ သမီးတို့က ဒီတိုက်ပွဲကို ဆက်ပြီးတိုက်ရဦးမယ် မေမေ. .

မေမေ့မေတ္တာတွေနဲ့ ဖေဖေ့ကို ဆွဲမထားနိုင်ခဲ့ဘူး မဟုတ်လား. .

အခု သမီးတို့မှာ ကြိုးခုနစ်ချောင်းရှိတယ်။ သားသမီးလေးယောက်နဲ့ မြေးသုံးယောက်လေ. .

အဲဒီကြိုးတွေနဲ့ ဖေဖေ့ကို ဆွဲကြည့်ပါဦးမယ်. .

♥



www.burmeseclassic.com

www.burmeseclassic.com



'ရောဂါ'ကို'အန်တုံ'လို့
'သေမင်း'ကို'လာဘ်'ထိုး
ငါးနှစ်ကျော်ရင် ငါသေပျော်ပြီတဲ့. .
'သူ့'အတွက်လား ဆိုတော့ မဟုတ်ဘူး
'သမီး'တွေ သူ့လို ကင်ဆာဖြစ်မှာစိုးလို့တဲ့...
ရှင်ခွင့်ရတဲ့ ငါးနှစ်ကျော်မှာ
'နာကျင်မှုဝေဒနာကြောင့်
အိပ်လို့မရတဲ့ နေ့တွေ ညတွေ
လှဲပြီး မအိပ်နိုင်လို့
ငုတ်တုတ်ထိုင်ပြီး မိုးလင်းခဲ့ရတာတွေ
ဒါတွေအားလုံးကို သမီး သိပါတယ် မေမေ
မကြည့်ရက်တော့ပါဘူး ...
တစ်နေ့မှာ
အားလုံးကိုထားခဲ့မယ်ဆိုတာလည်း သိနေပါတယ်
ဒါပေမယ့် ဖြေမဆည်နိုင်ခဲ့ဘူး ...
'ကင်ဆာ'ဆိုတဲ့ အသံကြီးကို
ထပ်ပြီး မကြားချင်တော့ဘူး ...

သမီးကြီး



## ကွာကျသွားသော မျက်နှာဖုံးများ

လုပမိုးတိမ် ဆိုတဲ့ ခိုင်ခံ့လှတဲ့ အမိုးတစ်ခု ရုတ်ခြည်းပြို ကျသွားတဲ့နောက်မှာ လူတွေ. . လူတွေရဲ့မျက်နှာဖုံးတွေဟာလည်း တစ်ခုပြီးတစ်ခု ကွာကျလာခဲ့ပါတယ်။

ဒီလိုဖြစ်လာလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။ ကြုံလာ သမျှကိစ္စတိုင်းသာ လောကဓံလို့ပြောကြေးဆိုရင် အခု မိုးတိမ်ရဲ့ရင် သွေး လေးယောက် ရင်ဆိုင်နေရတဲ့ လောကဓံဆိုတာကြီးက အင်မ တန်ကို ရက်စက်ပြီး ခါးသီးလိုက်တာ. . .

အိမ်က အိမ်ဖော်မလေး အစန်းက မခံမရပ်နိုင်ဖြစ်ပြီး. . ပွင့်အန်ထွက်လာတဲ့ စကားပါ။ သူက အမေ့အသည်းကျော်ဆိုတော့ ဆတ်ဆတ်ခါနာနေရှာမှာပေါ့. .

'မကြီး. . မကြီးတို့အဘွားက တော်တော် လောဘကြီးတာ ပဲ. . ဘယ်လိုအဘွားကြီးမှန်းကို မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူက ပျို့ကို ရည်ရွယ်ပြီး ပြောလာတော့ ပျို့က

'ဟဲ့. . နင့်ဟာက အရင်းမရှိ အဖျားမရှိဟယ်၊ ဘာဖြစ်လို့လဲ. . '

'ကျွန်မက အိမ်မှာနေတော့. . မမြင်ချင်လည်း သူလုပ်နေတာ အားလုံးမြင်နေရတယ်လေ၊ မကြီးတို့က ဆေးရုံမှာပဲ နေတော့ ဘယ်သိမလဲ၊ ဟိုတစ်ပတ်တုန်းကဆို တို့မေ(အစန်းက မိုးတိမ်ကို ဒီလိုပဲ ခေါ်သည်)တောင် မဆုံးသေးဘူး. . ဆေးရုံမှာ မြောနေတုန်းပဲ ရှိသေးတယ်. . အဲဒီအဘွားကြီးကလေ တို့မေဘီရိုကိုဖွင့်ပြီး ရှာနေတယ်'

အစန်းက မဲ့ကာရွဲ့ကာပြောလေလျှင် ပျို့က တအံ့တဩဖြင့်. . .

'ဘာရှာတာလဲဟင်. . '

'တို့မေ. . တစ်ခါပဲ ကိုင်သွားတဲ့ သုံးသိန်းတန်အိတ်လေ. . အဲဒါ ယူမလို့တဲ့'

ညီအစ်မ သုံးယောက်လုံး ဘုရားတ,မိပါသည်။ သူ့အသက်ပဲ ရှစ်ဆယ်ကျော်နေပြီ။ သူငယ်မပြန်သေးတာတော့ အသေအချာပါပဲ။

ဒါပေမယ့် သူ့အသက်အရွယ်နဲ့ဒီအိတ်နဲ့ ဘာဆိုင်လို့လဲ။

အမေ အရမ်းကြိုက်တဲ့ အိတ်လေ။ သူ့ခမျာ ဈေးကြီးလွန်းလို့ နှမြောတဲ့ကြားက လိုချင်လွန်းလို့ ဝယ်လာခဲ့တာ ပျို့တို့အသိပဲ။

ဆောင်းညမြှာသိစာလေ



အဲဒီအိတ်ကို အမေ့ကိုယ်စား ပျို့တို့တွေက အမြတ်တနိုးသိမ်းထားမှာပေါ့. . .

'တခြားအိတ်တွေ ရှိနေတာပဲ. . သူလိုချင်ရင် နောက်မှငါ ရှာပေးလိုက်ပါ့မယ်'

'မကြီး ဘာမှမသိဘူးနော်၊သူက ဒီအိမ်ကဟာတွေ အကုန်ယူပြီး သူ့ချွေးမကိုပေးနေတာ၊ သူ့မြေးတွေကို ပေးနေတာ'

'ဘာရယ်. . '

ဒေါ်ရုံးအော်မှာ သားနှစ်ယောက်၊ သမီးတစ်ယောက်ရှိပေမယ့် သူအချစ်ဆုံးသားက အလတ်ကောင်ပဲ လို့ ပေါ်တင်ပြောနေကျ။ ပျို့တို့အဖေက ထောက်ပံ့ရပြီး အဲဒီလိုအပြောတွေ ကြားရပြန်တော့ သမီးတွေက အဖေ့အစား မခံချင်ဖြစ်တာပေါ့။

အဲဒီဦးလေးမှာက သားချည်းလေးယောက်မွေးထားပြီး ထိုမြေးတွေကို ဒေါ်ရုံးအော်က သေအောင်ချစ်လေသည်။

သီတင်းကျွတ်လို့ ပျို့တို့ညီအစ်မတွေ သူ့ကို ကန်တော့ပြီဆိုလျှင် ကွယ်ရာမှာ အတင်းပြောလို့မဆုံးတော့။

'တရုတ် ဖြစ်ပြီး ဗမာအယူတွေနဲ့. . တကယ့်ဗမာမတွေ အတိုင်းပဲ'တဲ့လေ. . ။

ဘာဖြစ်သေးလဲ. . မြန်မာပြည်မှာနေပြီး မြန်မာပြည်က ရေကို သောက်နေမှပဲ။ ဗုဒ္ဓရဲ့တရားတော်နဲ့မွေ့ပျော်ရတာ ဂုဏ်ယူစရာတောင် ကောင်းသေးသည်။

ဆောင်းညမြှာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်က မြေးတွေကျတော့ လေးလေး တစ်ခွန်း၊ ပေါ့ပေါ့ တစ်ခွန်း ပြောပြီး သူ့မြေးတွေကျတော့ ကောင်းတာတွေပဲ ရွေးပြီး ပေးသည်။ ကောင်းတာတွေပဲ ရွေးပြီး ကျွေးသည်။

အမေ မဆုံးခင်က အရမ်းကို မကျေမနပ်ဖြစ်သွားတဲ့ကိစ္စ လေးတစ်ခု ရှိသေးသည်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က အမေတို့ ခရီးသွားနေတုန်း အိမ်မှာ ကားမောင်းတဲ့ ကောင်လေးရယ်၊ အစန်းရယ်၊ အဘွားကြီး ရယ်၊ သားငယ်လေးရယ်ပဲ ကျန်ခဲ့တာ. .

အဲဒီအချိန်မှာ အဘွားကြီးက သူ့သားအလတ်က မွေးတဲ့ မြေးတွေ စားဖို့ ဟန်ဘာဂါတွေ၊ ကြက်ဆီထမင်းတွေ၊ တစ်ဆိုင်ပြီး တစ်ဆိုင် ဝင်ဝယ်ပြီး သွားကျွေးသတဲ့။ ဒါပေမယ့်. . သားငယ်လေး အတွက်ကျတော့ ကြက်ဆီထမင်းတစ်ဘူးတောင် ဝယ်မကျွေးလို့. . အမေက စိတ်နာသွားတာ။ မြေးချင်းအတူတူ ကိုယ့်သားသမီးကိုခွဲ ခြားဆက်ဆံတော့ အမေနာကြည်းပြီပေါ့။

စိတ်သဘောထားပြည့်တဲ့အမေက အချိန်တန်ရင် သူ့ဝတ္တ ရားတော့ မပျက်စေခဲ့ပါဘူး။

ယောက္ခမကို ထမင်းစားချိန် ထမင်းခေါ်ကျွေးပြီး ငွေပေး ချိန်ဆို ပေးလိုက်တာပဲ။

သူ့သားအလတ်က ဆင်းရဲနေရင်လည်း ထားပါတော့လေ။ ခုဟာက အဖေ့ဆီက ပေါချောင်ကောင်းနဲ့ အပိုင်ရိုက်သွားတဲ့ ဆေး





ဆိုင်နဲ့. . သုံးထပ်တိုက်နဲ့. . ရန်ကုန်မှာလည်း မြေညီထပ်တိုက်ခန်း တောင် ပိုင်တာပဲ။ သူ့မိန်းမဆိုလည်း စိန်တွေမှုပြုးနေတာပဲ။ ရှင်း ရှင်း ပြောရရင်. . အမေ့ဆီမှာတောင် အဲဒီလောက် စိန်မျိုး မရှိဖူး ပါဘူး။

လူတစ်ကိုယ် စိတ်တစ်မျိုးဆိုပြီး ပျိုတို့က နားလည်ပေးထား လိုက်ပေမယ့် ဒေါ်ရှုံးအော်က ပိုပိုပြီး ဆိုးလာသည်။ အဖေနဲ့ သား သမီးတွေကြားမှာ သွေးခွဲတဲ့စကားတွေ၊ အပြုအမူတွေ အများကြီး လုပ်လာခဲ့သည်။

အမေ မရှိတဲ့နောက်မှာ မေတ္တာလိုချင်လို့၊ မေတ္တာငတ်လို့၊ အဖေ အထီးကျန်နေမှာစိုးလို့ အိမ်ထောင်သည်သားသမီးတွေက မိုးလင်းရင် ချက်ပြုတ်ပြီး အဖေ့ကို စောင့်နေကြပြီ။ ထမင်းတစ်ဝိုင်း တည်း စားကြမယ်ပေါ့။

ဒါပေမယ့် အဖေက အိမ်မှာကို မရှိတာ. . ဘယ်လောက် ကြေကွဲဖို့ကောင်းသလဲ။ အမေဆုံးလို့ ရက်လည်ပြီးတာနဲ့ အဖေအိမ် မကပ်တော့တာ. . အိမ်မှာ အမြဲရှိနေတတ်တဲ့ အမေ့အံရိပ်လေး ကွယ်ပျောက်သွားတဲ့အချိန်မှာ အဖေ့ကို ကိုးကွယ်ချင်ခဲ့တာလေ. . အဖေက အဲဒီလိုမနေပေးခဲ့ပါဘူး။

သိပ်မဝေးတော့တဲ့ တစ်နေ့နေ့ကို မျှော်မှန်းကြည့်လိုက်ရင် ရင်လေးဖို့ ကောင်းလွန်းသည်။ ဒီမိသားစု မပြိုကွဲအောင် ဘာပဲလုပ် ရလုပ်ရ ပျိုက လုပ်ဖို့ ဆုံးဖြတ်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ အဖေ ပြန်ရောက်လာလို့ ထမင်းဝိုင်းဖွဲ့စားမယ် ဆိုပြီး ထမင်းပွဲပြင်နေတုန်းမှာ အဖေက သူစိမ်းဆန်သောစကားကို ပြောလာခဲ့သည်။

'ဟင်းချိုသောက်မယ့်ခွက်တွေ၊ ဇွန်းတွေ သတ်သတ်စီ ယူလာခဲ့. . ဟိုလူသောက်၊ ဒီလူသောက်နဲ့ ငါမသောက်ချင်ဘူး၊ အစန်း နင့်ကို ငါမှာထားပြီးသားလေ. . နားမလည်ဘူးလား'

အစန်းကိုပါ လှည့်ပြီးမာန်နေတော့ သမီးတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြပြီ။

အဖေပြောနေတာ၊ ပြောချင်တာက ဘယ်သူ့ကိုလဲ။ အားလုံးက အဖေ့သားသမီးတွေပဲလေ. . အားလုံးမှာလည်း ဘီပိုး၊ စီပိုး၊ HIVပိုး ကင်းပြီးသား။ အမြဲဆေးစစ်နေကျ။

စိတ်မကောင်းလိုက်တာ။ကိုယ့်အိမ်မှာ ကိုယ်စားရင်တောင် ဒီလိုအပြောခံရမှာ မဟုတ်ဘူး။ ရွံချင်း ရွံရင်. . အောက်တန်းစားမိန်းမနဲ့ဆက်ဆံနေတဲ့ အဖေ့ကို ရွံရမှာ. .

ဒါပေမယ့်. . အဖေဟာ အဖေပဲမို့ သားသမီးတွေက လက်ရည်တစ်ပြင်တည်း မခွဲခြားဘဲ စားချင်ခဲ့တာ။

ဘယ်သူစားစား မစားစား၊ အဖေကတော့ သူ့ဝသီအတိုင်း ထမင်းကို အမြန်စားပြီး ထမင်းဝိုင်းမှထွက်သွားခဲ့သည်။

အစန်းကလည်း တစ်ခုခုကို ပြောချင်ဟန်ဖြင့် အဖေတို့သားအမိအလစ်ကို ချောင်းပြီးပြောပြလာသည်။





'အဲဒါ ဟိုအဘွားကြီးရဲ့စနက်တွေ သိလား၊ သူပြောနေတာ ကျွန်မ ကြားတယ်. . ရောရောနှောနှောမစားနဲ့ ရောဂါကူးမယ်တဲ့'

ပျို၊ ကို၊ နှီ သုံးယောက်လုံး ဒေါသတွေ ပွင့်ထွက်ကုန်သည်။

'ဟဲ့. . ငါတို့မှာက ဘာရောဂါမှမရှိဘူး၊ ပြောချင်းပြောရင် သူ့သားကို ပြောပါလား. . သူ့သား ခြေလှမ်းမှားနေတာ သူသိသိကြီးနဲ့ လုံးဝမဆုံးမဘူး၊ ဘယ်လိုအမေလဲ မသိဘူး၊ ပြီးတော့ သူ့မှာလည်း ဘီပိုးနဲ့. . ငါမပြောချင်လို့'

နှီက

'ဆုံးမနေရင် ပိုက်ဆံတောင်းလို့မှမရတော့တာ၊မမက ဘာသိလို့လဲ. . နေ့တိုင်း သူ့သားဆီက ပိုက်ဆံတောင်းနေတာ'

ဒီအိမ်မှာ အမေဆုံးပြီး နောက်ပိုင်း အဘွားက ငွေကိုင်၊ သော့ကိုင်ဖြစ်သွားခဲ့သည်။ ဒီလိုဖြစ်အောင်လို့လည်း သူ့မှာ သားကို မဟုတ်တာတွေပြောထားရတာလေ. .

'ဒီအိမ်မှာ နင် ဘယ်သူ့မှမယုံနဲ့၊ ဒုက္ခရောက်မယ်'ဆိုပဲ။

နှီက မကျေမနပ်ဖြင့်

'ဟဲ့. . အစန်း ပြောလိုက်လေ၊ နင့်ကို ဘယ်လိုပြောသလဲ ဆိုတာ. .'

အစန်းက အင်မတန်မှစိတ်ပျက်နေသောလေသံဖြင့်

'ဟိုနေ့တုန်းက ကျွန်မကို လမ်းထိပ်မှာ ငှက်ပျောသီးသွားဝယ်ဆိုပြီး ပိုက်ဆံတစ်ထောင်ပေးလိုက်တယ်၊ တို့ဖေ(နီရာကိုခေါ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။)လည်း ပြန်လာရော ဒီနေ့ ငါးထောင်တောင် ကုန်တယ်လို့ပြောနေတယ်. . ကျွန်မကြားထဲက ဘယ်ကောင်းတော့မလဲ၊ တို့မေ မရှိတော့ သူတို့သားအမိနဲ့ နေကို မနေချင်တော့ဘူး၊ ထွက်ကိုပြေးချင်တယ် အဲ့ဟုတ်'

ဒီလောက်တောင် ပြောင်းလဲကုန်သလားဟု ပျိုက အံ့သြနေတုန်း အစန်းက

'ပြောလက်စနဲ့ မကြီးတို့ကို သတိပေးရဦးမယ်. . သူ့သားကို နောက်အိမ်ထောင်ပြုဖို့ တိုက်တွန်းနေပြီနော်'

'ဘာ'

ပျို့အသံက ဟိန်းပြီး ထွက်လာသည်။ အမေဆုံးတာ ဘာများကြာသေးလို့တုန်း။

'မအံ့သြနဲ့ မကြီးရေ. . ဒီအဘွားကြီး တော်တော် မုန်းဖို့ကောင်းတယ်။ တို့ဖေကို ဘာပြောသလဲ သိလား၊ နင့်သားသမီးတွေနဲ့ဆက်နေရင် နင်အသက်တိုလိမ့်မယ်တဲ့လေ. . နင် လက်ထပ်ပြီးရင် သူတို့နဲ့ဝေးဝေးမှာ သွားနေတဲ့'

'အသက်တိုရအောင် တို့သားသမီးတွေက ဘာများဖြစ်နေလို့တုန်း. . တိုချင်းတိုရင် ငါတို့က တိုရမှာ၊ သူ့သားပဲ ငါတို့ကိုနှိပ်စက်နေတာ. . တို့အမေလည်း အဲဒီစိတ်နဲ့သေသွားပြီးပြီ၊ ဒါတောင် အသိတရားမရသေးဘူး'

နိုက





'ရင်လေးစရာပဲနော်. . . မဆုံးမဘဲ မြှောက်ပေးနေလိုက်တာများ ကြောက်ဖို့တောင် ကောင်းတယ်'

'တို့မေပစ္စည်းတွေအားလုံး မီးခံသေတ္တာထဲ ထည့်ခိုင်းနေတယ်'

အစန်းပြောနေပုံက တကယ့်ကို စိတ်ပျက်လက်ပျက်။ သူက ဆက်ပြီး

'ကျွန်မတို့ကို မယုံရင်ထားပါတော့။ ခုဟာက နင့်မယားသေရင် နင့်မယားပစ္စည်းက နင့်ပစ္စည်းပဲ တဲ့. . နင့်သားသမီးတွေ သူ့အမေပစ္စည်း လုံးဝ မမြင်စေနဲ့တော့. . ကြားလား. . ဆိုပြီး မီးခံသေတ္တာဝယ်ခိုင်းနေလေရဲ့'

အရင်က ဒီအိမ်မှာ ဘာမီးခံသေတ္တာမှ မရှိတာ။ အမေက သားသမီးတွေ (အထူးသဖြင့် သူနဲ့အတူနေတဲ့ သားကို ယုံပြီးသားလေ။ ကျန်တဲ့သမီးတွေက သူ့အိမ်နဲ့သူ နေကြတာကိုး) အမေဆုံးပြီးမှ ဒီလိုသွေးခွဲစကားတွေ ပြောပြောနေတာ ဘာအဓိပ္ပာယ်လဲ. . လူကြီးဖြစ်ပြီး စိတ်ပျက်ဖို့ကောင်းလိုက်တာ. .

ပျိုက အမေကြားအောင်သာ အော်ပြောလိုက်ချင်တော့သည်။ အမေက သူ့ပစ္စည်း(လက်ဝတ်ရတနာ)တွေကို သူ မရှိတဲ့နောက်မှာ ထိန်းသိမ်းပေးရမယ်လို့ အကြိမ်ကြိမ်မှာခဲ့သည်။

ထိန်းပေးဖို့ နေနေသာသာ. . ခုတော့. . မြင်ရမှာတောင် မဟုတ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အစန်းပြောသလိုပင် တစ်နေ့တွင် အဖေက မီးခံသေတ္တာကြီး ဝယ်ချလာပါသည်။

ပြီးတော့. . မောင်လေးသူရိန်ကို အခန်းထဲမှ မောင်းထုတ်သည်။

'မင်း အပြင်မှာသွားနေ. .'

'ဘာဖြစ်လို့လဲ ဖေဖေ၊ ဒီအိမ်မှာ သားအဖနှစ်ယောက်ပဲရှိတာ. . အရေးအကြောင်းရှိရင် သားလည်း သိထားသင့်တာပေါ့'

သူရိန်က စောဒကတက်တော့

'မင်းကွာ. . ငါက မသိစေချင်လို့နှင်ထုတ်နေတာ သဘောမပေါက်ဘူး. . မင်းအမေဆုံးပြီးမှ ဒီအိမ်မှာက လူဝင်လူထွက်များလာပြီကွ. . စိတ်မချရဘူး'

'တည့်တည့်ပဲ ပြောပါ ဖေဖေ. . သားအစ်မတွေကို ပြောနေတာလား. . ဖေဖေ့သားသမီးထဲမှာ ဘယ်တစ်ယောက်က သူခိုးပါနေလို့လဲ. . မေမေ ရှိတုန်းကဆို. . အခန်းတောင် သော့ခတ်တာမဟုတ်ဘူး'

သူရိန် တကယ်ကြေကွဲရပါသည်။ ဝမ်းလည်း နည်းသည်နှင်ထုတ်ခံရသည့်အတွက် ရှက်လည်းရှက်သည်။

ဆရာဝန်ဖြစ်ပြီးမှ အဖေ့ဆီမှာ သူတစ်ခုပဲ တောင်းဆိုခဲ့ဖူးသည်။ တော်သင့်ရုံ ကားလေးတစ်စီးလောက် ဝယ်ပေးပါပေါ့. .။

အဖေပြန်ပြောတဲ့စကားကြားပြီးကတည်းက နောက်ဘယ်





တော့မှ မပြောမိစေဖို့ ဆုံးဖြတ်ထားသည်။ အဖေပြောတာ တော်တော်နာဖို့ကောင်းပါသည်။

'မင်းလုပ်စာနဲ့မင်း ဝယ်စီးပါလား'တဲ့။

ဒီစကားတစ်ခွန်းနဲ့တင် သူရိန်က အနာကြီး နာသွားခဲ့ပြီ။ သူ့မှာတော့ အမေမရှိတော့ အဖေ့နံဘေးက လစ်လပ်နေတဲ့အမေ့နေရာမှာ အစားဝင်အိပ်ပြီး အဖေ့ကို အဖော်ပြုပေးခဲ့သည်။ အဖေကကျတော့ သားသမီးတွေကို သူစိမ်းလိုပဲ ဆက်ဆံသည်။

အမေ့စိတ်ဓာတ်နဲ့ တခြားစီပါပဲ။ အဲဒီအခါကျရင် အမေ့ကို သတိရပြီး သူမျက်ရည်ကျမိသည်။

တစ်နေ့တခြား အဖေ့လုပ်ရပ်တွေက ပိုပြီး ဖြောင်ကျလာသည်။ ဖုန်းသုံးလုံးကိုင်ပြီး သူ့ဟာမနဲ့ အဆက်အသွယ်လုပ်သည်။ messageတွေ ပို့သည်။ အခန်းထဲမှာ ဖုန်းပြောနေတဲ့အသံတွေကို မကြားချင်မှအဆုံးပင်. .

ကြားရပြန်တော့လည်း အမေ့အစား နာကြည်းစရာတွေ တိုးတိုးလာသည်။ သူတို့ပြောနေတာတွေက

'မိန်းမလေး. . အိပ်လို့မပျော်ဘူး ဟုတ်လား၊ ယောက်ျားကို သတိရနေလို့မဟုတ်လား. . ဘာလဲ ယောက်ျားရင်ခွင်ထဲမှာ လာအိပ်မလား. . ဟား. . ဟား. . အိပ်မပျော်ရင် ယောက်ျားပေးထားတဲ့ အိပ်ဆေးသောက်အိပ်လေ. . အရမ်းကောင်းတာ သိလား'

နားကြားပြင်းကတ်စရာစကားတွေလေ။ ပိုင်စိုးပိုင်နင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



များ ယောက်ျားရေ၊ မိန်းမရေ ဖြစ်နေရအောင် တိတ်တိတ်ပုန်းညား ထားလို့သာပေါ့။ တစ်နေ့တစ်နေ့ သားသမီးတွေရင်ထဲကို ဒဏ်ရာ တွေ ထည့်ထည့်ပေးနေသည်။

အဲဒီလိုကြားရပြီး သိပ်မကြာခင်မှာ အမေနဲ့သိကျွမ်းတဲ့လူ တစ်ယောက် အိမ်ကို အလည်ရောက်လာခဲ့သည်။ ထူးထူးဆန်းဆန်း စကားတွေလည်း သူက ပြောလာသည်။

'အန်တီ ကျွန်တော့်ကို အိပ်မက်ပေးတာ သုံးကြိမ်ရှိပြီဗျ. . သူပြတဲ့ပစ္စည်းလေး ရှိ မရှိ ရှာပေးကြပါဦးဗျာ'

ထိုသူက စာရွက်တစ်ရွက်ပေါ်တွင် ပန်းပွင့်ကြီးတွေဆွဲပြီး ပြသည်။ ဘာအရောင်ဆိုတာလည်း ပြောပြသေးသည်။ ခရမ်းနဲ့ အဝါရောထားတာတဲ့။

သမီးတွေက ပထမ အမေ့ပါတိတ်ထဘီတွေထဲမှာ ဝိုင်းရှာ ကြသည်။ အဲဒီအဆင်ကို မတွေ့ပေ။ နောက်မှ သားငယ်လေးက အမေ့ပိုက်ဆံအိတ်ကို သွားပြီး သတိရသည်။ အဲဒီအိတ်ထဲမှာ အမေ့ ဆေးတွေ ထည့်ထားသည်။

ဒီအိတ်လည်း ယူပြရော ဦးသစ်က အရမ်းအံ့ဩသွားပုံဖြင့်

'ဟုတ်တယ်. . တစ်ထေရာတည်းပဲဗျ. . အန်တီပြတာ အဲ ဒါပဲ'

'အမေက အဲဒါကိုပြပြီး ဘာလုပ်စေချင်တာလဲဟင်'

'သွားလှူပေးဖို့ပြောတာ'

ဆောင်းညပြာ သိစာပေ



'ဗျာ'

သူရိန် အံ့ဩတာထက် နားနဲ့ဆတ်ဆတ် ကြားထားရတဲ့ သမီးတွေက ပိုပြီး အံ့ဩနေသည်။

'ဧကန္တ. . . သူ့ဆေးတွေ ဟိုကောင်မကို တိုက်နေလို့များ လား'

သို့လော၊ သို့လော ဖြစ်လာတာပေါ့။ အဖြစ်အပျက်တွေက ထူးဆန်းစရာတွေဖြစ်နေလေတော့. . ပျို့ခေါင်းထဲကို အတွေးတွေ တစ်ခုပြီးတစ်ခု ဝင်လာသည်။

မိသားစုထဲမှာ အကြီးဆုံး ဖြစ်နေလေတော့. . ကိုယ့်ခေါင်း ပေါ် ပုံကျလာတဲ့ တာဝန်နဲ့ဝတ္တရားကို ဘယ်လိုလုပ်ပြီးရှောင်လွှဲလို့ ရနိုင်ပါ့မလဲ။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဦးမှာပေါ့။

*

ဆောင်းညပြာ သိစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖေ့နောက်ကို ရှဲဒိုးလိုက်ရတာ. . . အင်မတန်မှ ပျင်းဖို့ကောင်းလေသည်။ သူတို့အဖို့တော့ လောကနိဗ္ဗာန်ပေါ့။ ကားလေးထဲမှာ တံခါးတွေ အကုန်ပိတ်၊ အဲယားကွန်းဖွင့်ပြီး သုံး လေးနာရီလောက် ချိန်းတွေ့နေကြသည်။

ပျိုက သူတို့စတည်းချတဲ့နေရာကို ဆီးပြီးမြင်နိုင်တဲ့ restaurant တစ်ခုပေါ်မှာ အေးအေးဆေးဆေး ထိုင်ပြီး ကြည့်နေမိသည်။ ရင်ထဲမှာတော့ ဒေါသတွေထွက်နေတာ ဒီဂရီတောင် ကုန်နေပြီ။

သူလား. . အမေ့ကို သေအောင်သတ်လိုက်တာ သူလား။ အမေ သေချင်လောက်အောင် ဖြစ်သွားရတာ သူ့ကြောင့်လား. . ကားထဲမှာရှိတဲ့ သူတို့နှစ်ယောက်က မသိပေမယ့် ပန်းခြံထဲမှာ ဖြတ်သွားဖြတ်လာလုပ်နေတဲ့လူတွေကတော့ ကားနားကပ်ပြီး မယောင်မလည်နဲ့စပ်စုနေကြလေရဲ့. . .

ကားမှန်တွေကို သူတို့က အတွင်းမှကာထားလေတော့ ပိုပြီး သိသာနေတာပေါ့။ ယိုသူမရှက် မြင်သူရှက်ဆိုတာလိုပဲ အဖေ့အစား ပျိုရှက်လာသည်။

ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ့်အသက်အရွယ်မှ မထောက်၊ ဒီလိုနေရာမျိုးမှာ ဒီမိန်းမနဲ့ တွေ့စရာလား။ အဖေ့အိမ်ပြန်ချိန်တွေကလည်း တစ်နေ့တခြားနောက်ကျလာသည်။

ဘယ်မှာလဲ မိသားစုရဲ့နွေးထွေးတဲ့အရသာ၊ မိသားစုတစ်





စုရဲ့ပျော်ရွှင်မှုအစစ်ကို လိုချင်ရင် အားလုံးက အတ္တလေးတွေ ကိုယ်စီလျှော့ပါမှ အဆင်ပြေမှာ. .

အဖေလုပ်နေတဲ့ပုံက ကိုယ့်အတ္တကိုပဲ ရှေ့တန်း တင်နေတာ. . ငါစိတ်ချမ်းသာရင် ပြီးရော. . ဆိုတဲ့စိတ်ထားက ကျန်တဲ့သူတွေ ဘယ်လောက်ပဲစိတ်ဆင်းရဲပါစေ၊ ဂရုမစိုက်ဘူးဆိုတဲ့သဘောလား အဖေ. .

သိပ်မကြာခင် ပျိုတို့မိသားစုထဲကို အကြီးမားဆုံးမုန်တိုင်းကြီးတစ်ခု ဝင်လာတော့မယ်ဆိုတာ ဗေဒင်တောင်မေးနေစရာမလိုပါဘူး။ အနှစ်သုံးဆယ်ကျော် တည်ဆောက်လာခဲ့တဲ့ အနွေးဓာတ်တွေနဲ့ သာယာခဲ့တဲ့ အိမ်ကြီးတစ်လုံး ပျက်သုဉ်းပျောက်ကွယ်သွားတော့မှာ. . .

တစ်နေ့ ဝသန်ပျိုက ရေချိုးပြီး ခဏအနားယူနေတဲ့အချိန်မှာ ညီမလေး ကိုက ငိုပြီး ဖုန်းဆက်လာခဲ့သည်။ သူပြောချင်နေတဲ့စကားတွေက စိတ်လှုပ်ရှားပြီး ငိုနေတဲ့ သူ့အသံတွေနဲ့လုံးထွေးနေတော့. .

'ကို. . ညီမလေး၊ စိတ်အေးအေးထားပြီးပြောစမ်း၊ တအားမငိုနဲ့. . နင့်မှာက နှလုံးရောဂါရှိတယ်လေ. . ကြားလား'

'ဖေဖေလေ တအားရက်စက်တာပဲ မမရယ်၊ ဟိုကောင်မနဲ့ ယူတော့မယ်တဲ့. . အဲဒါ သားသမီးတွေကို ဖွင့်ပြောခိုင်းနေပြီတဲ့'

'ဘယ်သူ့ကိုပြောခိုင်းတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အန်တီ. . . . တို့ လင်မယားကို၊ ခုနလေးတင် ဖုန်းဆက်လာတယ်. . မနက်ဖြန်ကျရင် သမီးသုံးယောက်နဲ့တွေ့ချင်တယ်တဲ့'

ပျို့က ခနဲ့ပြီးရယ်မိသည်။

'ငါ့အမေဆုံးတာ မြေပုံခြောက်ပြီလားလို့ပဲ ငါက မေးချင်တယ်. . ဘာအဖေလဲ. . သားသမီးတွေကို မျက်လုံးထဲမှာမမြင်နိုင်လောက်အောင်ပဲ တဏှာတိမ်တွေဖုံးနေပြီလား. . ငါ လုံးဝသဘောမတူနိုင်ဘူး ကို၊ အမေဆုံးတာမှလေးလပဲ ရှိသေးတယ် ယူစရာလားဒီလောက်တောင်ပဲ မအောင့်အည်းနိုင်တော့ဘူးလား. . ငါ့အမေရဲ့ဂုဏ်သိက္ခာကို ထိခိုက်တဲ့အတွက် ငါတော့ ရအောင်တားရမှာပဲ'

ပျို့က စိတ်ဆတ်သူပီပီ ထိုနေ့က အဖေနဲ့ပြဿနာကို ထိပ်တိုက်ရင်ဆိုင်တွေ့လိုက်ပါသည်။

'ဖေဖေ. . ဒီမိန်းမနဲ့အတည်ယူတော့မှာလား'

ဦးနီရာက မျက်နှာကြီးပြုံးပြီး

'အဖေ့ဘဝအတွက် အကောင်းဆုံးအဖော်မွန်ကို ရွေးလိုက်တာပါ'

ဝဿန်ပျို့က ရယ်သည်။ ဟက်ဟက်ပက်ပက်ကိုရယ်သည်။

'အကောင်းဆုံးဖောက်ပြန်ဖော်ဖောက်ပြန်ဘက်လို့ ပြောစမ်းပါ၊ သေရင်လည်း ငရဲကိုအတူတူလက်တွဲပြီး သွားလို့ရတာပေါ့'

ဦးနီရာက ပျို့ကိုဒေါသတကြီး တံ့ပြန်လာသည်။

'နင် စကားကို ဘယ်လိုပြောနေတာလဲ'





'sorry ဖေဖေ. . ဖေဖေက လမ်းမှားပေါ်မှာလျှောက်နေသမျှ သမီး လမ်းမှန်ပေါ်ရောက်အောင် ဆွဲခေါ်နေဦးမှာပဲ၊ ခုဟာက ဖေဖေလျှောက်နေတာ အရမ်းအန္တရာယ်များတဲ့ချောက်ကမ်းပါးပေါ်မှာ. . အဲဒီချောက်ကြီးထဲကို မကျကျအောင် တွန်းချနေတာက ဖေဖေ့ကိုမွေးခဲ့တဲ့ အမေကိုယ်တိုင်ပဲ'

'နင် ငါ့အမေကို စော်ကားစရာမလိုဘူး'

'ဘာမှ စော်ကားစရာမလိုဘူး. . အမှန်တရားကိုပဲ ပြောနေတာ'

'ဒါဆို. . နင်တို့တွေက သဘောမတူဘူးဆိုတဲ့သဘောလား'

'ဟုတ်တယ်. . လုံးဝသံဘောမတူနိုင်ဘူး၊ တစ်ကမ္ဘာလုံးမှာဒီမိန်းမတစ်ယောက်ပဲရှိမယ်ဆိုရင်တောင် ခါးခါးသီးသီးနဲ့ no ပဲ ဖေဖေ၊ ဘာဖြစ်လို့လဲဆိုတော့. . ဒီမိန်းမက မေမေ့ကို စိတ်နဲ့ သေအောင် သတ်ထားလို့ပဲ၊ ဒီမိန်းမကလွဲရင် ကြိုက်တဲ့ မိန်းမကို ယူလိုက်၊ သားသမီးတွေအားလုံးက ကြည်ဖြူပေးမှာပါ. . မေမေမရှိတဲ့နောက် ဆေးပေးမီးယူ ဆိုတဲ့စကားကို နားလည်ပေးမှာပါ၊ ဒါပေမယ့် ဒီမိန်းမတော့ မဟုတ်ဘူး'

ဦးနီရာက ရယ်ပြီး(ခနဲ့ရယ် ရယ်တာပါ)

'နင်က သူ့အကြောင်း ဘယ်လောက်သိလို့လဲ'

ပျို့ကလည်း ပြတ်သည်။

'သူ့အမေက ဒေါ်မြမြလေ. . သူ့အကြောင်းတော့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မသိချင်ဘူး၊ သိစရာလည်း မလိုဘူး။ တစ်ခုတော့ရှိတယ်၊ ဒီမိန်းမလည်း တစ်ကိုယ်ကောင်းသမားပဲ၊ ကိုယ်ချင်းစာစိတ်လုံးဝမရှိဘူး. . သူများအညိုက်ကိုဖြိုဖို့ နှစ်ရှည်လများ အကြံနဲ့ချဉ်းကပ်ပြီး နေတဲ့ဟာမ. . သူ့ဟာသူ သာမန်စာရေးမဘဝကနေ ဘီလျံနာသူဌေးကြီးဖြစ်သွားပါစေဦး. . ဘာမှအထင်ကြီးစရာမရှိဘူး. . မသိရင် မှတ်ထားလိုက်ဦး ဖေဖေ၊ အစွမ်းအစရှိတဲ့မိန်းမ၊ အရည်အချင်းရှိတဲ့မိန်းမတွေက ဘယ်တော့မှသူများမယားငယ် မလုပ်ဘူး'

ပြောသာ ပြောနေရတာ ဒေါ်သက တအားထွက်နေပြီမို့ ပျို အိမ်ပြန်လာခဲ့ပါသည်။ နောက်နေ့မှာ ပြန်ကြားရတဲ့စကားတွေက သိပ်ပြီး မမိုက်ပေ။ အဘွားကြီးက သူ့သားကို မြှောက်ပေးသတဲ့လေ။

'နင့်သမီးကြီးက နင်ယူမယ့် နောက်မိန်းမကို မိန်းမပျက်သာသာ သဘောထားနေတာ၊ ဒီအတိုင်းပဲ ငြိမ်ခံနေရသလား၊ ပြန်ပြောပါတော့လား'

ဆိုပဲ။ နီရာကလည်း

'ဟိုက ကြားရင် ရယ်နေမှာပေါ့. . ဆွေကြီးမျိုးကြီး တိုက်ခန်းနဲ့ကားနဲ့နေတဲ့သူပဲ'

သမီးတွေက ပိုပြီးတော့တောင် ရယ်ချင်ပါသေးသည်။ ဘာဆွေကြီးမျိုးကြီးလဲ. . မယားငယ်ရာထူးယူပြီး အမျိုးဂုဏ်ကိုစောင့်ထိန်းပေးမလို့လား. . ဒါမှမဟုတ် အဘိုးကြီးဆီက ချူထားတဲ့ငွေတွေ





နဲ့ တစ်ဆွေလုံးတစ်မျိုးလုံးကို လုပ်ကျွေးပြီး သူတော်ကောင်းဘွဲ့ခံမလားဆိုတာတော့ ကာယကံရှင်ပဲ သိပါလိမ့်မည်။

ပြန်ကြားရတဲ့ စကားတွေက သိပ်ပြီးမဟုတ်တော့ ပျိုတို့လေးယောက် တိုင်ပင်ပြီး အိမ်ထဲမှာ recorder ထည့်ထားလိုက်သည်။အဲဒီတော့မှ ဟန်ဆောင်ထားတဲ့မျက်နှာဖုံးတွေကွာကျပြီး နဂိုမူလရုပ်တွေ ပေါ်လာကြတော့သည်။

အသံဖမ်းစက်ထဲက သူတို့သားအမိနှစ်ယောက်ရဲ့ အသံတွေက ကြားရတာ ကြက်သီးထဖို့ကောင်းသည်။

အဘွားကြီးက သူ့သားကို သင်ပေးနေတာ. .

'နင့်လုပ်ငန်းတွေ ခဏရပ်ထားနော်. . ဆက်မလုပ်နဲ့ဦး၊ နင် မိန်းမယူပြီးမှဆက်လုပ်၊ တော်ကြာ နင့်သားသမီးဟာတွေ ဖြစ်ကုန်ဦးမယ်'

'ဩော်. . သူများသားသမီးတွေဆိုးတာသာ ကြားဖူးတာ၊ ငါ့သားသမီးတွေတော့ မဖြစ်လောက်ဘူးလို့ထင်နေတာ၊ ငါ့တစ်ကိုယ်စာအတွက်ဆို တစ်နေ့ငါးထောင် အေးအေးဆေးဆေးသုံးလို့ရတာပေါ့'

သူတို့က တရုတ်တွေဆိုတော့ သားသမီးနဲ့မိဘကို နင်တွေငါတွေနဲ့သုံးကြတာပဲ။

'နင်ဘယ်လိုထင်လဲ၊ ငါ ဒီသားသမီးတွေနဲ့ဆက်နေဖို့ မဖြစ်နိုင်တော့ဘူး ထင်တယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် စိတ်ချမ်းသာဖို့ အရေးကြီးတယ်ဟေ့၊ မသေခင်မှာ ကိုယ်လုပ်ချင်တာအားလုံးလုပ်သွား. . ဒါမှ လူဖြစ်ရကျိုးနပ်မှာ'

ဒေါ်ရုံးအော်ဟာ ဒီလိုခံယူချက်နဲ့ရှင်သန်ခဲ့လို့လည်း သားသမီးငယ်ငယ်လေးတွေကို ထားခဲ့ပြီး လင်ငယ်နေခဲ့တာပေါ့။ ခုလည်း သားဖြစ်သူကို မယားငယ်ယူဖို့ တွန်းအားပေးနေပြန်ပြီ။

မီးလောင်ရာ လေပင့်တတ်တဲ့ ဒီလိုမိန်းမကြီးမျိုးကိုရွံ့လွန်းလို့ သွေးပါရင်တောင် ဖောက်ထုတ်ပစ်လိုက်ချင်သည်။ ပျိုတို့မောင်နှမတွေ အဲဒီလောက်ထိ အဘွားကို မုန်းသွားကြသည်။ နာကြည်းကြသည်။ အမေပြောခဲ့တဲ့စကားတွေ သွေးထွက်အောင်မှန်နေမှန်း သိလိုက်ရသည်။

ကိုယ့်မိသားစုတည်မြဲဖို့အတွက် ပျိုက အဖေ့ဘေးနားမှာရှိတဲ့ ဆူးတစ်ချောင်းကို စပြီး ချိုးပစ်လိုက်သည်။ သူနဲ့ပျို စာရင်းရှင်းစရာတွေရှိသေးတာကိုး။

'အဘွားက အဖေ့ကို. . နောက်အိမ်ထောင် သိပ်ပြုစေချင်တာပဲလား. . အကြောင်းပြချက်က ဘာလဲ ပြောပါဦး၊ နားမလည်လို့ပါ'

'ဟဲ့. . နင့်အဖေ နင်သွားပြောပါလား. . ဘာကိစ္စ ငါ့ကို လာပြောနေတာလဲ'

'အဖေက သူများကြိုးဆွဲသလို ကနေတဲ့ကြိုးဆွဲရုပ်လေ. . ကြိုးကိုင်တဲ့ဆရာက အဘွားပဲ၊ ဟား. . ဟား. . ၂၀၁၀ခုနှစ်အတွက်





အကယ်ဒမီရွေးတဲ့အခါကျရင် ဟိုကောင်မကို အကောင်းဆုံးဒါရိုက်တာဆု ပေးရမယ်၊ အဖေ့ကိုလည်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ပေးရဦးမယ်၊ သရုပ်ဆောင်တာ တော်လွန်းလို့၊ တကယ်တော့ ရှင်တို့အားလုံး ဟန်ဆောင်နေကြတာ၊ ကျွန်မအမေရှေ့မှာ ဟန်ဆောင်ခဲ့ကြတာ၊ ဟော. . အမေလည်း ဆုံးရော. . မျက်နှာဖုံးတွေက အလိုလိုကွာကျလာပါလေရော. . ပြောစမ်းပါဦး. . အမေ့အပေါ်မှာ ဘာအငြိုးရှိလို့ ဒီလောက်တောင် ရက်စက်နေရတာလဲ'

ပျိုက အဘွားကြီးရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီးမေးသည်။

'ငါက ဘာလုပ်နေလို့လဲ'

အဘွားကြီးကလည်း မလျှော့ရေးချ မလျှော့ချေ။ ဒေါသတွေကြီးပြီး ငါးစိမ်းသည်မလေသံနဲ့ပြန်အော်သည်။

'အဲဒါတော့ ဘုရားနဲ့ရှင်တို့ကိုယ်စောင့်နတ်တွေ အသိဆုံးပဲ၊ နေစမ်းပါဦး. . နောက်တစ်ခုလောက် မေးပါရစေ. . ဟိုနေ့တုန်းက ကျွန်မပြောတာ ဘာမှားလို့လဲ၊ ဟိုဟာမကို မကောင်းတဲ့မိန်းမနဲ့ နှိုင်းနေတာ မဟုတ်ဘူး၊ အဲဒီလိုသွားနှိုင်းရင် မိန်းမပျက်တွေ သိက္ခာကျတယ်၊ မိန်းမပျက်ဆိုတာက မရှိလို့ တန်ရာတန်ကြေးယူပြီး လုပ်စားတာ. . သူ့ထက်ပိုပြီး မြင့်မြတ်တယ်၊ သူများအသိုက်ကို မဖြိုဘူး၊ မယုတ်မာဘူး၊ မရက်စက်ဘူး၊ ဘာလဲ ဒီမိန်းမက အဘွားနဲ့တူနေလို့ သိပ်ပြီးနာနေသလားဟင်. . အဘွားလည်း ဒီလိုပဲ သူများမိသားစုကို ခွဲခဲ့တာလေ'



www.burmeseclassic.com

www.burmeseclassic.com



'နင်. . . နင်. . .'

အဘွားကြီး ဒေါသတွေထွက်ပြီး တုန်နေသည်။ ဝဿန်ပျို့ကလည်း ရင်ထဲမှာ ရှိနေတာတွေ အမေ့ကိုယ်စား ဖွင့်ထုတ်လိုက်ရလို့ ကျေနပ်သွားသည်။

ရှိရှိသမျှ အဘွားတွေထဲမှာ ဂင်းနစ်စံချိန်ဝင်မယ့်. . ဒီလို အဘွားမျိုးကို ဩချမိပါသည်။

ပျို့က ပြောချင်ရာပြောပြီး ကိုယ့်အိမ်ကိုယ်ပြန်လာခဲ့လိုက်သည်။ အဘွားကြီးရဲ့လုပ်ဇာတ်ထဲမှာ သူမ ပက်လက်မျောရမှာကို လုံးဝမသိဘဲနဲ့ပေါ့. .

နောက်တစ်နာရီအကြာမှာတော့ အဖေက ဒေါ်ကြီးမောကြီးနဲ့ ပြန်ချလာသည်။ အဲဒီအချိန် ပျို့ အိမ်မှာမရှိတော့ပါ။ ကိုနဲ့နို့သာ ရှိနေခဲ့သည်။

'ငါ့အမေကို ဘယ်သူနှင်ချလိုက်တာလဲ'

ကိုကလည်း

'ဘယ်သူမှနှင်တာ မဟုတ်ဘူး၊ သူ့ဘာသာသူ ဆင်းသွားတာ'

'တောက်. . ငါ့အမေကို မစော်ကားပါနဲ့လို့. . အတန်တန်ပြောထားရဲ့သားနဲ့. . ခုတော့ကွာ. . ဆိုက်ကားနဲ့တောင် အိမ်ပေါ်က ဆင်းရသတဲ့'

နို့က





'အဘွားဆိုက်ကားစီးနေတာ ဒီနေ့မှမဟုတ်တာ. . ခါတိုင်းလည်း သူ့တူမအိမ်ကိုသွားရင် ဆိုက်ကားနဲ့သွားနေတာပဲ'

'နင့်အမေ သေပြီးမှ ငါ သားကောင်းလုပ်လို့ရတာ. . ငါ့အမေကို ငါပြုစုရတာ'

ကိုနဲ့နို့က ဒီစကားကို ခါးခါးသီးသီးပင် ဆန့်ကျင်ကြသည်။

'ဒါဖြင့် အမေက မကောင်းဘူးလို့ပြောချင်တာလား ဖေဖေ. . သေပြီးတဲ့လူကိုမှအားမနာ လာပြီး အပုပ်ချနေရအောင် ဖေဖေ့အမေက ဘာများ ကြီးကျယ်မြင့်မြတ်နေလို့လဲ၊ အမေ့လောက် တာဝန်ကျေတဲ့ ချွေးမမျိုး ကမ္ဘာပတ်ပြီးရှာကြည့်လိုက်ဦး၊ သူ့ချွေးမ အငယ်တောင် အမေ့လိုကောင်းနိုင်လို့လား၊ အဲဒီမျက်နှာမှမထောက် နောက်ချွေးမကို ငမ်းငမ်းတက်လိုချင်နေတာ'

အဖေနဲ့သမီးတွေ ခွန်းကြီးခွန်းငယ် စကားများကြသည်။ အဖေက သူ့အမေကိုပြောရပ့ါမလားဆိုပြီး ဒေါသတွေ တထောင်းထောင်းထွက်နေသည်။

သို့သော် ပျို့နဲ့တော့ သူ ထိပ်တိုက်မတွေ့ရဲ။ သူ့အကြောင်းတွေ ပျို့အားလုံးသိတယ်ဆိုတာ သူသိနေသလို ပျို့စိတ်ကြီးတာလည်း သူသိလို့ပင်။

နောက်ဆုံးမှာ အဖေက သားငယ်လေးကို တာဝန်ပေးလာသည်။ အဘွားကို အိမ်ပြန်လာအောင် သွားခေါ်ပေးရမတဲ့လေ. . လင်းသူရိန်ကလည်း အဖေ့စကားကို မပယ်ရှားချင်တော့ သားအဖ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ဒေါ်ရှုံးအော်ကိုသွားခေါ်ကြသည်။ အဘွားကြီးက သူ့သားနီရာကို ဆီးပြီး ပြောတာက -

'နီရာ. . နင့်သမီးကြီးကို ခုချက်ချင်း အမွေဖြတ်လိုက်. . . ဧကရမ်းမိုက်ရိုင်းတယ်၊ ငါ့ကိုစော်ကားတဲ့ဟာမ ဘာအမွေမှမပေးနဲ့. . မနက်ဖြန် သတင်းစာကနေ ကြော်ငြာပြီး အမွေဖြတ်လိုက်. . ကြားလား'

သွားခေါ်တဲ့ လင်းသူရိန်တောင် ဒေါသတွေထွက်လာပြီး

'အဘွားက လူကြီးဆို လူကြီးစကားပြောပါ၊ ဘာတွေ သွေးလာခွဲနေတာလဲ. . အဲဒါတွေပဲ ကျွန်တော် မကြိုက်တာ၊ ကဲ. . လိုက်ချင်လိုက်၊ မလိုက်ချင်နေ. . ဖေဖေ့ဘာသာ ခေါ်ပေတော့. . ကျွန်တော် ပြန်တော့မယ်'

အဖေနဲ့သားသမီးတွေကြားထဲမှာ သွေးမကွဲကွဲအောင်လုပ်နေတာ ဆိုးလိုက်တဲ့အဘွားဗျာ. . ဘယ်လိုအကုသိုလ်တွေကြောင့်များ ဒီလိုအဘွားမျိုးနဲ့ လာတွေ့နေရတာပါလိမ့်။

*





တစ်လပြီးတစ်လ အချိန်တွေကုန်လာပြီး တစ်နေ့မှာ အဖေ့ဖုန်းကို မိန်းမတစ်ယောက် ဆက်လာခဲ့သည်။ ဖုန်းကိုင်တဲ့ သန္တာနီမှာ ကိုယ်ဝန်လွယ်ထားရနေပြီ။ အားလုံးက လက်ခံထားကြတာက သူ့မဗိုက်ထဲက ကလေးဟာ မိုးတိမ်ဝင်စားတာတဲ့။

မိုးတိမ်က သားသမီးနဲ့သမက်တွေကို သူပြန်လာပြီဆိုပြီး အိပ်မက်တွေ လိုက်ပေးထားတော့ ဒီလိုပဲ ယုံကြည်နေကြတာပေါ့။

နီကို ဖုန်းကိုင်လိုက်ပြီး 'ဟဲလို. . 'ဟု မေးလျှင် တစ်ဖက်က မိန်းမက

'ဦးနဲ့ပြောချင်လို့ ခေါ်ပေးပါ'

ဟု ပြောလာသည်။

နီက ဒေါသထောင်းခနဲထွက်လာပြီး

'အခုပြောနေတာ ဘယ်သူလဲ'

'စုစု. . ပါ'

'ဘယ်က စုစုလဲ'

'ဝင်းဝင်းစု ပါ'

နီလည်း စိတ်မထိန်းနိုင်တော့ဘဲ

'နင် ဧကတင့်ရဲလှချည်လားဟင်. . ဒီအိမ်အထိတောင် ဆက်လာရအောင်. . ဘာလဲ ငါ့အဖေ မလာသေးလို့ မနေနိုင်တော့တာလား၊ အဲဒီလောက်တောင်ပဲလားဟင်'

'အခုပြောနေတာ နီလား ကိုလားဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . နင်က ဒါတွေပါ သိနေတယ်ပေါ့လေ၊ အေး. . ငါ က. သန္တာနိုပဲ'

'စိတ်ကိုထိန်းပါ နိုရယ်. . နို့မှာက ကိုယ်ဝန်ကြီးနဲ့မဟုတ် လား. . ဒေါသမထွက်ပါနဲ့'

ကြည့်စမ်း. . ကြည့်စမ်း. . မယားငယ်မက ရွှေပြည်အေး တရား လာဟောလို့. . တင်ဇာကိုက သူ့ညီမလေး ကိုယ်ဝန်ကြီးနဲ့ ဒေါသထွက်နေတာ မကြည့်ရက်သဖြင့် ဖုန်းကို လက်လွှဲယူပြီး ဆက် ပြောသည်။

'နင့်မှာ လင်ဒီလောက်ပဲ ရှားသလားဟင်'

'အမယ်လေး. . ရှင်တို့အဖေကိုယူရတာ ကျွန်မကတောင် နစ်နာပါသေးတယ်'

'ဟား. . ဟား. . တောမှာသွားပြော. . ပုံပြင်တွေ ယုံတမ်း တွေ. . ရွှေနဲ့ငွေတွေ ရလို့ နင့်ခန္ဓာကိုယ်နဲ့လဲဟဲ့ဇာတ်လမ်းမှာ နင် ကပဲ နာရသေးသလား. . ဒါဆိုလည်း နောက်ဆုတ်လိုက်လေ၊ ဘာ လို့ တွယ်ကပ်နေသေးသလဲ'

'ကျွန်မ အခု ဘုရားပေါ်မှာ. . အစ်မတို့နဲ့ရန်မဖြစ်ချင်ဘူး'

ဘုရားတရားနဲ့နေတဲ့ သူတော်ကောင်းမကြီးပဲ။

'ဘုရားပေါ်မှာဆိုတော့ အတော်ပဲ. . နင် ကာမေသုမိစ္ဆာ စာရက်ကို သိကောသိရဲ့လား. . ဟင်. . ဒု၊ သ၊ န၊ သောဆိုတာရော နားလည်ရဲ့လား'





မယားငယ်မက

'မသိဘူး. . ဘာတွေလာပြောနေတာလဲ'

'ဟား. . ဟား. . ဒါဆို နင့်အမေက နင့်ကို ဒါတွေမသင် ပေးလိုက်ဘူးလား၊ ဘာလဲ. . အဘိုးကြီးတွေ့ရင် ချုပ်ထား၊ ငွေတွင်း တွေ့ရင် ချူစားလို့သင်ပေးလိုက်တာလား'

'အမေချင်း ကိုယ်ချင်းစာပြီးပြောပါ အစ်မ'

'ဘာကို ကိုယ်ချင်းစာရမှာလဲ. . နင်တောင်မှငါ့အမေကို ကိုယ်ချင်းစာလို့လား. . ငါ့မျက်စိထဲမှာမြင့်နေတာက ငါ့အမေခံစား ခဲ့ရတာတွေ၊ ငါ့အမေရဲ့မျက်ရည်တွေပဲ. . နင့်ကို ဒီတစ်သက်ကမ္ဘာ မကြေဘူးဆိုတာ မှတ်ထားလိုက်'

ပြောပြီး ကိုက ဖုန်းချပစ်လိုက်သည်။ အဖေ့ကိုပြန့်တိုင်မှာ က ၁၀၀%သေချာသည်။ တိုင်ချင်သလောက် တိုင်ပစေလေ။ ခု ပြောတာက အမှန်တရားတွေပဲ။

ထင်သည့်အတိုင်းပင်။ ထိုမိန်းမက သူတို့အသံတွေ အကုန် လုံးကို record လုပ်ထားပြီး အဖေ့ရှေ့မှာ မျက်ရည်ချောင်းစီးပြ သည်။ အဖေ့ကို တိုင်တာနဲ့တင် အားမရလို့ ပျိုတို့ဦးလေး(အမေ့ မောင်)အိမ်အထိ လိုက်သွားပြီး အဲဒီအသံတွေကို သွားဖွင့်ပြသည်။ ဘယ်လောက်တောင် မျက်နှာပြောင်လိုက်သလဲ။ အမေ့အမျိုးတွေနဲ့ သူနဲ့ ပတ်သက်စရာအကြောင်းမှမရှိတာ။

ဥပမာ ပစ္စည်းတစ်ခုကိုခိုးထားပြီး ပစ္စည်းပိုင်ရှင်ရဲ့ ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်မှာ ကျွန်မသူခိုးပါလို့ မဏ္ဍာပ်တိုင်တက်ပြနေတာနှင့်တူနေသည်။ သူ့နေရာမှာ ပျိုတို့သာဆို ရှက်လို့ လဲသေဖို့ပဲရှိတော့သည်။

ပြောင်လိုက်တဲ့မျက်နှာ။ မွေးကတည်းက ချက်ကြိုးနဲ့ရှက်ကြိုး လဲဖြတ်ခဲ့ပုံရသည်။ အဖေ့အပြောအရတော့ ဒီမိန်းမဟာ သူ့ဘဏ်အကောင့်ထဲမှာ ငွေသိန်းတစ်ထောင်ကျော်ရှိသတဲ့။

နှိမ်တာ မဟုတ်ပေမယ့် သာမန်စာရေးမတစ်ယောက်က အချိန်တိုတိုလေးအတွင်းမှာ ဒီငွေတွေ ဘယ်လိုလုပ်ပြီးရမှာလဲ။

ဒီမိန်းမနဲ့ ဖုန်းပြောပြီး နောက်တစ်နေ့မှာတော့ အားလုံးရဲ့ရင်ထဲကို ကမ္ဘာပြိုမယ့်သတင်းတစ်ခု အတိအကျကို ရောက်လာခဲ့သည်။ အဖေ ဒီမိန်းမနဲ့ တရားဝင်လက်ထပ်လိုက်ပြီတဲ့။

'ဟုတ်ရဲ့လား ကိုရယ် နင့်ကို ဘယ်သူပြောတာလဲ'

'ဘယ်သူရှိရမလဲ ဟိုဆရာဝန်လင်မယားပေါ့. . သူတို့က အသိသက်သေနေရာမှာ လက်မှတ်ထိုးကြတာတဲ့. . အခါတော်ပေးရော သိချင်သေးလား'

'ဟိုဘုန်းကြီး မဟုတ်လား'

(ဒီနေရာမှာ နည်းနည်းတော့ ရှင်းပြချင်ပါသည်။ ဘုန်းတော်ကြီးတွေကို စော်ကားတာမျိုး မဟုတ်ရပါ။ သင်္ကန်းအရေခြုံပြီး သာသနာကို အလွဲသုံးစားလုပ်နေတဲ့ သံဃာအတုတွေ တကယ်ရှိနေတဲ့အတွက်၊ တကယ့်ဖြစ်ရပ်မှန်ကို ရေးပြတဲ့အတွက် ပါလာရခြင်းဖြစ်ပါသည်။)





'ဟုတ်တယ်. . အဲဒီဘုန်းကြီးက ဇန်နဝါရီလ ၁၂ရက်နေ့ကျော်ရင် လုံးဝမပေါင်းရတော့ဘူးလို့ ဗေဒင်တွက်ပေးပြီး သူကိုယ်တိုင် မော်ဘီက တရားသူကြီး ခေါ်ပေးပြီး လက်ထပ်ခိုင်းတာတဲ့'

'ဘာရယ်. .'

ဝသန်ပျို အရမ်းကို အံ့သြသွားသည်။

ဦးသုန် လို့ ခေါ်တဲ့ အဲဒီဘုန်းကြီးကို အမေက သိက္ခာထပ်ပေးခဲ့တာ။ အရမ်းကိုးကွယ်ခဲ့တာ။

ဟိုဆရာဝန်လင်မယားကိုလည်း အမေက သိပ်ပြီးသံယောဇဉ်ရှိတာ။ ခုတော့ ဒီလူတွေအားလုံးက ပေါင်းကြံပြီး လုပ်ရက်ကြလေခြင်း။ အမေ့အပေါ်မှာ သစ္စာဖောက်ရက်ကြလေခြင်း။ အမေကံဆိုးလိုက်တာ။

ဒါပေမယ့် အမေ ဒါတွေကို မသိနိုင်တော့ပါဘူး။ အမေ့သားသမီးတွေသာ ရင်စည်းပြီးခံနေရတာ။

'ဝိနည်းဟာ သာသနာတော်ရဲ့အသက်ပဲ၊ ဝိနည်းလေးစားတဲ့ ဘုန်းကြီးဆိုရင် အပျိုနဲ့လူပျိုတောင် အောင်သွယ်လုပ်ပေးလို့မရဘူး၊ ဝိနည်းမလွတ်ဘူး၊ ခုတော့. . ဗေဒင်တွက်လိုတွက် ယတြာပေးလိုပေး၊ တရားသူကြီးတောင် ခေါ်ပေးတယ်ဆိုတော့ ဘာလဲဟ. . ငါ နားမလည်တော့ဘူး'

တကယ်ကို နားမလည်တာပါ။ အဖေ့အနားမှာ ဝိုင်းရံနေတဲ့လူတွေဟာ ဘာဖြစ်လို့များ အမှန်တရားကို မီးမောင်းမထိုးပြရဲ



www.burmeseclassic.com

www.burmeseclassic.com



ကြတာလဲ။ ဤကို ကွဲ ဖတ်နေတဲ့လူတွေကြားမှာ အဖေ လမ်းမှား လျှောက်သွားတာ ဘာဆန်းတော့လို့လဲ။

ဒေါ်ရှုံးအော်ကလည်း သူ့သားကို နေ့တိုင်း ဖိအားပေးခဲ့သတဲ့။ ဘာလို့ မယူသေးတာလဲပေါ့လေ။ အခု ယူလိုက်ပြီဆိုတော့ အဘွားကြီး သေပျော်သွားပြီပေါ့။

သားသမီးတွေ သိချင်နေတာက အဖေ ဘာပြောလာမလဲ။ လမ်းခွဲရမယ့်အချိန်ရောက်လာခဲ့ပြီ။ အဖေ့နံဘေးမှာ မေးစက်ပြီး အိပ်ပေးဖို့ အဖော်မိန်းမလည်း ရသွားခဲ့ပြီ။ အနှစ်သုံးဆယ်ကျော် တည်ဆောက်လာတဲ့ အင်ပါရာကြီး ပြိုလဲခဲ့ရပြီ။

သံယောဇဉ်တွယ်လွန်းတဲ့ သားသမီးတွေမှာတော့. . မျက်ရည်ချောင်းစီးခဲ့ရပြီ။

အားလုံး မျက်နှာစုံညီရှင်းကြတော့ အဖေက သူ့ဘဏ်စာရင်းအတိအကျကိုဖွင့်မပြပေ။ သားသမီးတွေကလည်း မမက်ပါဘူး။ တောင်းလည်း မတောင်းကြပါဘူး။ အဖေ အားလုံးယူသွားမယ်ဆိုတော့လည်း ကြည်ကြည်ဖြူဖြူပါပဲ။

သက်မဲ့ပစ္စည်းကို အသာထား၊ သက်ရှိအဖေတစ်ယောက်လုံးတောင် ဆုံးရှုံးထားပြီးမှပဲ. . .

သူတို့တောင်းဆိုတာက တစ်ခုပဲ။ အမေ့ပစ္စည်းလေးတွေတော့ အမေ့ကိုယ်စား အမှတ်တရ ထားခဲ့ပေးဖို့၊ ဒါပဲ တောင်းဆိုသည်။ ဒါပေမယ့် ဒီပစ္စည်းတွေကို သူတို့ ယူသွားမှာမှမဟုတ်တာ။





ခာတ်ပုံရိုက်၊ စာရင်းအတိအကျမှတ်ပြီး မီးခံသေတ္တာထဲမှာပဲ သိမ်းထားမှာ။

တစ်နေ့နေ့ အဖေ နောင်တရပြီး ပြန်လာတဲ့တစ်နေ့ကျရင် ဒီပစ္စည်းတွေအားလုံး အဖေ့ကိုပဲ ပြန်ပေးကြမှာ။

အမေ့လက်ထက်ပွားအခန်းတစ်ခန်းကိုလည်း တစ်နေ့ကျရင် ရောင်းဖို့ အဖေက ပြောသေးသည်။

ဒါကို သားသမီးတွေက မရောင်းစေချင်ပါ။

'ဖေဖေ့ဘဏ်ထဲမှာတောင် ငွေတွေနည်းတာမှမဟုတ်တာ။ ဘာဖြစ်လို့များ အားလုံးလိုချင်နေရတာလဲ'

အဖေပြောတာက ရင်နာစရာပါ။

'နင်တို့သားသမီးတွေကို မယုံလို့ပေါ့'

တဲ့။ ပြောထွက်တဲ့စကား၊ ပြောရက်လိုက်တဲ့စကား။

တစ်သက်လုံး တစ်ကိုယ်ကောင်းမဆန်ဘဲ. . လုပ်ပေးခဲ့တဲ့ လုပ်အားတွေကို အသိအမှတ်မပြုတာ. . ဒီစကားတစ်ခွန်းတည်းနဲ့ သက်သေပြလိုက်ပြီ။

ကိုက

'ဒါဖြင့် ဟိုမိန်းမကိုကျတော့ ယုံတယ်ပေါ့။ ဟုတ်လား ဖေဖေ. . ဖေဖေလည်း သံမဏိအသက် မဟုတ်ဘူး။ တစ်နေ့နေ့ ဖေဖေ သေသွားခဲ့ရင် ဖေဖေ့ပစ္စည်းတွေနဲ့ ဒီမိန်းမက နောက်လင်ယူမှာပေါ့ အဲဒီလိုကျတော့ကော ကြည်ဖြူသလား ဖေဖေ'



www.burmeseclassic.com

www.burmeseclassic.com



ဦးနီရာက ခေါင်းညိတ်ပြပြီး

'အေးလေ. . ဒါတော့ သူ့ကို စောင့်ရှောက်ခပေးရမှာပေါ့'

ကိုက တဟားဟားဖြင့် အော်ပြီး ရယ်မိသည်။

သွားပြီ. . အဖေ့ဆီမှာ စဉ်းစားချင့်ချိန်တတ်တဲ့ ပုံမှန်အသိဉာဏ်တွေ လုံးဝ ပျောက်ဆုံးသွားပြီ။ ဆက်ပြောနေလည်း မောရုံပဲ ရှိတော့မှာပေါ့။

သားသမီးတွေကို ထားခဲ့ရတော့မယ့် နောက်ဆုံးအချိန်မှာတောင်မှ ချွေးသိပ်မယ့် စကားလေးတစ်ခွန်း (ရင်ထဲ ပါပါ မပါပါ) လောက်တောင်မှ အဖေ့နှုတ်ဖျားမှာ ရှိမနေခဲ့ပါ။

တကယ်ကို ဝမ်းနည်းစရာပါ။

အားလည်းငယ်စရာပါ။

'အဖေတို့. . ခရီးထွက်ကြမလို့'

အဲဒီစကားကိုပြောတော့. . အဖေ့မျက်နှာကြီးက လင်းဖြာလို့။ သူ့အတွက်ပဲ သူကြည့်တတ်တဲ့လူပဲလေ။ ဘယ်သားသမီးရဲ့ရင်ထဲမှာ ဘယ်လို စိတ်ဒဏ်ရာတွေ ရနေပြီဆိုတာ လုံးဝကို ငဲ့မကြည့်ခဲ့တာ။

အမေဆုံးပြီး ရှစ်လအကြာမှာ သူတို့ဟန်းနီးမွန်းထွက်သွားကြသည်။ စင်ကာပူနဲ့ ဘန်ကောက်ကိုတဲ့။

မိုးမမြင်လေမမြင် ပျော်နေကြတာ။

သူတို့ရဲ့အပျော်က သားသမီးတွေ မျက်ရည်နဲ့ ခြေဆေးပြီး





ပျော်နေတဲ့ အပျော် ဆိုတာ အသိတရားရှိရင် နားလည်ဖို့ကောင်းပါတယ်။

အဖေနဲ့ဝင်းဝင်းစု ဆိုတဲ့ မိန်းမဟာ တစ်လလောက်ကြာအောင်ကို နိုင်ငံခြားမှာ ပျော်ပါးသုံးဖြုန်းခဲ့ကြတာ။

ပြဿနာက ဒီမှာတင်ရပ်မသွားခဲ့ပါဘူး။ သူတို့ ပြန်ရောက်လာတာနဲ့ ပြဿနာက သယ်လာပြီးသားပဲ။

၂၀၁၁ရဲ့ မေလ ၂၁ရက်မှာ အမေဆုံးခဲ့တာဆိုတော့ ဖေဖော်ဝါရီလ ၂၁ရက်ဟာ အမေဆုံးတာ ကိုးလပြည့်တဲ့နေ့ပဲ။

ရက်စက်တဲ့အသည်းနှလုံးနဲ့ အတ္တအရမ်းကြီးတဲ့ သူတို့နှစ်ယောက်ဟာ အမေ့လလည်ကိုးလပြည့်တဲ့နေ့မှာ ပျော်ပျော်ကြီး မင်္ဂလာဆွမ်းကျွေးကြသတဲ့။

မိတ်ဆွေတွေ၊ အဖေ့ဘက်ကဆွေမျိုးတွေ အကုန်လုံးနီးပါးဖိတ်ပြီးတော့ အောင်အတိတ် အောင်နိမိတ်နဲ့ အောင်သေအောင် သားစားနေကြတာ။

အဲဒီပွဲကိုသွားခဲ့တဲ့ မျက်မြင်တစ်ယောက်ရဲ့အပြောအရ. . သတို့သမီးဘက်က အမျိုးတွေ သိပ်ကို ပျော်နေကြသတဲ့။ လာသမျှလူတွေကို ကျွန်မကဖြင့် သတို့သမီးရဲ့အဒေါ်ပါ. . သူကဖြင့် သတို့သမီးရဲ့အမေပါဆိုပြီး လိုက်မိတ်ဆက်ရတာ မမောနိုင်မပန်းနိုင်တဲ့။

ဒေါ်ရုံးအော် ဆိုလည်း မြေးအရွယ်ချွေးမလေးကို ငုံထားမတတ် လူရှေ့သူရှေ့မှာ ချစ်ပြနေလိုက်တာ။ ဒေါ်ရုံးအော်နဲ့ သတို့



www.burmeseclassic.com

www.burmeseclassic.com



သမီးအမေကတော့. . အဲဒီပွဲမှာ မမောနိုင်မပန်းနိုင်စီမံခန့်ခွဲနေကြလေရဲ့။

တဏှာမပြတ်တဲ့မင်္ဂလာပွဲအတွက် သူတို့ပျော်နေကြသလိုပဲ တစ်ဖက်မှာတော့ ဝသန်ပျို့တို့မောင်နှမလေးယောက်က ဘုန်းကြီးကျောင်းသွားပြီး အမေ့အတွက် ရည်စူးလို့ ဆွမ်းချိုင့်သွားပို့ကြသည်။ အမျှဝေကြသည်။ ရင်ထဲမှာတော့ နာလွန်းမက နာနေတဲ့ ဒဏ်ရာကိုယ်စီနဲ့ပေါ့။

ပျို့က

'ရက်စက်လိုက်တာဟာ၊ ရက်သုံးဆယ်မှာ သူတို့ လုပ်စရာနေ့က ဒီလောက်တောင်ရှားလား။ ငါ့အမေသေနေ့ကိုမှ မင်္ဂလာယူနေလိုက်ကြတာ. .. တောက်'

ကိုလည်း နာကြည်းတာပဲ။

'ဒီကောင်မက Mr. Brain ပါဟာ. . ဒီနေ့ကျရင်. . ဒီလိုပွဲနွှဲမယ်ဆိုတာ ဘယ်အချိန်ကတည်းက ရည်စူးထားသလဲမှမသိတာ'

နိုကတော့ သွေးအေးသူပီပီ. .

'မလတ်ရယ် လွှတ်ထားလိုက်စမ်းပါ. . အရှိန်နဲ့သွားနေတဲ့ သူတို့ဘီးတွေဟာ တစ်နေ့ကျရင် ချေးပုံနင်းမိပြီး ရပ်သွားမှာ ကြည့်ထား။ ခုချိန်မှာ ကိုတို့က ပွဲကြည့်ပရိသတ်ပဲ။ သူတို့ ဇာတ်သိမ်းလှမလှဆိုတာ ထိုင်ပြီးကြည့်နေရုံပဲ'

ဇာတ်သိမ်း. . . ဇာတ်သိမ်းဆိုတော့မှ ပျို့သတိရသည်။





အမေ တိုက်ခဲ့တဲ့ကျိန်စာတစ်ခုကို နားထဲမှာ ကြားယောင်လာသည်။

ကျိန်စာ

ငါ့အချစ်တွေကို စော်ကားတဲ့အတွက်
ဘာအလုပ်ပဲ လုပ်လုပ် အဆင်မပြေနိုင်ဘူး . . .
ငါ့နှလုံးသွေးတွေ ချောင်းစီးစေတဲ့အတွက်
အိပ်ရေးဝဝအိပ်ရမယ် မထင်နဲ့ . . .
ဒီဘဝမှာ ငါ့ကို မသေသေအောင် သတ်တဲ့အတွက်
တစ်နေ့နေ့မှာ နင်တို့နှစ်ယောက်ဆီမှာ
ငါ့အကြွေး ပြန်လာတောင်းမှာ . . .
မေတ္တာရူး ရင် ရူးတတ်တယ် နီရာ . . .
ဒါဆို သစ္စာရူး ရင်ကော . . .
နင်တို့ ငါ့လို မခံစားရပါစေနဲ့ . . .

(လှပမိုးတိမ်)

*



www.burmeseclassic.com

www.burmeseclassic.com



စုစုနဲ့ ဘဝတစ်ခုကို တည်ထောင်ဖို့အတွက် ငါးနှစ်ကျော်ကြီးများတောင် စောင့်စားခဲ့ရတာ။ အမေကလည်း စုစုကို သိပ်ချစ်ရှာတာ။ နေခဲ့ရတဲ့သက်တမ်း နှစ်ပေါင်းခြောက်ဆယ်နီးပါးမှာ လက်ရှိအချိန်တွေက ဦးနီရာအတွက် သိပ်ကို ကျေနပ်စရာကောင်းနေသည်။

တစ်အိမ်တည်းမှာ အချစ်ရဆုံး စုစုလေးနဲ့အတူ အမေ့ကို စောင့်ရှောက်ခွင့်ရမည်။ စုစုရဲ့အမေ ယောက္ခမကြီးလည်း အိမ်ပေါ်မှာပဲဆိုတော့ အမေနှစ်ယောက်ရဲ့ မေတ္တာရိပ်အောက်မှာ နွေးနွေးထွေးထွေးနေလို့ရတာပေါ့။

ပြောမယ့်သာပြောရတာ စုစုအမေဆိုတာကလည်း ကိုယ့်ထက်တောင် ငယ်ချင်ငယ်ဦးမည်။

သမီးအရွယ်မိန်းမလေး ရထားတာ အရမ်းကို ကုသိုလ်ထူးတာပဲ။ တစ်ရေးနိုးပဲ ထကြည့်ကြည့်. . နှစ်ရေးနိုးပဲ ထကြည့်ကြည့် ကိုယ့်နံဘေးမှာ အိပ်မောကျနေတာက နုနယ်ပျိုမျစ်တဲ့ မိန်းမမျက်နှာလေးမြင်ရတာဆိုတော့ စိတ်ချမ်းသာရတာပေါ့။

chemo ဆေးတွေ သွင်းထားလို့. . ကတုံးဆံပင်ပေါက်နဲ့ မိန်းမကြီးမှမဟုတ်တာ။

ဦးနီရာကတော့ သူ့အတွေးနဲ့သူ ကြည်နူးတက်ကြွလို့ပင်။

'မိန်းမလေး. . စုစု. . ချစ်လေး. . အသည်းလေး ထတော့လေ. . ခုနစ်နာရီခွဲနေပြီ'





အသက်ကြီးလာတော့ မနက်ငါးနာရီဆို သူ့မျက်လုံးတွေက auto ပွင့်နေပြီ။ မိန်းမလေး အိပ်ရေးပျက်မှာစိုးလို့ စောင့်နေရတာ။

'ဟာ. . ဘာလဲကွာ. . ဒီမှာ အိပ်ကောင်းနေတဲ့ဥစ္စာ'

စုစုက အိပ်မှုံစုံမွှားဖြင့် အော်သည်။

'ဈေးသွားမယ်. . လမ်းလျှောက်မယ်လေ'

'အာ. . ဈေးမသွားချင်ပါဘူး Super Market မှာပဲ ဝယ်မယ်. . ကိုးနာရီမှလာနှိုး'

'ကဲ. . စုစုအိပ်ချင်လည်း ဆက်အိပ်လေ. . ယောက်ျားပဲ သွားဝယ်လာခဲ့မယ်. . ဘာစားချင်သလဲသာ ပြော'

'ကိုယ့်အမေ ကိုယ်သွားမေး. . စုစုတို့သားအမိက စားခါနီးကျရင် ကားနဲ့ထွက်ပြီး ဟိုတယ်မှာ သွားစားရုံပဲ။ ဘာမှအပင်ပန်းခံပြီး ချက်နေစရာမလိုဘူး။ Money is everything..OK ရှင်တို့သားအမိ ကြိုက်တာ ချက်စားကြ'

'အငှေ့ခြေထောက်က ကြာကြာရပ်လို့မှ မရတာ၊ ဘယ်လိုချက်စားမလဲ။ ကိုယ်လည်း မချက်တတ်ဘူး'

'ဒါဆိုလည်း ကြက်ဥကြော်စားပေါ့ရှင်. . စုစုရာဇဝင်မှာ သူများအတွက် လုပ်ပေးတာမရှိဘူး'

စုစု ဘာကို မကျေနပ်တာလဲ။ သူပြောသမျှ အားလုံးကို ခေါင်းညိတ်ခဲ့တာချည်းပဲ။ ယုတ်စွအဆုံး သေနေ့ကိုမှ မင်္ဂလာဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျွေးချင်သပဆိုလို့ မျက်လုံးမှိတ်ပြီး လိုက်လျောခဲ့သားပဲ။ အမေက သူ့ကို ဒီလောက်ချစ်တဲ့ဟာ ဘာဖြစ်နေတာလဲ။

မိုးတိမ်ကို အမေမကျေနပ်တာတွေ သူသိသားပဲ။ မိုးတိမ်ကို အမေ ဘယ်တုန်းကမှ မချစ်တဲ့။ ဟန်ဆောင်နေမှန်း သူအသိ။ သူလည်း ဘာထူးလို့လဲ။ မလွန်ဆန်နိုင်လို့သာ ငြိမ်နေခဲ့ရတာ။

'ဦးကို ပြောရဦးမယ်. . ဒီအဘွားကြီးက ရှူးနေသလားမသိဘူး'

'ဘာရယ်'

ကဲ. . ဒီလိုနေရာမှာ စုစု မဟုတ်ဘဲ မိုးတိမ်သာဆို သူပါးဆွဲရိုက်မိမည် ထင်သည်။ အမေ့ကို စော်စော်ကားကားပြောနေတာပဲလေ။

'ဟုတ်တယ် ဦး. . စုစုကလည်း လူတွေရဲ့မျက်နှာကိုကြည့်ပြီး သိတယ်။ ဦးအမေကို အကြောင်းမဲ့ပြောနေတယ်မထင်နဲ့။ သူက အရားပူး အရှူးပါး သိလား။ အမယ်. . ရေချိုးပြီး သူ့ထဘီကို ရေချိုးခန်းထဲမှာ ပုံလားပုံရဲ့၊ စုစုလျှော်ပေးမယ်များ ထင်နေသလား မသိပါဘူး။ စကားပြောတာကလည်း မှုမမှန်ဘူး။ ပြောချင်ရာ ပြောနေတာ။ ဟိုနေ့ကလည်း တီဗီက လက်ဝှေ့ပွဲကြည့်ပြီး တစ်ယောက်တည်း သတ် သတ် အသေသတ်ပစ် ဆိုပြီး အော်နေလေရဲ့. . စုစုဖြင့် ကြောက်လို့ သူ့အနားတောင်မကပ်ရဲဘူး။ သူ ဘယ်တော့မြိတ်ပြန်မလဲဟင်. . မြန်မြန်ပြန်ခိုင်းလိုက်ပါ ဦးရာ'





ဦးနီရာ မျက်နှာလေးငယ်ကျသွားသည်။

'ဗေဒင်ဆရာကလည်း ဟောထားတယ်လေ၊ အမေနောက်ထပ်နေရလှ တစ်နှစ်ပေါ့. . သူ့ကံက ကုန်နေပြီ တဲ့. . နည်းနည်းလောက် သည်းခံပေးပါလား စုစုရယ်. . ဦးက သားအကြီးဆိုတော့ ဦးမှာ တာဝန်ရှိနေလို့ပါ'

စုစုက ခါးခါးသီးသီးပင် ငြင်းသည်။

'ဒီမယ် ရှင်းရှင်းပဲ မေးမယ်. . ရှင်က သားကောင်းဖြစ်ချင်တာလား လင်ကောင်းဖြစ်ချင်တာလား၊ သားကောင်းက ဘယ်တော့မှ လင်ကောင်းမဖြစ်နိုင်ဘူး တဲ့။ စုစုတို့က စကားကို နှစ်ခါမပြောဘူး။ တော်ပြီ. . ဦးလည်း သွားတော့. . တစ်ယောက်တည်းနေတာပဲ ကောင်းတယ်။ သူ မသွားရင် စုစုသွားမှာနော်'

စုစု စိတ်ကောက်မှာကိုတော့ သူ အသေကြောက်ပါသည်။ တော်တော်နဲ့ အကောက်မပြေတော့. . ချော့ခက ဈေးသိပ်ကြီးတာ၊ ရာဂဏန်းက ဆင်းမည်မဟုတ်။

'အေးပါကွာ၊ ဒီသကြန် ကိုယ့်ညီလေးလာရင်၊ ပြန်ထည့်ပေးလိုက်ပါ့မယ်'

ဒါကိုလည်း စုစုက ကျေနပ်ရဲ့လား မသိ။ သူ့မျက်နှာလေး ညှိုးမှာကိုတော့ သေအောင်ကြောက်ပါသည်။

'ထွက်သွား. . သွားတော့. . ညအိပ်ချိန်က ကုန်သွားပြီ၊ ဒီအချိန်တွေက စုစုရဲ့ကိုယ်ပိုင်အချိန်တွေ'



www.burmeseclassic.com

www.burmeseclassic.com



လင်မယားဘဝမှာ ဒီလိုခွဲခြားသတ်မှတ်တာမျိုးက ခံရခက်လှသည်။

အေးလေ စိတ်အခန့်မသင့်ရင်တော့ ဒီလိုပဲလာမှာပေါ့။ သူ့တုန်းကလည်း မိုးတိမ်ကို နေ့အချိန်တွေမှာ ပစ်ပယ်ခဲ့သေးတာပဲ။ ဒါဖြင့် ညကျတော့ရောကပ်သလားဆိုတော့ လူက အနီးဆုံးမှာနေပြီး စိတ်ကို အဝေးဆုံးထိ ပို့ထားခဲ့တာ။

ဝတ္တရားအရ ညအိပ်ဖော်လုပ်နေရပေမယ့် မိုးတိမ် ဆိုတဲ့ မိန်းမက ည ညတွေဆို မအိပ်ဘဲ သူ့ မျက်နှာကိုပဲ ထိုင်ကြည့်နေခဲ့တာ။ တွေးကြည့်ရင် ကြက်သီးတောင် ထသည်။

မိုးတိမ် ပြောခဲ့တာက သူ သိပ်မနေရတော့ဘူး တဲ့. . ဒါကြောင့် မအိပ်ချင်တော့ဘူးဆိုပြီး စုစုနဲ့ဇာတ်လမ်းကို ညတိုင်းမေးသည်။

ဘာဖြစ်လို့ သူ့အပေါ် သစ္စာဖောက်တာလဲ. . တဲ့။ သစ္စာဖောက်တာ မဟုတ်ဘူး။ လူပြောင်းကြည့်ဝဘာလို့ ပြောချင်သား။

စုစုအပေါ်မှာပဲ ဖီးလ်လာတာ သူသိအောင် ဘယ်လိုပြောမလဲ။

နီရာက ဖိုးပါကြီးလုပ်ပြီး ဈေးဝယ်ထွက်ဖို့ ပြင်သည်။ ဈေးမသွားခင် သူ့အမေကို တခုတ်တရမေးရသေးသည်။

'နင် ဘာစားမလဲ'

'ကြက်ခြေထောက်'





ဒေါ်ရုံးအော်က ကြက်ခြေထောက်ဆို အသေကြိုက်လေသည်။ သားကို မှာပြီးတော့ လေသံတိုးတိုးလေးဖြင့် ကပ်ပြီး

'ငါ့ကိုပိုက်ဆံပေးခဲ့. . နင့်မိန်းမ အိပ်နေတုန်းလား'

'နိုးနေပြီ. . ပိုက်ဆံက ငါ့အိတ်ထဲမှာလည်း ဈေးဖိုးလောက်ပဲ ပါတာ၊ စုစုက ငွေကိုလိုသလောက်ပဲ ထုတ်ပေးတယ်. . နေဦး. . ငါ ဟိုအိမ်(သားသမီးတွေနေတဲ့အိမ်)ရောက်မှ တောင်းခဲ့ပေးမယ်'

ဘာမှ မပြောတော့ပေမယ့်. . ဒေါ်ရုံးအော် မျက်နှာမသာတော့ပါ။ မိုးတိမ်နဲ့တုန်းက သူ့သားက မိုးတိမ်ကို ဈေးဖိုးလောက်သာ တိုင်းထွာပြီးပေးသုံးခဲ့တာ၊ ခုကျတော့ ပြောင်းပြန်ဖြစ်ပြီး မီးသေနေပါလား. .

ဝင်းဝင်းစုရဲ့အမေ ဒေါ်သန်းမြမြက အခန်းတံခါးဖွင့်ပြီး ထွက်လာသည်။

'မောင်နီရာ. . ဈေးသွားတော့မလို့လား'

ဦးနီရာဘဝရောက်မှ မောင်နီရာအခေါ် ခံရတာဆိုတော့ ဘာတွေ ဘယ်လိုဖြစ်ကုန်မှန်းကို မသိတော့။ ပျာယာတွေ ခတ်ပြီး ဘယ်လိုခေါ်ရမှန်းလည်း မသိ။ ယောက္ခမဆိုပေမယ့် ကိုယ်နဲ့အရွယ်တူနေတာကိုး. .

'ဟုတ်ကဲ့ အမေ. . အဲ. . ဟိုလေ. . ဘာမှာဦးမလဲ'

'မမှာတော့ပါဘူးကွယ်. . တို့က သမီးနဲ့dateလုပ်ထားတာ၊ shopping ထွက်မယ်၊ မုန့်စားမယ်၊ ညကျမှပြန်ရောက်မှာ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန်းမြမြက ရုပ်ရှင်တွေထဲကလို. . . လူအမြင်ကတ်အောင် ဟန်ပါပါသရုပ်ဆောင်ပြသွားသည်။

ဒေါ်ရုံးအော်က ဘယ့်နှယ်ရှိစ ဟူသော မျက်နှာပေးဖြင့် နီရာကိုကြည့်သည်။ သူတို့သားအမိနဲ့ကျမှ နီရာလည်း ဘုရားထူးရမယ့်ပုံပေါ်နေပြီ။

ဒေါ်သန်းမြမြက နီရာတို့အိပ်ခန်းရှေ့မှာ ရပ်ပြီး တံခါးခေါက်ကာ

'သမီးလေး. . စုစု'

'ဝင်ခဲ့. . အမေ'

စုစုက ဖုန်းတစ်လုံးဖြင့် အသံတိတ် messageတွေ ပို့နေသည်။

'သမီး. . ဘယ်သူ့ဆီ ပို့နေတာလဲ'

'မောင့်ဆီပေါ့. . လွမ်းလို့သေတော့မယ် မေမေ. . ဟိုလူကြီး သွားပြီလား'

'သွားတော့မယ်ထင်တယ်. . သမီးကို တစ်ခုသတိပေးရဦးမယ်. . သမီးကောင်လေးနဲ့ ဆက်သွယ်တာ သိုသိုသိပ်သိပ် ရှိပစေနော်'

'စိတ်ညစ်တယ် အမေ. . သမီး သိပ်စိတ်ညစ်တာပဲ၊ အဲဒီအဘိုးကြီးက ညအိပ်ရင် အသေဟောက်တာ. . နားညည်းလွန်းလို့ အိပ်လို့ကို မရဘူး'





'ကဲ. . ငါ့သမီးလေး ပင်ပန်းနေပြီ၊ ထ. . ရေမိုးချိုးပြီး တို့သားအမိ လစ်ရအောင်'

'အမေလိုချင်တာသာ လက်ညှိုးထိုးလိုက်. . အားလုံးရစေရမယ်'

သားအမိနှစ်ယောက်. . အတိုင်အဖောက်တွေ ညီနေကြသည်။

'အမေ. . အိမ်ပေါ်က အမှိုက်ထုပ်ကြီး လွင့်တော့မယ်. . သိလား'

'ဘာလဲ. . ပြန်ပို့မယ်တဲ့လား'

'ဒါပေါ့. . စုစုကို ဆန့်ကျင်ရဲရင် ကွာပစ်လိုက်မှာပေါ့'

'ဒါတော့ဒါပေါ့ သမီးရယ်. . ကိုယ်က ဘယ်လောက်ပဲ မီးသေပါစေ. . သတိတော့ မလွတ်စေနဲ့ပေါ့. . သူက ခြံခုန်ဖူးတဲ့လူလေ. . ခြံခုန်ပြီး ကိုယ့်ဆီရောက်လာတာ မဟုတ်လား၊ ထပ်ပြီး မခုန်ခင် အကုန်မိအောင် အုပ်ထားလိုက်'

'သမီးသိပါတယ် အမေရယ်. . ဒီလိုလူအိုကြီးရဲ့ရင်ခွင်ထဲမှာ တစ်သက်လုံးနေမယ်လို့ အမေထင်လို့လား'

ပြောနေတုန်းမှာပဲ ထူးရဲဆီက ဖုန်းဝင်လာသည်။

သူဟာ စုစုရဲ့ဘဝ၊ စုစုရဲ့အသက်. . သူ့အတွက် ပေးဆပ်နေရတာလည်း စုစုအသိပင်။ ထူးရဲ ဆိုတဲ့ ကောင်လေးသာ စုစုအသက်ကို လိုချင်ရင် စုစုက ပေးဖို့ ဝန်မလေးပေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်အထိ သူ့ကိုချစ်တာ။ ဆယ်စုနှစ်တစ်ခုကျော်နီးပါး ပတ်သက်ခဲ့တဲ့ ချစ်သူကို ဘာလို့ထားခဲ့သလဲ မေးလာခဲ့လို့ရှိရင် နှလုံးသားအတွက် ဘဝရဲ့ အဆင့်အတန်းတွေကို ပြောင်းလဲပစ်လိုက်တာပါ။

ရုံးတက် ရုံးဆင်းချိန်တွေတိုင်းမှာ ထူးရဲဟာ စုစုအတွက် ဖယ်ရီလေးဖြစ်ခဲ့သလို သူတို့စုံတွဲဟာလည်း အများအမြင်မှာ အာရုံစိုက်ချင်စရာကောင်းလောက်အောင် လိုက်ဖက်ညီခဲ့ကြသည်။

ဖြူဖြူချောချောကိုယ့်ချစ်သူကို ရုံးက သူငယ်ချင်းမတွေက စ,ရင်တောင် စုစုက ကြိုက်တာ မဟုတ်။ အဲဒီလို လာ လာကြိုနေတာကို ဦးနီရာလည်း အသိ။

ထူးရဲနဲ့ စုစုက မရှိတဲ့ဘဝချင်းက တူနေသည်။

သချာ်မှာသာ (-) နဲ့ (-) ပေါင်းရင် (+) ထွက်ပေမယ့် လက်တွေ့ဘဝကြီးမှာတော့ ဘယ်လိုမှအဆင်ပြေနိုင်မှာမဟုတ်။

စုစုက ဦးနီရာနဲ့အနေများတော့. . သူ ဝတ်ဝတ်နေတဲ့ branded အင်္ကျီတွေ၊ တန်ဖိုးကြီးရေမွှေးတွေကို ထူးရဲအတွက် ဆိုပြီး စိတ်ကူးထဲမှာ ဝယ်ပေးခဲ့ဖူးတာ အကြိမ်ကြိမ်ပင်။

ထူးရဲကိုလည်း ကြုံတိုင်း ထိုအကြောင်းပြောမိလေသည်။

'မောင်. . အဲဒီအဘိုးကြီးကလေ. . ငွေကို ငွေမှန်းမသိဘူး မောင်ရဲ့၊ အပေးအကမ်း သိပ်ရက်ရောတာ. . စုစုရှေ့မှာပင် သူ့ဆီ အကူအညီလာတောင်းရင် ငါးသိန်း၊ ဆယ်သိန်း ပစ်ပစ်ပြီးပေးတာ





သိလား. . . သူဝတ်ထားတဲ့ Lacosteတံဆိပ် အင်္ကျီတွေက ခုနစ်သောင်းကျော်တောင်ပေးရတယ်တဲ့'

ထူးရဲက အကောင်းကြိုက်သူပီပီ -

'စုကလည်း ညံ့ပါ့ကွာ. . ကိုယ့်ရှေ့မှာ ငွေတွင်းကြီးတွေ့နေတာတောင် အပိုင်မချုပ်နိုင်ဘူး. . စုဘဝ နေ့ချင်းညချင်း ကြီးပွားဖို့ဆိုရင် စွန့်စားရလိမ့်မယ်နော်. . ကိုယ်က အရေးမကြီးဘူး၊ စု ဘယ်ဘဝပဲရောက်ရောက် စောင့်နေမှာပါ. . ကိုယ့်အခြေအနေနဲ့ဆို စုကို အဆင့်အတန်းမြင့်မြင့်ထားနိုင်မှာ မဟုတ်ဘူး'

ဝင်းဝင်းစုရဲ့လက်ဖဝါးလေးကိုကိုင်ပြီး ထူးရဲက အပီကြွေပြသောအခါ

'အင်းလေ. . . သူကလည်း စုစုကို လမ်းဖောက်နေတာပါ၊ ခက်တာက သူ့မိန်းမကြီးက မသေသေးဘူး မောင်ရဲ့. . အဘိုးကြီးလည်း စိတ်ညစ်လှပြီ. . သူ့မိန်းမကို အရမ်းစိတ်ကုန်နေပုံပဲ'

'ဘာလဲ. . ကင်ဆာဖြစ်နေတဲ့တစ်ယောက်လား'

'သူ. . သူက. . သေမှာ သေချာသလား မောင်'

'ဟာ. . ဒါတော့ မောင် ဘယ်သိမလဲ. . စု သူ့ဆီက သိန်းထောင်ချီပြီးရဖို့ မြင်လား'

စုစုက ခေါင်းညိတ်ပြလေသည်။

'မောင် စိတ်မဆိုးရဘူးနော်. . သူက ကမ်းလှမ်းတယ်၊ စုစုသာ သူ့ကို လက်ခံမယ်ဆိုရင် ကွန်ပြူတာပစ္စည်းအရောင်းဆိုင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဖွင့်ပေးမယ်တဲ့. . စုစုစီးဖို့ ကားနဲ့ ဘဏ်ထဲမှာ ငွေထည့်ပေးဦး မယ်တဲ့'

ထူးရဲမျက်နှာကြီး ဝင်းလာသည်။ သူက လက်ဖျောက် တစ်ချက်တီးကာ -

'ဟာ. . ဒီလိုအခွင့်အရေးမျိုး ဘယ်မှာ သွားရှာမလဲ၊ လုပ်စမ်းပါ စုရာ'

ဒီမိန်းမက သူနဲ့ပတ်သက်ခဲ့တာလည်း ကြာပြီ။ သူလိုချင်တဲ့အချိန်မှာ လိုသလောက် တောင်းတိုင်းပေးမည့် မိန်းမမို့ ထူးရဲတို့ အသုံးချဖို့ ကောင်းနေသည်။

'ဒါဆို စုစု သူ့ကို လက်ခံလိုက်မယ်နော်'

'ဟား. . ဟား. . ဟား. . မင်းက ပညာကုန် ထုတ်သုံးပြီး သားပါကွာ. . ဒါကြောင့်လည်း အဘိုးကြီးက ကြွေဆင်းလာတာပေါ့ ဟုတ်တယ်မဟုတ်လား. .'

အဲဒီအချိန်က စပြီး ဝင်းဝင်းစုဟာ ဦးနီရာနဲ့ ကျိတ်ပုန်းခုတ်ပြီး ဒု၊ သ၊ န၊ သော မကြောက် မျောက်ဇာတ်ခင်းခဲ့ကြသည်။ ခင်းသလောက်လည်း ပြန်ရခဲ့တာပဲလေ. . .

ကိုယ့်မိသားစု ကောင်းစားရေးအတွက် သူများမိသားစုကို ဖြိုခွဲရတာ စာမဖွဲ့လောက်ပါဘူး. . .

အဲ့တာကို ရှေ့တန်းတင်မှတော့ ကိုယ်ချင်းစာတရားဆိုတာ ဘေးမှာချိတ်ပြီးသားပဲ။





လုပမိုးတိမ် ဆိုတဲ့ မိန်းမကြီး သေသွားခဲ့ရင် သူမ ဒီထက် မက ပိုရဦးမှာမို့ နေ့တိုင်း မသေသေအောင် ဆုတောင်းနေရသည်။

ကောင်းပေ့ ဆိုတဲ့ဆရာတွေဆီသွားပြီး ယတြာတွေ ဓာတ်ရိုက်ဓာတ်ဆင်တွေ လုပ်ရတာလည်း အမော. .

ခုတော့ သူ့ဆန္ဒတွေအားလုံး ပြည့်ဝခဲ့လေပြီ။

*



www.burmeseclassic.com

www.burmeseclassic.com



စိမ့်အေးနေတဲ့ အဲယားကွန်းတပ်ထားတဲ့ အခန်းလေးထဲမှာ သားအမိနှစ်ယောက် ဈေးကြီးပေးဆိုတဲ့ စားကောင်းသောက်ဖွယ်တွေကို မှာပြီး စားနေကြသည်။

'ရော့. . အမေ. . . ဒီပင်လယ်မျှော့က သိပ်ဈေးကြီးတာ စားကြည့်'

'အမေ သိပ်မစားနိုင်ဘူး သမီးရယ်၊ လေပူတွေထပြီး ရင်ပြည့်နေပြန်ပြီ၊ ဘာလို့. . ဒီလို ခဏခဏဖြစ်နေလဲမသိပါဘူး. . ဘာမှ မစားဘဲနဲ့လည်း အစာမကြေသလိုဖြစ်နေတယ်၊ လျှက်ဆားလျက်ကြည့်လည်း မသက်သာဘူး'

စုစုမှာက အဖေ မရှိတော့တာမို့. . ဒီအမေကိုတော့ သေလောက်အောင်ချစ်လေသည်။

'မဖြစ်သေးပါဘူး၊ အမေ့ကို ဘန်ကောက်ခေါ်သွားပြီး medical check-up သွားလုပ်ကြည့်ရမယ်။ အမေ့အတွက်passport အမြန်ဆုံး လုပ်ပေးမယ်နော်၊ ဪ. . ဘန်ကောက်ဆိုလို့. . ဒီတစ်ခေါက်သွားတုန်းကလေ. . ဦးက သူ့မိန်းမကြီးစားနေကျ MKဆိုင်မှာ လိုက်ပြီးကျွေးတယ် သိလား. . အဲဒီအန်တီ သွားခဲ့တဲ့နေရာတွေအကုန် စုစုကိုလိုက်ပို့ပေးတယ် သိလား'

ဒေါ်မြမြက တအံ့တသြဖြင့်

'ဟဲ့. . အဲဒီလိုနေရာတွေ သွားလာခဲ့တာတောင် သူ့မိန်းမကြီးကို တစ်ချက်သတိမရဘူးလား'





'အိုး-ရဖို့နေနေသာသာ လူပျိုလေးလိုမြူးနေတာ အမေရဲ့'

'အင်း. . ဒီပုံဆို ဒီလူ တော်တော်အသည်းမာတဲ့ပုံပဲ သမီးကောင်းကောင်းကိုင်တွယ်မှရမယ်နော်'

'အခုတော့ သမီးချိုးထားလို့ အပိုးကျိုးနေတယ်လေ. . ချုပ်ထားလို့ ကုပ်နေတာပဲ ကြည့်ပါလား'

ဒေါ်မြမြမျက်နှာ ရုတ်ချည်းရှုံ့မဲ့လာလေသည်။

'အား. . ဗိုက်ရစ်လာပြန်ပြီ မနက်ကတင် နှစ်ခါရှိပြီ ဝမ်းသွားနေတာ၊ သမီး အမေ toilet သွားလိုက်ဦးမယ်နော်'

'သွား. . သွား. . ဒုက္ခပါပဲ အမေ ဘာတွေ အစားမှားပြန်ပြီလဲ မသိဘူး'

ခဏကြာတော့ ဒေါ်မြမြ ပြန်ရောက်လာသည်။ မျက်နှာမှာလည်း သွေးမရှိသလို ဖြူဖွေးလို့ -

'အမေ. . ရရဲ့လား၊ ဆေးခန်းသွားမလား'

'သွားလိုက်ရင် ကောင်းမလားမသိဘူး. . ဝမ်းထဲမှာ သွေးတွေ ပါလာလို့'

'ဟယ်. . ဒါဆို ပေါ့နေလို့ ဘယ်ဖြစ်မလဲ. . လာ. . သွားရအောင် အမေ'

*



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တွေက ဒီနေ့နဲ့ မနေ့က မတူသလိုပင်။

ဒေါ်မြမြရဲ့ အခြေအနေက အဆိုးဘက်ကို ဦးတည်နေသည်။

အစာအိမ်နဲ့အူလမ်းကြောင်း အထူးကုဆရာဝန်က

'ဝမ်းက ဒီလိုပဲ ခဏခဏသွားသလား'

'ချုပ်လိုက်သွားလိုက်ပါပဲ ဆရာ'

'ချုပ်ရင် ဘယ်လောက်ကြာသလဲ'

'တစ်ပတ်လောက် ချုပ်ပါတယ် ဆရာ'

'ဒါဖြင့် ဝမ်းသွားရင်ကော. . ခုလိုပဲ သွေးပါလေ့ရှိသလား'

'ပါတာများတယ် ဆရာ'

'ဒါဆိုရင်တော့. . မှန်ပြောင်းကြည့်ဖို့ လိုလာပြီ'

တကယ်လည်း မှန်ပြောင်းဖြင့် ကြည့်ပြီး အဖြေရှာတော့ အူမကြီးထဲမှာ ကင်ဆာအကျိတ်တွေကို တွေ့နေရပြီ။ အသားစယူပြီး biopsy လုပ်ကြည့်သည်။

အမေ့ရောဂါက အူမကြီးကင်ဆာ အဆင့်(၃)တဲ့။ အဆင့်(၃)ဆိုရင်တော့ တခြားနေရာတွေကို ပျံ့ဖို့လွယ်သွားပြီ။ ဆရာဝန်က စုစုကို တစ်ယောက်တည်းခေါ်ပြီး ပြောပြသည်။

ကြားလိုက်ရတဲ့ခဏမှာ စုစု ကမ္ဘာပျက်သလိုခံစားလိုက်ရသည်။

ဟင့်အင်း. . အမေ ဘာမှ မဖြစ်စေရဘူး။





ဘယ်လောက်ပဲ ကုန်ကုန်. . ရအောင်ကုမယ်. . အမေ့ကို ဘန်ကောက်ခေါ်သွားပြီး ကုပေးမည်။

သူ့နားထဲမှာ ပြန်ပြီးကြားလာတာက ဦးနီရာရဲ့သမီးကြီး ဝသန်ပျိုရဲ့စကားတွေပဲ ဖြစ်နေသည်။

**'ငါ့အမေက ကင်ဆာရောဂါသည်လေ၊ နင့်မှာ ကိုယ်ချင်းစာစိတ် မရှိဘူးလား. . တကယ်လို့ နင့်အမေမှာ ကင်ဆာရောဂါဖြစ်ပြီး နင့်အဖေကို ငါက လာပြီးမြူဆွယ်ရင် နင်ဘယ်လိုခံစားရမလဲ'**

စုစုက ကားမောင်းရင်း ခေါင်းကိုရမ်းကာ

'မဟုတ်ဘူး အမေ့မှာ ကင်ဆာမရှိဘူး၊ အမေ ဘာမှမဖြစ်စေရဘူး. . . ဟီး. .'

ရှုပ်ထွေးလာတဲ့စိတ်တွေနဲ့အတူ သောကမျက်ရည်တွေက တာကျိုးသလို စီးကျလာသည်။ အိမ်ရှေ့မှာ ကားရပ်လိုက်တဲ့အထိ စိတ်နဲ့ကိုယ်က မကပ်ချေ။

လေးကန်သောခြေလှမ်းတွေနဲ့ လှေကားထစ်တွေပေါ်ကို တက်နေသော စုစု။

တံခါးလာဖွင့်ပေးတဲ့ ဦးနီရာက စုစုမျက်နှာကို အထိတ်တလန့်ကြည့်ပြီး

'မိန်းမ. . ဘာဖြစ်လာတာလဲဟင်. . ငိုနေတာလား'

စုစုက အခန်းထဲကို ပြေးဝင်ပြီး အိပ်ခန်းထဲအရောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ် အရှပ်ကြိုးပြတ်ထိုင်ချပြီး ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

‘ဘာ. . ဘာဖြစ်လာတာလဲ မိန်းမရယ်. . ရင်ထိတ်လိုက်တာ. . ကား. . ကားများ အက်ဆီးဒင့်ဖြစ်လာသလား’

‘မဟုတ်ဘူး ဦး. . အမေ့မှာ အူမကြီးကင်ဆာဖြစ်နေပြီတဲ့’

‘ဘာ. . ’

‘ဟုတ်တယ်. . အဆင့်(၃)တဲ့. . အဲဒါ ဘန်ကောက်အမြန်ထွက်မှနဲ့တူတယ်’

‘စဉ်းစားပါဦး မိန်းမရယ်. . ဒီရောဂါမျိုးက ပိုက်ဆံ သိန်းထောင်ချီပြီး ကုမှ ရတာ. . ဒါတောင်မှ သူ့ကံရှိသလောက်ပဲ နေရတာ’

‘ဘာလဲ. . ရှင့်ပိုက်ဆံတွေကုန်မှာ သိပ်ကြောက်နေသလား မရဘူး. . အမေ့ကို ကုပေးမှကိုရမယ် ဦး. . အမေသာ တစ်ခုခုဖြစ်သွားရင် စုစုသေသွားလိမ့်မယ်’

‘ဒါမျိုးက နှစ်နဲ့ချီပြီး ကုရတာ. . မိုးတိမ်တုန်းက ကြုံခဲ့ရပြီးပြီ’

‘တော်စမ်းပါ. . ရှင့်မိန်းမကြီးကို အမေနဲ့လာပြီးမနှိုင်းစမ်းနဲ့’

ကိုယ့်အဖေအရွယ်ကြီးကို စုစုက ကုန်းပြီး အော်လေသည်။ တကယ်လည်း မိုးတိမ်အမည်ကြားရင် သူမ လန့်သည်။ ဒီမိန်းမကြီး





ကို မကြောက်ချင်ယောင်ဆောင်ထားလည်း မသိစိတ်က အလိုလိုထိတ်လန့်နေသည်။

‘ကောင်းပြီလေ. . ကုဆိုလည်း ကုပေးပါ့မယ်၊ ဒါပေမယ့် ဒီတစ်ခေါက်ကုပေးလို့ ပိုက်ဆံကုန်သွားရင် ဟိုဘက်မှာလည်း ကုမ္ပဏီက အလုပ်မဖြစ်တော့ဘူး၊ အရှုံးပေါ်နေပြီလေ’

‘အဲဒါ ဘာဖြစ်သေးလဲ. . ရှင့်ဆီမှာ အခန်းတွေ၊ မြေကွက်တွေရှိနေသေးတာပဲ. . ခုချိန်မှာ အဲဒါတွေက ရွှေပဲလေ၊ ပြီးတော့ ရှင့်မိန်းမကြီး ကျန်ခဲ့တဲ့ ရွှေတွေ၊ စိန်တွေလည်း ရှိသေးတယ်လေ. . အကုန်ယူခဲ့ပေါ့’

ခေါင်းပေါ်ကို မီးထုပ်ကြီးတစ်ထုပ် တင်ပေးလိုက်သလိုပင် ချက်ချင်း ဦးနီရာခေါင်းတွေ ပူလာသည်။

မိုးတိမ်တုန်းက ကုပေးတယ်ဆိုတာ ကိုယ့်အကြံနဲ့ ကိုယ်မို့ ပတ်ဝန်းကျင်မှာ မျက်နှာကောင်းရအောင်၊ နာမည်ကောင်းအောင် ရင်းခဲ့တာ။ ခုဟာက ကိုယ့်မိန်းမလည်း မဟုတ်၊ ယောက္ခမကို ကုပေးရမှာ. .

နိုင်ငံခြားမှာ သွားကုရင် ဘယ်လောက်ကုန်သလဲဆိုတာ အတွေ့အကြုံအရ သူက သိပြီးသား။

ဒီထက်ပိုဆိုးတာက ဝင်းဝင်းစုရဲ့လုပ်ရပ်တွေ၊ သူ့ကိုဆက်ဆံပုံတွေက ခုတစ်လော ပိုပြီး ဆိုးလာသည်။ ချိုမြိန်တယ်လို့ထင်ခဲ့တဲ့ နှုတ်ခမ်းက အခါးတွေချည်း ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစားများရင် အမြဲ gout ထတတ်သော ဦးနီရာက ခြေထောက်တွေ ရောင်ပြီး လမ်းမလျှောက်နိုင်တော့ စုစုကို အားကိုးတကြီးဖြင့်

'မိန်းမရေ. . ဦးကို ဆေးလေး လိမ်းပေးပါလားကွာ'

စုစုက lotion လိမ်းနေရာမှ အရှိအသေတန်စွာ လှမ်းပြီး အော်သည်။

'စားလေ. . မတည့်တာတွေ များများစား. . စားပြီး ဝေါက်ခနဲ သေသွားတာက ကိစ္စမရှိဘူး. . ရောဂါတွေ ကန်ထရိုက်ဆွဲပြီး ဂီလာနဖြစ်သွားရင် စုစုတို့က မပြုစုနိုင်ဘူးနော်၊ ကြိုပြောထားတာ'

ခြေထောက်အဆစ်တွေက တဆစ်ဆစ်ကိုက်နေတဲ့ကြားထဲမှာ အကြင်နာမဲ့တဲ့စကားတွေ ကြားရတော့ သူ အိမ်မှမထွက်လာခင် သမီးတွေပြောခဲ့ဖူးသော စကားကို အမှတ်ရလာသည်။

သမီးကြီးက

'ဖေဖေက သားသမီးတွေကို သံယောဇဉ်မရှိလို့ မြေးတွေကို မချစ်တော့လို့ သူ့လက်ထဲမှာပဲ အသေခံမယ်လို့ ပြောပေမယ့် တစ်ခုတော့ မှာလိုက်ပါရစေ. . တကယ်လို့များ ဖေဖေ့ဆီမှာ ရောဂါတစ်ခုခုဖြစ်လို့ အိပ်ရာထဲမှာ လဲနေခဲ့ရင်. . ဒီမိန်းမက ဂရုမစိုက်တော့ရင်. . အဲဒီအိမ်ပေါ်ထိ တက်လာပြီး ဖေဖေ့ကိုထမ်းခေါ်လာပြီး ပြုစုပေးမှာပါ. . နောက်ဆုံးအချိန်ထိ သမီးတို့တာဝန်ကျေမှာပါ ဖေဖေ. . ဒမေမေ့ကိုပြုစုသလိုမျိုးပေ့ါ'





သို့သော်လည်း ခေါင်းမာသူပီပီ ကိုယ့်အတိတ် ကိုယ်တွေးပြီး ကြောက်တဲ့အစားထဲမှာ နီရာတို့မပါစေရ။ အတိတ်ကို မတွေးတော့ဘူးဆိုပေမယ့် ခြေထောက်နာတိုင်း မိုးတိမ်နှိပ်ပေးခဲ့တာတွေ၊ ဆေးလိမ်းပေးခဲ့တာတွေကို ပြန်ပြီး အမှတ်ရနေတာက ဆိုးသည်။

ဒီအိမ်မှာ အစားအသောက်က ဆင်းရဲလွန်းသည်။ စုစုကသူ့အမေကြီး ကင်ဆာဖြစ်တယ်ဆိုကတည်းက အိမ်မှာ အသားလုံးဝမဝယ်ရ အမိန့်ထုတ်ပြီး အသီးအရွက်တွေချည်း ပြုတ်တိုက်တော့သည်။ ဦးနီရာက အသားကြိုက်သူမို့ အသားမပါတဲ့ထမင်းဝိုင်းမှာ ထမင်းကို ဘယ်အပေါက်က မျိုချရမှန်းမသိပေ။

အဲဒီအချိန်တွေကျရင်. . မိုးတိမ်ကို သတိရသည်။ မိုးတိမ်ရဲ့ ဦးစားပေးဘဝနဲ့ သူ လူဖြစ်ခဲ့ရတာပဲလေ။ အရင်က စိုပြည်ခဲ့တဲ့ အသားအရေတွေဟာ မွဲခြောက်ခြောက်နိုင်လာသည်ဟုထင်သည်။ လူလည်း တဖြည်းဖြည်း ပိန်ပိန်လာသည်။

ကိုယ့်အပြစ်နဲ့ကိုယ် ဆိုတော့လည်း. . . သားသမီးတွေဆီ မသွားချင်။သွားရင်လည်း စုစုက ပြဿနာရှာသည်။ သူပိုင်ကြောင်းပြချင်သည်။

တဏှာရဲ့ကျေးကျွန်လို့ အများကဲ့ရဲ့တာခံပြီး ယူထားရတဲ့ မိန်းမငယ်ငယ်လေးက တစ်ခါတလေကျတော့လည်း စိတ်ကိုနာကျင်အောင် လုပ်တတ်သည်။

ဥပမာ - စုစုက အလန်းစားတွေ ဝတ်ပြီး ကားသော့ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကာ ထွက်တော့မည်ဆိုရင် သူလည်း လိုက်မလို့ထွက်လာသည့်အခါ စုစုက

'ခေါင်းဖြူကြီးနဲ့ စုစုနောက် လျှောက်လိုက်မနေနဲ့. . ရှက်တယ်'

လို့ ခပ်ပြတ်ပြတ်ပြောပြီး ခေါက်ခဲ့သည်ချည်းသာ။ အဲဒီအခါကျမှပဲ ကိုယ့်ဘဝအမှန်ကို ကိုယ်သိကာ ဝမ်းနည်းပက်လက်ဖြစ်ရသည်။ ခေါင်းဖြူကြီးက ဆေးဆိုးလိုက်ရင် မည်းသွားနိုင်ပေမယ့် အိုတာကို ပျိုအောင်လုပ်ဖို့က တကယ်မလွယ်ပေ။

**'ဖေဖေရယ်. . . တတိယအရွယ်မှာ အိမ်ထောင်ရှာရမယ်လို့ ဘယ်ပညာရှိကမှ မတိုက်တွန်းခဲ့ပါဘူး၊ သမီးအနေနဲ့ကတော့ သမီးအဖေကို ဦးလေးလိုပဲ တရားဘာဝနာနဲ့ပျော်မွေ့နေတာမျိုးပဲ မြင်ချင်တယ်'**

အဲဒီတုန်းက သူသည် ခေါင်းမာစွာပင် သမီးကို နာကျင်မှုတွေပေးခဲ့သည်။

'ဒါက နင့်တို့ ဖြစ်ချင်တာလေ. . ငါ့မှာလည်း ငါဖြစ်ချင်တာတွေရှိသေးတာပေါ့'

ဝဿန်ပျိုပြောခဲ့တာတွေက မှန်များ မှန်နေမလား. . စုစုအပြင်ထွက်တာ ကြာသွားရင် သူ့မှာ လည်ပင်းရှည်အောင် မျှော်ရသည်။ အတုံ့အလှည့်ဆိုတာ ဒါမျိုးလေလား။ မိုးတိမ်တုန်းက သူပြန်အလာကို ဒီလိုပဲ စောင့်ခဲ့ပုံရသည်။





သမီးတွေက ပြောဖူးသည်။

**'ဖေဖေ အပြင်သွားတဲ့အခါမျိုးမှာ. . မေမေ့အတွက်နောက်ဆံငင်စရာ မလိုဘူးလေ. . . ယုတ်စွအဆုံး အိမ်တံခါးကို သော့ဖွင့်ပြီး ထားခဲ့ဦး. . မေမေ့သစ္စာတရားက အိမ်တံခါးသော့ထက်ပိုပြီး လုံခြုံတယ် ဖေဖေ၊ အခု ဖေဖေယူမယ့်နောက်မိန်းမကို မေမေ့လိုမျိုးထားခဲ့ကြည့်ပါလား. . ဟား. . ဟား. .'**

အဲဒီတုန်းက သမီးကို သေအောင်မုန်းခဲ့သည်။

အမေဒေါ်ရုံးအော်လည်း စုစု ပညာပြလို့ ပြန်သွားပြီဆိုတော့ သူ့ရဲ့အဖော်ဟာ စလောင်းကလာတဲ့ သတင်းနဲ့ TVပဲဖြစ်လို့နေသည်။

♥



www.burmeseclassic.com

www.burmeseclassic.com

## ဖောက်ပြန်မှု

ထူးရဲက စုစုတက်အလာကို အိမ်တံခါးဖွင့်ပြီးကြိုလေသည်။ မင်းသားတွေ အရှုံးပေးရမည့်ဒီဇိုင်းဖြင့် မျက်နှာလေးငယ်ကာ

'လွမ်းလိုက်တာ စုရယ်. . ကိုယ့်အတွက်တော့ တစ်ရက်ကို ၂၄နာရီရှိတာ သိပ်များနေသလိုပဲ'

စုစုက ထူးရဲရင်ခွင်ထဲ အလိုက်သင့်တိုးဝင်လိုက်တယ်ဆိုရင်ပဲ ထူးရဲက စုစုခါးကိုဖက်ကာ

'ပိုတယ်ကွာ. . လွန်ခဲ့တဲ့သုံးရက်ကပဲ တွေ့ထားပြီးတော့'

'ဟာ. . ဒါကတော့'

ထူးရဲက စုစုနား နားကပ်ကာ 'ခိုးစားရတာ ပိုပြီး အရသာရှိတယ်'ဟု ပြောသည်။ စုစုက သဘောတွေကျကာ တခစ်ခစ်ဖြင့် ရယ်လို့ မဆုံးတော့။ သူ့အတွက်က ခိုးစားတယ်ဆိုတာ အဆန်းတကျယ်ကိစ္စမှ မဟုတ်တော့တာ။ အဘိုးကြီးတုန်းကလည်း သူ့မယား





မသိအောင် ခိုးစားရတာ အရသာကတစ်မျိုး။ ခုကျတော့ ကိုယ်ချစ်တဲ့သူနဲ့ လွတ်လွတ်လပ်လပ် စိတ်ကြိုက်ချစ်လို့ရနေတော့. .

'စိတ်ညစ်နေတယ်ဆို'

'ဟုတ်တယ် အမေ့ရောဂါကြောင့် အိပ်လို့မရတာ ကြာပြီ၊ တစ်ရေးနိုးလို့ ထကြည့်ပြန်ရင်လည်း အဘိုးကြီးမျက်နှာပဲ မြင်နေရတယ်၊ အဲဒီနေရာမှာ မောင်ဆိုရင် ဘယ်လောက်ကောင်းမလဲနော်'

'အခိုက်အတန့်လေးတော့ သည်းခံပါ စုရာ. . တစ်နေ့ဖြစ်လာမှာပေါ့. . အဘိုးကြီးဆီက ဘာတွေထပ်ရလိုက်သေးလဲ'

'ကားလဲပေးတယ်. . လိုချင်တာကတော့ ရနေတာပါပဲ. . ဩော်. . ဒါပေမယ့် ဘိုးတော်ဇာလေ အမေ့ကို ဆေးကုမယ်ဆိုတော့ သိပ်ပြီး မကြည်ဖြူတဲ့ပုံပဲ'

'ကဲ. . ဒါတွေ ခဏ ဘေးချိတ်ထားလိုက်. . အချိန်ရှိတုန်း အတိုးချလိုက်ရအောင်'

ကံငါးပါးမလုံသေးသရွေ့ ရှေ့ဆက်ပြီးတော့ ပိုးဖလံမျိုးမီးကိုတိုးကြပေဦးမည်။ ဝင်းဝင်းစုက နောင်ရေးအတွက် သူမ ဆွဲထားသည့် Plan တွေကို ချပြနေသည်။ ထူးရဲရဲ့ရင်ဘတ်နှင့်ဗိုက်ကို သူမလက်ကလေးတွေနဲ့ ဆော့ကစားနေရင်း

'မောင်. . ဒီအဘိုးကြီးကို ရှေ့နှစ်ထဲကျရင် ကန်ချလိုက်တော့မယ်'

ထူးရဲက အထိတ်တလန့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'ဘာ. . ဘာဖြစ်လို့လဲ. . သိပ်ပြီး စောမနေဘူးလား'

စုစုက တံတွေးကို မသိမသာ မျိုချကာ သက်ပြင်းချလိုက်ပြီး –

'သူ့မိန်းမကြီးကို ညတိုင်းလိုလို အိပ်မက်ထဲမှာတွေ့တယ်၊ အဲ. . အဲဒါ. . စု ကြောက်တယ် မောင်'

'ဟာ. . စုကလဲကွာ. . သူ့မိန်းမကို စုက မြင်ဖူးလို့လား'

'ဓာတ်ပုံထဲမှာတွေ့ဖူးတယ်. . ဒါပေမယ့် သူမှသူပဲ. . သူကလေ. . စုကို သူ့အုတ်ဂူထဲ လိုက်ခဲ့ဖို့ ခေါ်တယ်၊ အုတ်ဂူကြီးကို သူ့အိမ်လို့လည်း ပြော်တယ်. . စုကြောက်တယ်. . အရမ်းကြောက်တယ် မောင်၊ ပိုပြီးဆိုးတာက လန့်နိုးလာတိုင်း သူ့ယောက်ျားကြီးက ကိုယ့်နံဘေးမှာ အိပ်နေတာ. .'

'ခဏလေး စိတ်အေးအေးထားပါကွာ. . ကိုယ်ကြည့်ပြီး စီစဉ်လိုက်ပါ့မယ်. . နော်'

ထူးရဲက စုစုနဖူးလေးကို ငုံ့နမ်းပြီးပြောသည်။

*





ဒေါ်သန်းမြမြတစ်ယောက် ဘန်ကောက်မှာ အူကိုခွဲစိတ်ဖြတ်တောက်ပြီး chemo တွေ သွင်းပြီး မြန်မာပြည်ပြန်ရောက်ကတည်းက အစားကို ဟုတ္တိပတ္တိမစားတော့။ အစာမချေနိုင်တော့တာလည်းပါသည်။

ဆရာဝန်ကလည်း မှာလိုက်သည်။ တစ်နေ့ကို နည်းနည်းချင်းစီနဲ့ ဆယ်ကြိမ်လောက် ခွဲပြီးစားတဲ့။

စုစုက ဆံပြုတ်ပန်းကန်လေးကိုင်ကာ ငိုမဲ့မဲ့ဖြင့်

'နည်းနည်းလောက် ထပ်စားပါဦးလား အမေရယ်'

ဒေါ်မြမြက လက်ကာပြသည်။ တော်ပြီဆိုသည့်သဘော။

'ခုမှ နှစ်ဇွန်းပဲ ဝင်သေးတယ်. . အမေ ဒီလိုလုပ်နေရင်. . ကင်ဆာဆေးတွေ ထပ်သွင်းရင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူးနော်'

'ငါ. . ငါသေချင်ပြီ. . စိတ်ညစ်လှပြီ'

ဒါ. . ဒါ. . စုစုအမေမှ ဟုတ်ရဲ့လား. . အမေဟာ ဘယ်တုန်းကမှ ဒီလိုစိတ်ဓာတ်မကျဖူးခဲ့. . ကင်ဆာရောဂါဖြစ်တာနဲ့ ဒီလောက်တောင် စိတ်လျှော့လိုက်ရသလား. .

'လူဖြစ်လာပြီး ကိုယ်သေရမဲ့နေ့ကို ထိုင်စောင့်နေရတာ မုန်းတယ် . သမီးရယ်'

'အမေက ဘာကိုစိတ်ဓာတ်ကျနေတာလဲ. . ဦးက အမေ့ကို ဘယ်လောက်ကုန်ကုန် ကုပေးမယ်လို့ပြောထားပြီးသားလေ'

'သမီး. . ဦးနီရာရဲ့မိန်းမကို အမေ ခုမှကိုယ်ချင်းစာတတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ. . သူလည်း မသေခင် အမေ့လိုပဲ ခံစားသွားရမှာ. . ဒီကြားထဲ သူ့မှာက. .'

'တော်. . တော့. . အမေ. . ထပ်မပြောပါနဲ့တော့'

အမေ ဘာပြောချင်သလဲဆိုတာ သူမ သိပါသည်။ မပြောဘဲနဲ့တင် တုန်လှုပ်လှပြီ။ ချောက်ချားလှပြီ။

အမေ့မှာ ဒီရောဂါလာဖြစ်တာကိုက ကျိန်စာသင့်နေသလို ခံစားရသည်။

စုစုရဲ့ဒေါသတွေ၊ အခဲမကြေမှုတွေက ဦးနီရာဘက် လှည့်လှည့်လာသည်။

အိပ်မပျော်လို့ ညတိုင်း အိပ်ဆေးသောက်နေရသောသူမသည် အိပ်ဆေးကို တဖြည်းဖြည်း စွဲလာသည်။ ဦးနီရာက မိန်းမအနားကပ်လာပြီး

'စုစု အိပ်တော့မလို့လား'

'ဟုတ်တယ်'

စုစုက ဘယ်လိုမှစိတ်မပါစွာ သံပြတ်ဖြင့် ဖြေသည်။ သူ့မျက်လုံးကိုကြည့်လိုက်ကတည်းက ဘာကိုလိုချင်နေသလဲဆိုတာ. . သိသားပဲ။

သွေးသားဆန္ဒတောင့်တနေတာ. . မျှော်မနေနဲ့ အဘိုးကြီးရေ. . မောရုံပဲရှိမယ်. .

'ဦးကို အရမ်းစိမ်းကားတာပဲကွာ. . စုစု ဘာအလိုမကျလို့





လဲဟင်. . လိုချင်တာရှိရင်ပြောလေ. . ဦး အားလုံး ဖြည့်ဆည်းပေးမယ်'

'လောလောဆယ် ကျွန်မ အရမ်းအိပ်ချင်နေပြီ၊ please'

ဒီလိုနဲ့ အကြောင်းမျိုးစုံ ပြပြီး ရှောင်နေခဲ့တာတွေ၊ လင်မယားအရာမမြောက်တာတွေ ဘယ်လောက်တောင် ကြာနေပြီလဲ။

ဟင်းဆိုလည်း ဆိုင်မှာဝယ်စားရင်စား၊ မစားဖြစ်ရင် ကိုယ့်ဟာကိုယ် ချက်စားရသည်။

မိန်းမတစ်ယောက်ရဲ့ဖြည့်ဆည်းပေးမှု ဆိုတာ ဘာလဲဟုမေးလိုက်ချင်လာသည်။ အဆုံးစွန်ထိ ပျော်ပြီး ဘဝသစ်တစ်ခုကိုရလိမ့်မည်ဟုထင်ထားခဲ့သည်။

ခုတော့ အရာအားလုံးဟာ ပြောင်းပြန်တွေချည်း ဖြစ်နေခဲ့သည်။

မိုးတိမ်ကိုဆေးကုပေးရလို့. . ပြုစုခဲ့သမျှ ဝင်ငွေလည်းကာ. . မဆီမဆိုင် ယောက္ခမကြီးကို ကုပေးနေရပြန်သည်။ သူ့မိသားစုကို အထောက်အပံ့ပေးနေရသည်။

ဒါပေမယ့် နီရာ ဆိုတဲ့သူကတော့ တဖြည်းဖြည်းနဲ့ အထီးကျန်လာသည်။ အပယ်ခံဖြစ်လာသည်။ တစ်ယောက်တည်း အိမ်မှာ အစောင့်ဖြစ်နေသည်။

သမီးငယ် သန္တာနို ကလေးမွေးပြီ တဲ့။ အဲဒီကလေးဟာ မိုးတိမ် ဝင်စားတာ ဆိုတော့. . ပိုပြီးတော့ အဲဒီအိမ်ကို မသွားချင့်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမျက်နှာကို မြင်တိုင်း အပြစ်မကင်းသလို ခံစားနေရသည်။ သူ့ဘဝကြီးက ဒီလိုပဲ ခြောက်ခြောက်သွေ့သွေ့နဲ့နေဝင်သွားရတော့မှာလား. . .

စိတ်ကျရောဂါ စွဲကပ်လာပြီးနောက်မှာတော့. . . ဦးနီရာ အရမ်းအရွယ်ကျသွားသည်။

ဝင်းဝင်းစု ဆိုတဲ့မိန်းမကတော့ အိပ်မက်ဆိုးတွေနဲ့ နပမ်းလုံးနေဆဲ။ လိုချင်တဲ့အတ္တတွေက များနေဆဲ။

သူမ ကြမ္မာငင်ဖို့ဖြစ်လာပုံက တစ်နေ့ အမေ့ကို ဆေးခန်းလိုက်ပို့ပြီး အိမ်ပြန်ပို့ကာ ထူးရဲ နေသည့် တိုက်ခန်းဆီ ထွက်လာခဲ့မိသည်။

ကြိုတင်ပြီး ချိန်းမထားတာက မောင် အံ့ဩသွားအောင်လို့ပါ။ သူမဆီမှာလည်း သော့တစ်ချောင်းရှိနေတာဆိုတော့. .

ဒီနေရာဟာ မောင်ရှိနေတဲ့အရပ်ဆိုတော့ စိတ်ထဲမှာ လုံခြုံနွေးထွေးသွားသည်။ ပေါ့ပါးတဲ့ခြေလှမ်းတွေနဲ့ လှေကားထစ်တွေကို နင်းပြီး တက်လာခဲ့သည်။

သံတံခါး သော့မခတ်ထားပုံထောက်တော့. . အိမ်ထဲမှာ မောင် ကျိန်းသေရှိနေမှာပဲ. . .

စုစုက တံခါးကိုသော့ဖွင့်ပြီး အထဲဝင်လာခဲ့သည်။ မောင်က အိမ်ရှေ့မှာရှိမနေ။ ခဏကြာတော့မှ မောင်က သူ့အခန်းထဲမှ ထွက်လာသည်။





ဆံပင်တွေက အနည်းငယ် ပွနေကာ. . မျက်နှာမှာလည်း မလုံမလဲအမူအရာတွေဟွေ့နေရသည်မို့ စုစုက ထူးရဲကို တွန်းဖယ်ကာ အခန်းထဲသို့ အတင်းဝင်လိုက်သောအခါ

'နင်. . နင် ဘယ်သူလဲ. . ဘာဖြစ်လို့. . . မောင့်အခန်းထဲ ရောက်နေရတာလဲ'

အသက်နှစ်ဆယ်လောက်ရှိမည့် ကောင်မလေးတစ်ယောက် အပေါ်ဝတ် မပါဘဲ စောင်ကြီး ပတ်ထားကာ သူမကို ပြူးကြောင်ကြောင်ပြန်ကြည့်နေသည်။

'အဲဒါ ကျွန်မက မေးရမှာလေ. . ရှင်ကရော သူများအိပ်ခန်းထဲအထိ ဘာကိစ္စကျူးကျော်ပြီး ဝင်လာတာလဲ'

'ထူးရဲ. . ဒီကိစ္စ နင်ဘယ်လိုရှင်းမှာလဲ'

စုစုက ဒေါသတကြီးအော်သည်။ ထူးရဲက

'ငါ ရှင်းပြပါ့မယ် စုရယ်. . လာပါကွာ. . လိမ္မာတယ်'

'တော်ပြီ. . နင် ဘာမှမပြောနဲ့. . နင့်အသံ ငါမကြားချင်တော့ဘူး. . ငါ့မှာတော့ နင့်ကိုချစ်လိုက်ရတာ. . နင်. . နင်က. . ငါ့ကွယ်ရာမှာ လုပ်ရက်လိုက်တာဟာ. . ငါ့ဘဝမှာ နင့်တစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာ. . နင့်အတွက် ငါ့ဘဝကြီးကိုပုံခဲ့တာ၊ ခုတော့ အလကားပဲ'

မျက်ရည်များစွာ သူမမျက်လုံးအိမ်မှ မရပ်မနားစီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



စုစုအသည်းက မာတယ်လို့ထင်ထားခဲ့တာ. . ထူးရဲနဲ့တွေ့မှ အသည်းဆိုင်က ဖယောင်းရုပ်ဖြစ်သွားပြီနဲ့တူပါရဲ့။

လှေကားထစ်တွေကို ဘယ်လိုကျော်လွှားပြီး ဆင်းခဲ့သလဲမသိ။ ထူးရဲက သူမအနောက်မှ ပြေးလိုက်လာသည်။

စုစုက ကားပေါ်တက်ပြီး ကားကို တရကြမ်းမောင်းထွက်သွားသည်။

ကားထဲမှာ ဟန်းဒ်ဖုန်းက အဆက်မပြတ် မြည်နေသည်။ ကိုင်ချင်စိတ်မရှိ။ အဘိုးကြီးဆီကပဲ နေမှာ. .

ဖုန်းသံက ရပ်မသွားဘဲ တိုးလို့သာ မြည်လာသည်မို့ ဖုန်းပိတ်ထားဖို့ လှမ်းအယူမှာ display ပေါ်မှာ ပေါ်နေတဲ့ နံပါတ်က ညီမလေးဆီမှ ဖြစ်နေသည်။

စုစုက ဖုန်းကို ကပျာကယာဖွင့်ပြီး

'ဟယ်လို'

'မမ. . မမ ဘယ်ရောက်နေတာလဲ၊ အမေလေ. . အမေ'

ညီမရဲ့ငိုသံက ဗလုံးဗထွေးမို့

'အမေ ဘာဖြစ်လို့လဲ. . မငိုဘဲ ပြောလေ'

'ထမင်းကျွေးနေရင်းနဲ့ သတိလစ်သွားလို့ အခု(. . .)ဆေးရုံမှာ တင်ထားတယ်. . မမ အမြန်လိုက်ခဲ့. .'

အမေ ဘယ်လိုဖြစ်တာလဲ။ မနက်က သူမ ထွက်လာတုန်းကတင် အကောင်းကြီးရှိသေးတာ။



BURMESE CLASSIC .com



အာရုံတွေ များပြီး သတိကလေး တစ်ချက်လွတ်သွားစဉ် လမ်းဖြတ်ကူးလာသော ကလေးတစ်ယောက်က သူမကားရှေ့မှာ ပေါ်လာသည်။

'ကျွီ. .'

အနားကပ်ပြီး ဘရိတ်အုပ်လိုက်ပေမယ့် ကလေးလေးက သူမရှေ့တင် မြောက်တက်သွားပြီး ငါးပေလောက်အကွာမှာ သွားကျသည်။ သွေးတွေက ရဲခနဲ. . .။

ကလေးက တုတ်တုတ်မျှမလှုပ်။ သေသွားပြီထင်သည်။

'အမယ်လေး'

စုစု လန့်ပြီးအော်မိသည်။

ပြီးတော့. . ကြောက်စိတ်က လွှံ့ဆော်လာသဖြင့် ကလေးအလောင်းကို ကွေ့ရှောင်ကာ ကားကို အကြမ်းကြီးမောင်းပြေးသွားသည်။

ဘယ်သူမှမသိနိုင်ဘူးထင်သည့် မှော်ဘီဘက်က ခြံတစ်ခြံထဲမှာ စုစု သွားပုန်းနေသည်။

ကလေးကို တိုက်သတ်ပြီး ကားမောင်းပြေးသည့် တရားခံက သူမ ဖြစ်နေပြီ။ သက်သေခံကားကို ဂိုဒေါင်ထဲသွင်းပြီး အဖုံးဖုံးထားလိုက်သည်။

ကြောက်ပြီး တစ်ကိုယ်လုံးတုန်နေသည်။

ဖုန်းယူပြီး အိမ်ထဲသို့ဝင်လာခဲ့စဉ် ဖုန်းမြည်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

'ညီမလေး ပြော. . '

'အမေဆုံးပြီ အစ်မ. . ခုချက်ချင်း လာခဲ့'

'ဘာ. . အမေ ဆုံးပြီ၊ ဟုတ်လား. . ဟင့်အင်း. . ငါမလာဘူး၊ ငါ. . လာလို့မရဘူး. . ဟင့်အင်း'

'အစ်မ ရူးနေပြီလား. . ကိုယ့်အမေဆုံးတာတောင် မလာနိုင်ရအောင်'

ဝင်းဝင်းစုက ဖုန်းကို ပိတ်ချပစ်လိုက်သည်။ မျက်လုံးတွေက ကြောင်နေသည်။ ထိတ်လန့်တုန်လှုပ်မှုတွေ၊ ချောက်ချားခဲ့ရတာတွေက တိုက်ဆိုင်နေသည်။

ဝင်းဝင်းစုက ကုတင်အောက်ကို တွားပြီး ဝင်သွားသည်။ ထိုနောက် ကုတင်အောက်မှာ ပုန်းနေလိုက်သည်။ သူ့တစ်ကိုယ်လုံးဟာလည်း နတ်ပူးသလို တုန်နေသည်။

မျက်လုံးတွေက ခုပဲ သူမဆီ အန္တရာယ်ပြုမည့်တစ်စုံတစ်ရာ ရောက်လာမည့်အလား ကျီးကြည့်ကြောင်ကြည့်ဖြစ်နေသည်။

အချိန်တွေ တဖြည်းဖြည်းကုန်လာခဲ့ပြီ။ အပြင်မှာ မှောင်မည်းနေသလို အိပ်ခန်းထဲမှာလည်း မည်းမှောင်နေသည်။ အပ်ကျသံပင် မကြားရလောက်အောင် အခန်းလေးထဲမှာ တိတ်ဆိတ်နေသည်။

'သွား. . မလာနဲ့. . မလာခဲ့နဲ့. . '

တိတ်ဆိတ်မှုကို ဖောက်ထွင်းကာ ဝင်းဝင်းစုရဲ့အော်သံကြီး





က နက်ပြီး ဟိန်းထွက်လာသည်။ ကိုယ်ကို အနောက်သို့ ဆုတ်. . ဆုတ်ပြီး. .

'ရှင် ရှေ့တိုးမလာနဲ့နော်. . ဒေါ်မိုးတိမ်၊ ကျွန်မပြောတာကြားလား'

သို့သော် လှပမိုးတိမ်ဆိုတဲ့ မိန်းမက သူမဆီ တရွေ့ရွေ့တိုးလာသည်။ မျက်နှာကလည်း ပြုံးပြုံးကြီးနဲ့. .

'ဘယ်လိုလဲ ဝင်းဝင်းစု. . အခုတော့ ညည်း. . ငါ့ဝဋ်တွေလည်နေပြီ မဟုတ်လား. . ညည်းအချစ်ရဆုံးသူက ညည်းအပေါ်သစ္စာဖောက်တာ တော်တော်မှခံစားလိုက်ရရဲ့လား. . ဒီလိုပဲ. . ငါလည်း ငါ့ယောကျ်ားကို သေအောင်ချစ်ခဲ့တာ. . ညည်း ဒီလိုဖြစ်နေတာ ငါကျေနပ်တယ် ဝင်းဝင်းစု. . ဝဋ်ဆိုတာ နောင်ဘဝမကူးဘူး၊ အခု ညည်းဆပ်ရမယ့်အလှည့်ပဲ. . တွားပြေးလို့ လွတ်မယ်မထင်နဲ့၊ ဆတိုးဆပ်ရမယ် နားလည်လား. . ဟား. . ဟား. . ဟား. . ဟား'

'မသိဘူး၊ ဘာမှမသိဘူး. . သွား. . သွား. . ငါ့အနားကပ်မလာနဲ့'

အော်ရင်း အော်ရင်းနဲ့ မိုးတိမ်နောက်မှ ကောင်လေးတစ်ယောက်ထွက်လာသည်။ သူ့တစ်ကိုယ်လုံး သွေးတွေရွှဲနစ်နေသည်။

'မ. . မ. . ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ ကားနဲ့တိုက်သတ်ပြီးထွက်ပြေးသွားတာလဲ. . ဒါပေမယ့် ခင်ဗျား ကျွန်တော်တို့လက်က ပြေးလို့မလွတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်း. . မင်း. . ရှေ့တိုးမလာနဲ့နော်၊ သွား. . ထွက်သွားကြ ထွက်သွား'

စုစုရဲ့စိတ်တွေက တအားချောက်ချားနေပြီ။ ဘာကိုမှ ခွဲခြားနိုင်စွမ်းမရှိလောက်အောင်ကို အဝိဇ္ဇာတွေဖုံးနေခဲ့ပြီ။

'ကြောက်တယ်. . သမီး ကြောက်တယ်. . အမေ. . သူတို့သမီးကို လာသတ်နေကြပြီ. . ဟီး. . ဟီး. . ဟီး. . ဟဲ့. . ငယ်ကျွန်တွေ. . ဟိုကောင်မကို ဆွဲပြီး ကားစင်ပေါ် တင်ကြစမ်း. . ဒင်းကများ ရာရာစစ. . ငါ့ရဲ့မောင်တော်နဲ့ နောက်မီးလင်းရတယ်လို့. . ကျောင်းမှန်းကန်မှန်းသိအောင် ကျောပေါ် ပြောတင်လိုက်ကြစမ်း၊ ဟား. . ဟား. . . ဟား. . ဟား. . ဟား'

ဝန်းကျင်မှာ ပြောနေကြတာက ဝင်းဝင်းစုဟာ ပိုင်းလုံးမတဲ့။ သူမရဲ့ကမ္ဘာမှာတော့. . တစ်ယောက်တည်း ငိုလိုက်၊ ရယ်လိုက်နဲ့ သွက်သွက်ခါနေခဲ့ပြီ။

ကျိန်စာသင့်နေတဲ့ အချစ်သီးကို မစားသင့်မှန်း သိသိကြီးနဲ့စားခဲ့ကြသည်။

ဒီမိန်းမ သစ္စာစူးတော့ ရူးပြီပေါ့. . . ။

မှုပိုင်နှင်းဆီ

7:59 P.M

Saturday

9.5.2012

အောင်ညပြာ သို့စာလေ

BURMESE CLASSIC .com

www.burmeseclassic.com